သာသနာတော်လုံးဆိုင်ရာ

ရွှေကျင် နိကာယ

ဧကာဒသမ

ဂိုဏ်းလုံးကျွတ်

# သံဃာ့အစည်းအဝေးကြီး

## မှတ်တမ်း

ဓမ္မဒါနံ

၂၅၂၀-ခု ၁၃၃၈-ခု

(၁၉၇၇-ခု)

သာသနာတော်လုံးဆိုင်ရာ

စကာဒသမ

ရွှေကျင်နိကာယ

# ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေး

## မှတ်တမ်း

၁၃၃၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၅-၆-၇)

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌

ကျင်းပသည်

သာသနာ ၂၅၁၉ မြန်မာ ၁၃၃၇

ဘာသာရေးဆိုင်ရာ အမှတ် ၉၀၉၇

ကင်းလွတ်ခွင့် အမှတ် ၀၃၉၅၀

စီစဉ်သူ ဆရာတော် ဦးအဂ္ဂိယ
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေး။

ထုတ်ဝေသူ အရှင်ဥက္ကံသ (စာချ ဓမ္မာစရိယ)
သုံးထပ်ကျောင်း၊ ကျောင်းတော်ရာ
ရွှေကျင်တိုက်၊ ဗဟန်း၊ ရန်ကုန်မြို့

ဦးအေး (၀၁၆၉-မြဲ)
ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်၊
အမှတ် ၅၂၊ ၂၅-လမ်း၊ ရန်ကုန်မြို့။

ပထမအကြိမ် ပုံနှိပ်ခြင်း-အုပ်ရေ (၁၆၀၀)
ဇွန်လ-၁၉၇၇-ခု၊ နယုန်လ ၁၃၃၉-ခု၊ နှစ်

ဓမ္မဒါန



ရွှေကျင်နိကာယ ကောဒသမ အစည်းအဝေးကြီးမှ
တင်မြှောက်ပူဇော်အပ်သော
သက်တော်ရှည် ရွှေကျင်နိကာယ သံဃရာဇာ
( သာသနာပိုင်ဆရာတော် ဘဒ္ဒန္တဇောတယာ ဘိဝံသ )
( ပုံတော် )



နေ့စဉ်သံဃာတော်များ စည်းဝေးတော်မူသော
ပဲခူး ကြခတ်ဝိုင်းကျောင်းတိုက် ရာပြည့်ဓမ္မာရုံကြီး
'မုခ်ဝတခု တွေ့မြင်ရပုံ'

# 'အမှာစကား'

ငါ့ရှင် ဦးဥက္ကံသ ! ဟု အစချီ၍ မန္တလေး ဆရာတော် ဦးအဂ္ဂိယ၏ ၁၃၃၈–ခု၊ နတ်တော် ပြာသိုပေးစာများတွင် ပဲခူးမှာကျင်းပတဲ့ နိကာယ အစည်းအဝေးမှတ်တမ်း ကော်ပီမူများ စီစဥ်ပြီးစီးနေတာ အချိန်ကြာပြီ ဖြစ်၍ ဝါခေါင်လထဲမှာ ပုံနှိပ်တိုက်တခုက သူ့အစွမ်းနဲ့ ရိုက်နှိပ်ပေးမယ် ဆိုသဖြင့် ပို့ထားရာ ၂-လကျော်ကြာမှ ပြန်တောင်းယူထားရပုံ– နောက် တိုက်တခုနှင့် စကားလက်လှမ်း ပြောဆိုနေတာက ၁-လကျော်ကြာပုံ– ဒီစာအုပ် ထွက်မြောက်ရေးတာဝန်သည် ဆရာတော်က သူ့အပေါ် ရာခိုင်နှုန်း ၅၀– ကျော်လောက် ရှိမည်ဟု ယူဆပုံ– စသော စာများ ဖတ်ရှုရ၍ သာသနာရေး ဂိုဏ်းဂဏအရေးကို အလေးပေး ဆောင်ရွက်တော်မူနေသော ဆရာတော့် စိတ်ဓာတ်ကို သိရှိကြည်ညို ရပြန်သဖြင့် "သခဘာကျသလို ညွှန်ကြား ခိုင်းစေတော်မူပါ၊ တပည့်တော်များ ရန်ကုန်မှာ တာဝန်ခံ ဆရာတော်များကိုလဲ လျှောက်ပြပါ့မယ်၊ နီးစပ်ရာ သမဂ္ဂများနှင့်လဲ တိုင်ပင် လုပ်ဆောင်ပါ့မယ်"ဟု ပြန်ကြား လျှောက်ထားလိုက်ရာ...,

၁၃၃၀-ခု၊ တပို့တွဲလတွင် ငါ့ရှင်ဦးဥက္ကံသ! ဟူ၍ပင် စတင်ရေးသားထားသော စာတစောင်နှင့်အတူ ကော်ပီမူတွဲ ၄-တွဲနှင့်တကွ ကပ္ပိယကာရက၏ အနာဂမာသမျှားပါ တပွေ့တပိုက်ကြီး ရောက်ရှိလာပါတော့သည်၊ ဆရာတော့်စာထဲတွင် အလုပ်ကိစ္စ နှောင့်နှေးကြံ့ကြာမှု ဖြစ်နေသည်ဟု အထင်ရောက်ကာ “ဒီစာအုပ်ဟာ ရှေ့ဒွါဒသမကို မြော်ထောက်ရင်နောက်မကျသေးပါဘူး၊ ကောဒသမကို ပြန်ကြည့်ရင် တနှစ်ကျော်နေပြီမို့နောက်ကျတယ်လို့ ဆိုကြမလား မသိ”ဟု ရေးလိုက်ပါသေးသည်။

“မှတ်တမ်းဆိုတာ အရင်အစည်းအဝေးရဲ့ မှတ်တမ်းကို နောက်အစည်းအဝေး၏ စည်းဝေးသည့်နေ့မှ ဖြန့်ဝေကြတာလဲ ရှိတော့ ရှိသား”ဟု စာရေးသူက စာဖတ်ရင်း တွေးလိုက်မိပါသည်။ ဘာဘဲဖြစ်ဖြစ် “ခိုင်းတာခုလုပ်မှ”ဟူသော ငယ်ရွယ်သူ တပည့် ရဟန်းတော်များ လက်သုံးအတိုင်း စာရေးသူသည် ချက်ခြင်း ရုံးတင်, သွား-လာ,လှည့်ပတ်, စူးစမ်း မေးမြန်း၍ ပုံနှိပ်တိုက်သို့ ရောက်ခဲ့ရပါသည်။

## စက္ကူ မြော်ခန်း ရောက်ပါတော့သည်။

အမှုဆောင် တာဝန်ကျသူများကို အပြစ်တင်စရာ မရှိနိုင်ကော့ပါ၊ အဆင်ပြေနိုင်သော ပုံနှိပ်တိုက် ပစ္စည်းစေ့စပ်မှုများ၊ စက္ကူမြော်ခန်းများက ရက်-လ ကုန်စေပါသည်။

၁၃၃၉-ခု၊ ကဆုန်လကွယ်နေ့မှာမှ စက္ကူထုတ်လာသော ပုံနှိပ်တိုက်ပိုင်ရှင်နှင့် “ဘွားကနဲ” တွေ့ရပါသည်။ ဝမ်းမြောက် ဝမ်းသာ အကျိုးအကြောင်း ပြောပြ၍“မြန်ကောင်း-သပ်ယပ်” နယုန်လဆန်း ၃-ရက်နေ့မှစတင် အလုပ်ဝင်ကြရာ နယုန်လပြည့်ကျော်မှာ(လ, မကွယ်မီ)အားလုံးပြီးစီးပါတော့သည်။

ထို့ကြောင့်- ပြည်ကြီးမဏ္ဍိုင် မန်နေဂျာ ဦးအေး၊ စာပြင်ဆရာ ဦးစိန်ဖေ၊ ဦးဝင်းဖေ၊ စာစီ အဖွဲ့များဖြစ်သော မောင်တင်မောင်၊ မောင်ငြိမ်းမောင်၊ မောင်ထွေးမောင်နှင့် စက်ရိုက် မောင်မြင့်တို့ကိုင်း၊ မန္တလေးမှ ကော်ပီမူ ၄-အုပ်ပို့လုပ်၍ ကူညီပေးလှူသော ၃၃-လမ်း၊ ကိုသန်ထူးနှင့်တကွ ရတနာစာကူးစက်အဖွဲ့ကိုင်း၊ ဤအတောအတွင်းမှာပင် အားပေး မေးမြန်းတော်မူကြသော နိကာယခင် ဆရာတော် အရှင် သူမြတ်များကိုင်း၊ ကျေးဇူးဥပကာရအနေဖြင့် ဝမ်းမြောက်စကား ပြန်ကြားပြောဆိုရပါသည်၊

'တာဝန်ခံထုတ်ဝေသူ"

**အရှင်ဥက္ကံသာဘိဝံသ**

ကျောင်းတော်ရာ၊ သုံးထပ်၊ ရန်ကုန်မြို့။

၁၃၃၉-ခု၊ နယုန်လပြည့်ကျော် ၅-ရက်

ထ——ထ——ထ

# ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေးမှတ်တမ်း

# မာတိကာ


| ဥ၊ံရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာစကား | (က) |
| ၁။ | အစည်းအဝေး ပြခန်း ဆုံးဖြတ်ချက်များ | ၁ |
| ၂။ | ဝန်ကြီးဌာန ပေးစာ | ၈ |
| ၃။ | အကြို အစည်းအဝေးများ | ၁၅ |
| ၄။ | သံဃာ့အစည်းအဝေးကြီး ပင့်လျှောက်လွှာ | ၃၈ |
| ၅။ | သီတင်းကျွတ် အထူးအစည်းအဝေးမှတ်တမ်း | ၄၀ |
| ၆။ | ပဲခူးမှ နိုင်ငံအနှံ့ ရက်ပို ပင့်လျှောက်ခြင်း | ၄၄ |
| ၇။ | ရွှေကျင်နိကာယကျောင်းတိုက်ကြီးများ စာရင်း | ၅၀ |
| ၈။ | အစည်းအဝေးကြီးများ ပြုလုပ်ခဲ့သောမြို့များ | ၅၂ |
| ၉။ | ပဲခူးမှ မန္တလေးသို့ ပေးစာများ | ၅၃ |
| ၁၀။ | အခမ်းအနားဖွင့် လျှောက်ကြားလွှာ | ၇၅ |
| ၁၁။ | ပထမနေ့ အစည်းအဝေး | ၆၃ |
| ၁၂။ | သဘာပတိအဖွဲ့ဝင် ဆရာတော်ကြီးများ | ၆၆ |
| ၁၃။ | ဆန္ဒပေး ဆရာတော်များ | ၇၃ |
| ၁၄။ | ရတ္တညူ မဟာနာယက ဆရာတော်များ | ၇၄ |
| ၁၅။ | ဝန်ဆောင်နာယက ကမ္မကာရကများ | ၉၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | မှတ်သားဘွယ်ရာ ဆန္ဒပေးလျှောက်လွှာများနှင့် ဩဝါဒ မိန့်ခွန်းတော်များ | ၉၃ |
| ၁၇။ | ပဲခူးတာဝန်ခံ 'ညှော်ခံအဖွဲ့' အမှုဆောင်များ၏ ပန်ကြားလွှာ | ၁၄၆ |
| ၁၈။ | သက်တော်ရှည် ဆရာတော်ကြီးများ | ၁၅၂ |
| ၁၉။ | မေးခွန်းများ | ၁၅၄ |
| ၂၀။ | ဩဝါဒ ဆရာတော်ကြီးများ | ၁၅၆ |
| ၂၁။ | စိတ်ဓာတ်စစ်ဆင်ရေး | ၁၅၇ |
| ၂၂။ | အခမ်းအနားသိမ်း ဩဘာစာတမ်း | ၁၅၉ |
| ၂၃။ | ကြခတ်ဝိုင်းကျောင်းတိုက် တရားပွဲကြီးများ | ၁၆၀ |
| ၂၄။ | မန္တလေး ဟံသာဝတီသတင်းစာ | ၁၇၀ |
| ၂၅။ | (နောက်ဆက်တွဲ) ကုသိုလ်မြို့တော်ကြီး | ၁၇၁ |
| ၂၆။ | ( ״ ) ရတ္တညူ ဂုဏ်အင်္ဂါ | ၁၇၇ |
| ၂၇။ | ( ״ ) စာတတ်နည်းများ | ၁၇၉ |
| ၂၈။ | ( ״ ) ရွှေကျင်ဂိုဏ်း . သံဃာစာရင်းပေါင်းချုပ် | ၁၈၀ |
| ၂၉။ | ( ״ ) ဓမ္မဗျူဟာဆောင်းပါး | ၁၉၃ |

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကောဒသမ (၁၁) ကြိမ်မြောက်

ကျင်းပအပ်သော

# သာသနာတော် လုံး ဆိုင်ရာ

ရွှေကျင် နိကာယ

ဂိုဏ်းလုံးကျွတ် သံဃာ့ အစည်းအဝေးကြီးမှ

# ပြဋ္ဌာန်းဆုံးဖြတ်ချက်များ

ဌာန။ ။ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၊

လ—ရက်။ ။၁၃၃၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၅-၆-၇)ရက်၊

၁၉၇၅ ခု၊ နိုဝင်ဘာလ ၂၂-၂၃-၂၄ရက်။

စည်းဝေးသံဃာ။ ။၁၀၂၇-ပါး (တထောင်ကျော်)

သဘာပတိ။ ။သက်တော် (၉၀) နှစ်၊ သိက္ခာတော် (၇၁) ဝါရှိ၊ မန္တလေးအရှေ့ဝိသုဒ္ဓါရုံဆရာတော်ကြီး ဆောင် ရွက်တော်မူသည်။

အရန်သဘာပတိများ။ ။သိက္ခာတော်၅၀–၅၀အထက်ရှိဆရာတော် ၁၂-ပါးကို အရန်သဘာပတိအဖြစ် တင်မြှောက်၍သဘာပတိဆရာတော်များ သီးသန့်ပလ္လင်နေရာတခုစီဖြင့် သက်သာ ချမ်းသာ သီတင်းသုံးကြရသည်။

အကျိုးဆောင်များ။ ။မန္တလေးမြို့ ဝိသုဒ္ဓါရုံ ဦးအဂ္ဂိယ၊

ပဲခူးမြို့ကြခတ်ဝိုင်းဦးဇောတိပါလ၊

မန္တလေးမြို့ဝိသုဒ္ဓါရုံ ဦးအရိယဉာဏ၊

---

## ပြဿနာဆုံးဖြတ်ချက်များ

(၁) ရွှေကျင်နိကာယ ဖွဲ့စည်းပုံ ရှေးမူမပျက် စနစ်တကျတည်ရှိလျက် အမြဲ ရှင်သန်တိုးတက်ပါစေခြင်း အကျိုးငှါ ဖွဲ့စည်းပုံ အညွှန်းဇယားနှင့် အညွှန်းဇယားဆိုင်ရာ ပြဿနာချက်မူကြမ်းတို့ကို အတည်ပြု ဆုံးဖြတ်ပေးပါရန် ဟူသောအဆိုကို ပဲခူး ဆရာတော်ကြီးသုံးပါး လက်ခံသည့်အတိုင်း အစည်းအဝေးကြီးက သဘောတူကြသည်။(ပဲခူးဆရာတော်ကြီးသုံးပါး၏ စာလွှာမူရင်းကို အပြင်အဆင်မပြုဘဲ အစည်းအဝေးကြီး၌ ဖတ်လျှောက်ခဲ့ပြီး ဖြစ်ပါသည်)။

(၂) ရွှေကျင်နိကာယ မူလဂဏသမုဋ္ဌာပက ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး ရေးသားစီရင်ခဲ့သော ကျမ်းစာများသည် အုပ်ရေ (၈၀) ကျော်အထိ ရှိခဲ့ရာ ယင်းကျမ်းစာများကို ရှာဖွေပေါ်ထုတ်ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် "ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့"ဖွဲ့စည်းကြသည်။

(၁) မန္တလေးမဟာဝိသုဒ္ဓါရုံတိုက်သစ် ပိုက်ကျုံး ဆရာတော် (အဖွဲ့ဥက္ကဋ္ဌ)
(၂) မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇေယျမေဒနီ ဝါဆိုကျောင်း ဦးမာနိတ (အဖွဲ့အကျိုးဆောင်)
(၃) ပြည်မြို့ဝိသုဒ္ဓါရုံဗာရာဏသီတိုက် ဗာရာဏသီဆရာတော်၊
(၄) ပြည်မြို့ ဓမ္မကထာရ ဂန္ဓမြိုင်ဆရာတော်ဦးဇနိယ၊
(၅) ညောင်တုံးမြို့ ရွှေဟင်္သာတောရ စာချဆရာတော် ဦးကုသလ၊
(၆) ညောင်တုံးမြို့ ရွှေဟင်္သာတောရ စာချဆရာတော် ဦးဣန္ဒာဝုဓ၊
(၇) မြောင်းမြမြို့ပဋ္ဌာနတာရုံတိုက်ဆရာတော် ဦးဉာဏိက၊
(၈) ရန်ကုန်မြို့ကျောင်းတော်ရာ သုံးထပ်ကျောင်း ဆရာတော်၊
(၉) ။ မဟာဝိသုဒ္ဓါရုံတိုက်သစ် စာချဦးစန္ဒရံသီ၊
(၁၀) သပြေကန်မြို့ ဓမ္မိကာရာမတိုက်ဆရာတော် ဦးဝါသေဋ္ဌ၊
(၁၁) ပဲခူးမြို့သာသနာ့မဏ္ဍိုင် ဆရာတော် ဦးပညာဇောတ၊
(၁၂) ။ ကြခတ်ဝိုင်း စာချတိုက်အုပ်ဆရာတော် ဦးသိရိန္ဒ၊
(၁၃) တောင်ငူမြို့ မြို့ဒေါင့် ဝိသုဒ္ဓါရုံဒုတိယနာယကဦးဥတ္တမဝံသ၊
(၁၄) မလှိုင်မြို့သီရိသောမာရုံဆရာတော် ဦးစန္ဒဇောတိ၊
(၁၅) ဆားလင်းကြီးမြို့ တောင်ပေါ်ကျောင်း ဦးအာဒိစ္စဝံသ၊
(၁၆) ဂန့်ဂေါမြို့ကန်တောရ စာချဆရာတော်ဦးတိက္ခာနန္ဒ၊
(၁၇) စစ်ကိုင်းမြို့ ပါဠိကာရီသုံးခွဆရာတော်၊
(၁၈) ။ မဟာသုဗောဓာရုံစာချ ဦးနန္ဒမာလာ၊
(၁၉) ။ ဝေဇယန္တာချောင် ဦးမဟောသဓ၊
(၂၀) ရေဦးမြို့တင်းတိမ်ရုံဈေးကျောင်း ဓမ္မိကာရုံ ဦးကေသရိန္ဒ၊
(၂၁) ပုသိမ်ကြီးမြို့ ဗဟိုမြို့မကျောင်း ဆရာတော်ဦးအရိယဝံသ၊
(၂၂) မန္တလေးမြို့ ပတ္တမြားတိုက် နာယကဆရာတော် ဦးဝေပုလ္လ၊
(၂၃) ။ အရှေ့ဝိသုဒ္ဓါရုံ ရေလည်ဆရာတော် ဦးဝိမလ၊
(၂၄) ။ ဝိဇိတာရုံစာချတိုက်အုပ် ဆရာတော်ဦးဝိစာရိန္ဒ၊
(၂၅) ။ အဘယာရာမ ဒုတိယနာယက ဦးသီလာနန္ဒ၊

(၂၆) မန္တလေးမြို့မဟာဝိသုဒ္ဓါရုံ ဇမ္ဗူ့မော် ဦးဝိစိတ္တာဝံသ၊
(၂၇) ။ ။ မင်္ဂလာဗိမာန် ဦးပညာသိရီ၊
(၂၈) ။ ။ စည်ရှင် သမိဒ္ဓိ ဦးအဂ္ဂဉာန၊
(၂၉) ။ ။ ဇယမေဒနီ ဦးသြဒါတသိရီ၊

(၃) န မယံ အပညတ္တံ ပညာပေဿာမ၊ ပညတ္တံ ဝါ န သမုစ္ဆိန္ဒိဿာမ၊ ယထာ ပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိဿာမ၊

သာဓု သာဓု ဥပသေန အပညတ္တံ န ပညပေတဗ္ဗံ၊ ပညတ္တံ ဝါ န သမုစ္ဆိန္ဒိတဗ္ဗံ၊ယထာ ပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိတဗ္ဗံ၊

ရှင်ဥပသေန၏ လျှောက်ထားချက်နှင့် ဗုဒ္ဓမြတ်စွာ၏ မိန့်တော်မူချက် (ဝိ၊ ၁။ ၃၃၇)အရ။

ဗုဒ္ဓမြတ်စွာ ပညတ် မပညတ် အလွယ်တကူ သိရှိနိုင်ရန်....

(က) ကုလဒူသန အနေသနအမှုများနှင့် စပ်၍ အပ်-မအပ် ပါဠိအဋ္ဌကထာ ပါရှိသမျှ မြန်မာပြန်အကျဉ်းချုံး၍ ရေးသားရန် မန္တလေးပတ္တမြားကျောင်းတိုက်ကို တာဝန်ပေးအပ်ကြသည်။

(ခ) ရွှေ-ငွေစသော နိဿဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထုများနှင့် စပ်၍ အပ်-မအပ် ပါဠိအဋ္ဌကထာ ပါရှိသမျှ မြန်မာပြန် အကျဉ်းချုံး၍ ရေးသားရန် ညောင်တုံးမြို့ ရွှေဟင်္သာတောရကျောင်းတိုက်ကို တာဝန်ပေးအပ်ကြသည်။

(ဂ) ပစ္စည်းလေးပါးနှင့်စပ်၍ အပ်-မအပ် ပါဠိအဋ္ဌကထာ ပါရှိသမျှ မြန်မာပြန် အကျဉ်းချုံး၍ ရေးသားရန် ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်ကို တာဝန်ပေးအပ်ကြသည်။

(ဋီကာလာ စကားများကို မှတ်ချက်အနေဖြင့် ဖော်ပြနိုင်ကြောင်း သဘောတူကြသည်။)

(၄) ပထမ ရွှေကျင် ဆရာတော်ဘုရားကြီးနှင့် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးများ၏ အကြောင်းအရာ အတ္ထုပ္ပတ္တိနှင့် ပတ်သက်၍ စာရေးဆရာ အချို့၏ "စူဠဂန္ဓိမဟာဂန္ဓိ ဝိဝါဒပြေငြိမ်းရေးအတွက် ဓမ္မောသဓဒီပနီစာတမ်း ပုံနှိပ်ထုတ်ဝေမှုနှင့် ပတ်သက်၍ ပဋိညာဉ် ပျက်ကွက်သည် ဆိုကာ ရွှေကျင်ဆရာတော်ဘုရားကြီးအား အုတ်ဖို

ဆရာတော်ဗရားကြီးကဲ ဒဏ်သေ့ ဒဏ်ရှင် ထားကြောင်း သိမာသမ္မုဟနန ဒဏ်ပေးခံရကြောင်း”

“ဝိမုတ္တိရသကျမ်းစာ အရေးအခင်းတွင်(ယောမင်းကြီး မရှိသည့်နောက်) သားသမက်များက တရားစွဲဆိုမည်ပြုရာ ရုံးတွင် ရင်မဆိုင်ရဲသဖြင့် မဟာဝိသုဒ္ဓါရုံဆရာတော် ဗရားကြီး အရှုံးပေးပြေငြိမ်းရကြောင်း” စသော ရေးသားချက်များသည် မဟုတ်မမှန် ယုတ္တိမတန်သဖြင့် ဤကောဒသမအကြိမ်အစည်းအဝေးကြီးက ၎င်းစာများကို ပယ်ဖျက်၍ နောက်ထပ်ရေးသားချက်များပေါ်ပေါက်လာပါက ဗဟိုဌာနမှ တာဝန်ယူကာ တားမြစ်ခြင်းအရေးယူခြင်းများ ပြုရန်။

(၅) နည်းပရိယာယ်များလှသော ဤခေတ်ကြီးဝယ် အရပ်ရပ်လမ်းမလမ်းဘေးနှင့် ဈေးစသည်တို့၌ ဗရားတည်ရန် ကျောင်းဆောက်ရန်စသည်ကို အကြောင်းပြလျက် ဗရားရှင်၏ ဝိနည်းသိက္ခာပုဒ်နှင့်လည်း မသင့်လျော် ဗုဒ္ဓသာသနာတော်၏ ဂုဏ်သိက္ခာကိုလည်း ထိခိုက်ညှိုးနွမ်းစေနိုင်သော ရဟန်းတော်တို့ ကိုယ်တိုင်ရွှေငွေ အလှူခံခြင်းကို ရွှေကျင်ဂိုဏ်းသားမှန်သမျှ မပြုမလုပ်မိကြရန် ဤ အစည်းအဝေးကြီးက မေတ္တာရပ်ခံတားမြစ်ကြောင်း ဆုံးဖြတ်ကြသည်။

(၆) စတုတ္ထအကြိမ် အစည်းအဝေးကြီး ဆုံးဖြတ်ချက် အပိုဒ် (၁၁) အရဂိုဏ်းသံဃာများက ဝိုင်းအုံ ဆုံးမပါလျက် နားမထောင်ဘဲ မထေရ်ကြီးများကို ဆက်လက်ဆန့်ကျင် ပြုမူပြောဆိုနေသော ပုဂ္ဂိုလ်များပေါ်ပေါက်ခဲ့သော် ထိုပုဂ္ဂိုလ်များအား မေတ္တာရပ်ခံမှုမှ အစ ဝန်ချတောင်းပန်စေခြင်း ဂိုဏ်းမှအပပြုခြင်းအထိ လိုအပ်သလိုဆောင်ရွက်ရန် သဘောတူကြသည်။

(၇) ကျောင်းထိုင်နာယကများမှအစ သာမဏေငယ်များအထိ အလွယ်တကူသိရှိနိုင်ရန် ၁၂၈၂–ခုနှစ်ပထမအကြိမ်အစည်းအဝေးကြီးမှစ၍ ၁၃၃၇-ခုနှစ် ကောဒသမအကြိမ်အထိ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီးများမှ ချမှတ်အပ်သော ပြဋ္ဌာန်း ဆုံး ဖြတ် ချက်များကို စုပေါင်းကာ ဗဟိုမှတာဝန်ယူပုံရိုက်နှိပ်၍ ဂိုဏ်းဝင်ကျောင်းတိုင်းမှ မိမိတို့တာဝန်ဖြင့် အသီးအသီးယူဆောင်ကြရန် သဘောတူကြသည်။

(၈) ဤအစည်းအဝေးကြီးမှ ရွှေကျင်နိကာယ ဥက္ကဋ္ဌ-မဟာနာယက သမ္မုတိ သံဃရာဇာအဖြစ် မန္တလေးအရှေ့ဝိသုဒ္ဓါရုံ ဆရာတော်ကြီး ကို တင်မြှောက်ကြသည်။

"ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက"အဖြစ်

၁။ စစ်ကိုင်းမြို့ ရွှေဟင်္သာတိုက်သစ် ဆရာတော်

၂။ အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်

၃။ မန္တလေး မဟာဝိသုဒ္ဓါရုံ ပိုက်ကျုံးဆရာတော်

၄။ မန္တလေး မဟာဝိသုဒ္ဓါရုံ အသောကဆရာတော် တို့ကိုတင်မြှောက် ကြသည်။

(၉) ပဲခူးမြို့ ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလကို 'ရွှေကျင်နိကာယ သံဃဘာရ နိတ္ထာရက သာသနာပြုဆရာတော်' ဘွဲ့တော်ဖြင့် ပေးအပ် ချီးမြှောက်ကြသည်။

(၁၀) ၁၃၃၇-ခု၊ ဝါဆိုသံဃာ စာရင်းအရ ရွှေကျင်ဂိုဏ်းဝင် သံဃာ တော်ပေါင်းစာရင်းကို လျှောက်ထား ဖတ်ကြားသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်း

| | |
|---|---|
| * ကျောင်းပေါင်း | ၁၇၂၉-ကျောင်း |
| * ရဟန်းပေါင်း | ၆၃၉၃-ပါး |
| * သာမဏေပေါင်း | ၈၃၆၉-ပါး |
| ၂-ရပ်ပေါင်း သံဃာ | ၁၄၇၆၂-ပါး |

(ခ) သီရိလင်္ကာ သီဟိုဠ်နိုင်ငံ ပြည်ပ

| | |
|---|---|
| * ကျောင်းပေါင်း | ၃၁-ကျောင်း |
| * ရဟန်းပေါင်း | ၈၀-ပါး |
| * သာမဏေပေါင်း | ၂၉-ပါး |
| ၂-ရပ်ပေါင်း သံဃာ | ၁၀၉-ပါး |

(ဂ) ယိုးဒယား ထိုင်းနိုင်ငံ ပြည်ပ

* ကျောင်းပေါင်း ၂-ကျောင်း
* ရဟန်းပေါင်း ၁၃-ပါး
* သာမဏေပေါင်း ၁၆-ပါး

၂-ရပ်ပေါင်း သံဃာ ၂၉-ပါး

ရွှေကျင်နိကာယ ပြည်တွင်း ပြည်ပ ၂-ရပ်ပေါင်း

သံဃာတော် ၁၄၉၀၀-ပါး။
ကျောင်းပေါင်း ၁၇၆၂-ကျောင်း။

| | |
|---|---|
| အရှေ့ဝိသုဒ္ဓါရုံဆရာတော် | ဦးအဠိယ |
| အစည်းအဝေး သဘာပတိ | အစည်းအဝေးအကျိုးဆောင် |
| ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက | မဟာဝိသုဒ္ဓါရုံတိုက်သစ် |
| မန္တလေးမြို့။ | မန္တလေးမြို့။ |

(၁၃၃၇-ခု၊ နတ်တော်လဆန်း ၉-ရက်)

သာသနာတော်လုံး ဆိုင်ရာ
ရွှေ ကျင် နိ ကာ ယ ဗ ဟို ဌာ န
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့။

ရက်စွဲ၊ ၁၃၃၇-ခု၊ သီတင်းကျွတ်လဆန်း ၅-ရက်
(၉-၁၀-၇၅)

သို့
ဝန်ကြီး
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန
ဝန်ကြီးများရုံး
ရန်ကုန်မြို့။

အကြောင်းအရာ။ ။ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီး ကျင်းပပြုလုပ်မည်ဖြစ်ခြင်း။

ရွှေကျင်ဂိုဏ်း အစဉ်အလာအရ ကျင်းပမြဲဖြစ်သော သာသနာတော်လုံးဆိုင်ရာ ကောဒသမအကြိမ် ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီးကို ၁၃၃၇-ခု တန်ဆောင်မုန်းလပြည့်ကျော် (၅-၆-၇) ရက်၊ ၁၉၇၅-ခု နိုဝင်ဘာလ (၂၂-၂၃-၂၄) ရက်များ၌ ပဲခူးတိုင်း ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်ကြီးတွင် သာသနာရေးသက်သက် ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း အကြောင်းကြားသိစေအပ်သည်။

သက်ဆိုင်ရာဌာနတို့မှ တတ်စွမ်းသမျှ အကူအညီများပေးရန် မေတ္တာရပ်ခံအပ်သည်။

ဆရာတော်ဦးအဂ္ဂိယ
(အတွင်းရေးမှူး)
အစည်းအဝေးအမှုဆောင်အဖွဲ့
ရွှေကျင်နိကာယ ဗဟိုဌာန
မ ဟာ ဝိ သု ဒ္ဓါ ရုံ တိုက် သစ်
အနောက်ပြင်-မန္တလေး။

**မိတ္တူကို သိသာရန် ပေးပို့ခြင်း။**

၁။ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဝန်ကြီးချုပ်ရုံး-ရန်ကုန်မြို့။
၂။ ဝန်ကြီး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးများရုံး၊ ရန်ကုန်မြို့။
၃။ ဥက္ကဋ္ဌ၊ တိုင်းပြည်သူ့ကောင်စီ၊ မန္တလေးတိုင်း၊ မန္တလေးမြို့။
၄။ ဥက္ကဋ္ဌ၊ တိုင်းပြည်သူ့ကောင်စီ၊ ပဲခူးတိုင်း၊ ပဲခူးမြို့။
၅။ တိုင်းညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာန၊ ပဲခူးတိုင်း၊ ပဲခူးမြို့။
၆။ ဥက္ကဋ္ဌ၊ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေး ဗဟိုကော်မီတီ။ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့။

---

သို့

ရုံပိုင်ချုပ်

ဘူတာကြီး (မန္တလေး)

မန္တလေးမြို့။

နေ့စွဲ၊ ၁၃၃၇-ခု၊ သီတင်းကျွတ်လဆန်း ၁၀-ရက်။
(၁၂-၁၀-၇၅)။

အကြောင်းအရာ။ ။မီးရထားတွဲ သီးသန့်ရရှိရေးအတွက်မေတ္တာရပ်ခံခြင်း။

ပဲခူးမြို့၊ ကြခတ်ဝိုင်း ကျောင်းတိုက်၌ ကျင်းပပြုလုပ်မည့် ကောဒသမ အကြိမ် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်ဂိုဏ်း သံဃာ့အစည်းအဝေးကြီးသို့ မြန်မာပြည်အထက်ပိုင်းမှ ကြွရောက်ကြမည့် ဆရာတော်သံဃာတော်များ ချမ်းသာလွယ်ကူစွာ ကြွရောက်နိုင်ရေးအတွက် "မီးရထားတွဲသီးသန့်" ပြုလုပ် (စီမံ)ပေးရန် မေတ္တာရပ်ခံပါသည်။

၁။ ကြွရောက်မည့်မြို့ (ဘူတာ) မန္တလေးမှ ပဲခူးသို့၊
၂။ တွဲအရေအတွက် ၃ တွဲ။

F, 2

၃။ ကြွရောက်မည့် နေ့ရက် ၁၃၃၇ - ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၂)ရက် ဗုဒ္ဓဟူးနေ့ (၁၉-၁၀-၇၅)၊ ညနေ ၃-နာရီထွက်ရထား။

၄။ ကြွရောက်မည့် ပုဂ္ဂိုလ်ဦးရေ
ဆရာတော် သံဃာတော်များနှင့် ကျောင်းသားကပ္ပိယ ကာရက
များပါ ၂၃၀။

(၁) ဦးဝိစာရိန္ဒ
(၂) ဦးပညာသိရိဘိဝံသ
အလုပ်အမှုဆောင်အဖွဲ့ (ကိုယ်စား)
ရွှေကျင်နိကာယဗဟိုဌာန
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့။

မှတ်ချက်။ ။ပဲခူးမြို့ သာသနာပြု ဥပါသကာ ဒါယကာတို့မှလည်း ဆက်သွယ် အကြောင်းကြားပြီးဖြစ်၍ ပို့ဆောင်ရေး ဌာနဆိုင်ရာ မီးရထားကော်ပိုရေးရှင်းအဖွဲ့တို့က ကူညီဆောင်ရွက်ကြသဖြင့် သံဃာအများ ချမ်းသာသုခ ရရှိကြသည်။

## အကျဉ်းချုပ် လျှောက်ထားသိသာစေခြင်း

စာရှုသူ ဆရာသမား သိတင်းသုံးဘော် နိကာယဝင် အရှင်မြတ်များ ဒကာဒကာမ သမြဟ္မစာရီ သမဂ္ဂသာဝက အားလုံးအား တောင်းပန်လိုသည်မှာ အစည်းအဝေး အခန်းအနားကို အကျယ်ချဲ့၍ အထူးရေးသားမှုတို့ဖြင့် ဝေဝေဆာဆာ မရိုက်နှိပ်တော့ပါ။

ဤနေရာမှစ၍"တန်ဘိုးမဖြတ်နိုင် တသက်တိုင်အောက်မေ့အပ် နှလုံးပြုပွားများအပ်သော" ဓမ္မာနု ဓမ္မဩဝါဒတရားစာများနှင့် လိုအပ်သော စာရင်းများကိုသာ ထုတ်ဖော်သိစေအပ်ပါကြောင်း။

၁၃၃၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်မှစ၍ (၉)ရက်နေ့အထိ (၉-ရက်တိုင်)ကျွေးမွေး ဆက်ကပ်လှူဒါန်းကြသောဆွမ်းကွမ်း၊ လဖက်ရေ၊ မုံ့မျိုးစုံ၊ အဖျော်ယမကာ၊ ကျောင်း၊ သင်္ကန်း၊ ဆေး စသော ပစ္စည်းလေးပါး အလှူရှင်စာရင်းများကိုလည်း မဖော်ပြတော့ပါ။

လိုအပ်ချက် ဟာကွက်များ မုချတွေ့ကြပါလိမ့်မည်၊ သည်းခံခွင့်လွှတ်ကျေနပ်တော်မူကြရန် တောင်းပန်ပါသည်။

---

## သာဓုခေါ်စရာ

### အနည်းငယ်ဖော်ပြလိုသည်မှာ

(က) ပဲခူးဘုတာကြီးသို့အရပ်ရပ်မှ ဆိုက်ရောက်လာသော ဆရာတော်ကြီးငယ် အရှင်သူမြတ်တို့ကို အစုန်အဆန် ရထားတိုင်းမှာပင် တန်ဆောင်မုန်းလပြည့်ကျော် ၁-၂-၃-၄-ရက် (၄-ရက်ပတ်လုံး) ဒကာများ၏အဖွဲ့လိုက်ဖြင့် အသင့်ကြိုဆိုလျက်ငင်း, မြို့ပေါ်ရှိ ဗရားပုထိုးများသို့ ပင့်ဆောင်လျက်ငင်း,အပြန်ခရီးအတွက်တာဝန်ယူ၍ငင်း,ပဲခူးမြို့နိကာယပူဇာအသင်းဝင်သူတော်စင် ဒကာများသည်စနစ်တကျ ယာနဒါန ပြုစုပါသည်။

(ခ) ရက်ကြိုတင်၍ ရန်ကုန်မြို့ပေါ် ရောက်ရှိပြီးသော အဝေးရပ်ထေရ်မြတ်များနှင့်ရန်ကုန်တိုင်းမှ နိကာယထေရ်ကြီး ထေရ်ငယ်များကို သံလျင်မြို့မဟာခေမိကာရာမ ဆရာတော်၏ ဒကာ ဒကာမများက ရန်ကုန်မှပဲခူး၊ ပဲခူးမှရန်ကုန်သို့ အသွားအပြန် တာဝန်ယူ၍ ယာနဒါနပြုစု လှူဒါန်းပါသည်။

"အကျိုးဆောင်"

စာတည်း။

၁၃၃၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၄-၅-၆-၇) ရက်

# သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ

# ကောဒသမအကြိမ်

# သံဃာ့ အစည်းအဝေးပါ သံဃာတော်တို့

## လိုက်နာကျင့်သုံးဘွယ် စည်းမျဉ်းမျာ်း။

၁။ နေ့စဉ် ညဉ့်ဗရားဝတ်တက် အချက်ပေး တီးခေါက်သောအခါ သင်းပိုင် ကိုယ်ဝတ်တို့ကို အဝန်းသုံးပါး ညီညွတ်စွာ ဝတ်လျက် တဖက် စမ္ပာယ်ရုံ လက်ကန်တော့တင်ပြီးလျှင် ဗရားရှင်ဂုဏ်ကိုသာ အာရုံထား၍ ဗရားကျောင်းသို့ သွားကြရန်။

၂။ ညဉ့်ဗရားဝတ်တက် အပြီးတွင် ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီး၊ ရွှေကျင် ဝံသာနု ရက္ခကျမ်း၊ စူဠသိဿကောဝါဒကျမ်း၊ ဂဏသုဒ္ဓိ အမိန့်စာတန်းတို့ကို ဘတ်ကြားနာယူကြရန်။

၃။ မထေရ်ကြီးများကို တွေ့မြင်လျှင် ဘိနပ်ချွတ်ခြင်း, ရိုသေကိုင်းညွတ် ခြင်း, လက်အုပ်ချီမိုးရှိခိုးခြင်းနှင့် ရိုသေညွတ်တွား လေးစားသော စကားတို့ ကိုသာ လျှောက်ထား ပြောဆိုကြရန်။

၄။ မထေရ်ကြီးတို့၏ သွန်သင်ပြသ အဆုံးအမ ပေးခြင်းများကို ခွန်းတုံ့ မပြန် နွတ်လှန်မစွက် ငြိမ်သက် ဝမ်းမြောက်စွာ လိုက်နာကြရန်။

၅။ သံဃနဝက အချင်းချင်းပင်လျှင် မေတ္တာရှေ့ထား၍ ရိုသေလေး စားသော ကာယကံ ဝစီကံ တို့ဖြင့် ဆက်ဆံကြရန်။

၆။ အချင်းချင်းပေါင်းဆုံ စုဝေးသောအခါ နိရတ္ထက ကထာများကို ပြောကြားရယ်မော၍ တသောသော မနေမိကြစေပဲ သာသနာတော် စည်ပင် ပြန့်ပွားရေး ရွှေကျင်ဂိုဏ်း ကြီးပွားတိုးတက်ရေး စကားများကိုသာ ဆွေး နွေးပြောဆိုကြရန်။

၇။ လုံလောက်သော အကြောင်းမရှိပဲ ဗဟုသုတသက်သက်ဖြင့် မြို့တွင်းသို့ ထွက်၍ သွားလာလည်ပတ်ခြင်းမှ ရှောင်ကြဉ်ရန်။

၈။ မလွှဲမရှောင်သာသော အကြောင်းထူးကိစ္စ ပေါ်ပေါက်ခဲ့သော် မထေရ်ကြီးတပါး ပါးထံ ခွင့်ပန်လျှောက်ထား၍ ထီး, ဘိနပ် မဆောင်း မစီးပဲ သမဏသိက္ခာ စောင့်စည်း၍ သက်န်းရုံပြီး ကြွကြရန်။

၉။ အချိန်ကျ၍ ဆွမ်းစားအချက်ပေးသည့်အခါ သင်းပိုင် ကိုယ်ဝတ်တို့ကို အဝန်းညီစွာ ပြင်ဝတ်၍ မလျင်–မနှေး ယဉ်ကျေး တည်ငြိမ်သော သမဏသိက္ခာဖြင့် ကြွတော်မူကြရန်။

၁၀။ ဆွမ်းဘုဉ်းပေးရာဌာန၌ စကားမပြော တုဏှိဘောဖြင့် ဇွန်း ပန်းကန် အသံမမြည်စေပဲ အာဟာရေ ပဋိကူလသညာဖြင့် ညင်သာစွာ ဘုဉ်းပေးတော်မူကြရန်။

၁၁။ အစည်းအဝေးကြီးအတွင်း၌ ဖူးမြင်သူများ သဒ္ဓါပွား၍ လေးစားပိုမို ကြည်ညိုနှစ်သက်ဖွယ်သော ကိုယ်နှုတ်အမူအရာတို့ဖြင့် သတိကြီးစွာထားလျက် ကျင့်သုံးနေထိုင်ကြရန်။

၁၂။ ပဲခူးမြို့ပေါ်ရှိ စေတီတော်များအား ညွှန်ခံဌာန၏ စီစဉ်ပို့ဆောင်ခြင်းဖြင့်သာ ညီညာစွာ ကြွရောက် ဖူးမြော်ကြရန်။

၁၃။ မိမိတို့ ကျောင်းသား ကပ္ပိယများကို ကြမ်းတမ်းဆဲဆိုခြင်း ခိုက်ရန်ဖြစ်ခြင်း စသည်များ မဖြစ်ပွားစေပဲ စည်းကမ်း သေဝပ်စွာ နေထိုင်ကြဘို့အရေး အဆုံးအမ ပေးထားရန်။

၁၄။ ခေတ်ပေါ် သက္ကလပ်ခြုံထည် ဖော့ခြုံထည် စသည်များကို ခြုံထည်ချည်းသက်သက် လွှမ်းခြုံခြင်း မပြုလုပ်ကြမူ၍ သက်န်းတထည်အုပ်လျက် လွှမ်းခြုံတော်မူကြရန်။

၁၅။ စည်းဝေးရန် အချိန်ကျ၍ အချက်ပေးသောအခါ နေရာထိုင်ကိုယ်စီဖြင့် သင်းပိုင်ကိုယ်ဝတ်အဝန်းညီစွာ ဝတ်ပြီးလျှင် မထေရ်ကြီးများကို ရိုသေလေးစားလျက် ကြွရောက်တော်မူကြရန်။

၁၆။ အစည်းအဝေးခန်းမဆောင်သို့ ရောက်သည်နှင့် တပြိုင်နက် အစည်းအဝေးဆုံးဖြတ်ချက် အကြောင်းအရာနှင့် မထေရ်ကြီးများ၏ အဆုံးအမများကိုသာ ရိုသေလေးစားစွာ မှတ်သားနာယူကြရန်။

၁၇။ အစည်းအဝေး ပြုလုပ်နေချိန်တွင် ထီးတိုးစကားပြောခြင်း လက်ချိုး-ချေဆတ်- သလိပ်ဟပ်- ငိုက်မျည်း တဟီးဟီး ရယ်မောခြင်း စသော သမထာသာရုပ္ပ ကင်းကွာမှု မပြုကြရန်။

၁၈။ နေ့စဉ် အစည်းအဝေးကြီး ကျင်းပနေချိန်အတွင်း 'ထွက်လိုက်ဝင်လိုက် မဖြစ်စေပဲ အခမ်းအနား ပြီးဆုံးမှသာ မိမိသိတင်းသုံးရာသို့ညင်သာစွာ ပြန်ကြတော်မူကြရန်။

သဘာပတိ ဆရာတော်ကြီးများ

ရွှေကျင်နိကာယ ဂေါဒသမ အစည်းအဝေးကြီး

ကြခတ်ဝိုင်းကျောင်းတိုက်

ပဲခူး မြို့။

၁၃၃၇-ခု၊ တန်ဆောင်မုန်း လပြည့်ကျော် (၄) ရက်။

# ဧကောဒသမ ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးအတွက် အကြိုအစည်းအဝေး မှတ်တမ်းများ

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာဆရာတော်ထံမှ ပေးစာ။

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ဝန်ဆောင်ဆရာတော်များထံ အကြောင်းကြားပါသည်။

အကြောင်းကြားလိုသည်မှာ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီး မပြုလုပ်ရသည်မှာ(၉)နှစ်မျှ ရှိသွားပါပြီ၊ ကြာလျှင် ပျက်ပြယ်ပျောက်သွားမည်ကို စိုးရိမ်မိပါသည်။ အစည်းအဝေးကြီး မရှိလျှင် ဂိုဏ်းသံဃာများ စည်းလုံးမှုညီညွတ်မှု၊ အချင်းချင်းရင်းနှီးစွာ ဆက်ဆံမှု၊ အချင်းချင်း အတွေ့အကြုံနဲ့မှု စသည်တို့ကြောင့် အလိုအလျောက် ညီညွတ်မှုဝေးကာ ဂိုဏ်း၏ အင်အား ဆုတ်ယုတ်လျက် ရွှေကျင်ဂိုဏ်း၏ အသက်တန်းတိုဘွယ်ရာတို့ ဖြစ်ပေါ်လာမည်မှာ ကျေန်မလွဲဟု ထင်မြင်မိပါသည်။ သို့ဖြစ်၍ လာလတံ့ဖြစ်သော (၁၃၃၅) ခုနှစ်၌ အစည်းအဝေးကြီး ပြုလုပ်ရန် သင့်လျော်ပြီဟု ယူဆမိပါသည်။

ဤကိစ္စအတွက် လက်လှမ်းမှီရာဌာနတို့မှ ဝန်ဆောင်ပုဂ္ဂိုလ်များနှင့်တကွ ပင့်လျောက်သင့်သော ပုဂ္ဂိုလ်များကို ဝိသုဒ္ဓါရုံသို့ ပင့်ဘိတ်၍ ဆွေးနွေးကြလျှင် သင့်တော်မည်ထင်ပါသည်။

ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီး မပျောက်မကွယ် စေရန် တကြောင်း၊ ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များ အချင်းချင်း မိဟိတ ပုဗ္ဗဂ်မဝမ်းသာရွှင်ပြုံး နှလုံးကြည်သာသော မျက်နှာတို့ဖြင့် တွေ့ဆုံကာ သာရဏီယကထာများကို ပြောကြားတော်မူခြင်းဖြင့် ဂိုဏ်းအားဖြည့်စေရန် တကြောင်း၊ ဤအကြောင်းလောက်ကိုသာ ရည်ညွှန်း၍ အစည်းအဝေးကြီးကို ပြုလုပ်လိုခြင်းဖြစ်ပါသည်။

သို့ကြောင့် အစည်းအဝေးကြီးကို(၃)ရက်မျှသာ စည်းဝေးရန် နေ့(၁) နာရီအချိန် စည်းဝေးရန်၊ ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီးနှင့် ရွှေကျင်ဝံသာနုရက္ခတို့ကို (၃)ရက်ခွဲ၍ဘတ်သည်ကို နာယူရန် အလှည့်ကျမထေရ်ကြီးတပါး နေ့

စဉ်ဩဝါဒပေးရန်၊ ထိုနောက် မေတ္တာသုတ် ပရိတ်ကို အညီအညွတ်ရွတ်၍ အစည်းအဝေးရုပ်သိမ်းရန် ညစဉ်တရားပွဲပြုလုပ်ရန်။

ဤမျှလောက်ကိုသာ ဆောင်ရွက်ခြင်းဖြင့် ချမ်းသာယာ၊ ဝမ်းသာစွာ အစည်းအဝေးပွဲကြီး အောင်မြင်ပြီးစီးရန် ဖြစ်ပါသည်။

စံကင်းဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိတော်မူစဉ်က ဤအစီအစဉ်အတိုင်း လျှောက်ထားဘူးပါသည်။ ဆရာတော်ဘုရားကြီးကိုယ်တိုင် နှစ်သက်တော်မူ၍ ဆန္ဒပေးတော်မူပါသည်။

ရွှေဟသာဘုန်းကြီး
ရွှေဟသာတိုက်သစ် စစ်ကိုင်းတောင်ရိုး။

၁၃၃၅-ခု ဥုးတာကူးလဆန်း (၁၄)ရက်။

ကျိုက္ခမိဆရာတော်ထံမှ ပေးစာ။

ပိုက်ကျုံးဆရာတော်ဘုရားထံ ၃၅-၇-၂။

ရှိသေလေးမြတ်စွာ ကန်တော့ပါသည်ဘုရား။

ဆရာတော်ထံမှပေးစာရရှိ သိသင့်ကိစ္စများ သိရပါ၍ ဝမ်းမြောက်လျက် ရှိပါကြောင်း။ (စာရဒါကြာပါပြီ) အစည်းအဝေးကြီးဖြစ်မြောက်ရေးကိစ္စ နှင့်စပ်ပြီး ပခန်းအရင်းခံ ဗဟိုရ်ဝန်ဆောင် ဆရာတော်များ ရှေ့ဆောင် ဦးတည်မှုအောက်မှ စိတ်ပါဝင်စားကြတဲ့ထေရ်များနှင့် လက်လှမ်းမှီညီနိုင်း ဆော်ဩသွားကြလျှင် အခက်အခဲမရှိ ဖြစ်မြောက်မည်ဟု မြော်လင့်မိပါ ကြောင်း။

ကျိုက္ခမိတပည့်များလဲ နောက်ပါးနေ ဉာဏ်မှီသမျှ ကူညီရန် ဝန်မလေး ပါကြောင်း။ ဂိုဏ်းအစည်းအဝေး ကျင်းပရေးနှင့်စပ်ပြီး ထက်အောက် ဝိနည်းပြန်ပွဲအဖွဲ့များ၏ ဝန်ဆောင်များထံ ၎င်းတို့နယ်အသီးသီး ဆန္ဒအကြံ ဉာဏ် သဘောထားများနှင့် အစည်းအဝေးကြီး ဖြစ်မြောက်ရေးအပေါ် မည်မျှစိတ်ဝင်စားထက်သန်မှု အင်အားသိရှိရန်အတွက်၎င်း၊ ဝိနည်းပြန်ဌာန တိုင်းအပေါ် အလေးပေးတဲ့အနေအားဖြင့်၎င်း၊ယင်းဌာနအသီးအသီးတို့၏ ခံယူချက် ပေါ်ထွက်လာမည်ဖြစ်ပါသည်။

ထိုအခါများ ဆန္ဒအရ ဌာန ကာလအခြေအနေပေးသလို ဗဟိုမှသင့်မည် ထင်သလို ကြည့်ရှုစီမံကိန်းချရန် ဖြစ်ပါကြောင်း၊ (ထိုမှတပါး ကမ္မကာရက အဖွဲ့ဝင်ဆရာတော်များထံမှလဲ အသီးအသီး အကြောင်းကြားပြီး ၎င်းတို့၏ တာဝန်အရ မည်မျှတက်ကြွစွာ အာရုံစိုက် မစိုက်လဲ သိရပါမည်ဘုရား)

ကျိုက္ခမိ - နိမ္မလ။

---

ရွှေဟသ်ာဆရာတော်ထံမှ ပေးစာ။

၁၃၅-ခု တပို့တွဲလဆုတ် (၅)ရက်။

ခေတ္တ-မအူပင်မြို့။ စစ်ကိုင်း၊ရွှေဟသ်ာ။

မေတ္တာရှေ့ထား အကြောင်းကြားပါသည်။ တပည့်တော် အကြံပေး ညွှန်ကြားသော အစီအစဉ်အတိုင်း အစည်းအဝေးကြီးကျင်းပရန် ညောင်တုန်းတိုက်အုပ်နှင့် ဆွေးနွေးရာ သဘောတူနှစ်သက်ပါသည်။ ညောင်တုန်းတိုက်အုပ်ကပင် မြောင်းမြဆရာတော်အားလျှောက်ရာ မြောင်းမြဆရာတော်ကလဲ ဤအစီအစဉ်အတိုင်း သဘောတူသဖြင့် ကူညီနိုင်သော အကူအညီလိုက ကူညီဦးမည် ပြောပါသည်။ သို့ကြောင့် အစည်းအဝေးကြီးဖြစ်မြောက်ရေးမှာ ဗဟိုဌာနမှ၏ ဆောင်ရွက်မှုဦးသာ တည်ပါတော့သည်၊ သင့်သလို တိုင်ပင်၍ စီစဉ်လိုပါသည်။ ကျန်းမာပါစေ။

**ရွှေဟသ်ာ။**

ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးနှင့် ပတ်သက်သော ပေးစာ (၁-၂-၃)တို့ကို အကြောင်းပြု၍ ၁၃၃၆-ခု၊ သီတင်းကျွတ်လဆန်း(၁)ရက်နေ့တွင် မန္တလေးမြို့ အနောက်ပြင်မဟာဝိသုဒ္ဓါရုံတိုက်သစ်ပိုက်ကျုံးကျောင်း အထက်ထပ်၌ မဟာနာယကဆရာတော် ၂-ပါး အမှူးပြုသော ဗဟိုဌာန ကျောင်းဘုန်းကြီး စာချဘုန်းကြီး အစည်းအဝေးကြီးမှ အောက်ပါအတိုင်း ဆုံးဖြတ်ကြသည်။

**ဆုံးဖြတ်ချက်။**

လက်လှမ်းမီရာ စစ်ကိုင်းမင်းကွန်း စသည်တို့မှဆရာတော်ကြီးများကိုပင့်၍ ၁၃၃၆-ခု သီတင်းကျွတ်လဆန်း ၁၁-ရက်နေ့တွင် ပဏာမ အစည်းအဝေးကြီးတရပ်ကျင်းပရန် ဆုံးဖြတ်ကြသည်။

**သံတော်ဆင့်-ဦးတိလောက။**

# မန္တလေးမြို့
# အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်
# အလယ်တိုက်ကြီး အပေါ်ထပ်၌ ကျင်းပအပ်သော
# ပဌမအစည်းအဝေးမှတ်တမ်း

နေ့စွဲ- ၁၃၃၆-ခု သီတင်းကျွတ်လဆန်း ၁၁-ရက်နေ့ ၁-နာရီ။

၁။ အစည်းအဝေးသို့ စစ်ကိုင်း၊ မင်းကွန်း၊ မေမြို့၊ အမရပူရ၊ မန္တလေးမြို့ပေါ်ရှိ ရွှေကျင်ကျောင်းတိုက်များမှ ကြွလာတော်မူကြသော ဆရာတော် ၇၂-ပါး၏ စာရင်းကို သံတော်ဆင့်ဘုန်းကြီး ဦးတိလောကက ဘတ်ကြားလျှောက်ထားသည်။

၂။ သဘာပတိ ဆရာတော်အဖြစ် စစ်ကိုင်းတောင်ရိုး ဓမ္မဝံ ဆရာတော်ဘုရားကြီးအား တင်မြှောက်ကြသည်။

၃။ အကျိုးတော်ဆောင်များအဖြစ်....

(က) ဇေယျမေဒနီဆရာတော်

(ခ) ပတ္တမြားတိုက်ဆရာတော်ဦးဝေပုလ္လ

(ဂ) သံတော်ဆင့်ဘုန်းကြီးဦးတိလောက

(ဃ) အဘယာရာမ ဒုတိယနာယက ဦးသိလာနန္ဒာဘိဝံသ

(င) မင်္ဂလာဗိမာန်ဘုန်းကြီး ဦးပညာသိရီဘိဝံသ

(စ) စည်ရှင်ကျောင်း ဦးအရိယဉာနာဘိဝံသ- တို့ကို တင်မြှောက်ကြသည်။

၄။ နယ်မှ ပေးစာများကို စည်ရှင်ကျောင်း ဦးအဂ္ဂဉာနာဘိဝံသက ဘတ်ကြားလျှောက်ထားသည်။

၅။ (၁၁-ကြိမ်မြောက်) ရွှေကျင်နိကာယ အစည်းအဝေးကြီး ကျင်းပရန် အများသဘောတူ ဆုံးဖြတ်ကြသည်။

၆။ အစည်းအဝေးကြီး ကျင်းပရာဌာနနှင့် ကာလကို စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာဆရာတော်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက ဆရာတော် ၂-ပါးနှင့် အကျိုးတော်ဆောင် ဆရာတော်များအား အာဏာကုန်လွှဲအပ်ကြသည်။

၇။ သဘာပတိဆရာတော်ဗရားကြီး၏ (ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များသည် ကြီးကုန်ကြီးကုန်သော ပုဂ္ဂိုလ်တို့၏ စကားကို ငယ်ကုန်ငယ်ကုန်သော ပုဂ္ဂိုလ်တို့က လိုက်နာကြရန်နှင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်ဟူသော) ဩဝါဒနှင့် မင်းကွန်းတောင်ရိုး၊ ရတနာရွှေဂူ ဆရာတော်၏ (ဝိနည်းတော်နှင့် အညီ ဆောင်ရွက်ကြရန်ဟူသော) ဩဝါဒကို ကြွလာကြသော ၇၂-ပါးသော သံဃာတော်တို့က နာကြားကြ၍ နေ့ ၂-နာရီအချိန်တွင် အစည်းအဝေးပြီးဆုံးအောင်မြင်ပါသည်။

ပုတ်ချက်။ ။

၁။ စစ်ကိုင်းတောင်ရိုး အနီးစခန်းဆရာတော်

၂။ စစ်ကိုင်းတောင်ရိုး ဝိပဿနာကမ္မဋ္ဌာန်းတိုက်ဆရာတော်

၃။ မန္တလေးမြို့ ရွှေကျင်တိုက်မ ဆရာတော်တို့က ဆန္ဒပေးကြသည်။

ဦးတိလောက။

**ဆက်ကပ်ပါရန်**

## ကျေး ဇူး ရှင် ရွှေဟင်္သာဆရာတော်ဘုရားကြီး
## ( အဂ္ဂ မဟာ ပဏ္ဍိတ )
## ရွှေဟင်္သာတိုက်သစ်၊ စမ်းကိုင်းတောင်ရိုး၊

ရှိသေစွာပြန်ကြား လျှောက်ထားပါသည်ဘုရား။

အကြောင်းမှာ.... ၁၃၃၆-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၅-ရက် (၇-၁၁-၇၄) တနင်္ဂနွေနေ့၊ (၁၀၄) ကြိမ်မြောက် ဝိနည်းစာပြန်ပွဲကြီး ကျင်းပနေဆဲအတွင်း....

(က) မဟာနာယက ဥက္ကဋ္ဌဆရာတော်၊ ဥပမဟာနာယက ရွှေကျင် ဓမ္မရိပ်သာ ဆရာတော် အစရှိသော နာယက ဆရာတော်ကြီးများ....

(ခ) ကြခတ်ဝိုင်း သာသနာပြု အမျိုးသားအမျိုးသမီးအသင်းနှင့်၊

(ဂ) သာသနာရေးစိတ်ပါဝင်စားသူ ဒကာဒကာမများ ၃-ဌာန ဆရာ-ဒကာ ညှိနှိုင်းလျက် အောက်ပါအတိုင်း ဝမ်းပန်းတသာအညီအညွတ်ဆုံးဖြတ်ကြပါသည်။

### ဆုံးဖြတ်ချက်များမှာ

(က) မေတ္တာရပ်သည့်အတိုင်း ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ ရွှေကျင်နိကာယ သာသနာတော်လုံးဆိုင်ရာ ပြည်လုံးကျွတ် သံဃာ့အစည်းအဝေးကြီးကျင်းပရန် ဌာနအဖြစ် ပဲခူးမှ လက်ခံတာဝန်ယူ ဆောင်ရွက်ရန်။

(ခ) ကျင်းပမည့်ခုနှစ်ကို ၁၃၃၇–ခုနှစ်အတွင်း ဖြစ်စေရန်။

(ဂ) ကျင်းပမည့်လကိုမူ အောက်အရပ်ဒေသအလျောက် ဥတုရာသီလည်းကောင်း သွားလာရေးလည်း လွယ်ကူ၊ ကထိန်ခေတ် သံဃာ့ကိစ္စအဝဝနှင့်လည်းလွတ် သံဃာများနှင့် သက်ဆိုင်သော စာမေးပွဲကြီးများနှင့်လည်း လွတ်လပ်သည့် နေ့ရက်များဖြစ်စေရန်။

(ဃ) ယင်းကိစ္စအားလုံး ပြည့်စုံပြီးမြောက်ရေးကို ဂိုဏ်းလုံးဝန်ဆောင်က၊ ကာလဒေသဌာနအားလျော်စွာ၊ အကောင်းဆုံးဖြစ်အောင် တိုင်ပင်ဆက်လက်ဆောင်ရွက်ရန်။

အထက်ပါ တာဝန်ကို ပဲခူးကယူပြီးဖြစ်ကြောင်း မှတ်ရန်ပါဘုရား။

ဂိုဏ်းဝန်ဆောင်

ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့။

---

ဆရာတော်
ရွှေဟင်္သာတိုက်ကသစ်
စစ်ကိုင်းတောင်ရိုး၊

၁၃၃၆–နတ်တော်လဆန်း ၉-ရက်။

မေတ္တာရှေ့ထား၍ အကြောင်းကြားပါသည်။

ပဲခူးက အစည်းအဝေးကြီး ပြုလုပ်ရန် ဌာနအတွက် လက်ခံလိုက်သောစာကို ဆရာတော်တို့ထံသို့လဲ ပို့သည်ဟု ဦးဇောကပါလထံက စာရပါ၍ တပည့်တော်အထံမှ အကြောင်းမကြားတော့ပါ၊ အစည်းအဝေးကြီး နှင့် စပ်သောအစီအစဉ်ကိုသာဆရာတော်များတိုင်ပင်၍ စီစဉ်ရန်ဖြစ်ပါသည်။

ကျန်းမာသက်ရှည်တော်မူကြ၍ ဂိုဏ်းနှင့် သာသနာတော်အကျိုးကို ဆောင်ရွက်နိုင်ကြပါစေ။

ရွှေဟင်္သာဆရာတော်။

# ၁၃၃၆–ခု၊ ပြာသိုလဆန်း (၈) ရက် မန္တလေးမြို့၊ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝိုက်ကျုံးကျောင်း အထက်ထပ်၌ ကျင်းပအပ်သော ၅ဟီယ အကြိမ် ပဏာမအစည်းအဝေး မှတ်တမ်း။

မန္တလေးအရှေ့ပြင် မဟာဝိသုဒ္ဓါရုံရာမတိုက်၊ တိုက်အုပ် ဆရာတော်ဗရားကြီးက သဘာပတိအဖြစ် ဆောင်ရွက်၍၊ ဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ဘုန်းကြီးက အကျိုးဆောင်အဖြစ် ဆောင်ရွက်ကာ အောက်ပါအတိုင်း ဆုံးဖြတ်ကြသည်။

၁။ ပဲခူး ဝိနည်းပြန့်ဌာနမှ ပေးစာပါဆုံးဖြတ်ချက် (ခ) (ဂ)တို့အရ ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေး ကြီးကို ၁၃၃၇–ခု၊ နတ်တော်လတွင် ကျင်းပရန်။

၂။ ကျင်းပမည့်ရက်ကိုမူ ပဲခူးဝိနည်းပြန့်ဌာနက သတ်မှတ်ရွေးချယ်ရန်။

၃။ စည်းဝေးရာဌာန၏ တာဝန်ယူနိုင်မည့် ပင့်သံဃာအရေအတွက်ကို ဗဟိုဌာနနှင့်တိုင်ပင်၍ ဆောင်ရွက်ရန်။

မန္တလေး၊ စစ်ကိုင်း၊ အမရပုရ စသောမြို့များမှ ဆရာတော်များ တက်ရောက်၍ ညနေ (၃) နာရီတိတိ အချိန်တွင် အစည်းအဝေးကြီး ပြီးဆုံးအောင်မြင်ပါသည်။

ဥူးတိလောက

နေ့စွဲ....၁၀-၄-၇၅။

ဖိုး (၀၂)

ပိုက်ကျုံးဆရာတော်

အသောကာရုံဆရာတော်များထံ

ရှိသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်ဘုရားများ၏ ပေးစာကိုအခြေခံ၍ ချမှတ်အပ်သောစာမူကို ပုံနှိပ် ဆက်ကပ်ပါသည်ဘုရား။ နတ်တော် စသည် အမျိုးမျိုးစဉ်းစား၍ အကောင်းဆုံး အများကြိုက် ရက်သတ်မှတ်ကြပါသည်ဘုရား။ ၂-ကဏ္ဍ သဘောပေါက်ပါသည်ဘုရား။

(က) ဂိုဏ်းဂဏကိစ္စအဝဝ အစည်းအဝေးကြီးနှင့်စပ်လျဥ်း၍ အကောင်းဆုံးဖြစ်အောင် မန္တလေးဆရာတော်များ တာဝန်။

(ခ) ညှိခံကိစ္စ ဌာနအဝဝ ပြေပြစ်ရေးအကောင်းဆုံးဖြစ်အောင် ပဲခူးမှ တာဝန်။အထူးမှာ အရင်းနှီးဆုံးဟု သဘောထား၍အစစည္ဆန်ကြားပါ စိတ်ချမ်းသာအောင် ဆောင်ရွက်ပေးပါမည်ဘုရား၊ အမြဲတန်း ရှင်လန်းတိုးတက်ကြပါစေဘုရား။

ဇောတိပါလ

ကြခတ်ဝိုင်း-ပဲခူး။

# ရှိသေစွာ ဆက်ကပ်ပါသည်ဘုရား

နေ့စွဲ....၁၃၃၆၊ တပေါင်းလဆန်း (၂)ရက်။

(၁၃-၃-၇၅) ကြာသပတေးနေ့။

အမည်.... ပဲခူးအရည၀ါသီ ရွှေကျင်နိကာယ မဟာနာယက–ဥပနာယက အမှူးထား၍ နာယက ဆရာတော်ဘုရားကြီးများနှင့် ဌာနအကျိုးဆောင် ဆရာတော်များ အစည်းအဝေး။

ကျင်းပရာ။ ။ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် (သီလဝိသောဓနီ မင်္ဂလာသိမ်တော်ကြီး)

ကိစ္စ။ ။ရွှေကျင်နိကာယ သာသနာတော်လုံးဆိုင်ရာ (ကောဒသမ အကြိမ်မြောက်) ပြည်လုံးကျွတ် သံဃာအစည်းအဝေးကြီး ကျင်းပရန် (ရွှေကျင်နိကာယ ဗဟိုဌာန – မန္တလေးနှင့် သိန္နိပါတ ဌေ့ခံဌာန-ပဲခူးတို့ ညှိနှိုင်းကာ ရက်–လ စသည် ရွေးချယ် ပုံစံချခြင်း။)

## အစည်းအဝေး ဆုံးဖြတ်ချက်များ။

၁။ လာလတံ့–၁၃၃၇-ခုနှစ် (၁၀၅)ကြိမ်မြောက် ပဲခူးဝိနည်းစာပြန်ပွဲကြီးကို ခန်းနေသံဃာတော်များမပါ၊ ကျောင်းဆိုင် ပဓာန ဆရာတော်များ သက်သက်သာ ကျင်းပပါမည်၊ ထို့ကြောင့် ကျောင်းထိုင် ပဓာနဆရာတော်များသည် ရှေးနှစ်များကဲ့သို့ပင် တန်ဆောင်မုန်း လဆုတ် (၂) ရက်နေ့ နေ့ဆွမ်းမှီအရောက် သံဃာအစုံ ကြွရောက် စာပြန်ကြရန်။

၂။ ထိုစာပြန်ပွဲကြွ ဆရာတော်များသည် (၂) ရက်နေ့နှင့် (၃) ရက်နေ့ ပေါင်း(၂) ရက်စာပြန်ကာ ၃- ရက်နေ့ညဉ့်မှာ စာပြန်ပွဲသိမ်း၍ ၄-ရက်နေ့မှာ ပြည်လုံးကျွတ် သံဃာအစည်းအဝေးကြီး စတင် ကျင်းပလျက် (၈)ရက်နေ့ ပြီးဆုံးသည့်တိုင်အောင် ထိုရက်အတွင်းမှာ ပြန်မကြွဘဲ ဆက်လက်သီတင်းသုံးကြရန်။

၃။ သံဃာအစည်းအဝေးကြီး သက်သက်ကြွ ဆရာတော်များသည် ၁၃၃၇– ခုနှစ် တန်ဆောင်မုန်းလဆုတ် ၄-ရက်နေ့မှ စ၍ ထိုနေ့အရောက် သံဃာပြည်လုံးကျွတ် သံဃာအစည်းအဝေးကြီး ကျင်းပရာဌာန (ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်) သို့ ကြွ၍ (၅-၆-၇) ၃-ရက်စည်းဝေးပြီးလျှင် ၈-ရက်နေ့ပြန်ကြွနိုင်ရန်။ (မှတ်ချက်) ရှေးနှစ်များကဲ့သို့ ၂-ရက်မှ ၈-ရက်အထိ ညဥ့်စဉ်တရားပွဲကြီး ကျင်းပလျှက် ၇-ရက်နေ့ သင်္ဂါယနာတင်ရန်။

၄။ ပဲခူးခရိုင်အတွင်း ဝိနည်းပြန် (ပြန့်တံဆာ-ညောင်လေးပင်- အုတ်နဲ့-ရွှေကျင်-ညောင်ခါးရှည် ပဲခူး၂) ၆-ဌာနမှ ကျောင်းပေါင်း (၂၄၃) ကျောင်းရှိ၍၊ ကျောင်းထိုင်ပဓာနဆရာတော် (၂၄၃) ပါးလုံး ပင့်လျှောက်ပါဝင်စေရန်။

၅။ ပဲခူးခရိုင်မှတပါး၊ အခြားသော ခရိုင်မြို့နယ်အသီးသီးမှ အချုပ်ကျဗဟိုဌာန မန္တလေးဂိုဏ်းလုံးဝန်ဆောင် ဆရာတော်များက ရွေးချယ်ကာ ဆရာတော်အပါး (၃၀၀) ပင့်ရန်။

၆။ ကြခတ်ဝိုင်းရှိသံဃာအပါး(၃၀၀)နှင့် ထိုတိုင်းအသီးသီးမှ လေးစားအပ်သော ဆရာတော်ကြီးများက ဘယ်ဆရာတော်ကြီး ကျန်နေပါသည်-ပင့်သင့်ပါသည်ဟု ညွှန်ကြားတတ်သဖြင့် ယင်းပစ္စာသမဏအတွက်(၅၇)ပါးရထားလျှင် ညွှန်ခံဌာန၌ သံဃာ အပါး(၉၀၀) ခန့် ထားရန်။

၇။ ပဲခူးခရိုင် အပါအဝင် တိုင်း-ခရိုင်-မြို့နယ်အသီးသီးမှ ပြည်လုံးကျွတ် သံဃာအစည်းအဝေးကြီးကြွ ဆရာတော်များသည်၊ ရှေးရှေးသော သံဃာ အစည်းအဝေးကြီးများနည်းတူ သပိတ် အိပ်ရာလိပ်စသည် နှင့်တကွ ချမ်းသာသလို မိမိတာဝန်ဖြင့်သာကြွရောက်တော်မူကြရန်။

၈။ ပြည်လုံးကျွတ် ရွှေကျင်နိကာယ သာသနာအမှန်းတင် အစည်းအဝေးကြီးဖြစ်၍ ထိုအစည်းအဝေးကြီး၏ ဂုဏ်ကိုထိခိုက် ညှိုးနွမ်းစေသော (ဝိသဘာဂနှင့် ပရိသဒူသက) ပုဂ္ဂိုလ်များ အတွက် သတိပေးရန်။

၉။ ညွှန်ခံပဌာနအနေဖြင့် တိုင်းအသီးသီးမှ သာသနာ့မှု အားပြုကြွလာကုန်သော ဆရာတော်များအားလုံး ကိုယ်ကျန်းမာစိတ်ချမ်းသာဖြစ်အောင် ဂိုဏ်းဝန်ဆောင်က ကြောင့်ကြဖွဲ့စည်းကာ တာဝန်ယူဆောင်ရွက်ပေးရန်။

အမိန့်အရ။

---

# မန္တလေးမြို့
# အနောက်ပြင် - မဟာဝိသုဒ္ဓါရုံတိုက်သစ်
# အစည်းအဝေး မှတ်တမ်း

ဌာန .... .... မဟာဝိသုဒ္ဓါရုံတိုက်သစ် ပိဋကတိုက် အောက်ထပ်၊

ရက်စွဲ .... .... ၁၃၃၇-ခု၊ ဥုးတာကူးလပြည့်ကျော် ၈-ရက်။

နေ့ ၁-နာရီ ၁၀-မိနစ်အချိန် အစည်းအဝေးဖွင့်လှစ်ပြီးနောက် စစ်ကိုင်းရတနာဓမ္မဝံဆရာတော်၊ ရတနာ့ဗိမာန်ဆရာတော်တို့က ဆန္ဒပေး၍ စစ်ကိုင်းရွှေဟင်္သာဆရာတော်၊ အမရပုရမဟာဂန္ဓာရုံဆရာတော်၊ မန္တလေးဝိဇိတာရုံဆရာတော်တို့က ကိုယ်စားလှယ်စေလွှတ်သည်။

မန္တလေးမြို့ရှိ ရွှေကျင်ဂိုဏ်းဝင်ကျောင်းတိုက် ဆရာတော်များ အပါအဝင် မန္တလေးနှင့် လက်လှမ်းမှီ ရွှေကျင်နိကာယ ဆရာတော် ၆၀ - ခန့်တို့ ရွှေကျင်ဂိုဏ်း လုံး ကျွတ် ကောဒသမ အစည်းအဝေးကြီးအတွက် သုံးကြိမ်မြောက် စည်းဝေးကြပါသည်။

၁။ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမ တိုက်အုပ်ဆရာတော် ဗရားကြီးက သဘာပတိအဖြစ် ဆောင်ရွက်တော်မူသည်။

၂။ မဟာ ဝိသုဒ္ဓါရုံ တိုက် သစ် သံတော်ဆင့် ကျောင်း ဘုန်းကြီး ဦးတိလောက, က အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်သည်။

၃။ ပဲခူးမှ ပေးစာကို အကျိုးဆောင်က ဘတ်ကြားလျှောက်ထားသည်။

၄။ ကောဒသမအကြိမ် ရွှေကျင်နိကာယ အစည်းအဝေးကြီးကို ပဲခူးမှ သတ်မှတ်သည့်အတိုင်း တန်ဆောင်မုန်းလပြည့်ကျော် (၅-၆-၇) ရက်များ၌ ကျင်းပရန်ကို သဘောတူ လက်ခံကြသည်။

၅။ ကောဒသမ အစည်းအဝေးကြီးအတွက် ဆောင်ရွက်ရန် အလုပ်အမှုဆောင်အဖွဲ့ကို ဖေါ်ပြပါအတိုင်း ဖွဲ့စည်းကြသည်။

(၁) ပတ္တမြားဆရာတော် ဦးဝေပုလ္လ၊
(၂) ဇယမေဒနီဆရာတော် ဦးအဂ္ဂိယ၊
(၃) စည်ရှင် စာချဘုန်းကြီး ဦးပရမ၊
(၄) ဇမ္ဗုမေဘ် စာချဘုန်းကြီး ဦးဝိစိန္တာဝံသ၊
(၅) သံတော်ဆင့်ကျောင်း ဘုန်းကြီးဦးတိလောက၊
(၆) မင်္ဂလာဗိမာန် ဘုန်းကြီးဦးပညာသိရိဘိဝံသ၊
(၇) ဝိဇိတာရုံတိုက်အုပ်ဘုန်းကြီး ဦးဝိစာရိန္ဒ၊
(၈) အဘယာရာမ ဒုတိယနာယကဆရာတော် ဦးသီလာနန္ဒာဘိဝံသ၊
(၉) စည်ရှင်ကျောင်း စာချဘုန်းကြီး ဦးအရိယဉာနဘိဝံသ၊
(၁၀) ဇယမေဒနီ စာချဘုန်းကြီး ဦးမာနိတ။
(၁၁) စည်ရှင်ကျောင်း စာချဘုန်းကြီး ဦးအဂ္ဂဉာနဘိဝံသ။

၆။ ဖေါ်ပြပါဆရာတော်ကြီးများကို အမှုဆောင်အဖွဲ့၏ ဩဝါဒါစရိယ အဖြစ်တင်မြှောက်ကြသည်။

၁။ အရှေ့ပြင် မဟာဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော်ဘုရားကြီး။
၂။ မဟာဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်ဘုရားကြီး။
၃။ စစ်ကိုင်း ရွှေဟင်္သာတိုက်သစ် ဆရာတော်ဘုရားကြီး။
၄။ မင်းကွန်းရတနာရွှေဂူဆရာတော်ကြီး။
၅။ မန္တလေးပတ်ကုံး ပျော်ဘွယ် ဝိဇိတာရုံဆရာတော်။

၆။ စစ်ကိုင်း အံ့နီးစခန်းဆရာတော်။

၇။ အမရပူရ မဟာဂန္ဓာရုံဆရာတော်။

၈။ မဟာဝိသုဒ္ဓါရုံတိုက်သစ် ပိုက်ကျုံးဆရာတော်။

၉။ မဟာဝိသုဒ္ဓါရုံတိုက်သစ် အာဒေသာကဆရာတော်။

၇။ ပင့်သံဃာရွေးချယ်ရေး ပင့်ဖိတ်ရေး စသောတာဝန်များကို ဆောင်ရွက်ရန် အမှုဆောင်အဖွဲ့အား အပြီးအပိုင် တာဝန်ပေးကြသည်။

၈။ သဘာပတိဆရာတော်ဘုရားကြီး၏ ရှေး ရွှေကျင်ဆရာတော်ကြီးများ အဆုံးအမအတိုင်း ပြုလုပ် ဆောင်ရွက်ကြရန် စသောဩဝါဒကို နာယူကြ၍ ညနေ ၃-နာရီအချိန် အစည်းအဝေး ပြီးဆုံး အောင်မြင်ပါသည်။

မင်းကွန်း အဂ္ဂမဟာပဏ္ဍိတ ရတနာရွှေဂူချောင် ဆရာတော်က အဂ္ဂမဟာပဏ္ဍိတ တန်ဆောင်းအတွက်(၇၅၀)တန်ကို ရွှေကျင်ဂိုဏ်းလိုရာသုံးရန် နဝကမ္မအား လှူဒါန်းထားသည်။

**မှတ်ချက်။** ။အလုပ်အမှုဆောင်အဖွဲ့ ပထမအစည်းအဝေးကို ၁၃၃၇-ခု၊ ကဆုန်လဆန်း(၁၀)ရက် ပြုလုပ်ရန် သတ်မှတ်ထားကြသည်။

သံတော်ဆင့် (ဦးတိလောက)

# ၁၃၃၇=ခု။ ကဆုန်လဆန်း (၁၀) ရက် မန္တလေး မဟာဝိသုဒ္ဓါရုံ ပိဋကတိုက်ကြီး ကောဒသမ ရွှေကျင်နိကာယ ပဲခူးအစည်းအဝေးကြီး အတွက် မန္တလေး အလုပ်အမှုဆောင် အဖွဲ့အစည်းအဝေး မှတ်တမ်း။

ပတ္တမြား ဆရာတော်၊ အဘယာရာမ ဦးသီလာနန္ဒ၊ ဝိဇိတာရုံ ဦးဝိစာရိန္ဒ၊ ဝိသုဒ္ဓါရုံ ဦးအဂ္ဂိယ၊ ဦးပရမ၊ ဦးဝိစိတ္တာဝံသ၊ ဦးအရိယဥာန၊ ဦးမာနိတ-ဦးအဂ္ဂဥာနတို့ တက်ရောက်ကြသည်။

အစည်းအဝေး သဘာပတိ။ ။ပတ္တမြားဆရာတော် ဦးဝေပုလ္လ၊
အစည်းအဝေးအကျိုးဆောင်။ ။ဇေယမေဒနီဆရာတော်ဦးအဂ္ဂိယ၊

၁။ အလုပ်အမှုဆောင် အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ပတ္တမြား ဆရာတော် ဦးဝေပုလ္လနှင့် စည်ရှင် ဦးပရမတို့ကိုလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးအဂ္ဂိယနှင့် ဦးအရိယဥာနတို့ကိုလည်းကောင်း အသီးသီး တင်မြှောက်ကြသည်။

၂။ အစည်းအဝေးကြီးအတွက် ပင့်စာကို ဦးအဂ္ဂိယ၊ ဦးမာနိတ၊ ဦးအဂ္ဂဥာနတို့ကို ရေးရန်တာဝန်လွှဲ၍ အမှုဆောင်များနှင့်သြဝါဒါ စရိယ နီးစပ်ရာတို့ထံ မူကြမ်းပြ အချောသတ်ပြီး ကဆုန်လကွယ်နေ့ စက်တင်ပုံရိုက်ပြီးဖြစ်ရန်။

၃။ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် (၁)ဆီးပင်စာချ ဦးကောဏ္ဍညာ-ဘိဝံသ၊ (၂)စည်ရှင်စာချဦးပဏ္ဍိတာဘိဝံသတို့ကို တိုးချဲ့ခန့်ထား၍ အလုပ်အမှုဆောင် အဖွဲ့ ၁၃-ပါးဖြစ်ကြောင်း ကျေညာသည်။

၄။ ၁၃၃၇-ခု၊ နယုန်လဆန်း ၁-ရက်၊ နေ့ ၁-နာရီအချိန် အမှုဆောင် အားလုံး ဝိုင်းဝန်း၍ (က) ပင့်သံဃာရွေးချယ် (ခ) ပင့်စာပို့ စသောကိစ္စအဝဝ ဆောင်ရွက်ရန်—

၅။ တန်ဆောင်မုန်းလသို့မရောက်မချင်း အရေးပေါ်ကိစ္စအားလျော်စွာ မကြာမကြာ စည်းဝေးရမည်ဖြစ်၍ အမှုဆောင်အနဲဆုံး (၇)ပါး စုံညီက အတည်ဖြစ်စေရန်—

၆။ ဘာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ ကောဒသမ အစည်းအဝေးကြီးအပြီးသို့တိုင် မန္တလေး ဗဟိုအလုပ်အမှုဆောင် ၁၃-ပါး တို့သည် ကိုယ်ဖိရင်ဖိ မငြီးမငြူ ဆရာတော်ကြီးများ၏ အမိန့်ကို ခံယူလျက် ဆောင်ရွက်ကြရန် ထပ်မံကတိပြုကြသည်။

၇။ ၁၃၃၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၅-၆-၇) ၃-ရက်ပတ်လုံး (က)နေ့အစည်းအဝေးကြီး (ခ)ညဥ့်အစည်းအဝေး (ဂ) ညဥ့်တရားပွဲ ဓမ္မသဘင်များ အားလုံးအတွက် အမှုဆောင်အဖွဲ့၏ တာဝန်ဖြစ်သည့်အလျောက် ဤအလုပ်အမှုဆောင် (ဗဟို) အဖွဲ့ကသာ တာဝန်ယူ စီစဉ်ဆောင်ရွက်ကြရန် ပြဓာန်းကြသည်။

၈။ ဤအစည်းအဝေး ပြဓာန်းချက်များ (မှတ်တမ်း) စာစောင်ကို ပုံနှိပ်၍ ရွှေကျင်နိကာယဂိုဏ်း ဝန်ဆောင် ကြခတ်ဝိုင်းကျောင်းတိုက်သို့ သီးခြားပေးပို့ရန်နှင့် ပို့သင့်ရာပို့ရန် အတွင်းရေးမှူးအား တာဝန်ပေးအပ်ကြသည်။

ဦးအဂ္ဂိယ
ဝိသုဒ္ဓါရုံ—မန္တလေးမြို့။

## ၁၃၃၇-ခု၊ နယုန်လဆန်း ၁-ရက်
## မန္တလေး မဟာဂိသုဒ္ဓါရုံ ဗိဋကတိုက်ကြီး
## ကောဒသမ ရွှေကျင်နိကာယ ပဲခူးအစည်းအဝေးကြီးအတွက်
## အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး မှတ်တမ်း။

ဦးတိလောက (ခရီးလွန်)မှ တပါး၊ အမှုဆောင် ၁၂-ပါးတို့ စုံညီ ကြွရောက်၍ နေ့ ၁-နာရီမှ ညနေ ၄-နာရီအထိ စည်းဝေးတိုင်ပင်ကြသည်၊ (ဦးအဂ္ဂိယက ၁၃၃၆-ခု၊ သီတင်းကျွတ်လ အစည်းအဝေးမှတ်တမ်းများမှ စ၍ ယနေ့အထိလုပ်ဆောင်ခဲ့သော မှတ်တမ်းများကို အသေးစိတ်ဖတ်ကြား လျှောက်ထားသည်။)

ဘော်ပြလတံ့ပါ ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။

၁။ အစည်းအဝေး ပင့်လျှောက်စာမူကြမ်းကို တပါးစီ သေချာသုံးသပ်ပြီးမှ အချောသတ် အတည်ပြု၍ ရှက်ရေ (၇၀၀)ပုံနှိပ်ရန် အတွင်းရေးမှူးအား တာဝန်ပေးအပ်ကြသည်။

၂။ ဗဟိုဌာနသို့ ဝါဆိုသံဃာစာရင်း ပေးပို့ခဲ့သော ဌာနအသီးသီးသို့ ဌာနအလိုက် ၁-ပါး၊ ၂-ပါးစသည် ပင့်စာဆက်ကပ်ရန် နယုန်လပြည့်ကျော်ကို ပိုင်းခြားသတ်မှတ်ကြသည်။

၃။ ဗဟိုဌာနရှိ ၁၃၃၄-ခု၊ ၃၅-ခု၊ ၃၆-ခု၊ စာရင်းဇယားများကို စီစစ်၍ ပင့်သံဃာစာရင်းရေးရန် တိုက်တွင်း အမှုဆောင်များအား တာဝန်ပေးကြသည်။

၄။ ရတ္တညူမဟာနာယကနှင့် ဂိုဏ်းလုံးဝန်ဆောင် ကမ္မကာရကတို့အားရင်း၊ ထင်ပေါ်ကျော်ကြားသော ဂိုဏ်းစောင့်ဆရာတော်ကြီးများအားရင်း သီးခြားပင့်ရန် သဘောတူကြသည်။

၅။ နောက်ထပ်အစည်းအဝေးကို ၁၃၃၇-ခု၊ နယုန်လပြည့်ကျော် ၁-ရက် နေ့ ၁-နာရီအချိန် သတ်မှတ်ကြသည်။

ဦးအဂ္ဂိယ

# ‘ ဖြည့်စွက် ’ အချပ်ပို

ဤစာအုပ်၌ ကျေးမွေး လှူဒါန်းသော အလှူ့ရှင်စာရင်းများ အသေးစိတ် ထည့်သင့်သော်လည်း ပဲခူး ၃–၅၁န ပူဇော်ပွဲကြီးဆိုင်ရာ ဒကာများက လက်ရှိဝိနည်းပြန်အဖွဲ့မှ နေပြီး ရှင်းတမ်းနှင့်တကွ ပုံနှိပ်ထုတ်ဝေပြီးဖြစ်၍ အလှူ့ရှင်စာရင်းများကို မန္တလေးကလည်း နောက်ထပ်မတောင်းတော့ပါ၊ ပဲခူးမှလည်း ‘သင့်သလိုသာ ကြည့်စီစဉ်ပါ’ ဟု စာပေးစာယူပြုကာ မန္တလေးကို လွှဲအပ်သဘောတူပြီး ဖြစ်ပါသည်။

သံဃာ့အစည်းအဝေးမှတ်တမ်း၌ သံဃာစာရင်း အစုံအလင်ကိုသာ ဂရုစိုက်ထုတ်ဝေလိုပါသောကြောင့်– မျက်နှာ(၁၁)၌ “အလှူ့ရှင်စာရင်းများကိုလည်း မဖော်ပြတော့ပါ” ဟု ထည့်ထားရခြင်း ဖြစ်ပါသည်။

သို့အတွက် ရှင်,လူ အများ ကျေနပ်ရန် အဘန်ဘန် မေတ္တာရပ်ပါသည်။

“ စီစဉ်သူ ”

၁၃၃၇-ခုနှစ်၊ နယုန်လပြည့်ကျော် ၁-ရက်

# မန္တလေး မဟာဝိသုဒ္ဓါရုံ သက်တော်ရှည်ကျောင်း ကောဒသမ ရွှေကျင်နိကာယ ပဲခူးအစည်းအဝေးကြီးအတွက် အလုပ်အမှုဆောင် အစည်းအဝေး မှတ်တမ်း။

**အမှုဆောင် ၁၃-ပါးတို့အားလုံး တက်ရောက်ကြသည်။**

ဗဟိုဌာနရှိ ၁၃၃၄-၃၅-၃၆ (၃-နှစ်) သံဃာစာရင်းဇယားအချုပ်ကို အတွင်းရေးမှူးက တင်ပြလျှောက်ထားသည်။

၁။ ပင့်စာပို့ရန် ဌာနတိုင်းစီစစ်၍ (က)သီးခြားပင့် ဆရာတော်ကြီးများ (ခ) ဌာနကိုယ်စားလှယ် ဆရာတော်များ၏ အကည်ပြုစာရင်းကို ရွေးကောက်ဇယား ပြုလုပ်ကြသည်။

၂။ ယခု ရက်သတ္တပါတ်အတွင်း ပင့်စာပေးဝေ ဆက်ကပ်ရန် အတွင်းမှူးကို အမှုဆောင်အချို့ခေါ်၍ ဆောင်ရွက်စေသည်။

၃။ ပဲခူးသို့ ပင့်ပြီးသံဃာစာရင်း အတည်တကျကို ဝါဆိုလ (လကွယ်လောက်) ပို့ထားရန် အတွင်းရေးမှူးအား တာဝန်ပေးကြသည်။

၄။ (က)အစည်းအဝေးကြီး၏ အခန်းအနားဖွင့် ဩဘာစာနှင့် အခန်းအနားသိမ်း ဩဘာစာရေးရန် မလှိုင် သီရိသောမာရုံ ဆရာတော်၏ ပြန်ကြားစာအရ ရေးပေးနိုင်ကြောင်း လက်ခံသဖြင့် ဝမ်းသာကြသည်။ (ခ) ထိုစာစောင် ၂-မျိုးကို မလှိုင်မှ သီတင်းကျွတ်လပြည့်အတွင်းရရှိရန် အမှုဆောင်ဥက္ကဌ ပတ္တမြား ဆရာတော် ဦးဝေပုလ္လအား လျှောက်ထားရန် တာဝန်ပေးကြသည်။

၅။ အလုပ်အမှုဆောင်အဖွဲ့၏ ဝါဆိုလ အစည်းအဝေးကို ကိစ္စအားလျော်စွာ ရက်နီးမှ ပင့်ခေါ်ရန် သဘောတူကြသည်။

ဦးအဂ္ဂိယ

၁၃၃၇ - ခု၊ ဝါခေါင်လဆန်း ၈-ရက်၊ ညနေ ၃ - နာရီ

## အလုပ်အမှုဆောင် အစည်းအဝေး။

| | | |
|---|---|---|
| ဌာန | .... | မဟာဝိသုဒ္ဓါရုံ သက်တော်ရှည်ကျောင်း။ |
| သဘာပတိ | .... | ဥက္ကဋ္ဌ ဆရာတော် ဦးဝေပုလ္လ။ |
| အခန်းအနားမှူး | | အတွင်းရေးမှူး ဦးအဂ္ဂိယ။ |

### ဆုံးဖြတ်ချက်များ

၁။ တန်ဆောင်မုန်းလ ပဲခူးအစည်းအဝေးကြီး၌ အောက်ပါဓမ္မကထိက ဆရာတော်များကိုမူလပုဂ္ဂိုလ်အဖြစ် လျာထားသတ်မှတ်၍ ဝါခေါင် လပြည့်အတွင်း ပင့်လျှောက်ရန်။

၂။ (က) အမရပုရ မဟာဂန္ဓာရုံဆရာတော်
(ခ) စစ်ကိုင်းတောင် ဝိပဿနာ ဂန္ဓာရုံဆရာတော်
(ဂ) မန္တလေး ဝိသုဒ္ဓါရုံ သုဝဏ္ဏဝတီဆရာတော်
(ဃ) မန္တလေးဝိသုဒ္ဓါရုံ နန္ဒာအေးဆရာတော်

**မှတ်ချက်။** ။ဤ ဓမ္မကထိက ပင့်လျှောကရေးအတွက် အပြီးအပြတ် ဆောင်ရွက်ရန် ဥက္ကဋ္ဌ ၂-ပါးနှင့် အတွင်းရေးမှူး ၂-ပါး အား တာဝန်ပေးကြသည်။

၂။ ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင် နာယက ( ကမ္မာရက ) ဆရာတော် ၂၃-ပါးကို ၁၃၃၇-ခု၊သီတင်းကျွတ်လဆန်း ၁၃-ရက် အရောက်ပင့်၍ ဗဟိုဌာန၌ စည်းဝေးတိုင်ပင်ကြရန်။

၃။ ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ် ပထမအစည်းဝေးကြီးမှစ၍ ဒသမ အစည်းအဝေးကြီးအထိ ချမှတ်ပြီး ဆုံးဖြတ်ချက် အားလုံးကို ဦးမာနိတ၊ ဦးပဏ္ဍိတ၊ ဦးအဂ္ဂဉာနတို့က မကျန်မကြွင်းစေပဲ စုဆောင်းရေးသားပေးရန်။

၄။ ယင်း စုပေါင်း ဆုံးဖြတ်ချက်များနှင့် ဤအလုပ်အမှုဆောင် အစည်း အဝေးမှတ်တမ်းများကို အမှုဆောင် ၁၃-ပါးလက်၌ ကိုယ်စီရှိရန် အတွင်းရေးမှူးအား ဖြန့်ဝေဘို့ တာဝန်ပေးကြသည်။

ဦးအဂ္ဂိယ

## ၁၃၃၄ -ခု၊ တော်သလင်းလပြည့်ကျော် ၅-ရက်၊နေ့လည် ၂-နာရီ

## အလုပ်အမှုဆောင်အစည်းအဝေး မှတ်တမ်း။

**ဌာန။** ။ဝိသုဒ္ဓါရုံ ဇေယမေဒနီ ဝါဆိုကျောင်း။

**အစည်းအဝေးသဘာပတိ။** ။ ဦးဝေပုလ္လ။

**အခမ်းအနားမှူး** ။ ။ ဦးအဂ္ဂိယ၊

### အတည်ပြု ဆုံးဖြတ်ချက်များ။

၁။ ဝါခေါင်လဆန်း ၄-ရက်၊ စည်းဝေးဆုံးဖြတ်ချက် (အမှတ် ၁-၂) အရ၊ ဓမ္မကထိက ဆရာတော် ၄-ပါးကို၊ ရက်သတ်မှတ်၍ မပင့်နိုင်သေးသော်လည်း ကြိုတင်အနေဖြင့် လျှောက်ထားပြီး ဖြစ်ကြောင်းနှင့် ဂိုဏ်းလုံးဝန်ဆောင်နာယက ကမ္မကာရက အစည်းအဝေးပင့်စာများကိုလည်း စုံလင်ဆက်ကပ်ပြီး ဖြစ်ကြောင်း အစီရင်ခံသည်။

၂။ (က) သီတင်းကျွတ်လဆန်း ၁၂-ရက်၊ အထူး အစည်းအဝေးကြွ ဆရာတော်များ၏ ဧည့်ဝတ်ပြုစုရေးကို တည်းခိုသောကျောင်း၏ တာဝန်သာဖြစ်စေရမည်။

(ခ) စည်းဝေးရာဌာနကို အလည်တိုက်မကြီးထေရာသန ခန်းမကို သတ်မှတ်၍ နေရာထိုင်ခင်း၊ ခင်းကျင်းစီမံရန် အတွင်းရေးမှူးအား တာဝန်ပေးသည်။

(ဂ) ထိုအစည်းအဝေးတက်ရောက်ရန် လက်လှမ်းမှီရာ၊ အရှေ့တိုက် ၂-ပါး၊ စစ်ကိုင်းတောင် မြောက်ပိုင်း ၂-ပါးနှင့် တိုက်တွင်းကျောင်းဘုန်းကြီး များကို နောက်ထပ် တိုး၍ ပင့်ရန် သဘောတူကြသည်။

၃။ ဝါခေါင်လဆန်း ၄-ရက်၊ စည်းဝေး ဆုံးဖြတ်ချက် အမှတ်(၃) အရ၊ (ပထမ-ဒသမ) အစည်းအဝေးကြီးများမှ စုပေါင်းဆုံးဖြတ်ချက် စာအုပ်ငယ် ပြီးစီးပြီဖြစ်၍ ယင်း စာအုပ်ငယ်ကို ဝတ္ထုငွေ ၁-ကျပ်တန်ဖြင့်၊ကပ္ပိယကာရကတို့ ယူနိုင်ကြောင်း သဘောတူကြသည်။

၄။ သိတင်းကျွတ်လဆန်း ၁၂-ရက်၊ အထူးအစည်းအဝေးအတွက် အစည်းအဝေးအစီစဉ်ကို စီစဉ်ရေးသားကြသည်။

၅။ ထို ၁၂-ရက်တွင် အစီအစဉ်များ မပြီးစီးသေးပါက၊ နောက်တရက် (၁၃-ရက်)၌ အပြီးသတ်ဆက်၍ စည်းဝေး ဖို့ လျှောက်ထားကြရန်။

၆။ သာသနာတော်လုံးဆိုင်ရာ ဓမ္မကျင့်နိကာယ၌ စနစ်ကျသော အဖွဲ့ အစည်းများရှိနေရန် ဖွဲ့စည်းပုံဇယားချ၍ ဆွေးနွေးကြသည်။

၇။ ထိုအကွက်ချပြီးသော ဖွဲ့စည်းပုံ ဇယား နှင့် အဖွဲ့အစည်း များ အကြောင်းအရာကို အထူး အစည်းအဝေး၌ တင်ပြလျှောက်ထား ကြရန် သဘောတူကြသည်။

၈။ ယင်း ဖွဲ့စည်းပုံ ဇယားအကြောင်းအရာတို့ကို အထူးအစည်းအဝေး၌ ဦးသီလာနန္ဒ၊ ဦးကောဏ္ဍည၊ ဦးမာနိတ တို့ကို လျှောက်ထား တင်ပြစေရန် တာဝန်ပေးကြသည်။

၉။ အလုပ်အမှုဆောင်အစည်းအဝေးကို လာမည့် သိတင်းကျွတ်လဆန်း ၂-ရက်နေ့၊ နေ့လည် ၂-နာရီအချိန် ဤနေရာ၌ထပ်မံစည်းဝေးကြရန် သတ်မှတ်လျက် အစည်းအဝေးရုပ်သိမ်းသည်။

ဦးအဣ္ဂိယ
အတွင်းရေးမှူး
အလုပ်အမှုဆောင်သံဃာများအဖွဲ့။

## ၁၃၃၇-ခု သီတင်းကျွတ်လဆန်း ၂-ရက်နေ့လည် ၂-နာရီ

## အလုပ်အမှုဆောင်အစည်းအဝေး မှတ်တမ်း။

ဌာန။ ။ဝိသုဒ္ဓါရုံ ဇေယမေဒနီဝါဆိုကျောင်း

သဘာပတိ ။ဦးဝေပုလ္လ

အခမ်းအနားမှူး။ ။ဦးအဂ္ဂိယ

### အတည်ပြုဆုံးဖြတ်ချက်များ။

၁။ ပဲခူးအစည်းအဝေးကြီး ရက်နီးပြီဖြစ်၍ ပဲခူးနှင့် စာပေးစာယူကိစ္စအဝဝကို အလွန်အရေးမကြီးက မတိုင်ပင်ပဲ အတွင်းရေးမှူးအား ဆောင်ရွက်ခွင့်ပြုသည်။

၂။ မီးရထားတွဲ သီးသန့်ရရှိရန်နှင့် ကိုယ်စားလှယ်တို့ သွားလာရေး လွယ်ကူရန် ဆောင်ရွက်မှု၊ ညွှန်ကြားမှုအား လုံးအတွက်- (၁) ဦးဝိစိတ္တာဝံသ၊ (၂) ဦးတိလောက၊ (၃) ဦးဝိစာရိန္ဒ၊ (၄) ဦးပညာသိရီ၊ (၅) ဦးအရိယဥာဏတို့အား တာဝန်ပေးကြသည်။

**မှတ်ချက်။** ။ထိုရက်ရောက်လျှင် ကျန်အမှုဆောင်နှင့် တိုက်တွင်းနာယက ကျောင်းဘုန်းကြီးများက ဝိုင်းဝန်းစီမံကြရပါမည်။

၃။ ကမ္မကာရက အထူးအစည်းအဝေး၌ အလုပ်အမှုဆောင် အနေဖြင့်ပြောရေးဆိုခွင့် ပေါ်ပေါက်လာလျှင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့သာ ပြောဆိုလျှောက်ထားခွင့် ရှိသည်ဟု သဘောတူကြသည်။

၄။ ၁၃၃၇-ခု သီတင်းကျွတ်လပြည့်ကျော် ၉-ရက် မွန်းလွဲ ၁-နာရီအချိန်၌ တိုက်တွင်း ကျောင်းဘုန်းကြီးနှင့် နာယကဆရာတော်များ မျက်မှောက်တွင် အမှုဆောင်စုံညီ စည်းဝေးတိုင်ပင်ကြရန် သတ်မှတ်ကြသည်။

၅။ ရွှေကျင်နိကာယဖွဲ့စည်းမှု ပုံစံဇယားကို တင်ပြလျှောက်ထားရန်— ဦးသီလာနန္ဒ၊ ဦးကောဏ္ဍည၊ ဦးမာနိတတို့ကို ထပ်မံတိုက်တွန်း၍ ယင်း ၃-ပါးတို့၏ ပုံစံဇယားကို ညှိနှိုင်းပြင်ဆင်ကြသည်။

၆။ ယင်းပုံစံဇယားကို စာရွက်ရေ ၆၀ -မျှ စာကူးရိုက်နှိပ်ထားရန် ဦးကောဏ္ဍည၊ ဦးမာနိတတို့အား တာဝန်ပေးကြသည်။

ဦးအဠိယ

---

# သာသနာတော်လုံးဆိုင်ရာ ဧကောဒသမအကြိမ် ရွှေကျင်နိကာယ သံဃာ့ အစည်းအဝေး ပင့်လျှောက်လွှာ

ရှိသေလေးမြတ်စွာ ပင့်လျှောက်ပါသည်ဘုရား....

"ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ သန္နိပါတာ သန္နိပါတ ဗဟုလာ ဘဝိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နောပရိဟာနိ" ဟူသော ဒေသနာတော်အရ-

သာသနာတော်လုံးဆိုင်ရာ ဧကောဒသမအကြိမ် ရွှေကျင်ဂိုဏ်း သံဃာ့ အစည်းအဝေးကြီးကို ၁၃၃၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၅-၆-၇) ရက်များ၌ "ပဲခူးမြို့ ကြခတ်ဝိုင်း ကျောင်းတိုက်တွင်" ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ ယင်းကျောင်းတိုက်သို့ တန်ဆောင်မုန်း လပြည့်ကျော် (၄)ရက်နေ့အရောက်.... .... .... .... .... .... .... .... .... .... .... .... .... ....ဌာနမှ ကိုယ်စားလှယ်ဆရာတော် (        )ပါး ကြွတော်မူပါရန် ပင့်လျှောက်ပါသည်ဘုရား။

(၁) သပိတ်, သပိတ်အိတ်, အိပ်ရာလိပ်, နေရာထိုင်, စသည်များ ယူဆောင်တော်မူ၍ မိမိတို့တာဝန်ဖြင့်သာ ကြွတော်မူရန်၊

(၂) ရွှေကျင်ဂိုဏ်း စည်းမျဉ်းနှင့် ဆန့်ကျင့်သော အသွေးအရောင်ရှိသည့် သင်္ကန်းများဝတ်ရုံခြင်း, အံသကိုင္ အစင်မဟုတ်သော အင်္ကျီကိုယ်ကြပ် တခြမ်းပဲ့ ဝတ်ဆင်ခြင်းတို့မှ ရှောင်ကြဉ်ရန်၊

(၃) အစည်းအဝေးကြွသည့်အခါ ဂိုဏ်းတပါးသို့ သွားရောက်တည်းခိုမည့်ပုဂ္ဂိုလ်, ရှေးက ရွှေကျင်ဂိုဏ်းသား ဖြစ်ဘူးသော်လည်း ဂိုဏ်းတပါးသို့ ရောက်နေသော ပုဂ္ဂိုလ်များကို ကိုယ်စားလှယ်အဖြစ် မစေလွှတ်ရန်၊

(၄) မာတုကာမနှင့်ပရိသဒ္ဓသကများမခေါ် မပါစေဘဲ သင့်တော်သော ကပ္ပိယ ကာရက တယောက်သာ ခေါ်ဆောင်ရန်၊

(၅) အစည်းအဝေး ရက်များအတွင်း ညှော်ခံဌာနက ချထားသောနေရာ၌သာ သီတင်းသုံးနေထိုင်၍ ညှော်ခံဌာန၏ ဆွမ်းဘောဇဉ်များကိုသာ ဘုဉ်းပေးတော်မူရန် ဖြစ်ပါသည်ဘုရား၊

(၆) (က) ကြွတော်မူမည့်ဆရာတော်၏ ဘွဲ့တော်, သိက္ခာ, ဂိုဏ်းထူး, နေရပ်, ဌာနနှင့် ကပ္ပိယ ကာရက နာမည်များ၊

(ခ) နယ်အသီးသီးရှိ ဂိုဏ်းစောင့်ဆရာတော်များနှင့် ရတ္တညူ မဟာနာယက ဆရာတော်ကြီးများ၏ သြဝါဒများ၊

(ဂ) ဘာသာ သာသနာနှင့် ရွှေကျင်ဂိုဏ်း တိုးတက်ကြီးပွားကြောင်း အပြုသဘောသက်ရောက်မည့် အဆိုများ၊

(ဃ) နယ် ဝိနည်းပြ ဌာန အသီးသီးမှ ဌာနအလိုက် ရတ္တညူ မဟာနာယကအဖြစ် အသစ် တင်မြှောက်ထိုက်သော ဆရာတော်များရှိပါလျှင် ဘွဲ့တော်, သိက္ခာ, ကျောင်းတိုက်, နေရပ်များကို ၁၃၃၇–ခု၊တော်သလင်း (လကွယ်နေ့) နောက်ဆုံးထား၍ "မန္တလေးမြို့ ရွှေကျင်နိကာယ ဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ်" အလုပ်အမှုဆောင်အဖွဲ့သို့ ပေးပို့တော်မူပါဗုရား။

တောင့်တချက်။ ။ဤကောဒသမ ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးသည် ဓရှေးရှေး သတ်မှတ် ညွှန်ကြားအပ်ပြီးသော ပြဓာန်းဆုံးဖြတ်ချက်များနှင့် ဩဝါဒများကို နာယူကျင့်သုံး ရှေးထုံးမပျက် ဆက်လက်ခံယူပြီးလျှင် မိဟိတ ပုဗ္ဗဂံမ သာမဂ္ဂီရေး ကိုယ်စိတ်ပေး၍ ငြိမ်းအေးညီညာ မေတ္တာရှေ့တင် ရွှေကျင်သာသနာ ရှည်ကြာခိုင်ခန့် တည်တံ့တိုးတက် တန်ခိုးထက်မြက်ရေးအတွက် ဖြစ်ရန် ရည်သန်တောင့်တ လိုလားကြပါသည်ဗရား....။

၁၃၃၇-ခု၊ နယုန်လပြည့်ကျော် ၃-ရက်၊

**အလုပ်အမှုဆောင်အဖွဲ့ မဟာဝိသုဒ္ဓါရုံတိုက်သစ် မန္တလေးမြို့။**

---

၁၃၃၇-ခု၊သီတင်းကျွတ်လဆန်း ၁၂-ရက်

နေ့လည် ၁ - နာရီအချိန် ရွှေကျင်နိကာယ ဝန်ဆောင်နာယကများ

## ဦးစီးကျင်းပသော အထူးအစည်းအဝေးမှတ်တမ်း

အစည်းအဝေး ဖွင့်လှစ်ပြီးနောက် ဦးအရိယဉာဏက ဩဝါဒါစရိယနှင့် ကမ္မကာရကဆရာတော်များ တိုက်တွင်းကျောင်း ဘုန်းကြီးများအပါအဝင် ပင့်သံဃာ ၄၈-ပါးတွင် ညောင်လေးပင် တောရဆရာတော်၊ ပုသိမ်မောင်းထောင်ဆရာတော် (ဆန္ဒပေး) ၂-ပါးမှတပါး ကြွရောက်သည့်သံဃာစာရင်းကို လျှောက်သည်။

တိုက်တွင်း စာချများနှင့် နာယူရန် ကြွရောက်လာသော ဧလုံ့လာရေးရဟန်းတော်များ အပါအဝင် အားလုံးပေါင်း အစည်းအဝေး ကြွသံဃာတော်သည် ၈၁-ပါးဖြစ်ပါသည်ဟု လျှောက်ထားသည်။

ဦးအဂ္ဂိယက အစည်းအဝေး ပင့်ဖိတ်ရခြင်းအကြောင်း လျှောက်ကြားရာတွင် ဝန်ဆောင်ဆရာတော်များကို စည်းဝေးတွေ့ဆုံစေသော အစည်းအဝေးများ မရှိသလောက်ဖြစ်နေ၍ ယခုအစည်းအဝေး၌ တွေ့ဆုံစေချင်သောဆန္ဒဖြင့် ပင့်လျှောက်ရခြင်း တွေ့ဆုံသည့်အခါ ဂိုဏ်းဂဏအရေးများ တိုင်ပင်ဆွေးနွေးကြမည်သာဖြစ်ရကား တိုင်ပင်စေချင်သော ဆန္ဒတခုတိုးလာ

၍သာ အလုပ်အမှုဆောင်တပည့်များသည် ပင့်ဖိတ်ရပါသည် စသည်ဖြင့်၎င်း၊ အခြားမြို့နယ်များရှိ ဂိုဏ်းဝင်ဆရာတော်များက တိုက်တွန်းနာယက ပိုက်ကျုံးဆရာတော်ထံ စာပေး၍၎င်း၊ နှုတ်ပြောပြော၍၎င်း၊ ကောဒသမအစည်းအဝေးကြီး ဖြစ်မြောက်ရေး လှုံ့ဆော်ပုံ၊ ကောဒသမ အစည်းအဝေးကြီး ပဲခူး၌ ကျင်းပရက်၊ လ၊ သေချာပြီးမှ မြောင်းမြဆရာတော် လွန်တော်မူပုံ၊ ဒီကြားထဲ ယနေ့အစည်းအဝေး ဖြစ်ပေါ်လာပုံများကိုလည်း လျှောက်ထားပြီးနောက် ယနေ့အစည်းအဝေး၌ "လက်မှတ်ထိုး နားထောင်ပြီး ပြန်ရရုံ" သဘောမထားကြစေလိုကြောင်း တင်ပြစရာရှိက အထွေထွေအခန်း၌ အစီအစဉ်ထည့်သွင်းပေးနိုင်ကြောင်း စသည်ဖြင့်လည်း လျှောက်ထားသည်။

**အစည်းအဝေးသဘာပတိ** – အရှေ့ဝိသုဒ္ဓါရာမတိုက်အုပ် ဆရာတော်ကြီး။

**အစည်းအဝေးအကျိုးဆောင်**–ဝိသုဒ္ဓါရုံဇာယမေဒနီဝါဆိုကျောင်းဦးအဂ္ဂိယ။

(ဂိလာနဝေဒနာကိုမငဲ့ညှာပဲ အပင်ပန်းခံ၍ ကြွလာတော်မူသော အနီးစခမ်း ဆရာတော်သည် အဆိုသွင်းခြင်း ဝင်ရောက်ဆွေးနွေးခြင်းများ ပြုလုပ်၍ ဒွမရပုရ မဟာဂန္ဓာရုံဆရာတော်၊ ပြည်မြို့ ဗာရာဏသီဆရာတော်တို့က အနီးစခမ်း ဆရာတော်၏ အဆိုသွင်းချက်ကို လေးနက်စွာ ထောက်ခံသဖြင့် အတည်ပြုကြသည်)

(သဘာပတိ ဆရာတော်ကြီးက ရွှေကျင်ဂိုဏ်း ပေါ်ပေါက်လာပုံနှင့် ပထမ ရွှေကျင်ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိအကျဉ်းမျှကိုမိန့်ကြား၍ ထိုရှေးဆရာတော်ကြီးတို့၏ ဂုဏ်သိက္ခာကျေးဇူးတရားများကို ထောက်ထားအောက်မေ့ကြရန် ကိစ္စအဝဝကို အေးအေးသက်သာ မေတ္တာစေတနာဖြင့် ဆောင်ရွက်ကြရန် မိန့်တော်မူသည်ကို နာယူ၍ သာဓု ၃-ကြိမ်ခေါ်ကြသည်)။

## ဆုံးဖြတ်ချက်များ

၁။ အစည်းအဝေးကြီး၌ သဘာပတိ၊ အရန်သဘာပတိအဖြစ် အုပ်ချုပ်ဆောင်ရွက်ရန် တင်မြောက်ရေးကိစ္စအတွက် သိက္ခာဝါ (၅၀)၅၀-ကျော်ဆရာတော်အားလုံးကို သဘာပတိအဖွဲ့ဝင်အဖြစ်တင်မြောက်၍ ယင်းအဖွဲ့ဝင်ကမှ အကြီးဆုံး မထေရ်ကြီးကို သဘာပတိ ပြုလုပ်ဆောင်ရွက်ရန် လျှောက်ထား၍ ကျန်အဖွဲ့ဝင်ဆရာတော်များသည် အရန်သဘာပတိဖြစ်သည်ဟု သတ်မှတ်သဘောတူကြသည်။

၂။ အစည်းအဝေးကြီး၌ အကျိုးဆောင် (ပဓာန)အဖြစ် ဆောင်ရွက်ရန် ဗဟိုဌာန ဦးအဂ္ဂိယ ကိုရင်း၊ တွဲဖက် အကျိုးဆောင် များအဖြစ် ဆောင်ရွက်ကြရန် ကြခတ်ဝိုင်း ဦးဇောတိပါလနှင့် ဗဟိုဌာန ဦးအရိယဉာဏ တို့ကိုရင်း တင်မြှောက်ကြသည်။

၃။ အဆိုစိစစ်ရွေးချယ်ရန် "အဆိုစိစစ်ရေးအဖွဲ့"ကို ဖွဲ့စည်းပေးကြသည်။

မန္တလေး အလုပ်အမှုဆောင် ၁၃-ပါး

ပဲခူး ညွှန်ခံဌာနမှ ဆရာတော် ၂-ပါး

၁၆။ မန္တလေး ပိုက်ကျုံးဆရာတော်
၁၇။ မန္တလေး အသောကဆရာတော်
၁၈။ ပြည်မြို့ ဗာရာဏသီ ဆရာတော်
၁၉။ ညောင်တုန်း ရွှေဟင်္သာတိုက်ကြပ် ဆရာတော်
၂၀။ ရန်ကုန် ဝိသုဒ္ဓါရုံဆရာတော်
၂၁။ ရန်ကုန် ကျောင်းတော်ရာသုံးထပ်ဆရာတော်
၂၂။ မော်လမြိုင် ကျိုက္ခမီဆရာတော်
၂၃။ အုတ်တွင်း ကန်ကလေး တောရဆရာတော်
၂၄။ တောင်ငူ လောကုတ္တရာသိမ်ဦးဆရာတော်
၂၅။ တောင်ငူ မြို့ထောင့်ဆရာတော် ဦးဥတ္တမဝံသ

၄။ ရွှေကျင်နိကာယက "ဥက္ကဋ္ဌ မဟာနာယက" သမ္မုတိသံဃရာဇာ တင်မြှောက်ရန်အတွက် ပဲခူးအစည်းအဝေးကြီးရောက်မှ တင်မြှောက်သင့်သည်ဟု သဘောတူကြသည်။

၅။ အလုပ်အမှုဆောင်အဖွဲ့၏ ကိုယ်စား ဦးသီလာနန္ဒ၊ ဦးဘောဓိဉာဏ၊ ဦးမာနိတတို့ တင်ပြလျှောက်ထားသော "ရွှေကျင်နိကာယဖွဲ့စည်းကျင့်သုံးပုံ"ဇယားပုံစံကွက်နှင့် ဥဒ္ဒေသညွှန်ကြားချက်တို့ကို နှစ်သက်စွာလက်ခံလျက် အစည်းအဝေးကြီး၌ အဆိုပြုတင်သွင်းရန် သဘောတူကြသည်။

၆။ အစည်းအဝေးကြီး၌ ညဥ့်ဦးချိန် လှူပရိသတ်စုံညီရာတွင် သက်တော်ကြီး ဩဝါဒါစရိယ ၆-ပါး အလှည့်ကျ ဩဝါဒပေးရန် အစီအစဉ်ရှိသဖြင့် ကြခတ်ဝိုင်းနာယကဝန်ဆောင် ဦးဇောတိပါလကို ကြည့်ရှုစီစဉ်ရန် လွှဲအပ်ကြသည်။

၇။ မင်းကွန်းရတနာ ရွှေဂူဆရာတော်၏အစည်းအဝေးကြီး၌ အထူးသတိထား ရှောင်ကြဉ်ရန်အတွက် ဘိလပ်ရည် အစိမ်း၊ အနီ၊ လိမ္မော်ရည်စသည် မအပ်စပ်ပုံ၊ဂျင်းသုတ်များကိုလည်း ဝိကာလ၌မကပ်ရန် တားမြစ်သင့်ပုံများကို အကျယ်တဝင့် ကျမ်းဂန်စကားများ မြွက်ကြားလျက် အပ္ပဝါရိတ များထံ တောင်းခံခြင်းမပြုရန် ဩဝါဒသတိပေးစကားများကို နာယူကြ၍ ထိုသတိပေးစာတမ်းကို ပဲခူး ဝန်ဆောင်ထံ လက်ရောက်အပ်နှံကာ ဧည့်ခံအဖွဲ့ကို သတိပြုစေချင်ကြောင်း သဘောတူ ဆန္ဒပြုကြသည်။

ညနေ ၄-နာရီ ၅-မိနစ်အချိန်တွင်

အစည်းအဝေး ပြီးဆုံးစေသည်။

**ဦးအဂ္ဂိယ**

အစည်းအဝေးအကျိုးဆောင်

မဟာဝိသုဒ္ဓါရုံတိုက်သစ် မန္တလေး။

၁၃၃၇-ခု၊ တော်သလင်းလပြည့်နေ့၊

၁၉၇၅-ခု၊ စက်တင်ဘာလ ၁၉-ရက်နေ့၊

ဆက်ကပ်ပါရန်

ဆရာတော်.... .... .... .... ....

"ရွှေကျင်နိကာယသာသနာပြု"

ကျောင်းတိုက် .... .... ....

မြို့–ရွာ .... ....

အထူးရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည်ဘုရား။

အကြောင်းမှာ

(၁) သာသနာ့သမိုင်းဝင်၊ ပြည်လုံးကျွတ် သာသနာတော်ယုံးဆိုင်ရာ ရွှေကျင်နိကာယ ကောဒသမအကြိမ် ဤသံဃာ့အစည်းအဝေးကြီးသည် ၁၂-နှစ်ကျော်မှ ၁-ကြိမ်သာလုပ်နိုင်ခဲ့ပါသည်။

(၂) ဆရာတော်ဘုရား၏ မြင့်မြတ်ခလေးနက်တော်မူသော အကြံကောင်း ဉာဏ်ကောင်းများကိုလည်း များစွာ လိုအပ်နေချိန်ဖြစ်ပါသည်။

(၃) မချွတ်ကြွရောက်တော်မူလျှက် ရွှေကျင်နိကာယ သာသနာတော်ရေး ကိစ္စအဝဝ ဆောင်ရွက်ဆွေးနွေး အကြံဉာဏ်ပေးလိမ့်မည်ဟု ပဲခူး ညှော့ခံဌာန သံဃာ့အမှုဆောင်အဖွဲ့မှ များစွာမျှော်လင့်ဝမ်းမြောက် နေကြပါသည်ဘုရား။

အထူးမှာ.... .... ....

(က) ဝေးလံသောခရီးအတွက် စိတ်ချလက်ချဖြစ်သည့်ပြင်၊ ပင်ပန်း နွမ်းနယ်မှု မရှိစေလိုခြင်း။

(ခ) ဝိနည်းပြုန် တဌာနနှင့်တဌာန သမဂ္ဂအချင်းချင်း တွေ့ခဲဆုံခဲမို့ တွေ့ခိုက်ဆုံခိုက် ပဲခူးညှော့ခံဌာန၌ အေးအေးလူလူ ရင်းရင်း နှီး နှီး အထူး သွေးစည်းကာ သာသနာတော် အရေး လုံလောက်စွာ ဆွေးနွေးစေလိုခြင်း။

(ဂ) ပဲခူးဧည့်ခံဌာနမှ ဘောဇနဒါန, သံဃာ့ဝေယျာဝစ္စ, စသော ကုသိုလ်ထူးများကို ရက်ရှည်ရှည် ဆည်းပူး ဆောင်ရွက်လိုကြခြင်း။

ထို့ကြောင့်.... ၁၃၃၇-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၃)ရက်နေ့အရောက် သံဃာ့ အစည်းအဝေးကြီး ဧည့်ခံဌာန (ပဲခူး ကြခတ်ဝိုင်းကျောင်းတိုက်)သို့ ကြွရောက်ကာ၊ ပြီးဆုံးသည်အထိ ချီးမြှင့်ပါရန် အထူးထပ်မံ လျှောက်ထားအပ်ပါသည် ဘုရား။

အသင့်ကြိုဆိုနိုင်ရန်— ပဲခူးဘူတာသို့ ရောက်မည့်နေ့ရက်နှင့်

အချိန်ကို ပြန်ကြား ချီးမြှင့်တော်မူပါဘုရား။ ။

**ဆရာတော်ဘုရား ရောက်လေရာ ဘေးမသန်းဘဲ၊ အမြဲတန်း ရွှင်လန်းတိုးတက်တော်မူပါစေဘုရား။**

မှ—

| | |
|---|---|
| သာသနာတော်လုံးဆိုင်ရာ | **ဦးဇောတိပါလ၊** |
| ပြည်လုံးကျွတ်-သံဃာ့အစည်းအဝေးကြီး | ကြခတ်ဝိုင်းကျောင်းတိုက် |
| ရွှေကျင်နိကာယ | ပဲခူးမြို့။ |
| ကြခတ်ဝိုင်း ကျောင်းတိုက်၊ ပဲခူးမြို့။ | ဖုံး(ပဲခူး—ဂ၂) |

**အမှာ။ ။**

၁၃၃၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော်(၂)ရက် ညနေ(၃)နာရီထွက်ရထားဖြင့် မန်းဘူတာကြီးမှ တစုတဝေးတည်း ကြွကြရန် ဗဟိုက စီစဉ်ထားပါသည်၊ အချိန်မှီစာရင်းပေးပြီး ကြွကြပါဗရား။

( ဗဟို )

# ၆ ခုနှစ်မြို့
# ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်၌
# ကျင်းပတော်မူခဲ့သော သာသနာ့အမွန်းတင် ၃-ဌာနပူဇော်ပွဲ
# ပူဇော်ပွဲကြီးကို
# စည်ကားသိုက်မြိုက်စွာကျင်းပရန်
# အစည်းအဝေးပြုလုပ်ခြင်း

၁၃၃၇-ခုနှစ်၊တော်သလင်းလဆန်း ၁၀ - ရက်(၁၄-၉-၇၅)တနင်္ဂနွေနေ့၊ နေ့ ၁ - နာရီအချိန်တွင် ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် ဝိနယဓရပြည့်ဓမ္မာရုံတော်ကြီးတွင်-

၁။ ပြည်လုံးကျွတ်သာသနာတော်လုံးဆိုင်ရာ (၁၁) ကြိမ်မြောက်၊ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး။

၂။ ပဲခူးခရိုင် (၁၀၅)ကြိမ်မြောက် ရွှေကျင်နိကာယဝိနယစာပြန်ပွဲတော်ကြီးနှင့်-

၃။ နိုင်ငံကျော် ဓမ္မကထိက ဆရာတော်များ၏ ၁ - ညဉ့်လျှင် ၂ - ပါးကျ၊ (၇) ညဉ့်တိုင်တိုင် ကျင်းပမည့် လောကုတ္တရာတရားပွဲကြီး၊

ဤသို့သာသနာ့အမွန်းတင် ၃-ဌာန ပူးတွဲပူဇော်ပွဲကြီးကို သံဃာတော်အပါး(၁၀၀၀)တို့ဖြင့် ယခုတန်ဆောင်မုန်းလဆုတ် ၂-ရက်နေ့မှ ၈-ရက်နေ့အထိ၊ ၇ - ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးကို ရွှေရှုကြပြီး၊ ပဲခူးမြို့သူ မြို့သားနှင့် နယ်သူနယ်သား၊ ဗုဒ္ဓဘာသာဝင်များ စုဝေးကြလျက် အစည်းအဝေးပြုလုပ်ရာ—

ကြခတ်ဝိုင်း ပရိယတ္တိ စာသင်တိုက် ၏ ပဓာန နာယက ဆရာတော် ဦးဇောတိပါလထံမှ ငါးပါးသီလနှင့်-

"ယာဝကီဝဥ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ သန္နိပါတာ သန္နိပါတ ဗဟုလာ ဘဝိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ နော ပရိဟာနိ" ဟူသော ဒီဃနိကာယ် မဟာဝဂ္ဂပါဠိ မဟာပရိနိဗ္ဗာနသုတ် ဘိက္ခုအပရိဟာနိယဓမ္မ ဒေသနာတော်အရ၊ ဤ ၃-၄ ၁န ပူးတွဲပူဇော်အပ်သော သံဃာအစည်းအဝေးကြီးသည်၊ မြတ်စွာဗုဒ္ဓဘာသာ သာသနာတော်၏ တိုးတက်ကြီးပွားကြောင်း၊ မဆုတ်ယုတ် မပျက်ပြားကြောင်း အမှန်ဖြစ်သည်၊ အစရှိသော သြဝါဒမ္မကထာများကို ခံယူကြပြီး၊

ဗဟိုကော်မီတီဥက္ကဋ္ဌ ဆရာကြီး ဦးဘကြည်က သဘာပတိအဖြစ် ဆောင်ရွက်၍—

(က) ဗဟိုကော်မတီအဖွဲ့၊

(ခ) ဗဟိုကော်မတီ အလုပ်အမှုဆောင်အဖွဲ့နှင့်၊

(ဂ) ဆပ်ကော်မတီ ၁၀ - ဖွဲ့

ဖွဲ့စည်းကြပြီး ဖေါ်ပြပါသာသနာ့အမှန်းတင် ၃ - ၄ ၁န ပူးတွဲ ပူဇော်ပွဲကြီး " ကြို့တောင် ကြို့ခဲ ကြို့ရဆိပ်မို့ အနန္တငါးရပ် ကျေးဇူးကြီးဆပ်" သည့်အနေ၊

ကြီးမားသော ကိုယ်အား ဉာဏ်အား စေတနာအား ပစ္စည်းအား လုလ္လအား တိုက်တွန်းနှိုးဆော်အားတို့ဖြင့် စည်ကားသိုက်မြိုက် ဂုဏ်နှင့်ထိုက်အောင် ဤသာသနာ့ပြု ကုသိုလ်ထူးကြီးကို၊ အားလုံးဝိုင်းဝန်း ဆည်းပူးကြမည် ဟု အားပါးတရ ဝမ်းမြောက်စွာ အခိဋ္ဌာန်ပြု ဆုံးဖြတ်ကြပါကြောင်း။

ကြခတ်ဝိုင်းကျောင်းတိုက်၊ ဖုန်း - ပဲခူး (၈၂)။

## ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ ကျင်းပအပ်သော သာသနာ့အမွှန်းတင် သုံး ဌာ န ပူး တွဲ ပူ ဇော် ပွဲ ကြီး အတွင်း အစီအစဉ်အကျဉ်း ချုပ်ပါဗရား။

၁။ ညဉ့် (၆)နာရီအချက်ပေး တုံးကြီးဆယ်ချက်ခေါက်လျှင် ပရိယတ္တိဝိဇ္ဇောတာရုံကျောင်းကြီး အပေါ်ထပ်သို့ နောက်တနေ့ အစည်းအဝေးကြီးအတွက် အကြိုအနေ ကြွရောက် စည်းဝေးတော်မူကြရန်ပါဗရား။

၂။ ညဉ့် (၇)နာရီမှာ အလှည့်ကျ ဓမ္မကထိက ဆရာတော်များ၏ တရားတော်များကို နာယူကြရန်ပါဗရား။

၃။ နံနက် (၄)နာရီမှာ တရားနှစ်လုံးသွင်းချိန်အဖြစ် ကြေးမောင်းကြီး ၂၄-ချက် ထိုးပါမည်ဗရား။

၄။ နံနက် (၅)နာရီ ၃၀-မိနစ်မှာ ကြေးမောင်းကြီး ၇-ချက်ထိုးသည့်အခါ၊ ကြခတ်ဝိုင်းသံဃာမှအပ ဝါ (၁၀)အောက်ဆရာတော်များ။ ၆-ချက်ထိုးသည့်အခါ၊ ဝါ (၅၀)အောက် ဆရာတော်များ။ ၅-ချက်ထိုးသည့်အခါ၊ ဝါ(၅၀)အထက် ဆရာတော်ကြီးများ။ ၄-ချက်ထိုးသည့်အခါ၊ ကြခတ်ဝိုင်းသံဃာတော်များဆွမ်းဘုဉ်းပေးရန်၊ ရာပြည့်ဓမ္မာရုံတော်သို့ ကြွရောက်ရန်ပါဗရား၊

၅။ နံနက် (၈) နာရီ အချက်ပေးတုံးကြီး ခေါက်လျှင် အလှည့်ကျ ဆရာတော်ဗရားကြီးများ၏ သြဝါဒများကို ခံယူရန် ပရိယတ္တိဝိဇ္ဇောတာရုံအပေါ်ထပ်သို့ ကြွတော်မူကြရန်ပါဗရား။

၆။ နံနက်(၉)နာရီ ခရေသုံးသပ်တော်မူကြရန်ပါဗရား။

၇။ နံနက် (၁၀)နာရီထိုးပြီး အရဏ်ဆွမ်းမှ အစီအစဉ်အတိုင်း နေ့ဆွမ်းဘုဉ်းပေးတော်မူကြရန်ပါဗရား။

၈။ နေ့(၁၂) နာရီ ကျန်းမာရေးအတွက် သက်သာစွာ သီတင်းသုံးတော်မူကြရန်ပါဗရား။

၉။ လဆုတ် (၅-၆-၇)ရက်နေ့ (၁)နာရီကြေးမောင်းကြီး ၁၀-ချက် ထိုးသည့်အခါ၊ ပြည်လုံးကျွတ် သံဃာ့ အစည်းအဝေးကြီး စည်းဝေးရန် ရာပြည့်မဏ္ဍပ်ရုံပေါ်သို့ ကြွရောက်တော်မူကြရန်ပါဘုရား။

၁၀။ နေ့စဉ် ယင်းအစည်းအဝေးကြီးအပြီးမှာ အဖျော်ရည်များ ကပ်လှူခွင့် ပြုတော်မူကြရန်ပါဘုရား။

၁၁။ လဆုတ် ၇-ရက်နေ့ ညဥ့်(၇)နာရီမှ စတင်၍၊ သင်္ဂါယနာတင်ပြီး ၁၁-ကြိမ်မြောက် ရွှေကျင်နိကာယပြည်လုံးကျွတ်သာသနာတော်လုံးဆိုင်ရာ သံဃာ့အစည်းအဝေးကြီး ပြီးဆုံးကြောင်း ကြေငြာပါမည်ဘုရား။

၁၂။ ဆရာတော်ဘုရားများ ကိစ္စအဝဝအတွက် လိုအပ်ပါက၊ ကျောင်းဆောင်အသီးသီး၌ အချိန်ပြည့်တာဝန်ချထားအပ်သော သံဃာငယ်များအား မိန့်ကြားတော်မူကြရန်ပါဘုရား။

မှတ်ချက်။ ။လဆုတ် ၉-ရက်နေ့အထိ၊ ဆွမ်းဒါယကာများ အပြည့်အစုံ စီစဉ်ထားပြီးဖြစ်ပါ၍၊ ဆက်လက် ချီးမြှင့်တော်မူကြပါရန်၊ ထပ်မံလျှောက်ထားပါသည်ဘုရား။

အမှုဆောင် သံဃာတော်များ
ပဲခူးမြို့။

## ၁၃၃၇-ခုနှစ်

## ဝါဆိုသံဃာ (၅၀) အထက်ရှိသော

## မြန်မာနိုင်ငံ ရွှေကျင်နိကာယ ကျောင်းတိုက်ကြီးများ

| | | |
|---|---|---|
| ၁။ | အမရပူရမြို့ မဟာဂန္ဓာရုံတိုက် | ၄၃၁-ပါး |
| ၂။ | ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် | ၂၀၃-ပါး |
| ၃။ | မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် | ၂၇၉-ပါး |
| ၄။ | ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ကျောင်းတိုက် | ၂၂၃-ပါး |
| ၅။ | ညောင်တုန်းမြို့ ရွှေဟသ်ာတောရတိုက် | ၁၇၁-ပါး |
| ၆။ | ပင်လုံမြို့ ပိဋကတ်ဘာသာပြန်ကျောင်း | ၁၄၅-ပါး |
| ၇။ | ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက် | ၁၃၀-ပါး |
| ၈။ | မြောင်းမြမြို့ ညောင်လေးပင်ရပ် ပဇ္ဇောတာရုံတိုက် | ၁၃၆-ပါး |
| ၉။ | ကျိုင်းတုံမြို့ ဓမ္မောဒယစာသင်တိုက် | ၁၁၆-ပါး |
| ၁၀။ | အုတ်တွင်းမြို့ ကန်ကလေးတောရ | ၈၅-ပါး |
| ၁၁။ | မြောင်းမြမြို့ ဇေယျမေဒနီကျောင်းတိုက် | ၈၁-ပါး |
| ၁၂။ | ရန်ကုန်မြို့ ရန်ကင်း မေဒိနီကျောင်းတိုက် | ၈၁-ပါး |
| ၁၃။ | ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက် | ၈၀-ပါး |
| ၁၄။ | ရန်ကုန်မြို့ ကျောင်းတော်ရာရွှေကျင်တိုက် | ၇၆-ပါး |
| ၁၅။ | မုံရွာမြို့ ပဇ္ဇောတာရုံတိုက် | ၇၅-ပါး |
| ၁၆။ | မုဒုံမြို့နယ် ကမာဝက်ရွာ တိုက်ကျောင်းသစ် | ၆၄-ပါး |
| ၁၇။ | ဖျာပုံမြို့ ဇီဝကာရာမရွှေကျင်တိုက် | ၆၃-ပါး |
| ၁၈။ | မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက် | ၆၂-ပါး |
| ၁၉။ | ရန်ကုန်မြို့ ပုဇွန်တောင် ရွှေကျင်တိုက် | ၆၂-ပါး |
| ၂၀။ | မြစ်သားမြို့ မင်းကျောင်းစာသင်တိုက် | ၆၀-ပါး |
| ၂၁။ | မြောင်းမြမြို့ နေရှင်နယ်ကုန်း ပဇ္ဇောတာရုံတိုက်သစ် | ၅၀-ပါး |
| ၂၂။ | စစ်ကိုင်းမြို့ ပထမဂန္ဓာရုံတိုက် | ၅၀-ပါး |

| | | |
|---|---|---|
| ၂၃။ | မန္တလေးမြို့ ပတ်ကုံးပျော်ဘွယ်စီဇီလိုင်း ဝိဇီတာရုံတိုက် | ၅၇-ပါး |
| ၂၄။ | ရန်ကုန်မြို့ ဗဟန်း ဝိသုဒ္ဓါရုံတိုက် | ၅၆-ပါး |
| ၂၅။ | မန္တလေးမြို့ ပတ္တမြားတိုက် | ၅၅-ပါး |
| ၂၆။ | ဘီလူးကျွန်း ကမာမို့ရွာ ကျိုက်ဒိုးတောရ | ၅၄-ပါး |
| ၂၇။ | မုံရွာမြို့ ရွှေသိမ်တော်ကြီးတိုက် | ၅၃-ပါး |
| ၂၈။ | တောင်ငူမြို့ ဝိသုဒ္ဓါရုံ မြို့ထောင့်တိုက် | ၅၃-ပါး |
| ၂၉။ | ရှမ်းပြည် တောင်ကြီးမြို့ အောင်မြေသာစည်တိုက် | ၅၂-ပါး |
| ၃၀။ | မန္တလေးမြို့ စိန်ပန်း အဘယာရာမ ရွှေဂူတိုက် | ၅၁-ပါး |
| ၃၁။ | ရန်ကုန် ရေကူး ဝိဇ္ဇောတာရုံကျောင်း | ၅၁-ပါး |


—o—

# သာသနာတော်လုံးဆိုင်ရာ

## ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီးများ

## (၁၁) ကြိမ်တိုင် ပြီးစီးခဲ့ခြင်း

| | | | |
|---|---|---|---|
| ၁။ | ပထမအကြိမ် | ၁၂၈၂-ခု(၁၉၂၀) | မန္တလေး၊ မဟာဝိသုဒ္ဓါရုံ |
| ၂။ | ဒုတိယအကြိမ် | ၁၂၈၅-ခု(၁၉၂၃) | မန္တလေး၊ မဟာဝိသုဒ္ဓါရုံ |
| ၃။ | တတိယအကြိမ် | ၁၂၈၉-ခု(၁၉၂၈) | မန္တလေး၊ မဟာဝိသုဒ္ဓါရုံ |
| ၄။ | စတုတ္ထအကြိမ် | ၁၂၉၁-ခု(၁၉၂၉) | မော်လမြိုင် ပုဂံတောင်<br>ကျောင်းတိုက် |
| ၅။ | ပဥ္စမအကြိမ် | ၁၂၉၄-ခု(၁၉၃၂) | မန္တလေး၊မဟာဝိသုဒ္ဓါရုံ |
| ၆။ | ဆဋ္ဌမအကြိမ် | ၁၂၉၇-ခု (၁၉၃၅) | ရန်ကုန်မြို့ မြို့မ တိုင်း<br>ရင်း သား အထက်တန်း<br>ကျောင်းကြီး |
| ၇။ | သတ္တမအကြိမ် | ၁၃၀၈-ခု (၁၉၄၇) | တောင်ကြီးမြို့<br>အောင်မြသာစည် |
| ၈။ | အဋ္ဌမအကြိမ် | ၁၃၁၄-ခု(၁၉၅၃) | စစ်ကိုင်းတောင်ရိုး<br>မဟာဂန္ဓာရုံချောင် |
| ၉။ | နဝမအကြိမ် | ၁၃၁၈-ခု (၁၉၅၇) | ပဲခူးမြို့ ကြခတ်ဝိုင်း<br>ကျောင်းတိုက် |
| ၁၀။ | ဒသမအကြိမ် | ၁၃၂၅-ခု(၁၉၇၅) | မန္တလေး၊မဟာဝိသုဒ္ဓါရုံ |
| ၁၁။ | ဧကာဒသမအကြိမ် | ၁၃၃၇-ခု(၁၉၇၅) | ပဲခူး ကြခတ်ဝိုင်း<br>ကျောင်းတိုက် |

သာသနာ ၂၅၁၉-ခု၊ မြန်မာ ၁၃၃၇-ခု၊ ခရစ် ၁၉၇၅-ခုနှစ်၌ ဤအကြိမ်ကျင်းပ သံဃာဦးရေ ၁၀၂၇-ပါးဖြစ်သည်။

## ပဲခူးမှ မန္တလေးသို့ ပေးစာများ

အလုပ်အမှုဆောင်အဖွဲ့
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့။

ရှိသေလေးစားစွာပြန်ကြား လျှောက်ထားအပ်ပါသည်။ အကြောင်းမှာ ဝါဆိုဆရာတော်ထံမှ ပို့လိုက်သော သံဃာ့အစည်းအဝေးကြီး ပင့်လျှောက်လွှာများကို မနေ့ညနေက ရရှိပါပြီ၊ ထိုက်သလို ဆက်လက်ဆောင်ရွက်ပါမည်။ ရွေးကောက်၍ ပင့်စာများပို့နေပြီဖြစ်ကြောင်းသိရ၍ ဝမ်းမြောက်ပါသည်။ ပဲခူးဌာနမှလည်း တင့်တယ်စွာ ညွှဲခံနိုင်ရေး စိတ်အားထက်သန်စွာဖြင့် စည်းဝေးဆောင်ရွက်နေကြပါသည်။ သိနိုင်ရန် (၂၉-၆-၇၅) အစည်းဝေးမှတ်တမ်း တစောင်ဆက်ကပ်ပါသည်။ (၁၅)ပါး ဖွဲ့ထားပြီဟု ဆိုလိုပါသည်။

**အထူးမှာ**-အလုပ်အမှုဆောင်အဖွဲ့မှ(၃၁၀)ပြည့် ပင့်သည်ကိုလိုအပ်ပါက အပါး (၄၀)ထပ်တိုး၍ (၃၅၀)အထိ ပင့်စေလိုပါသည်။ ပင့်ပါရန် လျှောက်ထားပါသည်။ ဝိသုဒ္ဓါရုံနှင့် ကြခတ်ဝိုင်းသည် အထူးရင်းနှီးပြီးဖြစ်၍ ဂိုဏ်းဂဏ သာသနာ့ကိစ္စကို အမှန်မြတ်ဆုံး အလှပဆုံးဖြစ်အောင် စိတ်တူကိုယ်မျှ အားမနာတမ်း တိုင်ပင် ဆောင်ရွက်ကြရန်သာ ဖြစ်ပါသည်။ အကယ်၍ လူချင်း တွေ့ထိ တိုင်ပင်လိုလျှင်လည်း ဖုံး-မှ ပဲခူး (ဂ၂) သို့ ခေါ်စေလိုပါသည်။ မန်း-ဝိသုဒ္ဓါရုံမှလည်း ဖုံးနံပါတ်တခု ပေးထားစေလိုပါသည်။ ဓမ္မကထိကနှင့်စပ်၍ ပတ္တမြားဆရာတော်ထံမှလည်း တိုင်ပင်ထားပါသည်။ အရှင်မြတ်များနှင့် တိုင်ပင်၍ ပြေပြစ်အောင် ညှိနှိုင်းဆောင်ရွက်ရန်သာ ဖြစ်ပါသည်။ ဆန့်ကျင်မည်မဟုတ်ပါ။

ကျန်းမာ၍ ချမ်းသာတော်မူကြပါစေဗျား။

ဦးဇောတိပါလ
ကြခတ်ဝိုင်း (ပဲခူး)

သို့....

သံဃာ့အစည်းအဝေးကြီး                    နေ့စွဲ၊ တော်သလင်းလဆုတ်၊
အလုပ်အမှုဆောင်ဆရာတော်များ                    ၁၄၊၁၃၃၇-ခုနှစ်၊
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့။

ရှိသေစွာ လျှောက်ထားပါသည်ဘုရား၊ အကြောင်းမှာ.... ယခုဆက်ကပ်လိုက်သော....

၁။ အစည်းအဝေးကြွမည့် ဆရာတော်များသည်တန်ဆောင်မုန်းလဆုတ် (၂) ရက်နေ့အရောက် ပဲခူးသို့ကြွနိုင်ပါသည် ဟူသော ပဲခူးညှိခံဌာနမှ လျှောက်ထားချက်။

၂။ ပဲခူး ဒကာများ၏ (သံဃာ့အစည်းအဝေးပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပရန် အစည်းအဝေး ပြုလုပ်ခြင်း) ဟူသော ဆုံးဖြတ်ချက်- စာရွက်နှစ်ရွက်ကို မန္တလေး ဗဟိုဌာနမှပင့်ထားသည့် ဆရာတော်အပါး (၃၀၀)ကျော်တို့ထံ အချိန်မှီဆက်ကပ် ပို့ပေးရန် ဖြစ်ပါသည်ဘုရား။

ပဲခူးမှ ပင့်သည့် ဆရာတော်များထံ အားလုံး ပို့ပြီးပါပြီ ဘုရား။ တန်ဆောင်မုန်းလဆုတ် (၂)ရက်နေ့မှ (၉)ရက်နေ့အထိ နေ့စဉ်ဆွမ်းကွမ်းကိစ္စ စီစဉ်ပြီးဖြစ်ကြောင်းပါဘုရား။

ကျန်းမာ ရွှင်လန်းတော်မူကြပါစေဘုရား။

သိရိန္ဒ
(ဝန်ဆောင်)
ကြခတ်ဝိုင်း၊ ပဲခူးမြို့။

## ပဲခူး ဝိနည်းပြန်ဌာနမှ

## သံဃာ့အစည်းအဝေးကြီး အမှုဆောင်ဆရာတော်

## (၁၅)ပါးစာရင်း

၁။ ဥပမဟာနာယက၊ ပဲခူးမြို့၊ ရွှေကျောင် ဓမ္မရိပ်သာ ဆရာတော် ဦးဝိမလ (ဥက္ကဋ္ဌ)

၂။ နာယက၊ ပဲခူးမြို့၊ ရွှေဘုံဆင့်ဆရာတော် ဦးပဏ္ဍိတ (ဒု-ဥက္ကဋ္ဌ)

၃။ ပဲခူး၊ ခေါင်းဆေးကျွန်းဆရာတော် ဦးစက္ကိန္ဒ

၄။ ပဲခူး၊ မျက်နှာတော်ဆရာတော် ဦးနာဂိန္ဒ

၅။ ပဲခူး၊ ရွှေဂူဆရာတော် ဦးအာစိဏ္ဏ

၆။ ပဲခူး၊ ကလျာဏီဆရာတော် ဦးဇာနေယျ

၇။ ပဲခူး၊ သာသနာ့မဏ္ဍိုင်ဆရာတော် ဦးပညာဇောတ

၈။ ပဲခူး၊ ဆုတောင်းပြည့်ဆရာတော် ဦးဓမ္မပိယ

၉။ ပဲခူး၊ မဟာဗောဓာရုံဆရာတော် ဦးဇဝန

၁၀။ ပဲခူး၊ ရွှေအတ္ထုတ်ဆရာတော် ဦးသောဘဏ

၁၁။ ပဲခူး၊ ပုပ္ဖာရုံဆရာတော် ဦးစန္ဒိမာ

၁၂။ ပဲခူး၊ ရေလည်ဆရာတော် ဦးနာဂဝံသ

၁၃။ ပဲခူး၊ ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလ (အကျိုးဆောင်)

၁၄။ ပဲခူး၊ လင်းရောင်ခြည်ဆရာတော် ဦးမေဃိယ

၁၅။ ပဲခူး၊ ကြခတ်ဝိုင်းဆရာတော် ဦးသိရိန္ဒ (ဒု-အကျိုးဆောင်)

ဧည့်ခံဌာနဖြစ်သော ပဲခူးမြို့ အရညဝါသီ ရွှေကျင်နိကာယ ဆရာတော်များ၏ အသေအသပ် ဖွဲ့စည်းလုပ်ဆောင်အပ်သော ဤသံဃာစာရင်းနှင့်အဖွဲ့ငယ် ရဟန်းတော်များလည်း များစွာအားတက် ဆောင်ရွက်ခဲ့သည်ကို ရှုမြင်ရ၍-

ကြခတ်ဝိုင်းသောတုဇန သံဃာများစွာတို့၏ ဌာနအလိုက်ခွဲခြားပြုစုသော ဝေယျာဝစ္စ အာဝါသိကဝတ် စသည်တို့ကိုလည်း သံဃာတထောင်လုံးက ကျေနပ်နှစ်သိမ့် ပီတိစိမ့်လျက် ဝမ်းမြောက်နုမော် သာဓုခေါ်ခဲ့ကြရပါကြောင်း။

-၀—

# သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ ကောဒသမ အစည်းအဝေးကြီး အခမ်းအနားဖွင့် လျှောက်ကြားလွှာ

သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အထွဋ်တပ်ကျင့်သုံး ဂိုဏ်းမျက်နှာဖုံး ဖြစ်တော်မူကြသော ရွှေကျင်နိကာယ သံဃာ့အဖွဲ့ဝင် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား။

တပည့်တော်များ၏ မှီခိုရာ သာသနာ့အမြုတေဖြစ်သော ရွှေကျင်ဂိုဏ်း ကြီးသည် မြန်မာ့ရာဇဝင် ကုန်းဘောင်ခေတ်သမိုင်း အလယ်ပိုင်းသာသာ လောကဆီက ကျမ်းဂန်တတ် အကျင့်ကောင်း ထိပ်ဆောင်းသရဖူ နေလ အတူ ထင်ရှားတော်မူကြသော နမောဆရာတော်, သီးလုံးဆရာတော်ဘုရား ကြီးတို့၏ လက်ထက်တော်မှ အစပြု၍ ထိုဆရာတော်ဘုရားကြီးများ ကိုယ် တော်တိုင် ဗုဒ္ဓဟော ဝိနည်းတရားတော်နှင့်အညီ ချင်းရည်ပြည့်တင်း ပုံသွင်း ပြုပြင် အပြောက်အညွန့် တပ်ဆင်ထားသော ရှေးဟောင်းနိကာယသံဃာ့အဖွဲ့ အစည်းကြီးတခု ဖြစ်ခဲ့ပါသည်ဘုရား။

ထို....ရှေးဟောင်းနိကာယ သံဃာ့အဖွဲ့အစည်းကြီးသည်အစပထမ၌ ကျယ် ပြန့်ခြင်းမရှိ နိုင်ငံသိ ဂိုဏ်းတဂိုဏ်း မဟုတ်ခဲ့သော်လည်း နေပြည်တော်အသစ် မန္တလေးခေတ်သို့ အရောက်တွင်မူကား သီးလုံးအဆက်အနွယ် ဖြစ်သော "ဇာဂရာဘိဇေ သဒ္ဓမ္မဝံသ အတုလာဓိပတိ ရာဇာဓိ ရာဇဂုရု" မင်းဂုဏ်ပြု တံဆိပ်တော်ရ ပထမရွှေကျင်ဆရာတော်ဘုရားကြီးသည် မင်းတုံးမင်းတရား၏ အချီးအမြှောက် လုံလောက်သော အကူအညီကိုရ၍ ဂဏဝိမုတ်ဖြစ်သည်အား လျော်စွာ မိမိ၏အမွေအနှစ်ဖြစ်သော ယင်းသီးလုံးဂိုဏ်း နမောဂိုဏ်းကိုပင် သမိုင်းအဖြစ် နောင်တွင်အောင် အရောင်တင်ခြယ်မှုံးလျက် တပြည်လုံးသို့ပင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချီတော်မူခဲ့ပါသည်ဘုရား။

ယင်းသို့မချို့ မန္တလေးမြို့ ရွှေကျင်နိကာယ ဂဏသမုဋ္ဌာပက ပထမ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ဘုန်းမီးနေလ ထိန်ထိန်ပ,လျက် သာသနာ့ ရွှေဘုန်း ငွေတန့်နန်းသို့ တပြေလုံးဖြန့်ချီခဲ့ရာဝယ်....

F,8

၁၂၅၅-ခုနှစ် သက္ကရာဇ်ဝေါစာ ရောက်ဆဲခါဝယ် နောက်ပါဆင့်ပွား သံဃာတော်များနှင့် သာသနာ့ကျက်သရေ ဂုဏ်ရည်ကဲထူး မြို့ပဲခူးသို့ရောက် တော်မူလာရာ ထိုအခါဝယ် ရဟန္တာအရှင်တပါးဟု နိုင်ငံတွင်ထင်ရှားကျော် ကြားလှသော ပဲခူးတောရ ဘုန်းတော်ကြီး ဦးသီလစသော အရညဝါသီ မဟာထေရ်သံဃာတော်များနှင့် တွေ့ဆုံနှီးနှော တသဘောတည်း တူမျှတော် မူကြသဖြင့် ပဲခူး,တောင်ငူ,အုတ်တွင်း,ညောင်လေးပင်,ရွှေကျင်,ပြွန်တန်ဆာ, ဝမ်းပတော, ကျိုက်ထို, မော်လမြိုင်စသော အောက်ပြည်တောရဂိုဏ်းသည် ၎င်း အထက်မြန်မာပြည် ရွှေကျင်ဂိုဏ်းသည်၎င်း ရည်ရွယ်ချက်ဆန္ဒစည်းမျဉ်း ဥပဒေသချင်း တူမျှရုံမက သာသနာ့အတွက် တိုးတက်မှု လိုလားတော်မူကြ ကာ ဝိနည်းကို ပဓာနထား ဂိုဏ်းတပါးနှင့် မဆက်ဆံ အယူမှန်သီလ ညီမျှ တော်မူကြသောကြောင့်"ဂင်္ဂါရေနှင့် ယမုနာရေတို့သည် မကွဲမပြား တသား တည်း ရောသကဲ့သို့" တသဘောတည်း ဖြစ်သော အရညဝါသီဂိုဏ်းနှင့် ရွှေကျင်ဂိုဏ်း တွဲဘက်၍- အရညဝါသီရွှေကျင်ဂိုဏ်းဟူ၍"အခက်ပွင့်ပြင် တော နှင့်ကျင် ခင်မင်ကြလျက်သဲ" သက္ကတလက်ာအရ-၁၂၅၅-ခုနှစ်မှာ ပေါင်း ဆုံကြလျက် မြန်မာပြည်တွင်မက အိန္ဒိယ သီဟိုဠ် လာအို ယိုးဒယား ကမ္ဘောဒီးယား ဂျပန်စသောနိုင်ငံများအထိ နှံ့သိကျော်ကြားကြီးပွားထွန်း ကားလျက် မိုးဘဝဂ်နေသွင် နှိုင်းလောက်အောင် 'ရွှေကျင်ဂိုဏ်း'ဟူသော ဝေါဟာရ သမိုင်းထိုးလျက် ဂိုဏ်းတမျိုးတိထွင် သာသနာဝင်တခေတ်ထူး လို့မို့ မဖြစ်စဖူး ဖြစ်ပေါ်ခဲ့ပါသည်ဗရား။

ထိုအခါမှစ၍ မြန်မာနိုင်ငံတော် သာသနာဝင်၌ ရွှေကျင်ဂိုဏ်းဟူသော ဝေါဟာရ ပေါ်လာရပြီးနောက် ရှေးခေတ်ပေါ် နံမောဂိုဏ်း သီးလုံးဂိုဏ်း တောရဂိုဏ်းသည်ပင် နောက်တခေတ်၌ ရွှေကျင်ဂိုဏ်း ဖြစ်လာရရုံမျှမက ဝေါဟာရပြောင်းလဲလာသော ထိုရွှေကျင်ဂိုဏ်းကြီးကို မင်းနှင့်ပြည်သူတို့က ကြည်ဖြူစွာ လက်ခံ၍ ထိုက်ထိုက်တန်တန် ချီးမြှောက်ခဲ့ကြပါသည်ဗရား။

သို့စဉ်မျှ ထူးကဲသော နိကာယ ရွှေကျင်ဂိုဏ်းကြီး လုံးစည်းညီညွတ်ရခြင်း ၏ အကြောင်းရင်းမူလကို သုတေသနပြု၍ စိစစ်ရပါလျှင်....

(၁) အထက်ပိုင်းမှစ၍ အောက်ခြေရောက်အောင် အဆင့်ဆင့် ကွပ်ကဲ ထိန်းချုပ်ခြင်း။

(၂) ဂါမခေတ် နဂရခေတ်၌ရှိနေကြသော ဂိုဏ်းသံဃာများ တစ်ပက္ခ တကြိမ် ထိုထိုသိမ်တို့၌ တညီတညွတ်တည်း စုရုံး၍ ပါတိမောက် အကျယ်ပြ သံဃာ့ ဥပုသ်ပြုခြင်း။

(၃) သံဃာ့ဥပုသ်ပြုပြီးက ရုတ်တရက် ထမသွားပဲ သံဃာ့ထေရ်၏ ဩဝါဒ ကို ခံယူရခြင်း။

(၄) ထိုဩဝါဒအတိုင်း တညီတညွတ်တည်း လိုက်နာခြင်း။

ဟူသော အချက်ကြီး ၄-ချက်ကို အလေးအနက်ခံယူ၍ ဂိုဏ်းကြီးမပြိုကွဲ အောင် စောင့်ရှောက်ကြသည်ကို တွေ့မြင်ရပါသည်ဗရား။

ဤနည်းအားဖြင့် ခေတ်အဆက်ဆက်မှ ဂိုဏ်းစောင့်ဆရာတော်ကြီးများ သည် ရွှေကျင်ဂိုဏ်းကြီးကို မပြိုမကွဲ ခိုင်မြဲတည်တန့်စေရန်အလို့ငှါ ရွှေကျင် ဂိုဏ်းဆိုင်ရာ ကျောင်းတိုက်တိုင်းမှာ ရှိနေကြသော ထိုထို ခဏ္ဍသိမ် မဟာ သိမ်တို့ကိုပင် သံဃာ့ညီညွတ်ရေး အစည်းဝေးခန်းမဆောင်ကြီးများအဖြစ် အသုံးပြုပြီးလျှင် မကြာမကြာ တွေ့ဆုံစည်းဝေးခြင်း၏ ရလာဒ်ဖြင့် အမြတ် ထုတ်တော်မူကြသည်မှာ တပည့်တော်များ အတုယူစရာ စံနမူနာပင်ဖြစ်ပါ တော့သည်ဗရား။ သို့ရာတွင် နောက်ကာလ၌ကား ရွှေကျင်ဂိုဏ်းကြီး ကျယ် ပြန့်လာသည်နှင့်အမျှ ဂိုဏ်းကိစ္စတို့ကလည်း ကျယ်ပြန့်လာပါသဖြင့် ရှေး တုန်းကလို တစ်-ပက္ခတကြိမ် ထိုထိုသိမ်၌ သံဃာ့ဥပုသ်ပြု၍ ဂိုဏ်းညီညွတ် ရေးကို တည်ဆောက်ရုံမျှနှင့် လုံလောက်ခြင်းမရှိတော့ပါဗရား။

ထို့ကြောင့် ၁၂၈၂-ခုနှစ်တွင် ပထမဆုံးအကြိမ် ဂိုဏ်းလုံးကျွတ်အစည်း အဝေးကို မန္တလေးမြို့ ရွှေကျင်ဂိုဏ်းဗဟိုဌာနဖြစ်သော မဟာဝိသုဒ္ဓါရုံတိုက် တွင် ကျင်းပ၍ ထိုအစည်းအဝေးကြီးကပင် ၃-နှစ်လျှင် တကြိမ်ကျဂိုဏ်းလုံး ကျွတ် သံဃာ့အစည်းအဝေးကြီးကျင်းပရန် အတိအလင်း ဆုံးဖြတ်ချက်ချခဲ့ ပြီးနောက် ယင်းဆုံးဖြတ်ချက်အရ ခေတ်ကာလ အခြေအနေကိုစိစစ်၍ သုံးနှစ် တကြိမ် အချိန်အတိအကျ မဟုတ်ငြားသော်လည်း အများစု သံဃာ၏

ဆန္ဒအလျောက် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံဃာ့အစည်း အဝေးပွဲကြီးများကို ထိုထို မြို့ကြီးများ၌ ကျင်းပလာခဲ့ရာ အရေအတွက် အားဖြင့် ဆယ်ကြိမ်လွန်မြောက် ဆယ့်တစ်ကြိမ်သို့ ရောက်ခဲ့ပါပြီဗျား။

ယင်း ၁၁–ကြိမ်အနက် လွန်ခဲ့သော ဒသမအကြိမ် အစည်းအဝေးကြီးကို ကား ၁၃၂၅–ခုနှစ်တွင် သက်တော်ရှယ်ရင့် မဖင့်ပညာ သဒ္ဒါလွန်ကဲ သတိ မြဲတော်မူသော "အဘိဓဇမဟာရဋ္ဌဂုရု"ဂိုဏ်း ဥက္ကဋ္ဌ ဥုးခိုင် သာ့သနာပိုင် သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးကို လေးစားသော အထိမ်း အမှတ်ဖြင့် ရွှေကျင်ဂိုဏ်း ဗဟိုဌာနဖြစ်သော မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်ကြီး၌ ကျင်းပခဲ့ပြီးနောက်–....

ခေတ်အလျောက်ဖြစ်ပေါ်လာသော အခက်အခဲနှင့် အကျပ်အတဲတို့က ရပ်စဲခြင်းမရှိပါသဖြင့် နောက်တကြိမ်ကျင်းပရေး မတွေးရဲဘဲရှိနေတုန်းမှာပင် ပဲခူးမြို့ အရညာဝါသီ ရွှေကျင်နိကာယ မှ ပဓာနကျသော အမှုဆောင် သံဃာ့ အဖွဲ့နှင့် ဒကာဒကာမတို့က ပဓာနအဖြစ် တာဝန်ယူ၍ မိမိတို့ဌာန၌ ရွှေကျင် နိကာယ သံဃာ့ အစည်းအဝေးကြီး ကျင်းပခွင့်ပြုရန် ထက်သန်သော ဆန္ဒဖြင့် မရမနေ လျှောက်ထားကြသည်ကို ဗဟိုဌာနက လက်ခံ၍ နိုင်ငံ အဝှမ်းကျယ်ပြန့်သော ဤ ဧကာဒသမ သံဃာ့အစည်းအဝေးကြီးကို ပဲခူးမြို့ ကြခတ်ဝိုင်း ကျောင်းတိုက် ဤရာပြည့် ဓမ္မာရုံကြီးထဲ၌ ကျင်းပ ကြပါ သည်ဗျား။

ပဲခူးမြို့ဆိုင်ရာ ဂိုဏ်းသံဃာတို့၏ လိုလားချက် ပြင်းထန်မှုအရ နဝမ အကြိမ် အစည်းအဝေးကြီးကိုလည်း ဤ ကြခတ်ဝိုင်း ကျောင်းတိုက်၌ပင် ကျင်းပခဲ့ရသောကြောင့် ပဲခူး အရညာဝါသီ ရွှေကျင်ဂိုဏ်း၏ အတိုင်းထက် အလွန် ထက်သန်သော ဂိုဏ်းစိတ်ဂိုဏ်းသွေးကိုလည်း တပည့်တော်များက လေးစားလျက် ရှိကြပါသည်ဗျား။

အထူးလျှောက်ထားရန်မှာ။ ယခုအချိန်သည်ကား နဝမအကြိမ် အစည်း အဝေးကြီး ကျင်းပစဉ်ကထက် ဆထက်ထန်းပိုး အခက်အခဲတွေက တိုးလာ သော ခေတ်သမယဖြစ်သည်ကို ဆရာတော်အားလုံးပင် သိပြီးဖြစ်သည်-ဟု ယူဆပါသည်ဗျား၊ သို့ဖြစ်ပါ၍ အခက်အခဲတွေ အမြောက်အများထဲမှ

ပေါက်ဖွားပေါ် ထွန်းလာရသော ဤ ကောဒသမ နိကာယ အစည်းအဝေး ကြီးသည်ကား မီးပုံထဲမှပွင့်လာရသော ကြာပန်းကြီးပမာ လွန်စွာဆန်းကျယ် အံ့ဩဘွယ် ဂုဏ်ထူး ဝိသေသနှင့် ပြည့်စုံလှပါသည် အရှင်ဘုရား။

သို့စဉ်မှ ခဲခဲယဉ်းယဉ်း ဖြစ်ပေါ်လာရသော ဤသာသနာတော်လုံး ဆိုင်ရာ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးကို (သုနက္ခတ္တံ သုမင်္ဂလံ) မိန့်ခွန်းသံ ဒေသနာတော်အရ ဂိုဏ်းဂဏ သာသနာ မင်္ဂလာနက္ခတ်ကောင်း ဖြစ်ထိုက်သော ၁၃၃၇-ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၄-ရက် ညဉ့်ဦးပိုင်း (၇)နာရီမှစ၍ ဆောင်ရွက်တော်မူကြပြီးလျှင် ယင်း လပြည့် ကျော် ၅-ရက်နေ့ နေ့လည် မွန်းလွဲ ၁-နာရီအချိန်တွင်ကား အခမ်းအနား သဘင် စတင်ဖွင့်လှစ်ကြပါသည်ဘုရား။

သို့ဖြစ်ပါသောကြောင့် ဤ ကောဒသမ ရွှေကျင်နိကာယ သံဃာ့အစည်း အဝေးကြီးသို့ ပင်ပန်း နွမ်းနယ်မှုကို အရေးအတွက်မထားပဲ သာသနာ ကြီးပွားရေး ဂိုဏ်းဂဏ ကြီးပွားရေးကိုသာ မျှော်မှန်းချက်ပြုခါ အမြို့မြို့ အနယ်နယ်မှ ကြွလာတော် မူကြသော ဂဏနာထ ဂဏပါလ သာသနာ့ ကျက်သရေဆောင် ဆရာတော်အသီးသီးတို့သည်လည်း မိမိတို့၏ သတ်မှတ် ချက်အရ စိတ်တော်မှ ရည်ရွယ်ရင်းရှိသည်တို့ကို ဂိုဏ်းစည်းမျဉ်း ဥပဒေနှင့် ညီစွာ "ရွှေကျင်ဂိုဏ်းသာသနာ မြှင့်တင်ထိန်းသိမ်းရေး" အစည်းအဝေး ကြီး က ပေး သော တာဝန် အရ ဖွင့်ဟထုတ်ဖေါ် ရုပ်လုံးပေါ်အောင် ဆောင်ရွက်ကြရပါတော့မည်ဘုရား။

သို့ရာတွင်....အစည်းအဝေး၏ ထုံးစံ အပြန်အလှန် မေးလျှောက်၍ အတိုင် အဖောက်ဆွေးနွေး အသီးသီးဝေဖန်ချက် ပေးကြရစေကာမူ-အပေါ်စီးယူ မပြော အပြုသဘော သက်ရောက် သုဘာသိတ အင်္ဂါမြောက်သော စကား တို့ဖြင့် အပြန်အလှန် မေးလျှောက်ခြင်း၊ အတိုင်အဖောက် ဆွေးနွေးခြင်း၊ ဝေဘန်ချက်ပေးခြင်း ပြုလုပ်မှသာလျှင် မျက်မှောက်ကာလ၌ ရည်မှန်းရင်း ဖြစ်သော ရွှေကျင်ဂိုဏ်းကြီး ခိုင်မြဲတည်တံ့ အရှည်ခန့်ခြင်း အကျိုးပြီးစီးမည် ဖြစ် သည့် အပြင် တမ လွန် လောက ပရတ္ထ အ ကျိုးအနေအားဖြင့်လည်း

"ယာစ ခေါ အယံ ဘိက္ခဝေ အကုပ္ပါစေတော ဝိမုတ္တိ တေဒတ္ထမိဒံ ဘိက္ခဝေ ဗြဟ္မစရိယံ၊ တေံ သာရံ တေံ ပရိယောသာနံ" ဟူသော မဇ္ဈိမ နိကာယ် မူလပဏ္ဏာသ (ဩပမ္မဝဂ်)စူဠသာရောပမ သုတ္တန်လာ ဒေသနာ တော်အရ သာသနာ၏ အနှစ်သာရဖြစ်သော အကုပ္ပ စေတော ဝိမုတ္တိ ခေါ် အရဟတ္တဖိုလ် ပန်းတိုင်သို့ ကိုယ်စီကိုယ်စီ ဆိုက်ရောက်၍ ဝိမုတ္တိရသ ဒုက္ခ ကင်းဝေး ငြိမ်းချမ်းရေးအခွင့်ထူးကြီးကို ခံစားရမည် ဖြစ်ကြောင်း အခမ်း အနားဖွင့် အနေဖြင့် ဂါရဝမင်္ဂလာရွှေထားကာ ရှိသေစွာ လျှောက်ထား ရပါကြောင်းပါဘုရား။

ဖတ်.... ရေး....

မန္တလေးမြို့ ဝိသုဒ္ဓါရုံ မလှိုင်မြို့ ကာဗျဝိဒူ

ဦးဝေဒါနန္ဒ သိရီသောမာရုံဆရာတော်

# "ပဲခူးမြို့ ကြခတ်ဝိုင်း ရာပြည့်ဓမ္မာရုံ"

## ၁၃၃၇-ခု၊ တန့်ဆောင်မုန်းလပြည့်ကျော် ၅-ရက်

## ပထမနေ့

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ရာပြည့်ဓမ္မာရုံကြီး၌ ကျင်းပအပ်သော သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီး အစီအစဉ်ကို ဦးအဂ္ဂိယက ကြေငြာလျှောက်ထား၍–

၁။ ထောင်ကျော်သံဃာတော်တို့က ဝုဲ့ ဝေပုလ္လ ဗုဒ္ဓပါဝစန ပါဠိတော်ကို ညီညာရွတ်ဆိုလျက် အခမ်းအနားကြီးကို ဖွင့်လှစ်တော်မူကြသည်။

၂။ မလှိုင်မြို့ သီရိသောမာရုံဆရာတော် ရေးသားတင်သွင်းသော အခမ်းအနားဖွင့် သြဘာ စာတမ်းကို မန္တလေးဝိသုဒ္ဓါရုံ ဇေယမေဒနီ ဦးဝေဒါနန္ဒ ဖတ်လျှောက်သည်။

၃။ ကြခတ်ဝိုင်းဆရာတော် ဦးဇောတိပါလက သက်တော် (၉၀)သိက္ခာတော် (၇၁)ဝါရှိ မန္တလေး အရှေ့ဝိသုဒ္ဓါရုံ (**ဘဒ္ဒန္တဇောတယာဘိဝံသ**) ဆရာတော်ကြီးသည် ဤအစည်းအဝေးကြီး၏ သဘာပတိဖြစ်ကြောင်း ကျေညာလျှောက်ထား၍....

၄။ သိက္ခာဝါ(၅၀)နှင့် (၅၀)မှ အထက်ဆရာတော် အားလုံးသည် ဤအစည်းအဝေးကြီး၏ အရန်သဘာပတိအဖြစ် သီတင်းသုံးတော်မူကြပါကြောင်းကို ဆက်လက်လျှောက်ထားသည်။ (အရန်သဘာပတိ ၈၈-ပါး သီးသန့် ပလ္လင်တခုစီဖြင့် နေရာသီးခြား သီတင်းသုံးကြရပါသည်။)

၅။ အစည်းအဝေးအကျိုးဆောင်အဖြစ် ဝိသုဒ္ဓါရုံ ဦးအဂ္ဂိယ၊ ကြခတ်ဝိုင်း ဦးဇောတိပါလ၊ ဝိသုဒ္ဓါရုံ ဦးအရိယဉာနတို့ကို အများသဘောတူ တင်မြှောက်ကြသည်။

၆။ အစည်းအဝေးသဘာပတိမိန့်ခွန်းကို အရှေ့ဝိသုဒ္ဓါရုံဆရာတော်ကြီးက ၁၅ · မိနစ်တိုင် နှုတ်မြွက်မိန့်တော်မူသည်ကို ရှင် – လူ ပရိသတ် ၃ · ထောင်ခန့် နာယူမှတ်သားကြရသည်။

၇။ သာသနာ့အမွန်းတင် သုံးဌာနပူဇော်ပွဲကြီး ထမြောက်အောင်မြင်ရေး ဗဟိုကော်မတီ အတွင်းရေးမှူးဖြစ်သော ကြခတ်ဝိုင်း ဂေါပက ဥပါသကာ သာသနာပြုအသင်း၏ အတွင်းရေးမှူး **ဦးစိန်မောင်** က သံဃာတော်များထံ ခွင့်ပန် ၍ သာသနာပြု ဒါယကာကြီးများကို လျှောက်ထားခွင့်ပြုပါရန် အခမ်းအနားမှူးပြုလုပ်၍........

(က) ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဗဟိုကောင်စီဝင် **ဒကာတော် ဆရာကြီးဦးသာဒင်** ၏ လျှောက်ထားချက်ကို မှတ်သားကြရသည်။

(ခ) ကြခတ်ဝိုင်း သာသနာပြုအသင်း **နာယကလူကြီးဦးအုန်းခင်** ၏ လျှောက်ထားချက်....

(ဂ) ပူဇော်ပွဲကြီး၏ ဗဟိုကော်မတီ **ဥက္ကဋ္ဌ ဒကာတော် ဦးဘကြည်**၏ လျှောက်ထားချက်တို့ကို သံဃာတော်အများစု သည် ငြိမ်သက် ရွှင်ပြုံး ပီ တိ တ ရား လွှမ်းဖုံးလျက် နားထောင်မှတ်သားကြသည်။

၈။ အရပ်ရပ်မှ ပေးပို့သော ဆန္ဒပေးစာများနှင့် ဂိုဏ်းစောင့်ဆရာတော်ကြီးတို့၏ ဩဝါဒတို့ကို ဖတ်ကြားလျှောက်ထားသည်။

**ပထမနေ့**– နေ့လည် မွန်းလွဲ ၁-နာရီတိတိမှ စတင်ကျင်းပကာ ၃-နာရီ ၄၅-မိနစ်တွင် အစည်းအဝေး ပြီးဆုံးစေသည်၊

**ဒုတိယနေ့**– ၁၃၃၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆-ရက်၌လည်း နေ့လည် မွန်းလွဲ ၁–နာရီမှစ၍ ကျင်းပပြုလုပ်ရာ လူ–ရှင် ပရိသတ်များစွာ နာယူကြရပါသည်။ ဒုတိယနေ့ ညနေ ၃–နာရီတိတိတွင် အစည်းအဝေး ပြီးဆုံးစေသည်။

**တတိယနေ့**—၁၃၃၇-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇-ရက်ဥက္ကာ အပြီး သတ်နေ့ဖြစ်၍ ဒကာ ဒကာမများစွာ ပိုမိုတက်ရောက် ကြည်ညို နိုင်လျက် အတည်ပြု ပြဓာန်းဆုံးဖြတ်ချက်များ ရတ္တညူမဟာ နာယကစာရင်းများ၊ ကျောင်းတိုက်ကြီးများ စသည် စသည် ဘတ်ကြား အတည်ပြုကြလျက် ယင်းနေ့ညနေ ၃-နာရီမိနစ် ၅၀- တွင် အားလုံး အောင်မြင် ပြီးဆုံးခြင်းသို့ ရောက်ခဲ့ ပါကြောင်း။

**မှတ်ချက်။** ။အစည်းအဝေးကြီး ပြီးဆုံးအောင်မြင်ခဲ့သော်လည်း ၃-၄ ရက် ပူးတွဲ ပူဇော်ပွဲကြီးကား မပြီးစီးသေးပဲ ယနေ့လပြည့်ကျော် ၇-ရက်ည၌ သံဃာနာတင် ပွဲကြီးယဉ်လျက် ရေစက်ချ အခမ်း အနားသိမ်း၍ ဩဘာစာ, အောင်ပွဲစာတို့ကိုဘတ်ကြား၊ တရား နာကြား၊ တရားဟောကြားတော်မူကြခြင်း အပြင်....

နောက်တရက် ဆက်လက် တရားပွဲကြီး ဆင်ယင်ကျင်းပကာ လပြည့် ကျော် ၉-ရက်တိုင် ဆွမ်းပွဲမှိုင်မြိုင်နှင့် သံဃာ့ပရိသတ်မခံ ပူဇော်ပွဲကြီး သည် အလွန်ခမ်းနား ကြီးကျယ်လှပါသည်။

## အစည်းအဝေး သဘာပတိအဖွဲ့ဝင်

## သိက္ခာဝါ (၅၀) မှ အထက် ဆရာတော်ဘုရားကြီးများ

| | | | |
|---|---|---|---|
| ၁။ | ဆရာတော် ဦးဇောတယ | ၇၁၊ ဝါ | အရွှေဝိသုဒ္ဓါရုံတိုက် မန္တလေးမြို့။ |
| ၂။ | ဆရာတော် ဦးပဏ္ဍိတ | ၆၄၊ ဝါ | ဝေဠုဝန်ကျောင်း မင်းလှမြို့။ |
| ၃။ | ဆရာတော် ဦးပဏ္ဍိတ | ၆၄၊ ဝါ | ရွှေဟင်္သာတိုက်သစ် စစ်ကိုင်းမြို့။ |
| ၄။ | ဆရာတော် ဦးသူရိယ | ၆၄၊ ဝါ | သက္ကယ်တောင်ကျောင်း ဘီလူးကျွန်း။ |
| ၅။ | ဆရာတော် ဦးသီလာစာရ | ၆၃၊ ဝါ | ဥက္ကံ ကျောင်း၊ ဘုရားကလေး၊ ပဲခူးမြို့နယ်။ |
| ၆။ | ဆရာတော် ဦးဝိမလ | ၆၃၊ ဝါ | ရွှေကျင်ဓမ္မရိပ်သာကျောင်း၊ ပဲခူးမြို့။ |
| ၇။ | ဆရာတော် ဦးသုစိန္တ | ၆၂၊ ဝါ | ရွှေကျင်တိုက်သစ် ကျိုက္ကစံ၊ ရန်ကုန်။ |
| ၈။ | ဆရာတော် ဦးပညာသာမိ | ၆၂၊ ဝါ | ငွေတောင်တောရ၊ မှော်တော၊ အရာတော်မြို့။ |
| ၉။ | ဆရာတော် ဦးနန္ဒိယ | ၆၂၊ ဝါ | အောင်မြေသာစည် တောင်ကြီးမြို့။ |
| ၁၀။ | ဆရာတော် ဦးနာဂိန္ဒ | ၆၂၊ ဝါ | ဂန္ဓာရုံကျောင်း ကျိုက်ဝိုင်း ရန်ကုန်။ |
| ၁၁။ | ဆရာတော် ဦးတေဇဝန္တ | ၆၂၊ ဝါ | မဏိကာရုံကျောင်း ရသာရွာ၊ မြင်းခြံမြို့။ |

| | | |
|---|---|---|
| ၁၂။ ဆရာတော် ဦးဥက္ကံဝံသ | ၆၂၊ ၀ါ | ဂန္ဓာရုံကျောင်း၊ တောင်ဝိုင်းကလေး၊ မော်လမြိုင်။ |
| ၁၃။ ဆရာတော်ဦးပညာဇောတ | ၆၁၊ ၀ါ | မဟာဝိသုဒ္ဓါရုံတိုက်သစ်စည်ရှင်၊ မန္တလေးမြို့။ |
| ၁၄။ ဆရာတော် ဦးသောဘဏ | ၆၁၊ ၀ါ | မငေးကြီး နန္ဒာရုံကျောင်း၊ ဖျာပုံ။ |
| ၁၅။ ဆရာတော် ဦးနန္ဒဝံသ | ၆၁၊ ၀ါ | ဇေတဝန်ကျောင်း၊ မုပ္ပလင်မြို့။ |
| ၁၆။ ဆရာတော် ဦးဣန္ဒာသနိ | ၆၀၊ ၀ါ | ရတနာဂူချောင် မင်းကွန်းတောင်ရိုး။ |
| ၁၇။ ဆရာတော် ဦးကေသရိန္ဒ | ၆၀၊ ၀ါ | မဟာစေတီလှ ကျောင်းတိုက်၊ စစ်ကိုင်း။ |
| ၁၈။ ဆရာတော် ဦးတေဇဝန္တ | ၆၀၊ ၀ါ | ရွှေကျင်ကျောင်း ရေလဲကလေးရွာ၊ မအူပင်။ |
| ၁၉။ ဆရာတော် ဦးပညာသိရီ | ၅၉၊ ၀ါ | ပုဗ္ဗာရုံကျောင်း ကြုံရက်ရွာ။ |
| ၂၀။ ဆရာတော် ဦးဆန္ဒပုဏ္ဏ | ၅၀၊ ၀ါ | ဝိဇိတာရုံကျောင်း ချောင်းရင်း၊ ပြွန်တံဆာ။ |
| ၂၁။ ဆရာတော် ဦးပဏ္ဍိတ | ၅၀၊ ၀ါ | မဟာဝိဟာရကျောင်းကြီး လင်းယဉ်ရွာ၊စစ်ကိုင်း။ |
| ၂၂။ ဆရာတော် ဦးဝါသန | ၅၀၊ ၀ါ | ဝိဇိတာရုံကျောင်း၊ မန္တလေးမြို့။ |
| ၂၃။ ဆရာတော် ဦးဇနကာဘိဝံသ | ၅၀၊ ၀ါ | မဟာဂန္ဓာရုံတိုက်၊ အမရပူရမြို့။ |
| ၂၄။ ဆရာတော် ဦးကုဏ္ဍလ | ၅၇၊ ၀ါ | ဓမ္မာကာရာမ ရွှေကျင်ကျောင်း၊ သံဖြူဇရပ်။ |

| | | | |
|---|---|---|---|
| ၂၅။ | ဆရာတော် ဦးနရိန္ဒ | ၅၇၊ ၀၁ | ကွန်ဒိုင်းကလေးကျောင်း၊ မအူပင်။ |
| ၂၆။ | ဆရာတော် ဦးရေဝတ | ၅၇၊ ၀၁ | ရွာဦးကျောင်း ကန်ကြီးကုန်းရွာ၊ စစ်ကိုင်း။ |
| ၂၇။ | ဆရာတော် ဦးကုသလ | ၅၇၊ ၀၁ | လေးထပ်စာသင်တိုက်၊ လပွတ္တာမြို့။ |
| ၂၈။ | ဆရာတော် ဦးဆန္ဒ | ၅၇၊ ၀၁ | ဓမ္မိကာရုံ ကမ္မဋ္ဌာန်းတိုက်၊ သံလျင်မြို့။ |
| ၂၉။ | ဆရာတော်ဦးဂေါပကဥာဏ | ၅၇၊ ၀၁ | သာသနာ့ ဇောတိကာရုံကျောင်း၊ မြောင်းမြ။ |
| ၃၀။ | ဆရာတော်ဦးစက္ကိန္ဒ | ၅၉၊ ၀၁ | ဇေယျမေဒနီကျောင်း၊ မော်လမြိုင်မြို့။ |
| ၃၁။ | ဆရာတော် ဦးဓမ္မိက | ၅၈၊ ၀၁ | ဗရားကြီးကုန်းကျောင်း၊ ချောင်းဆုံမြို့။ |
| ၃၂။ | ဆရာတော် ဦးသုဝဏ္ဏ | ၅၆၊ ၀၁ | ရွှေဂူကျောင်း၊ ညောင်ခါးရှည်။ |
| ၃၃။ | ဆရာတော် ဦးတေဇဓမ္မ | ၅၆၊ ၀၁ | အရှေ့ကျောင်း၊ ကဒွတ်။ |
| ၃၄။ | ဆရာတော် ဦးသြဘာသ | ၅၆၊ ၀၁ | တပ်ကုန်းတောရ၊ ရွှေကျင်မြို့။ |
| ၃၅။ | ဆရာတော် ဦးကုဏ္ဍလ | ၅၆၊ ၀၁ | ဆင်ပုံးတောရ၊ ဒေးစွန့်ပါ၊ ပဲခူး။ |
| ၃၆။ | ဆရာတော် ဦးနန္ဒဝံသ | ၅၆၊ ၀၁ | စန္ဒာရုံကျောင်းပဲခူး။ |
| ၃၇။ | ဆရာတော် ဦးပဏ္ဍိတ | ၅၇၊ ၀၁ | ရွှေဘုံဆင့်ကျောင်း ပဲခူး။ |
| ၃၈။ | ဆရာတော် ဦးဣန္ဒာစာရ | ၅၆၊ ၀၁ | ဖက်ဖုံးကျောင်း မြင်းမူမြို့ မူး၊ မန္တလေး။ |

| | | | |
|---|---|---|---|
| ၃၉။ | ဆရာတော် ဦးကုသလ | ၅၆၊ ၀၇ | ဓမ္မသိင်္ဂီတိုက်ကျောင်း၊ မယင်းမြို့။ |
| ၄၀။ | ဆရာထော် ဦးဇာနေယျ | ၅၆၊ ၀၇ | ရွှေပန်းကျောင်းကြီး ပဲခူး။ |
| ၄၁။ | ဆရာတော် ဦးသူရပတိ | ၅၆၊ ၀၇ | ဒက္ခိဏာရာမတိုက် ကျောင်းကုန်းမြို့။ |
| ၄၂။ | ဆရာတော် ဦးဝိသုတ | ၅၆၊ ၀၇ | ရွှေဂူကျောင်းဘီလူးကျွန်း။ |
| ၄၃။ | ဆရာတော် ဦးကုဏ္ဍလ | ၅၆၊ ၀၇ | မြစ်ကွေ့တိုက်၊ လက်ပံတန်း |
| ၄၄။ | ဆရာတော် ဦးဝါယာမ | ၅၆၊ ၀၇ | အောင်မင်္ဂလာကျောင်း တောင်သာမြို့။ |
| ၄၅။ | ဆရာတော် ပုညဝံသ | ၅၅၊ ၀၇ | သာသနာလင်္ကာရကျောင်း မုဒုံမြို့။ |
| ၄၆။ | ဆရာတော် ဦးပဏ္ဍဝံသ | ၅၅၊ ၀၇ | နိဂြောဓာရုံကျောင်း ကြွေပုဂံရွာ၊ ဇလွန်မြို့။ |
| ၄၇။ | ဆရာတော် ဦးဝိဇိရပည | ၅၅၊ ၀၇ | ဓမ္မိကာရုံကျောင်း၊ ရေလဲကလေးရွာ၊ မအူပင်။ |
| ၄၈။ | ဆရာတော် ဦးစန္ဒသီရိ | ၅၅၊ ၀၇ | ရွှေဘုံသာကျောင်း လေးတန်းရွာ မြင်းခြံမြို့။ |
| ၄၉။ | ဆရာတော် ဦးဝါသဝ | ၅၅၊ ၀၇ | ဒက္ခိဏာသာခကျောင်း ကျောက်တိုင်ကံ၊ ပဲခူး။ |
| ၅၀။ | ဆရာတော် ဦးနန္ဒက | ၅၅၊ ၀၇ | ပစ္ဆိမာရုံကျောင်း၊ ကျိုက်လတ်မြို့။ |
| ၅၁။ | ဆရာတော် ဦးကဝိန္ဒသာမိ | ၅၄၊ ၀၇ | သဒ္ဓမ္မဇောတိကာရုံကျောင်း သံလျင်။ |
| ၅၂။ | ဆရာတော် ဦးဉာဏိန္ဒ | ၅၄၊ ၀၇ | မန်းကျည်းကုန်းကျောင်း မိတ္ထီလာမြို့။ |
| ၅၃။ | ဆရာတော် ဦးဇာနေယျဗုဒ္ဓိ | ၅၄၊ ၀၇ | မဟာဝိသုဒ္ဓါရုံတိုက်၊ မန္တလေးမြို့။ |
| ၅၄။ | ဆရာတော်ဦးသုဝဏ္ဏဇောတိ | ၅၄၊ ၀၇ | ရင်း |

၅၅။ ဆရာတော်ဦးအာနန္ဒပဏ္ဍိတ ၅၄၊၀၁ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက် ပြည်မြို့။

၅၆။ ဆရာတော်ဦးပဏ္ဍိတ ၅၄၊ ၀၁ ရွှေကြိုးကြာတောရ အောင်လံမြို့။

၅၇။ ဆရာတော်ဦးဣန္ဒာစာရ ၅ ၊ ၀၁ ပတ္တပိုဏ်ကျောင်း ရေစကြိုမြို့။

၅၈။ ဆရာတော်ဦးဇာဂရ ၅၃၊ ၀၁ ထီဆွမ်းကျောင်း ကော့ကရိတ်။

၅၉။ ဆရာတော်ဦးသောမ ၅၃၊ ၀၁ ဘုရား(၆)ဆူကျောင်း သထုံမြို့။

၆၀။ ဆရာတော်ဦးဝဇီရဝံသ ၅၃၊ ၀၁ မဟာဗောဓိတောရ၊ ကွမ်းဆိပ်ရွာ။

၆၁။ ဆရာတော်ဦးနေမိန္ဒ ၅၃၊ ၀၁ တင်းတိန်ရန် ရွာမကျောင်း ရေဦးမြို့နယ်

၆၂။ ဆရာတော်ဦးတေဇိန္ဒ ၅၃၊ ၀၁ အောင်မြေရွှေဘုံတိုက်၊ ဆားလင်းကြီးမြို့။

၆၃။ ဆရာတော်ဦးအရိန္ဒမ ၅၃၊ ၀၁ အရှေ့မြို့ဒေါင့်ကျောင်း၊ ပဲခူးမြို့။

၆၄။ ဆရာတော်ဦးပဏ္ဍိတ ၅၃၊ ၀၁ အသောကာရုံတောရ ကျောက်တံခါးမြို့။

၆၅။ ဆရာတော်ဦးသောဘဏ ၅၂၊ ၀၁ သိမ်ကုန်းကျောင်း ဈေးညောင်ပင်။

၆၆။ ဆရာတော်ဦးဝိမလ ၅၂၊ ၀၁ ရွှေဟင်္သာတောရတိုက် ညောင်တုန်းမြို့။

၆၇။ ဆရာတော်ဦးသောဘိတ ၅၂၊ ၀၁ မဟာသုမေဓာရာမကျောင်း ဘားအံ။

၆၈။ ဆရာတော်ဦးနိမ္မလ ၅၂၊၀၁ တိမ္ဗူလာရုံ ရွှေဟင်္သာတောရ – ကျိုက္ခမီ၊

| | | | |
|---|---|---|---|
| ၆၉။ | ဆရာတော် ဦးကုမာရ | ၅၂ ဝါ | ပုသိမ်ကျောင်း၊ ပေါက်တော၊ ဘီးလင်း။ |
| ၇၀။ | ဆရာတော် ဦးဝိမလ | ၅၂ ဝါ | ငှက်ပျောတောကျောင်း၊ ဘီလင်း။ |
| ၇၁။ | ဆရာတော် ဦးဆန္ဒာဓိက | ၅၂ ဝါ | ကြို့ကုန်းတောရ၊ အင်းစိန်။ |
| ၇၂။ | ဆရာတော် ဦးဇယသေန | ၅၂ ဝါ | မစိုးရိမ်၊ ရွှေကျင်ကျောင်း၊ ရန်ကုန်။ |
| ၇၃။ | ဆရာတော် ဦးကေသရ | ၅၂ ဝါ | အရှေ့ ရွှေနံ့သာကျောင်း၊ ပဲခူး။ |
| ၇၄။ | ဆရာတော် ဦးကေသရ | ၅၂ ဝါ | မဟာဗောဓိကျောင်း၊ သုံးခွ။ |
| ၇၅။ | ဆရာတော် ဦးကောဏ္ဍည | ၅၁ ဝါ | ဝေဘူရိပ်သာ၊ ပဲခူး။ |
| ၇၆။ | ဆရာတော် ဦးခေမာနန္ဒ | ၅၁ ဝါ | ခေမာနန္ဒာရုံကျောင်း၊ တံခွန်တိုင်ရွာ။ |
| ၇၇။ | ဆရာတော် ဦးကေသရ | ၅၁ ဝါ | ဝိဇိတာရုံ ရွှေကျင်ကျောင်း၊ နှစ်ကရင်ရွာ၊ ရေးမြို့။ |
| ၇၈။ | ဆရာတော် ဦးနန္ဒသိရီ | ၅၁ ဝါ | ဇလဲထော်ကျောင်း၊ တာဝတ္တိတာရွာ။ |
| ၇၉။ | ဆရာတော် ဦးဥာဏ | ၅၁ ဝါ | ကံသာကျောင်း၊ရန်ကုန်မြို့။ |
| ၈၀။ | ဆရာတော် ဦးဣန္ဒက | ၅၀ ဝါ | မဒိုင် ကျင်း ကျောင်း၊ မုံရွာ၊ ဘုတလင်။ |
| ၈၁။ | ဆရာတော် ဦးအာစာရ | ၅၀ ဝါ | ပန်းတောရကျောင်း၊ မအူပင်။ |
| ၈၂။ | ဆရာတော် ဦးစက္ကိန္ဒ | ၅၀ ဝါ | ရွှေကျင်တောင်ကျောင်း၊ ပြုံးမြို့။ |
| ၈၃။ | ဆရာတော် ဦးနန္ဒိယ | ၅၀ ဝါ | ပိဋကတိုက်ကျောင်း၊ ငါးထပ်ကြီး၊ ရန်ကုန်။ |

| | | | |
|---|---|---|---|
| ၁၄။ | ဆရာတော် ဦးနာရဒ | ၅၀၊၀၁ | ပစ္ဆိမာရုံကျောင်း၊ အေးသာယာလမ်း၊ ရန်ကုန်။ |
| ၁၅။ | ဆရာတော် ဦးကေသရ | ၅၀၊၀၁ | ကျိုက္ကစံကျောင်း၊ မုဒုံမြို့။ |
| ၁၆။ | ဆရာတော် ဦးပညာသာမိ | ၅၀၊၀၁ | ရေကျော်ကျောင်း၊ သနပ်ပင်၊ ပဲခူး။ |
| ၁၇။ | ဆရာတော် ဦးကုဏ္ဍလ | ၅၀၊၀၁ | သမန်းတောကျောင်း၊ လှည်းတောရွာ၊ ဝက်လက်။ |
| ၁၈။ | ဆရာတော် ဦးသုဗောဓ | ၅၀၊၀၁ | ဓမ္မသုခကျောင်း၊ ကျုံဒိုးမြို့။ |
| ၁၉။ | ဆရာတော် ဦးအာသဘ | ၅၅၊၀၁ | ခရဲတောရကျောင်း- ခရဲရွာ၊ ကျုံဒိုး။ |

အစည်းအဝေးကြီး၏ သဘာပတိအဖွဲ့ဝင်(၁၉)ပါးဖြစ်ပါသည်။ သဘာပတိချုပ်အဖြစ်ဖြင့်အရှေ့ဝိသုဒ္ဓါရုံ(ဘဒ္ဒန္တဇောတယာဘိဝံသ) ဆရာတော်ကြီးသည် နေ့စဉ် စည်းဝေး တက်ရောက်တော်မူပါသည်။

# အစည်းအဝေးကြီးသို့ သန္ဒေသပေးတော်မူကြသော ဆရာတော်များ

၁။ ညောင်လေးပင်မြို့ တောရကြီး ကျောင်းတိုက် ဂိုဏ်းဝန်ဆောင် ဆရာတော်ကြီး။

၂။ ဝက်လက်မြို့ သရိုင်ရွာနေ မင်းကုန်းကျောင်း ဆရာတော်ကြီး။

၃' ပုသိမ်မြို့ မောင်းထောင်တိုက် ဆရာတော် ဦးကုဏ္ဍလ။

၄။ ရန်ကုန်မြို့ ဗဟန်း တောင်စွန်း ဓမ္မိကာရုံဆရာတော်ကြီး (ဦးပညာ)

၅။ ရှမ်းပြည် မိုင်းသျှူးမြို့ နားစံကျောင်းတိုက် ဆရာတော် ဦးရာဇိန္ဒ။

၆။ မေမြို့ ဝိသုဒ္ဓါရုံ ရွှေကျင်တိုက် ဆရာတော် ဦးမဟာသဓပဏ္ဍိတ ။

၇။ ဝက်လက်မြို့ ကြို့ပင်ကျောင်း ဆရာတော် ဦးလက္ခဏ။

၈။ မန္တလေးမြို့ နယ်မြေ (၁) ရွှေပြည်ရပ် မဟာဝိဇယာရာမတိုက်၊ ဆရာတော် ဦးပဏ္ဍဝံသ။

၉။ ပလိပ်မြို့ မဟာပရိတ္တာရုံ စလေ ကျောင်းတိုက် ဆရာတော် ဦးကောသလ္လ။

၁၀။ ကန့်ဘလူမြို့နယ် အင်းပေါင်း အောင်မြေရတနာအုတ်ကျောင်း ဆရာတော် ဦးဣန္ဒောသဓ။

၁၁။ ဝက်လက်မြို့နယ် ရတ္တညူမဟာနာယက မင်းရွာကျောင်း ဆရာတော်ကြီး။

၁၂။ မလှိုင်မြို့နယ်ဆိုင်ရာ ရွှေကျင်နိကာယမှ ပန်ကြားလွှာ (ကံကြီးသိရီသောမာရုံ ဆရာတော်က ဆက်ကပ်သည်)။

၁၃။ မော်လမြိုင်မြို့ ဝိနည်းပြန်ရွာနေ ဥက္ကဋ္ဌ ဇာသပြင်ဆရာတော်ကြီး။

* ဇာသပြင် ဆရာတော်ကြီး၏ သန္ဒေသပေးစာကို အစည်း အဝေး ရက်အတွင်းလွန်တော်မူသည်ဟု သိရ၍ ဖတ်လျှောက်ခြင်း မပြုခဲ့ပါ၊

## (က) ရွှေကျင်နိကာယ ရတ္တညူမဟာနာယကများ

၁၃၃၇-ခုနှစ်၊အစည်းအဝေးအတွင်း၌ သာသနာရေး ဆောင်ရွက်ဆဲ ဖြစ်တော်မူသော ယခင်တင်မြှောက်ပြီး ရတ္တညူ ဆရာ တော် (၁၀)ပါး....

၁။ ဆရာတော်ကြီး ဆင်ရုံတောရကြီးကျောင်း၊ရွှေကျင်မြို့။

၂။ ဆရာတော် ဦးသုန္ဒရ အဘယာရုံကျောင်းသစ်၊ စာရေးရွာ ဝိပဿနာစာပြန်ဌာန၊ စစ်ကိုင်းမြို့။

၃။ ဆရာတော် ဦးဇောတယာဘိဝံသ၊ အရှေ့ဝိသုဒ္ဓါရုံတိုက်၊မန္တလေးမြို့။

၄။ ဆရာတော် ဦးဇာဂရ ရွှေဟင်္သာတောရတိုက်၊ ညောင်တုန်းမြို့။

၅။ ဆရာတော် ဦးသာဂရ၊ ရွှေကောင်မှော်၊ မအူပင်မြို့။

၆။ ဆရာတော် ဦးညာနိန္ဒ၊ ပုဗ္ဗာရုံကျောင်း၊ နိဂြောဓလမ်း၊ ပုသိမ်မြို့။

၇။ ဆရာတော် ဦးရာဇိန္ဒ နိဂြောဓာရုံကျောင်း၊ ကညွတ်ကွင်းမြို့။

၈။ ဆရာတော် ဦးဗုဒ္ဓရက္ခိတ ရွာကွင်းကျောင်း ဇာသပြင် ဘားအံမြို့။

၉။ ဆရာတော် ဦးလက္ခဏ ကြုတ်ပင်ကျောင်း၊ ဝက်လက်မြို့။

၁၀။ ဆရာတော် ဦးသုဇာတ၊ ဒက္ခိဏာရာမကျောင်း၊လှုတော၊ ဝက်လက်၊

၁၁။ ဆရာတော် ဦးသောဘိတ ရွှေညောင်တော်ကျောင်း အင်းဘဲ၊ ဝက်လက်။

၁၂။ ဆရာတော် ဦးကောဝိဒ ချမ်းသာကြီးကျောင်း၊ ရှိမ္မကား၊ ဝက်လက်။

၁၃။ ဆရာတော် ဦးသုမန မင်းရွာကျောင်း မင်းရွာ၊ ဝက်လက်။

၁၄။ ဆရာတော် ဦးသုဝဏ္ဏ၊ မောင်းထောင်တိုက်၊ သုံးဆယ်မြို့။

၁၅။ ဆရာတော် ဦးဝိဇယ အင်းတင်တောင်ကျောင်း၊ ကလေးမြို့။

၁၆။ ဆရာတော် ဦးဣန္ဒောဘာသ ကံသာတိုက်၊ ကနီမြို့။

၁၇။ ဆရာတော် ဦးနန္ဒိယ (အဂ္ဂမဟာပဏ္ဍိတ)အောင်မြေသာစည်တိုက်၊ တောင်ကြီးမြို့။

၁၈။ ဆရာတော် ဦးတေဇဝန္တ ရေလဲကလေး ရွှေကျင်ကျောင်း၊ မအူပင်။

ရတ္တညူ မဟာနာယက အသစ်တင်မြှောက်အပ်သော ၁၄၆-ပါး ဆရာတော်များအားအစည်းအဝေးကြီးမှ တင်မြှောက်သည်ကို'ဝန်ဆောင်ကမ္မကာရက' အုတ်တွင်း ကန်ကလေးတောရ ဆရာတော် ဦးဉာဏိက က ဖတ်ကြားလျှောက်ထားခဲ့ပါသည်။

•ကောဒသမ စည်းဝေးချိန်၌....

(က) ယခင်ရှိပြီး ရတ္တညူဆရာတော် ၁၈-ပါး။

(ခ) ယခုထပ် တင်မြှောက် ရတ္တညူ ၁၄၆-ပါး....

စာရင်းရပါသော်လည်း ဤစာအုပ်ထွက်ချိန် ၁၃၃၈-ခုနှစ်ဝယ်၊ သက်ရှယ်တော်ကြီး ဆရာတော် အချို့လွန်တော်မူပြီး ဖြစ်ပါသည်။ လွန်တော်မူပြီး အချို့ဆရာတော်ကြီးများအတွက် ပူဇော်စိတ် ကြည်ညိုစိတ်နှင့် သတိသံဝေဂစိတ် ဖြစ်ကြပါရန် ၁၃၃၇-ခု၊ တန်ဆောင်မုန်းလ စာရင်းအတိုင်း ဖော်ပြလိုက်ရပါကြောင်း။

## (ခ) ရွှေကျင်နိကာယ ရတ္တညူ မဟာနာယကများ

| | |
|---|---|
| ၁။ ဆရာတော်အရှင်တေဇဝန္တ | ရသာရွာ၊ မဏိရတနာရုံ ကျောင်း၊ မြင်းခြံမြို့နယ်။ မြင်းခြံ၊ လေးတန်းဌာန။ |
| ၂။ ဆရာတော် ဦးစန္ဒမုနိ | ဝိသုဒ္ဓါရုံ၊ မြို့ထောင့်ကျောင်း တိုက်၊ တောင်ငူမြို့။ (တောင်ငူဌာန) |
| ၃။ ဆရာတော် ဦးကေတု | ရွှေကျင်ကျောင်း၊ ရေတာ ရှည်မြို့၊ (တောင်ငူဌာန) |
| ၄။ ဆရာတော် ဦးဥတ္တရ | ဒက္ခိဏာရုံကျောင်း၊ နတ်စင်ဘောက်ထော် ရန်ကုန်။ |
| ၅ ဆရာတော် ဦးကောသလ္လ | ဒေါပုံ အုန်းပင်ကျောင်း ရန်ကုန်။ |
| ၆။ ဆရာတော် ဦးဣန္ဒဝံသ | မင်္ဂလာရာမ သိမ်ချောင်း ရန်ကုန်။ |
| ၇ ဆရာတော် ဦးဇဝန | ကျိုက္ကလဲကျောင်းကြီး မင်္ဂလာဒုံ၊ ရန်ကုန်။ |
| ၈။ ဆရာတော် ဦးဇယသေန | မစိုးရိမ်ရွှေကျင်၊ ၈-မိုင် ရန်ကုန်။ |
| ၉။ ဆရာတော် ဦးဆန္ဒ | ဖြူးကိုန်းတောရ ကြို့ကုန်း၊ ရန်ကုန်။ |
| ၁၀။ ဆရာတော် ဦးသေိက | ကျိုက္ကစံ ပထမရွှေကျင်တိုက် သင်္ကန်းကျွန်း၊ ရန်ကုန်။ |
| ၁၁။ ဆရာတော် ဦးဓမ္မဿရ | မြဘုံသာကျောင်း တောင်ဥက္ကလာပ၊ ရန်ကုန်။ |

| | |
|---|---|
| ၁၂။ ဆရာတော် ဦးနာရဒ | ပစ္စိမာရုံကျောင်း အေးသာယာလမ်း၊ ရန်ကုန်။ |
| ၁၃။ ဆရာတော် ဦးရေဝတ | အနန်းပင်တောရ အနန်းပင်၊ ရန်ကုန်။ |
| ၁၄။ ဆရာတော် ဦးမုနိန္ဒ | မဟာဓမ္မိကာရာမတိုက် သပြေကန်။ |
| ၁၅။ ဆရာတော် ဦးကဝိန္ဒသာမိ | သဒ္ဓမ္မဇောတိကာရုံ ကွမ်းခြံကုန်း၊ သံလျင်၊ |
| ၁၆။ ဆရာတော် ဦးဇယန္တ | ခလုတ်ပိဋကတ်တိုက် ကျောင်း၊ တွံ့တေးမြို့။ |
| ၁၇။ ဆရာတော် ဦးဝါယာမ | ရွှေကျင်ကျောင်းသစ် ခရမ်းမြို့။ |
| ၁၈။ ဆရာတော် ဦးသုတ | ရွှေကျင်ဓမ္မာရုံတိုက် မုံရွာမြို့။ |
| ၁၉။ ဆရာတော် ဦးကေတုမာလာ | လက်ပန်တောရ ကျောင်းတိုက်၊ ဘူတာရွာ ချောင်းဦးမြို့။ |
| ၂၀။ ဆရာတော် ဦးသုဗောဓဥာဏ | ကံဖြူကျောင်း၊ မင်းတည် ကုန်းရွာ၊ ဒီပဲရင်းမြို့ ဘုတလင်မြို့နယ်။ |
| ၂၁။ ဆရာတော် ဦးစန္ဒိမာ | မောင်း ထောင် ကျောင်း တိုက်၊ သုံးဆယ်မြို့၊ သာယာ ဝတီခရိုင်။ |
| ၂၂။ ဆရာတော် ဦးသုဝဏ္ဏ | အုဋ္ဌကျောင်းတိုက် လှတောရွာ၊ ဝက်လက် မြို့ နယ်။ |
| ၂၃။ ဆရာတော် ဦးကဝိန္ဒ | ပုဗ္ဗာရုံကျောင်း ဒွန်တဲကုန်း ရွာ၊ ဝက်လက်မြို့နယ်။ |

| | |
|---|---|
| ၂၄။ ဆရာတော် ဦးဣန္ဒဝံသာဘိဝံသ | ငါပိုတောရကျောင်းတိုက် ညောင်ကန်ကျေးရွာ အင်းဘဲဌာန ဝက်လက်မြို့နယ်။ |
| ၂၅။ ဆရာတော် ဦးဇလိန္ဒ | တောရကြီး ကျောင်းတိုက်၊ ရှိမ်းမကား၊ ဝက်လက်မြို့နယ်။ |
| ၂၆။ ဆရာတော် (ဣစ္ဆာသယ ဆရာတော်ကြီး) | မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ဗဟန်း၊ ရန်ကုန်။ |
| ၂၇။ ဆရာတော် ဦးအာလောက | ဓာတ်တော်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက်၊ဗဟန်း၊ ရန်ကုန်။ |
| ၂၈။ ဆရာတော် ဦးပဏ္ဍိတ | ပုဗ္ဗာရုံကျောင်း၊ ထောက်ကြံ့၊ ရန်ကုန်။ |
| ၂၉။ ဆရာတော် ဦးတိလောက | တိလောကာရုံကျောင်း၊ ထောက်ကြံ့၊ ရန်ကုန်။ |
| ၃၀။ ဆရာတော် ဦးဓမ္မဝံသ | ပြဿဒ်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ဗဟန်း၊ ရန်ကုန်။ |
| ၃၁။ ဆရာတော် ဦးနန္ဒိယ | ပိဋကတ်တိုက်ကျောင်း၊ ငါးထပ်ကြီး၊ ရန်ကုန်။ |
| ၃၂။ ဆရာတော် ဦးအာသဘ | နန္ဒဝန်ဥယျာဉ်ကျောင်း၊ ဗဟန်း၊ရန်ကုန်။ |

| | | |
|---|---|---|
| ၃၃။ | ဆရာတော် ဦးတေဇိန္ဒ | ရွှေကျင်ကျောင်း၊ ကမ္ဘာအေး၊ရန်ကုန်။ |
| ၃၄။ | ဆရာတော် ဦးဥတ္တမ | ချစ်တီးကုန်းကျောင်း၊ မင်္ဂလာဒုံ၊ ရန်ကုန်။ |
| ၃၅။ | ဆရာတော် ဦးအဂ္ဂဓမ္မ | မဟာဓမ္မိကာရာမတိုက်၊ သပြေကန်၊ သံလျင်မြို့။ |
| ၃၆။ | ဆရာတော် ဦးပညာသာမိ | မဟာဓမ္မိကာရာမတိုက်၊ သပြေကန်၊ သံလျင်မြို့။ |
| ၃၇။ | ဆရာတော် ဦးဇောတိက | ရွှေကျင်ကျောင်း၊သံလျင်မြို့ (သပြေကန်ရွာနေ)။ |
| ၃၈။ | ဆရာတော် ဦးဆန္ဒ | ဓမ္မိကာရုံကမ္မဋ္ဌာန်းကျောင်း သံလျင်မြို့၊ (သပြေကန်ရွာနေ)။ |
| ၃၉။ | ဆရာတော် ဦးရေဝတ | သဝန်းတောဥယျာဉ် ကျောင်း၊ တွံတေးမြို့။ |
| ၄၀။ | ဆရာတော် ဦးကုသလ | ရတနာဘုမ္မိကျောင်း၊ တွံတေးမြို့။ |
| ၄၁။ | ဆရာတော် ဦးဉာဏ | ရွှေကျင်အနောက်ကျောင်း၊ ပျော်ဘွယ်ကြီးရွာ၊ (တွံတေးနေ) |
| ၄၂။ | ဆရာတော် ဦးဝါသဝ | မဟာဓမ္မိကာရုံကျောင်း၊ ဝါးခယ်မမြို့။ |
| ၄၃။ | ဆရာတော် ဦးကေသရ | သိမ်ကုန်းကျောင်း၊ ညောင်ပင်ဂရက်ရွာ၊ မအူပင်မြို့။ |
| ၄၄။ | ဆရာတော် ဦးသီလာစာရ (ဥက္ကံဆရာတော်) | ဘုရားကလေး၊ ဥက္ကံရွာ၊ ပဲခူးနေ။ |

| | |
|---|---|
| ၄၅။ ဆရာတော် ဦးဝိမလ | ရွှေကျင်ဓမ္မရိပ်သာ၊ ပဲခူးမြို့။ |
| ၄၆။ ဆရာတော် ဦးပဏ္ဍိတ | ရွှေဆံ့ဆင့်ကျောင်း၊ ပဲခူးမြို့။ |
| ၄၇။ ဆရာတော် ဦးကုဏ္ဍလ (ဆင်ပုန်းတောရဆရာတော်) | ဆင်ပုန်းတောရ၊ ဝမ်းဘဲအင်းရွာ၊ ပဲခူးဌာန။ |
| ၄၈။ ဆရာတော် ဦးဂေါပကဉာဏ | သာသနာ့ဇောတိက ကျောင်းတိုက်၊ တူးမြောင်းကျေးရွာ၊ မြောင်းမြမြို့နယ်။ |
| ၄၉။ ဆရာတော် ဦးဉာနေသာဘိဝံသ | အောင်မြေ ဘူမိ ကျောင်းတိုက်၊ ရေကျော် ကျေးရွာ၊ မြောင်းမြမြို့နယ်။ |
| ၅၀။ ဆရာတော် ဦးကောဏ္ဍည | သုခိတာရုံကျောင်းတိုက် ငါး မြင် ချောင်း ကျေး ရွာ မြောင်းမြမြို့နယ်။ |
| ၅၁။ ဆရာတော် ဦးဇနိတ | ကန်တောရ ကျောင်း တိုက် ကန့်ရွာ၊ ဂန့်ဂေါမြို့။ |
| ၅၂။ ဆရာတော် ဦးကေလာသ | ကန့်ရတာ ရ ကျောင်း တိုက် ကန်ရွာ၊ ဂန့်ဂေါမြို့။ |
| ၅၃။ ဆရာတော် ဦးနိပုန | ကန်အရှေ့ကျောင်း ကန်ရွာ။။ ဂန့်ဂေါမြို့။ |
| ၅၄။ ဆရာတော် ဦးတိဿ | လက်ပန်ချောင်း ဂန့်ဂေါမြို့ (ကန်တောရဌာန) |
| ၅၅။ ဆရာတော် ဦးကုသလ | လယ်ကြီးရွာကျောင်း ဂန့်ဂေါမြို့ (ကန်တောရဌာန) |

| | |
|---|---|
| ၅၆။ ဆရာတော် ဦးဇာဂရ | ကွန်းကြီးဘုရားကျောင်း ကျွန်းကြီးရွာ သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်း။ |
| ၅၇။ ဆရာတော် ဦးကဝိန္ဒ | ဂုဏ်ကျောင်း၊ သပြေကုန်း ရွာမ၊ မြန်အောင်မြို့နယ်။ |
| ၅၈။ ဆရာတော် ဦးကုဏ္ဍလာဘိဝံသ | ဂိုဏ်းထောက်ဆရာတော် မဟာဓမ္မာစရိယ၊ မိုးညိုမြို့နယ်။ |
| ၅၉။ ဆရာတော် ဦးဝိမလ | စခန်းသာကျောင်း စခန်းသာရွာ၊ ဝက်လက်မြို့နယ်၊ စစ်ကိုင်းတိုင်း။ |
| ၆၀။ ဆရာတော် ဦးနာယက | ရတနာခုဝံချောင် စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းတိုင်း။ |
| ၆၁။ ဆရာတော် အရှင်ပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ) | ရွှေဟင်္သာတိုက်သစ်။ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။ |
| ၆၂။ ဆရာတော် ဦးခေဇာတိက | ရွှေပြည်ချောင်၊ စစ်ကိုင်း တောင်ရိုး၊ စစ်ကိုင်းတိုင်း။ |
| ၆၃။ ဆရာတော် ဦးဧကသရိန္ဒ | မဟာစေတီလှကျောင်း တိုက်၊စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းတိုင်း။ |
| ၆၄။ ဆရာတော် ဦးပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ) | အနီးစခန်းချောင် စစ်ကိုင်းတောင်ရိုး |
| ၆၅။ ဆရာတော် အရှင်ဝရသာမိဘိဝံသ | ပါဠိကာရီ သုံးခွကျောင်း တိုက်၊ စစ်ကိုင်း တောင်ရိုး။ |
| ၆၆။ ဆရာတော် အရှင်ဇမ္ဗုဓဇ | ရန်အောင်မြင်ကျောင်း၊ စစ်ကိုင်းတောင်ရိုး။ |

| | |
|---|---|
| ၆၇။ ဆရာတော် ဦးဟေတ္ထိစ္စ | ထိန်ငူချောင်၊ စစ်ကိုင်း တောင်ရိုး၊ စစ်ကိုင်းတိုင်း။ |
| ၆၈။ ဆရာတော် ဦးသောဘိတ | ရက္ခန်းတော်ကျောင်းတိုက် ညောင်ပင်ကြီးတောရ ဝက်လက်နယ်။ |
| ၆၉။ ဆရာတော် ဦးနန္ဒိ | ငှက်ပျောတောဆုတောင်း ပြည့်ကျောင်း အင်းပေါင်း (ဝင်မနား)ကနီမြို့နယ်။ |
| ၇၀။ ဆရာတော် ဦးပဏ္ဍဝံသ | ငါ့ကင်းပိတောက်ပင် တောရ၊ မြင်းမူမြို့နယ်။ |
| ၇၁။ ဆရာတော် အရှင်ဝါသန | ဝိဇိတာရုံတိုက်၊ မန္တလေး (စစ်ကိုင်း၊ ဝိပဿနာဌာန) |
| ၇၂။ ဆရာတော်အရှင်ရေဝတ | ရွာဦးကျောင်း၊ ကန်ကြီး ကုန်းရွာ၊ စစ်ကိုင်းမြို့နယ်၊ (စစ်ကိုင်းဝိပဿနာ မဟာ ဂန္ဓာရုံဌာန) |
| ၇၃။ ဆရာတော် အရှင်ဥတ္တမ | အရှေ့ကျောင်း၊ သပြုံးရွာ၊ စစ်ကိုင်းမြို့ (စစ်ကိုင်းဝိပဿ နာ မဟာဂန္ဓာရုံဌာန) |
| ၇၄။ ဆရာတော် အရှင်ဈာနိန္ဒြိယ | တိမင်္ဂလ စက်ရုံချောင် စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ (စစ်ကိုင်း ဝိပဿနာမဟာဂန္ဓာရုံဌာန) |
| ၇၅။ ဆရာတော်အရှင် ဇောတိက | ခြသေ့်ကန်ကျောင်း၊ စာရေးအရှေ့ရွာ စစ်ကိုင်းမြို့၊ စစ်ကိုင်း ဝိပဿနာ မဟာ ဂန္ဓာရုံဌာန။ |

| | |
|---|---|
| ၇၆။ ဆရာတော်အရှင် ဝိမလာစာရ | မဟာဂန္ဓာရုံ ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်၊ စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့၊ စစ်ကိုင်းဝိပဿနာ မဟာဂန္ဓာရုံဌာန။ |
| ၇၇။ ဆရာတော် ဦးပဏ္ဍဝံသ | မင်းကုန်းမြောက်ကျောင်း၊ မင်းကုန်းရွာ၊ ဝက်လက်မြို့၊ သရိုင်ဌာန။ |
| ၇၈။ ဆရာတော် ဦးသြဘာသ | ရာဇဂြိုဟ်၊ ကလေးမြို့နယ်။ |
| ၇၉။ ဆရာတော် ဦးပဏ္ဍိတ | ဝေဠုဝန်စာသင်တိုက်၊ မင်းလှ။ |
| ၈၀။ ဆရာတော် ဦးပညာဇောတ | စည်ရှင် စကြံန်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေး။ |
| ၈၁။ ဆရာတော် ဦးသုဇာတ | ဆီးပင်ကျောင်း မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေး။ |
| ၈၂။ ဆရာတော် ဦးသုမန | ငွေတွင်းတူး တောရကျောင်း၊ ငယ်တိုးရွာ၊ ကျောက်ဆည်ခရိုင်။ |
| ၈၃။ ဆရာတော် ဦးဇာဂရ | သုဇီတာရုံကျောင်း၊ ကညွတ်ကွင်းမြို့။ |
| ၈၄။ ဆရာတော် ဦးဆန္ဒာဓိက | ကြို့ကုန်းတောရ၊ အင်းစိန်မြို့၊ (ကျောက်တန်း မဟာဗောဓိဌာန) |
| ၈၅။ ဆရာတော် ဦးဂန္ဓမာ | ဒက္ခိဏာရုံရွှေကျောင်းတိုက်၊ အုန်းနဲ၊ ကဝမြို့နယ်။ (ကျောက်တန်း မဟာဗောဓိဌာန) |

| | |
|---|---|
| ၈၆။ ဆရာတော် ဦးကုဿလ | ဇောတိကာရုံ ရွှေကျင်တိုက် ဒါးပိန်မြို့၊လှည်းကူးမြို့နယ်၊ (ကျောက်တန်း မဟာ ဗောဓိဌာန) |
| ၈၇။ ဆရာတော် ဦးပဏ္ဍဝံသ | မဟာဗောဓိ စာသင်တိုက်၊ ကျောက်တန်း၊ ပဲခူးမြို့နယ် (ကျောက်တန်း မဟာ ဗောဓိဌာန) |
| ၈၈။ ဆရာတော် ဦးပညာသိရီ | ပညာလင်္ကာရကျောင်း၊ သာကေတမြို့၊မဟာရန်ကုန် (ကျောက်တန်း မဟာ ဗောဓိဌာန) |
| ၈၉။ ဆရာတော် ဦးပဏ္ဍိစ္စ | ကျွန်းကလေးကျောင်း၊ မိုးညိုမြို့။ |
| ၉၀။ ဆရာတော် ဦးဇာဂရ | အောက်ကိုင်း တာဆုံ ကျောင်း၊ မင်းလှမြို့။ |
| ၉၁။ ဆရာတော် ဦးဝဇီရပညာ (ဂန္ဓကာရက) | ဓမ္မိကာရုံကျောင်း၊ ရေလဲ ကလေးရွာ၊ မအူပင်မြို့။ |
| ၉၂။ ဆရာတော် ဦးဝိဇယ | မဟာဓမ္မိကာရာမ တောရ ကျောင်း၊ ပြည်မြို့။ |
| ၉၃။ ဆရာတော် ဦးဇာနေယျ | ရွာမကျောင်း၊ ကိုင်းပြင်-ကြီး၊ မင်းလှမြို့။ |
| ၉၄။ ဆရာတော် ဦးတိလောက | ပါဒကြီး တောရကျောင်း ပြည်မြို့။ |
| ၉၅။ ဆရာတော် ဦးကုဿလ | မြစ်ကွေ့ကျောင်းတိုက်၊ လက်ပံတန်းမြို့။ |

| | |
|---|---|
| ၉၆။ ဆရာတော် ဦးပဏ္ဍိတ | ရွှေကြိုးကြာ တောရ ကျောင်း၊ ရွှေပန်းတော၊ အောင်လံမြို့။ |
| ၉၇။ ဆရာတော် ဦးရာဇိန္ဒ | မိုးကောင်းကျောင်း မဟာ ဝိသုဒ္ဓါရာမ (အရှေ့)တိုက်၊ အရှေ့ပြင်—မန္တလေး။ |
| ၉၈။ ဆရာတော် ဦးပညိန္ဒ | ရွှေသိမ်တော်ကျောင်း၊ မင်းရွာ၊ ဝက်လက်မြို့နယ်။ |
| ၉၉။ ဆရာတော် ဦးဇဝန | ဆတ်တွင်းကျောင်း၊ ကျောင်းကုန်းမြို့။ |
| ၁၀၀။ ဆရာတော် ဦးပဏ္ဍိတ | ရင်ပေါင်စာ တောရ ကျောင်း၊ ပြည်မြို့။ |
| ၁၀၁။ ဆရာတော် ဦးသုမင်္ဂလ | ပန်းတောကျောင်း၊ မင်းလှမြို့၊ သာယာဝတီ။ |
| ၁၀၂။ ဆရာတော် ဦးကုဏ္ဍလာဘိဝံသ | ဆင်ကျွန်းကျောင်းကြီး၊ မိုးညှိမြို့။ |
| ၁၀၃။ ဆရာတော် ဦးပညာစာရ | ဝိသုဒ္ဓါရုံ သာသနာပြု ကျောင်းတိုက်၊ အောင်လံ။ |
| ၁၀၄။ ဆရာတော် ဦးပဏ္ဍိတ | အသောကာရုံ ရွှေကျင် ကျောင်း၊ ကျောက်တံခါးမြို့၊ (ညောင်လေးပင် ဌာန) |
| ၁၀၅။ ဆရာတော် ဦးဇာဂရ | တောရကြီး ကျောင်းတိုက်၊ ညောင်လေးပင်မြို့၊ (ညောင်လေးပင်ဌာန) |
| ၁၀၆။ ဆရာတော် ဦးကေသရ | အင်းဝိုင်းတောရ၊ ညောင်လေးပင်မြို့၊ (ညောင်လေးပင်ဌာန) |

| | | |
|---|---|---|
| ၁၀၇။ | ဆရာတော် ဦးကုသလ | မယင်း၊ ဓမ္မသိင်္ဂီကိုက် ကျောင်း၊ ပဲခူးဌာန။ |
| ၁၀၈။ | ဆရာတော် ဦးသောဘန | ဈေးညောင်ပင် သိမ်ကုန်း ဆရာတော်၊ ပဲခူးဌာန။ |
| ၁၀၉။ | ဆရာတော် ဦးနန္ဒသိရိ | တာဝဘူတာ ဇလဲထော် ကျောင်း၊ ပဲခူးဌာန။ |
| ၁၁၀။ | ဆရာတော် ဦးပညာသာမိ | သနပ်ပင်၊ ရေကျော်ကျောင်း ပဲခူးဌာန။ |
| ၁၁၁။ | ဆရာတော် ဦးသာဂရ | ရွာရင်းကျောင်း၊ သလဲပါရွာ မြင်းမူမြို့၊ (မူး—မန္တလေးဌာန) |
| ၁၁၂။ | ဓမ္မာရုံဆရာတော် | ဓမ္မာရုံကျောင်း ရွှေသန်းကုန်းရွာ၊ မြင်းမူမြို့၊ (သလဲပါ မူး– မန္တလေးဌာန) |
| ၁၁၃။ | ဆရာတော် ဦးဣန္ဒာစာရ | ရှင်ပင်ဘက်ဘုန်းကျောင်း၊ မူး-မန္တလေးရွာ၊ မြင်းမူ၊ (သလဲပါ မူး— မန္တလေးဌာန) |
| ၁၁၄။ | ဆရာတော် ဦးပဏ္ဍိစ္စ | နေမိန္ဒရတောရကျောင်း၊ သလဲပါရွာ မြင်းမူ (သလဲပါ-မူး မန္တလေးဌာန) |
| ၁၁၅။ | ဆရာတော် ဦးဇဝန | ဓမ္မိကာရုံကျောင်း၊ သရက်ချို့ရွာ မြင်းမူ (သလဲပါ မူး- မန္တလေး ဌာန) |

| | |
|---|---|
| ၁၁၆။ ဆရာတော် ဦးဘဂ္ဂဝ | မဟာ ဂန္ဓာရုံကျောင်း ကင်းပန်းရွာ ထီးလင်း မြို့နယ်၊ (ထီးလင်းဌာန) |
| ၁၁၇။ ၈၀။ ဆရာတော် ဦးဆန္ဒပညာ | ဝိဇိတာ ရုံ ကျောင်း တိုက် ချောင်းရင်းရွာ၊ ပြွန်တန် ဆာမြို့နယ်၊ (ပြွန်တန်ဆာ ဝိနည်းပြန်ဌာန) |
| ၁၁၈။ ဆရာတော် ဦးသြဘာသ | ကပ်ကုန်း တောရ ကျောင်း တိုက်၊ ရွှေကျင်မြို့ (ပြွန်တန် ဆာ ဝိနည်းပြန်ဌာန) |
| ၁၁၉။ ဆရာတော် ဦးဝဇီရဝံသ | ကွမ်းဆိပ် မဟာဗောဓိ တောရကျောင်းတိုက် ဆင်ရုံတောရ ဝိနည်းပြန် (ရွှေကျင်မြို့နယ် ဌာန) |
| ၁၂၀။ ဆရာတော် အရှင်စန္ဒသိရီ | ရွှေဘုံသာကျောင်း လေး တန်းရွာ၊ မြင်းခြံမြို့။ (မြင်းခြံလေးတန်းဌာန) |
| ၁၂၁။ ရွှေစေတီဆရာတော် ဦးပဏ္ဍိတ | ရွှေစေတီကျောင်း၊ ပဒတ္တိုင်းရွာ(မြင်းမူမြို့နယ်) ညောင်ပင်ကန် ဝိနည်းပြန် |
| ၁၂၂။ ကန်ဖျားဆရာတော် ဦးဥက္ကံသ | စည်းစိမ်ကျောင်း- ကန်ဖျားရွာ၊မြင်းမူမြို့နယ် (မူး မန္တလေး ဝိနည်းပြန်) |
| ၁၂၃။ ထိန်ကန်ဆရာတော် ဦးသောဘိတ | ထိန်ကန်ရွာကျောင်း၊ မြင်းမူမြို့နယ်၊ (ငါးကင်းဝိနည်းပြန်) |

| | | |
|---|---|---|
| ၁၂၄။ | ဆရာတော် ဦးဥာဏ | ကမားကျောင်း ဘားအံမြို့၊ မင်္ဂလာရွာသစ်။ |
| ၁၂၅။ | ဆရာတော် ဦးသူရိယ | သက္ကယ်တောင် ဘီလူးကျွန်း တကူတနာရွာ။ |
| ၁၂၆။ | ဆရာတော် ဦးဥက္ကံဝံသ | ဂန္ဓာရုံ မော်လမြိုင်၊ တောင်ဝိုင်းကလေး။ |
| ၁၂၇။ | ဆရာတော် ဦးစန္ဒိမာ | ခေမိကာသိပ္ပံ မုဒုံမြို့၊ ဖားအောက်ရွာ။ |
| ၁၂၈။ | အဘယာရုံဆရာတော် ဦးအာသဘ | မော်လမြိုင်၊ တောင်ဝိုင်းကြီး။ |
| ၁၂၉။ | ဆရာတော် ဦးစက္ကိန္ဒ | ဇေယျမေဒနီ၊ မော်လမြိုင်မြို့ ပန်းတန်းရပ်။ |
| ၁၃၀။ | ဓမ္မသုခဆရာတော် ဦးသုဗောဓ | ကော့ကရိတ်မြို့၊ ကျုံနီးရွာ။ |
| ၁၃၁။ | ရွှေကျင်ဆရာတော် ဦးကုဏ္ဍလ | သံဖြူဇရပ်မြို့၊ ဓမ္မာရာမ။ |
| ၁၃၂။ | ဆရာတော် ဦးကိတ္တိ | မော်လမြိုင်၊ မဟာမြိုင်။ |
| ၁၃၃။ | ဆရာတော် ဦးဝိဇယ | ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်။ |
| ၁၃၄။ | ဆရာတော် ဦးကုသလ | လပွတ္တာမြို့၊ လေးထပ်စာသင်တိုက်။ |
| ၁၃၅ | ဆရာတော် ဦးပဏ္ဍိတ | မြောင်းမြမြို့ ဇေယျမေဒနီတိုက်။ |
| ၁၃၆။ | ဗူးတောင်းကွဲဆရာတော်ကြီး ဦးမဟိန္ဒ | မာန်အောင်မြို့၊ ရခိုင်ပြည်နယ်။ |
| ၁၃၇။ | ဆင်နားချောင်ဓမ္မိကာရုံ ရွှေကျင်ကျောင်း ဦးကာဝိန္ဒ | မာန်အောင်မြို့၊ ရခိုင်ပြည်နယ်။ |
| ၁၃၈။ | ဆရာတော် ဦးဓမ္မသိရီ | မာန်အောင်မြို့၊ ဓမ္မိကာရုံ တိုက်ကျောင်း၊ ရခိုင်ပြည်နယ်။ |

| | | |
|---|---|---|
| ၁၃၉။ | မြတ်မချောင်းကျောင်းကြီး ဆရာတော် ဦးပဏ္ဍိစ္စ | မာန်အောင်မြို့ ရခိုင်ပြည်နယ်။ |
| ၁၄၀။ | မျှော်တော်ဦးမြောက်ကျောင်း ဆရာတော် ဦးသောဘိတ | ပာန်အောင်မြို့ ရခိုင်ပြည်နယ်။ |
| ၁၄၁။ | မိန်းမကြွယ် ကျောင်းသစ် ဆရာတော် ဦးသုန္ဒရ | မာန်အောင်မြို့ ရခိုင်ပြည်နယ်။ |
| ၁၄၂။ | ဆရာတော် ဦးနန္ဒဝံသ | အောင်မြေဘုံ့ သိရိမင်္ဂလာ တိုက်၊ ခွက်ခွင်းရွာ မြင်းမူမြို့။ (ငါးကမ်းရွာ)။ |
| ၁၄၃။ | ဆရာတော်ဦးစက္ကိန္ဒ | ရွှေကျင် တောင်ကျောင်း ဖြူးမြို့။ (ညောင်လေးပင်ရွာ)။ |
| ၁၄၄။ | ဆရာတော် ဦးဓမ္မဿရ | မုံရွာခရိုင် ဘုတလင်မြို့နယ် အုတ်ဖို အရှေ့ကျောင်း။ |
| ၁၄၅။ | ဆရာတော် ဦးတိက္ခဒြယ | သုံးထပ်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက် ဗဟန်း၊ ရန်ကုန်။ |
| ၁၄၆။ | ဆရာတော် ဦးခေမိန္ဒ | ကျောက်ကုန်းတောရ၊ မေဓိနီကျောင်းတိုက်၊ ရန်ကင်း ရန်ကုန်။ |

## သာသနာတော်လုံးဆိုင်ရာ
## ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင် နာယက
## ကမ္မဋ္ဌာရက များ

၁။ ဆရာတော် ဦးပဏ္ဍိတ၊ ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်း။

၂။ ဆရာတော် ဦးပဏ္ဍိတ၊ အနီးစခန်းချောင်၊ စစ်ကိုင်းတောင်။

၃။ ဆရာတော် ဦးဇနက၊ မဟာဂန္ဓာရုံတိုက်၊ အမရပူရ။

၄။ ဆရာတော် ဦးဝါသန၊ ဝိဇိတာရုံတိုက်၊ မန္တလေး။

၅။ ဆရာတော် ဦးဒေါဂရ၊ တောရကြီး ကျောင်းတိုက်၊ ညောင်လေးပင်။

၆။ ဆရာတော် ဦးဇာနေယျဗုဒ္ဓိ၊ မဟာဝိသုဒ္ဓါရုံ၊ မန္တလေး။

၇။ ဆရာတော် ဦးသုဝဏ္ဏဇောတိ၊ မဟာဝိသုဒ္ဓါရုံ မန္တလေး။

၈။ ဆရာတော် ဦးအာနန္ဒပဏ္ဍိတ၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ ပြည်မြို့။

၉။ ဆရာတော် ဦးဝိမလ၊ ရွှေဟင်္သာတောရတိုက်၊ ညောင်တုန်းမြို့။

၁၀။ ဆရာတော် ဦးကုဏ္ဍလ၊ မောင်းထောင်တိုက်၊ ပုသိမ်။

၁၁။ ဆရာတော် ဦးဣန္ဒာစာရ၊ ရွှေသိမ်တော်ကြီးတိုက်၊ မုံရွာ။

၀၂။ ဆရာတော် ဦးဝါသဝ၊ မဟာဝိသုဒ္ဓါရုံတိုက်၊ ဗဟန်း၊ ရန်ကုန်။

၁၃။ ဆရာတော် ဦးနရပတိ၊ ဓမ္မိကာရုံ၊ စိန်ပန်း၊ မန္တလေး။

၁၄။ ဆရာတော် ဦးဝရသာမိ၊ ပါဠိကာရီ သုံးခွကျောင်း၊ စစ်ကိုင်း။

၁၅။ ဆရာတော် ဦးဓမ္မာနန္ဒ၊ ရတနာ့ဗိမာန်၊ စစ်ကိုင်း။

၁၆။ ဆရာတော် ဦးသုပညိန္ဒ၊ ပထမဂန္ဓာရုံ၊ စစ်ကိုင်း။

၁၇။ ဆရာတော် ဦးဉာဏိက၊ ကန်ကလေးတောရ၊ အုတ်တွင်းမြို့။

၁၈။ ဆရာတော် ဦးမဟောသဓပဏ္ဍိတ၊ ဝိသုဒ္ဓါရုံရွှေကျင်တိုက်၊ မေမြို့။

၁၉။ ဆရာတော် ဦးဝိမလ၊ ကန်ကြီးပရိယတ္တိစာသင်တိုက်၊ ညောင်ရွှေမြို့။

၂၀။ ဆရာတော် ဦးဇောတိပါလ၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့။

၂၁။ ဆရာတော် ဦးဝေပုလ္လ၊ ပတ္တမြားတိုက်၊ မန္တလေးမြို့။

၂၂။ ဆရာတော် ဦးအဂ္ဂိယ၊ မဟာဝိသုဒ္ဓါရုံ၊ မန္တလေးမြို့။

၂၃။ ဆရာတော် ဦးနိမ္မလ၊ တိမူလာရုံ ရွှေဟင်္သာ၊ ကျိုက္ခမီမြို့။

၂၄။ ဆရာတော် ဦးကောသလ္လ၊ ကျိုက်ဒိုးတောရတိုက်၊ ဘီလူးကျွန်းမြို့။

၂၅။ ဆရာတော် ဦးသြဘာသ၊ မဟာမြိုင်ကျောင်းတိုက်၊ မော်လမြိုင်မြို့။

၂၆။ ဆရာတော် ဦးတိက္ခိန္ဒြိယ၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ရန်ကုန်။

၂၇။ ဆရာတော် ဦးဉာဏိက၊ ပဇ္ဇောတာရုံ ကျောင်းတိုက်၊ မြောင်းမြ။

၂၈။ ဆရာတော် ဦးသီလာနန္ဒ၊ အဘယာရာမတိုက်၊ မန္တလေး။

၂၉။ ဆရာတော် ဦးပညာဇောတ၊ ၓသာသနာ့မဏ္ဍိုင်တိုက်၊ ပဲခူး။

၃၀။ ဆရာတော်ဦးသိရိန္ဒ၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူး။

## ဝန်ဆောင် ကမ္မကာရက တိုးခန့်တော်မူခြင်း

ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက သမ္မုတိသံဃရာဇာ သာသနာပိုင် ဖြစ်တော်မူသော အရှေ့ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် ဤမှတ်တမ်းတင် စာအုပ်ကြီး ရိုက်နှိပ် စီစဉ်မှုက စပ်သွယ်၍ ဒွါဒသမအစည်းအဝေး ပြုလုပ်လတ္တံ့ အရေးများ ဆွေးနွေးသဘောဖြင့် မိန့်ကြားရင်းမှ လက်ရှိ ဝန်ဆောင်ကမ္မ ကာရကအပြင် နောက်ထပ်တိုးပွား တင်မြှောက်ပြီး ဒွါဒသမ အစည်းအဝေး ကြီး ဖြစ်မြောက်ရေးကိုရင်း, အခြားဂိုဏ်းကိစ္စများ ဝိုင်းဝန်း ဆောင်ရွက်နိုင် ရေးနှင့် မိမိတို့၏ဌာန နယ်ဒေသ အသီးအသီး၌ လွယ်ကူစွာဆောင်ရွက်နိုင် ရေးကိုရင်း စဉ်းစားမိသည်ဟု မိန့်တော်မူကာ ဘော်ပြအပ်ပြီး ဆရာတော် ကြီး-ငယ်' ၃၀-ပါး'သုံးဆယ်သော အရှင်မြတ်များသည်"သာသနာတော်လုံး ဆိုင်ရာ ရွှေကျင်နိကာယ ကမ္မကာရက ဝန်ဆောင်နာယက" ဖြစ်သည်ဟု ကိုယ် တော်တိုင် မိန့်မြွက်တော်မူလျက် ဤစာအုပ်၌ ထည့်သွင်းကြေငြာစေပါသည်။

ထို့ပြင် ဒွါဒသမ အစည်းအဝေး၌ အများသဘောတူညီချက်ဖြင့် တမျိုး တမည် သတ်မှတ်လို ပြင်ဆင်လို ဖြည့်စွက် ပယ်ဖျက်လိုသော်- သတ်မှတ်နိုင် ပြင်ဆင်နိုင် ဖြည့်စွက်နိုင် ပယ်ဖျက်နိုင်ရမည် ဖြစ်ကြောင်းကိုလည်း မိန့်တော်မူ ပါသည်။

ရွှေကျင်နိကာယ
သာသနာပိုင် ဆရာတော်ကြီး
အမိန့်အရ
အကျိုးဆောင်များ
မန္တလေး။

၁၃၃၀-ခု၊ နတ်တော်လဆန်း ၁၂-ရက်။

# ၁၃၃၇-ခု၊ တန်ဆောင်မုန်းလဆန်း (၁၂)ရက် မလှိုင်မြို့ဆိုင်ရာ ရွှေကျင်နိကာယမှ ပန်ကြားလွှာပါဗရား။

မန္တလေးမြို့ရွှေကျင်နိကာယ ဗဟိုဌာနဂိုဏ်းလုံးဝန်ဆောင်ဆရာတော်ဗရားများနှင့်တကွ ကောဒသမ ဤရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးသို့ အမြို့မြို့ အနယ်နယ်မှ ကြွရောက်လာတော်မူကြသော“ဂဏနာထ ဂဏပါလ မဟာနာယက ဆရာတော်အသီးသီးတို့အား” မလှိုင်မြို့-ကံကြီး သိရိသော မာရုံကျောင်းတိုက်မှ တပည့် (စန္ဒဇောတိ)က မလှိုင်နယ် ရွှေကျင်နိကာယ သံဃာ့ကိုယ်စားပြု၍ အလေးစားဆုံးဖြစ်သော ဂါရဝတရားဖြင့် ရိုသေစွာ ပန်ကြားလျှောက်ထားအပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဗရား။

တပည့်တော်များမှာ အစည်းအဝေး ကျင်းပနေစဉ်အတွင်း စည်းမျဉ်း သတ်မှတ်ထားသော တာဝန်ဝတ္တရားများကို အပြည့်အဝလိုက်နာနိုင်လောက်အောင် ခန္ဓာကိုယ်တောင့်တင်းခိုင်မာခြင်း မရှိသော်လည်း ကြုံတောင့်ကြုံခဲ မျက်နှာမလွှဲထိုက်သော အစည်းအဝေးကြီးဖြစ်သည့် အားလျော်စွာ ပင့်စာ ရောက်လာသော အချိန်မှအစပြု၍ မခိုင်မာသော ရုပ်ခတ်မှ ခိုင်မာသော စိတ်ခတ်အားကို အတတ်နိုင်ဆုံး ထုတ်ယူပြီးလျှင် ဤအစည်းအဝေးကြီးသို့ ကိုယ်တိုင်လာရောက် ဝမ်းမြောက်ဘွယ်ရန် ထက်သန်ပြင်းပြ သန္နိဋ္ဌာန်ချ၍ အားခဲခဲ့ပါသည်ဗရား။

သို့ရာတွင် ဂမိကာဘိသင်္ခါရ ကိစ္စအစုံစုံ ပြင်ဆင်မှု ပြုလုပ်နေတုန်းမှာပင် အသွင်မတူသော ခေတ်ကြီးလေးပါးတို့ ယာယီ မဟာမိတ်ဖွဲ့ပြီး စုပေါင်း တည်ဆောက်ထားသော ခန္ဓာကိုယ်ကြီး ဖြစ်သည့်အလျောက် မျက်မှောက် ကြုံတွေ့နေရသော **ဝိသမဓာတု** ဥတုပြောင်းလဲမှု အခြေအနေအရ “အာ ရောဂျသမ္ပတ္တိ” မဖြစ်ပဲ ရှိနေပါသောကြောင့် ယင်း ဂမိကာဘိသင်္ခါရ ကြောင့်ကြအားစိုက်မှုကို ရုပ်သိမ်းပြီးလျှင် ကြိုတင် သတ်မှတ်ချက် မရှိသော ဤအရေးပေါ် ပန်ကြားလွှာဖြင့်ပင် တပည့်များ မလာနိုင်သည်ကို ခွင့်လွှတ် တော်မူကြပါရန် ရိုသေစွာ ပန်ကြားရပါတော့သည် ဗရား။

ထို့ပြင်တတန် အထူးလျှောက်ထားရန်မှာ မလှိုင်မြို့ဆိုင်ရာ ရွှေကျင်နိကာယ အစုအဝေးသည် ပင်ကိုယ်က အားနည်းရသည့်အထဲ 'ရှင်နဲ့ရာ အဂ္ဂလူထွက်' ဆိုသည့်ပမာ အသက်သိက္ခာ ကြီးရင့်တော်မူကြသော သက်တော်ရှည်ဆရာတော်ကြီးများလည်း တပါးပြီးတပါး လွန်၍ သွားတော်မူကြပြီးဖြစ်၍ မလှိုင်ဌာနအနေဖြင့် ရှေ့ထွက်လည်းမိမိ နောက်လိုက်လည်းမိမိ အင်အားချိနဲ့သကဲ့သို့ ထင်မှတ်ရလင့်ကစား ဤအစည်းအဝေးကြီးမှ ချမှတ်သမျှ ဆုံးဖြတ်ချက် အဝဝကိုကား လှုနဲ့နဲ့နှင့် ကြဲကြဲဝိုင်းပြီး ကြိုဆိုထောက်ခံ စိတ်အားထက်သန်စွာ လိုက်နာကြမည့်အကြောင်း မလှိုင်ဝိနည်းပြန်ဌာန နိကာယကိုယ်စား တပည့်တော်များကပင် တာဝန်ယူလျှောက်ထားရပါသည်ဘုရား။

ထိုမှတပါး နိဂုမ်းချုပ်အနေအားဖြင့် လျှောက်ထားရပါလျှင် ဤအစည်းအဝေးကြီးတွင် ဆရာတော်အရှင်မြတ်များ ချီတက်ရမည့်ခရီးစဉ်သည်ကား "မွေ့ရာ ကမ္ဗလာခင်းထားသော လပ်းဖြူးလမ်းဖြောင့် မဟုတ်သည့်တိုင်အောင် ထက်သန်မြင့်မားသော စိတ်ဓာတ်အားဖြင့် ဖြူးဖြောင့်သာယာသော ရွှေလမ်းကြီးကိုကဲ့သို့ အမှတ်ထားပြီးလျှင် ပြတ်သားခြောင်မြောက်ပန်းတိုင်ရောက်အောင် အဖုံအထစ်မပါ ချောမောစွာ ချီတက်တော်မူနိုင်ကြပါစေ" ဟု တပည့်တော်များ ဆုတောင်း ပတ္ထနာ အာသီသပြုလျက် ရှိသည်ကိုလည်း ရိုသေစွာ လျှောက်ထားရပါကြောင်းပါဘုရား။

ပြန်တန်ဆာမြို့ သာသနာသောဘဏီကာရုံ ဝမ္မကထိက ဦးစာရိတ္တာဇာလ ,က လျှောက်ထားဖတ်ကြားသည်။

# ဤသံဃာအစည်းအဝေးကြီးသို့ ကိုယ်တော်တိုင် ကြွမလာနိုင်သော စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ရတ္တညူမဟာနာယက မင်းရွာဆရာတော်ဘုရားကြီး၏ ပဲခူးမြို့ သာသနာတော်လုံးဆိုင်ရာ (၁၁)ကြိမ်မြောက် ရွှေကျင်ဂိုဏ်းသံဃာ့အစည်းအဝေးကြီးသို့ ဆန္ဒပေးလျှောက်လွှာပါဘုရား

ရိုသေလေးမြတ် လျှောက်ထားအပ်ပါသည်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ဗဟိုဌာနနှင့်တကွ မြို့နယ်ဒေသ မိမိတို့ဆိုင်ရာဆိုင်ရာ ဝိနည်းပြန့်ဌာနတို့မှ ချမှတ်စီမံ ဂိုဏ်းတာဝန်ဖြင့် ရွှေကျင်သွေး ရွှေကျင်ဟန် ဇာတိမာန်လွှန်ကဲ စည်းဝေးပွဲသို့ ကြွရောက်တော်မူကြကုန်သော ရွှေကျင်ဂိုဏ်းဝင် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

ဘုရားရှင် သာသနာတော်ကြီး ခိုင်မာတည်တန့် အရှည်ခန့် ရေး နှင့် ရွှေကျင်သာသနာတော်ကြီး စွယ်စုံတိုးတက် တန်ခိုးထက်၍ ဖြိုးလက်စည်ပင် စင်ကြယ်ရေးတို့ကို အားပေးအမွန်းတင်သည့် အနေဖြင့် ကျင်းပအပ်သော သာသနာတော်လုံးဆိုင်ရာ (၁၁)ကြိမ်မြောက် ရွှေကျင်ဂိုဏ်း သံဃာ့အစည်း အဝေးကြီးသို့ တက်ရောက်အားပေးလိုသောဆန္ဒ စိရပဗ္ဗဇိတ သံဃပိတရ ရွှေကျင်သံဃပရိဏာယက ဆရာတော်ကြီးများနှင့်တကွ အထက်အောက်ဆိုင် ရာ အစည်းအဝေးကြီး ကိုယ်စားလည် ဆရာတော်တို့အား ဖူးတွေ့လိုသော အာသာဆန္ဒ လွန်မင်းစွာရှိပါသော်လည်း....

ဘုရားတပည့်တော်များသည် အိုမင်းကြီးရင့် ရှည်မြင့်ကာလ ပစ္ဆိမခေါ် ရှစ်ဆယ်ကျော်တန်း မကျန်းမမာ ဇရာဒုဗ္ဗလဖြစ်၍ ခရီးဝေးကွာလှသော နေရာဌာနတို့သို့ သွားလာခြင်းငှါ မဖြစ်တော့ပါသဖြင့် ရွှေကျင်နိကာယ အစည်းအဝေးကြီးသို့ မတက်ရောက်နိုင်တော့ပါ ဘုရား။ ထိုသို့ မတက် ရောက်နိုင်ပါသော်လည်း ကြွရောက်တော်မူကြသော ရတ္တညူမဟာနာယက

ဂဏပါလက ဂဏနာယကဆရာတော်ကြီးများ အမှူးပြုသော ဂဏာရက္ခ ဂိုဏ်းအုပ် ဂိုဏ်းထောက်ဆရာတော် သံဃာ့ဘာရနိတ္ထရက ဂိုဏ်းလုံးဝန်ဆောင် ဆရာတော်တို့၏ (မယံ ဘန္တေ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရော ဒကီဘူတာ အညမညံ ပိယစက္ခူဟိ ပဿန္တာ ဝိဟရာမ) ဤသို့ စသော စူဠ ဂေါသိင်္ဂသုတ်အလာနှင့် သဘောကိုက်ညီ အမှန်းတင်ကျင်းပပြုလုပ်အပ်သော အစည်းအဝေးကြီးဖြစ်၍....

သမဂ္ဂါ သန္နိပတိဿန္တိ၊ သမဂ္ဂါ ဝုဋ္ဌဟိဿန္တိ၊ သမဂ္ဂါ ရွှေကျင်သံဃ-ကရဏီယာနိ ကရိဿန္တိ-စသော အပရိဟာနိယတရားနှင့်.... လျော်ကန်သင့်မြတ် စည်းဝေးပြဓာန်းဆုံးဖြတ်ကြမည်ဟု ဥုးလည်မသုံ အားကိုးယုံကြည်ပါသည်ဗျား....

အားကိုးယုံကြည်သည်အားလျော်စွာ အစည်းအဝေးကြီးမှ ပြဓာန်းဆုံးဖြတ် ချမှတ်တော်မူကြသော ဂိုဏ်းစည်းမျဉ်းဥပဒေ ထုံးတမ်းတို့ကို နှစ်လိုအားရမ်း ရှင်လန်းဝမ်းသာ လက်ခံကျင့်သုံးပါမည့် အကြောင်းနှင့် အစည်းအဝေးကြီးသို့ ကာယသာမဂ္ဂီ, ဝစီသာမဂ္ဂီ စိတ္တသာမဂ္ဂီအဖြစ် ရောက်အောင် ကြွရောက် တော်မူကြကုန်သော ကိုယ်စားလှယ် သံဃာတော် အရှင်မြတ်တို့ ရှင်လန်းကျန်းမာ ပီတိပန်းဖြာလျက် သကနိကာယ ရွှေကျင် သာသနာတော် ဝယ် တကယ်အရေးကြီးသည့် သွေးစည်းထူထောင် ကောင်းအောင် ပြုပြင် ရေး- ရွှေကျင်သွေး ရွှေကျင်ဟန် ဇာတိမာန်ရင့်ကျက် တိုးတက်စည်ပင်ရေး စသော ရွှေကျင်သာသနာရေး ဘာသာသွေးတို့ကို အားပေးမြှင့်တင်နိုင် ကြပါစေ ဟု တပည့်တော်များ ဆုတောင်းမေတ္တာ ပို့သရင်း ဆန္ဒပေး လျှောက်ထားပါသည် ရွှေကျင်ဂိုဏ်းဝင် သံဃာတော်အမြင်သူမြတ်တို့ဗျား။

* မန္တလေး ဝိသုဒ္ဓါရုံဇမ္ဗူ့မော် ဦးဝိစိန္တာဝံသ (ပါဠိပါရဂူ) က လျှောက်ထားဖတ်ကြားသည်။

—o—

# ဗဟန်း နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ကျောင်းတိုက် သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၆) ဝါရ

## ရန်ကုန်မြို့၊ ဝိနည်းပြန့်ဌာန၊ သုံးနယ်လုံး၏ ဂိုဏ်းချုပ် ရဋ္ဌည၊ မဟာနာယက ဆရာတော်ဘုရားကြီး၏

### ဝိန္ဒောဝါဒကထာ

နမောအနန္တဗုဒ္ဓိနော

ပဲခူးမြို့ ကြခတ်ဝိုင်း ကျောင်းတိုက်ကြီးတွင် ရွှေကျင်ဂိုဏ်းလုံးကျွတ်ပင့်လျှောက်အပ်သော သံဃာ့အစည်းအဝေးကြီးသို့ ဘိစီးဇရာ အားနည်းစွာကြောင့် မလာရောက်နိုင်ပါကြောင်း ရိုညွတ်ပျောင်းလျက် ခွင့်တောင်းပန်ကြား အောက်ပါစကားကို ရေးသား ဦးခိုက် လျှောက်ထားလိုက်ရပါသည်ဘုရား။

ဗုဒ္ဓေါလောကေသမုပ္ပန္နော ပုညက္ခေတ္တောအနုတ္တရော- ဟူသော ပါဠိတော်အရ၊ လောကကြီးတွင် ဘုရားရှင်တို့ ပွင့်တော်မူလာရဆိုသည်မှာ၊လူနတ်ဗြဟ္မာ သတ္တဝါမှန်သမျှတို့၏သန္တာန်ဝယ်ဆန်းကြယ်ကြီးမြတ်လှအပ်သော အကျိုးကိုရဘို့၊ ကုသိုလ်တည်းဟူသော မျိုးကိုစိုက်ပျိုးရာ၊ အခါကောင်းသင့်၊ အခွင့်ကောင်း ကြုံလာရမှုကို ဆိုလိုပေသည်။ ထိုသို့ကြုံတောင့်ကြုံခဲ အလွန်ဘဲခဲယဉ်းလှစွာ၊ သာသနာနှင့်ခုအခါ တွေ့ကြုံကြိုက်တော်မူကြရသည့် အပြင်- ဗုဒ္ဓုပ္ပါဒေါဟိဒုလ္လဘော လောကသ္မိံ တတောပဗ္ဗဇ္ဇာစ ဥပသမ္ပဒါစ ဒုလ္လဘတရာ- ဟူ၍ လာသော ဝိနည်းအဋ္ဌကထာအရ၊ လောကကြီး၌ အလွန်ခဲယဉ်းလှသော ဘုရားအဖြစ်ကို ရရှိရန်ထက် သာ၍လွန်ခက်ခဲလှသည့် အတိဒုလ္လဘ သုဒုလ္လဘ-ဆိုသင့်လှသော ရှင်,ရဟန်း ဘဝမျိုးကို ရရှိကျိုးနပ်သဖြင့် ဝဋ္ဋဒုက္ခသံသရာမှ ဆောလျင်စွာ ထွက်မြောက်ကြပါရန် ကျင့်ကြံကြိုးကုတ် အားထုတ်ဘို့ တိုက်တွန်းအပ်ပေသည်။

သို့မဟုတ်လျှင် ပညာရှိ သတိဖြစ်ခဲ့ ဆိုသကဲ့သို့ ဖြစ်တော်မူကြပါက ဂိဟိဒေသာဂါ ပရိဟိနေသော ပညတ္တာစ္ဗ ဒုဗ္ဗေဂါ- အစရှိသော ဤတိဝုတ်ပါဠိတော်အရ ရှင်ရဟန်းဘဝ၌ ပရိယတ္တိ ဗဟုဿုတ ပဋိပတ္တိ ဗဟုဿုတ ပေါကြွယ်ဝ၍ အနေကောင်းကြပါလျှင် သံသရာဝဋ်စခမ်းမှ ထွက်လမ်းတွင် ပဿမတန်းဖြစ်ပြီး အနေမကောင်းဖြစ်ကြလျှင်လည်း ပျက်လမ်းတွင် ပထပဘန်းပင်ဖြစ်ကြ၍ မကျအသုံး ထင်းကုလားတုံးနှင့် တူလှသဖြင့် လောကစည်းစိမ်မှလည်းဆုံးရှုံး၊ သံသရာမှာလည်း နစ်ဆုံးမည်ဆိုပါက မဂ္ဂဖလနိဗ္ဗာနစခမ်း၊ မျှော်မှန်းချက်နှင့်လွဲ၍ လှော်ရင်းကွဲနစ်သော လှေအဖြစ်ဆိုးကဲ့သို့ ကိုယ်ကျိုးနဲ့အပါယ်ရွာ ရောက်လှယ်မှာအစစ်မို့ ကြောက်ဘွယ်ရာသာဖြစ်ကြောင်း အရေးကိုလည်း သတိပေးအပ်ပေသည်။

ယခုအခါ ရွှေကျင်ဂိုဏ်းဝင် သံဃာများ ရွှေကျင်ဂိုဏ်းသား ပီသအောင် ဆောင်ရွက် စောင့်ရှောက် အားဆောက်တော် မူကြရန်အချိန် ကျရောက်နေချေပြီ။ ဆုတ်ကပ်အခါ ဖြစ်လာသည့် အားဖလျော်စွာ အရာရာမှာ ခေတ်ကာလနှင့် ရောနှော၊ လျှောသက်တိမ်းပါး တရားကျင့်ဝတ် ယွင်းချွတ် ပျက်ပြား အလွန်များ၍ နေချေပြီ။ ယခုကာလ စတုပါရိသုဒ္ဓိသီလလည်း ခပ်ချာချာ၊ သမာဓိလည်း ဗလာ၊ ဝိပဿနာမှာ ဝေလာဝေး၊ ဤသို့ ဩဝါဒပေးသော ကျေးဇူးရှင်-မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီး၏ မိန့်ခွန်းတော်အရနှင့် အံဝင် ဂွင်ကျ ဖြစ်နေမည် ကိုလည်း အလွန် စိုးရိမ်မိလှပေသည်။

သို့ဖြစ်ရာ- စတုပါရိသုဒ္ဓိလေးဆူ၊ ကြေးမထူဘဲ၊ ဖွေးဖြူသန့်ရှင်း၊ ယန့်သင်းကြိုင်လှိုင် နေထိုင်တော်မူနိုင်ကြ၍ ထိုမှတဖန် လောကဓံလေ မှန်တိုင်းမွှေသော်လည်း၊ အနေမြဲခိုင် မလဲယိုင်သည့်၊ သမာဓိ စွမ်းပကားဖြင့် သမထတရား ပညာအားဖြင့် ဝိပဿနာ ဆင်မြန်းရဟန်းတရားကို ပွားများအားထုတ် နိုင်ကြပါစေ။

တဖြာဝိနယ ဋီကာပြတွင် ပုထုဇဉ်တို့မှတော၊ တခါတရံ ဖေါက်ပြန်စိတ်ပြောင်း၍၊ မကောင်းသော ကိုယ်အမူရာ၊ မကောင်းသော နှုတ်အမူရာ၊ မကောင်းသော စိတ်အမူရာဆိုး၊ အကုသိုလ်မျိုးတို့ကို ပြုဘို့ရန် ကြံညစ်မိလျှင်၊ သိမ်အပြင် 'အာဝါသ၌ သံဃာ့လည်တွင်၊ သိက္ခာတင်ချိန်က၊ ပဋိညာဉ်ဝန်ခံမှုများ ပြုထားကြသည်ကို မေ့အား မသဲဘဲ အမြဲအောက်မေ့ဆင်ခြင်ကာ၊ ရှောင်ကြဉ် နိုင်ကြပါစေကုန် သတည်း။

ဘောဇ္ဇေတ္တနု မ သမဂ္ဂါဝ၊ အညမည့ သဂါရဝါ။

ဝုဒ္ဓိံ စေဝ ဝိရူဠှိံ စ၊ ဝေပုလ္လံ စ သုပေသလာ။

ဘောန္တာ၊ ကြီးကြီးငယ်ငယ် - ရှယ်ရှယ်လတ်လတ် - အရှင်မြတ် အပေါင်းတို့သည်။- (ဝါ) ငါတို့ ရွှေကျောင်ဂိုဏ်း - တောရဂိုဏ်း၌ ကိုင်းရှိုင်းခိုအောင်း သူတော်ကောင်း ဖြစ်ကြကုန်သော အရှင် ကောင်း အရှင်မြတ်အပေါင်းတို့သည်။ ဣဓ၊ ဂုဏ်ရည်သေတ္တာ၊ အနှစ်စုသည့် တုမဲ့ထူးခြား မြတ်ဗရား၏၊ သုံးပါးသိက္ခာ ဤသာသ နာတော်၌၊ အညမည၊ အချင်းချင်း၊ သမဂ္ဂါဝ၊ ဝိဝါဒါနုဝါဒ စသည် အမိကရုဏ်း၊ အားလုံးကင်းပ ညီညွတ်ကြကုန်သည် သာလျှင် ဖြစ်၍။ အညမည၊ အချင်းချင်း။ သဂါရဝါ၊ နှလုံး စိတ် ဝမ်း ရွှင်ကြည်လန်းသဖြင့်၊ အေးချမ်းသာယာ၊ လွန်စွာခင်မင်၊ အစဉ် လေးစား - ရိုသေမှုစိတ်ထား ရှိကြကုန်သည်ဖြစ်၍။ သုပေသလာ၊ ဗရားအမွေတော်စစ်၊ သီလနှစ်ကို၊ အလွန်ချစ်ကြကုန်သည်ဖြစ်၍။ ဝုဒ္ဓိံ စေဝ၊ကိုယ်လက်ကျန်းမာ ပညာစည်ကား သတိပွားခြင်းသို့ရင်း၊ ဝုဒ္ဓိံ စေဝ၊ ညွန့်ဖူး ခေါင်ဖျား - ကြီးပွားလားသို့၊ အများထိပ်ပန်း၊ အထက်တန်းစား၊ ထေရ်ကြီးများနှင့်၊ လေးစားရောယှက်၊ မြင့်တက် ကြီးပွားခြင်းသို့ရင်း။ ဝိရူဠှိံ စ၊ အမြစ်သက်ဆင်း "စည်ပင်ခြင်းနှယ်၊ လက်အောက်ငယ်သား၊ တပည့်များနှင့်၊ စိတ်ထား ရော ယှက်

ဆင်းသက်စည်ပင်ခြင်းသို့ရင်း၊ ဝေပုလ္လံစ၊ ပင်စည်ခက်ကိုင်း၊ ထွား ကြိုင်းတမူ၊ ယှဉ်တူတန်းစား၊ မိတ်ဆွေများနှင့်၊ စိတ်ထားလိုက် လျော၊ လွန်ပြန့်ပြောခြင်းသို့ရင်း။ ဧတ္တူ၊ မြေလက်ခတ်သို့ မချွတ် ကေန် အမှန်မုချ ရောက်တော်မူကြပါစေကုန်သတည်း။ ဧတ္တူ၊ ပဲခူး ရွှေကျင် ဂိုဏ်းရွှေကျင်တို့၊ ဝေဟင်လနှယ်၊ တင့်တယ်ထိန်လျှမ်း၊ ဘေးမသန်းဘဲ၊ အေးချမ်းသာယာ ဖြစ်တော်မူကြပါစေကုန် သတည်း။

ဂုဏ္ဍသယဆရာတော်
မဟာဝိသုဒ္ဓါရုံ - ပါဠိတက္ကသိုလ် - ကျောင်းတိုက်
ရန်ကုန် မြို့။

* ဤသြဝါဒကို ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက် သုံးထပ်ကျောင်းစာချ ဆရာတော် ဦးဥက္ကံသ က လျှောက် ထားဖတ်ကြားသည်။

o ✤ o

# ၁၃၃၇-ခု တန့်ဆောင်မုန်းလပြည့်ကျော် (၇)ရက်နေ့ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ (ကောဒသမ)အကြိမ် (မဟာသန္နိပါတ) မင်္ဂလာသဘင်ကြီး၌ ပဲခူးခရိုင်-ပဲခူးမြို့နယ် အရညဝါသီ ရွှေကျင်နိကာယ မဟာနာယက အရှင်သီလာစာရ၏ လျှောက်ထားအပ်သော သာမဂ္ဂီဂုဏောဒယနှင့် မေတ္တာပုဗ္ဗင်္ဂမသန္ဒေသကထာ

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။

ပြည်ထောင်စု မြန်မာနိုင်ငံ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ(ကောဒသမ)အကြိမ်မြောက် (မဟာသန္နိပါတကြီး)သို့ ထက်အောက်နှစ်တန် ဂမနာဂမနသမ္ပန္နနှင့် အလယ်ဗဟိုလောက်ကျ၍ သာသနာရောင် ထွန်းပြောင်ရာဖြစ်သော ဤ(ဝိနယစာပြန်)ဌာနကြီးသို့ နယ်အသီးသီးတို့မှ သာသနာအရေး ဂိုဏ်းညီညွတ်ရေးကို လွန်စွာလေးစား ရှေ့တန်းထားကာ ကြွရောက်တော်မူလာကြကုန်သော (ရတ္တညူ+စိရပဗ္ဗဇိတ) စသည်မောက်ဖြိုး ဂုဏ်မျိုးထင်ရှား အရှင်ဆရာတော်ဘုရားကြီးများနှင့်တကွ ထေရမှစ၍ သုံးမျိုးလုံး ပါဝင်ကြသော သမဂ္ဂဂိုဏ်းဝင် ထေရ်သံဃာအရှင်မြတ်အပေါင်းတို့ဘုရား။

## (၁) တာဝန်လက်ခံပိုင်းဆိုင်ရာ

ဒီဃာယုက (၁၀၅)အကြိမ်မြောက် ဝိနယ (စာပြန်ဌာန) ဤကြခတ်ဝိုင်းကျောင်း စာသင်တိုက်ကြီး၌(ကောဒသမ) သံဃာသန္နိပါတကြီးကို တာဝန်ယူကျင်းပနိုင်ရေးအတွက် ဂိုဏ်း နာယက ဆရာတော်ဘုရားကြီးများ အဖွဲ့နှင့် မြို့ပေါ် လက်လှမ်းမှီ ထိုက်သင့်သောမထေရ်များ ထို့နောက် ဂိုဏ်းလုံးကုန် သံဃာများ တဖန် ပစ္စယာနုဂ္ဂဟ စသည်တန်တန် နောက်ခံအင်အား အစားစားကို (မုဇယားချကာ)သဘောတူညီမှုရယူပြီးနောက် မန္တလေးမြို့ ဝိသုဒ္ဓါရုံ ဗဟိုဌာနကြီးနှင့် ကြခတ်ဝိုင်းဗဟိုဌာနတို့ ဆက်သွယ်တောင်းပန် အကြောင်းခံကြောင့် ယခုအခါ ကြုံတောင့်ကြုံခဲ ဤ(ကောဒသမ+သန္နိပါတပွဲကြီး)ကို ထူးကဲလွန်စွာ ဝမ်းသာရွှင်ပျ ကျင်းပဆင်နွှဲနေကြပါသည်ဘုရား။

## (၂) သာမဂ္ဂီဓမ္မ အင်အားပိုင်းဆိုင်ရာ

ယင်းသို့ တာဝန်ယူကျင်းပပေးရာ၌ ဗရားတပည့်တော်များ ပဲခူး(စာပြန် ၄၁န)အဖွဲ့သံဃာ၏ သာသနာရေး ဂိုဏ်းရေးဂိုဏ်းရာတို့အတွက် မျှော်ခေါ် စဉ်းစား သုံးသပ်မိသော အချက်များမှာ အောက်ပါတို့ ဖြစ်ပါသည်။ သာသနာတော်၌ (သာမဂ္ဂီ) အင်အားသည် ထိပ်ဆုံးပိုင်းက နေရာယူထား သည်။ ခုခေတ်အခါ ထိုအင်အားသည် အမှန်တကယ်ပဲ လိုအပ်နေသည်။ ဗုဒ္ဓရှင်တော်လက်ထက်ကစ၍ သာသနာဝင်တလျှောက်လုံးမှာလည်း ယင်း အင်အားဖြင့်သာလျှင် အဖွဲ့အစည်းဆိုင်ရာ တည်တန့်ခိုင်မြဲ လာကြသည်။ အနာဂတ်ကာလတို့မှာလည်း (သာမဂ္ဂီ)အင်အားသည် အမြဲတန်းတောင့်ခိုင် မြင့်မားနေသော်မှသာ ဍွေကျင်နိကာယကြီးအတွက် အကျိုးသက်ရောက်မည် ဟု မျှော်ခေါ်သုံးသပ်ကြသဖြင့် ဤ(သန္နိပါတကြီး)ကို တာဝန်ယူကျင်းပ ပေးကြပါသည်ဗရား။

ဤ (ကောဒသမ + သန္နိပါတကြီး)သည် အမှန်အားဖြင့် ရှိထားပြီး (သာမဂ္ဂီ)အင်အားကို တိုးတက်ပွားစီးအောင် သိဒ္ဓိမင်္ဂလာ ထပ်ဆင့်လောင်း သည့် အင်အားကြီးသာ ဖြစ်သောကြောင့်၎င်း၊ (သန္နိပါတ)ဟူသည်(အပရိ ဟာနိယ) သုတ်တော်လာ ဒေသနာအရ မဆုတ်ယုတ်ကြောင်း ကြီးပွားတိုး တက်ကြောင်း ဖြစ်သောကြောင့်၎င်း စင်စစ်အားဖြင့် ဗရားရှင်သာသနာ ဂိုဏ်းသာသနာ၏ မုချထူးခြား အကျိုးများနှင့် ကွင်းဆက်ပွင့်ကား အကျိုး တရားတို့လည်း ကေန်တိုးပွားမည့်အချက်ကို ဆင်ခြင်သုံးသပ်ကာ တာဝန် ယူ ကျင်းပပေးကြပါသည်။ သို့မျှော်ခေါ် သုံးသပ်ထားသည့် အတိုင်း လဲ (သာမဂ္ဂီဓမ္မ) အင်အား စသည်များနှင့် နိကာယသာသနာ တည်ခိုင်ထွန်း ကား အကျိုးရောက်မည်ကား ဝိနယဓမ္မသဘာဝဖြင့် ထင်ရှားမသွေဖြစ်ရပေ လိမ့်မည်ဖြစ်ပါကြောင်း။

## (၃) ဂိုဏ်းစည်းကမ်း စောင့်ထိန်းပိုင်း ဆိုင်ရာ

ဤသို့သော(သန္နိပါတကြီး)များ ကျင်းပခွင့်ရှိသောအခါ၌ အာဒိကမ္မိက ( သီးခြားနိကာယ ) တည်ထောင်ပေးခဲ့ကြသော ကျေးဇူးရှင်ကြီးများ၏ ထူးကဲသည့် ဂုဏ်ကို တုံ့ပြန်ပူဇော်သောအားဖြင့် အကျဉ်းသန္ဒေသကထာကို

တင်ပြပါမည်၊ မြန်မာပြည် အထက်ပိုင်း ဂန္ထသမုဒ္ဒါပကာ ဖြစ်တော်မူကြသော ဂုဏ်ရောင်မောက်ကြွား ကျေးဇူးရှင် ရွှေကျင်ဆရာတော် ဘုရားကြီး၊ အောက်ပိုင်း အရညဝါသီ နိကာယကို တည်ထောင်ခဲ့သည့် ရဟန္တာတမျှ ကျော်ကြားလှသော ဘုန်းတော်ကြီး ဦးသီလ၊ ယင်းဆရာတော်ဘုရားကြီးတို့မှ ထက်အောက် သက် ဆိုင် ( သာသနာပိုင် ) အဆက်ဆက်တို့သည် (နိကာယကြီး)ကို အဆင့်ဆင့် ထိန်းသိမ်းစောင့်ရှောက်ကြရာ၌ ဝိနည်းစည်းကမ်း ပို့ဖြိုးပြုသော ဂိုဏ်းဥပဒေသ အဝဝတို့ဖြင့် ကဏ္ဍသွယ်သွယ် မှမ်းမံ ခြယ်လှယ်၍ ပြဋ္ဌာန်း သတ် မှတ် ကာ ထိန်း သိမ်း စောင့် ရှောက် ခဲ့ ကြပါသည်။

ထိုနှင့်ဆက်ကာ အလှည့်ရောက်၍ စောင့်ရှောက်နေကြရသော ဂိုဏ်းရှေ့သွားဆရာတော်ဘုရားများကလည်း နှမ်တရာကျော်မြောက် ရောက်လာသော ယခုအခါ၌ ရှိပြီးဂိုဏ်းဥပဒေသ မူဝါဒအညီ ထိန်းသိမ်း စောင့်ရှောက်ကြရမည်သာဖြစ်ပါသည်။ သို့စဉ်းအားရှိသမျှ အဆက်ဆက်က စည်းကမ်းအညီ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါမူကား ဤ ရွှေကျင်ဂိုဏ်း သာသနာသည် နေတဆူ - လတန္စုံးကဲ့သို့ ကမ္ဘာ့အလယ်မှာ အမြဲတန်းရောင်ဝါမြင့်ကြွယ်ပြီး တင့်တယ် တောက်ပြောင်နေမည်သာ ဖြစ်ပါကြောင်း။

## ဤဌာန၌ (သန္နိပါတကြီး)သုံးခု

ပဲခူး (စာပြန်ဌာန) အဖွဲ့သံဃာသည် တင်ပြခဲ့ပြီးသော (သာမဂ္ဂီဓမ္မ) ကို ရသပေါ်သည့်အနေဖြင့်—

(၁) ပထမ၊ ၁၃၁၈-ခု၊ သာသနာ (၂၅၀၀)နှစ်ရောက် တပို့တွဲလပြည့်ကျော် ၃-ရက်မှ ၅-ရက်ထိ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ (နဝမ)အကြိမ် (သန္နိပါတကြီး)ကို ကျင်းပပြီးခြင်း။

(၂) ဒုတိယ၊ ၁၃၂၂-ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၂-ရက်မှစ၍ (၅-၆-၇) ရက်တို့၌ (ဝိနယစာပြန်) နှစ် (၁၀၀) တရာပြည့် အထိမ်းအမှတ်ပွဲ နှင့် ဝိနည်းပိဋကတ် (၅) ကျမ်း ပူဇော်ပွဲကြီးကိုလည်း ထူးကဲစွာကျင်းပပြီးခြင်း။

(၃) တတိယ၊ ၁၃၃၇ - ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၂-ရက်နေ့မှစ၍ (ဝိနယစာပြန်ပွဲ)နှင့် တွဲဖက်ကာ(၄-၅-၆-၇)ရက်တို့၌ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ (ကောဒသမ)အကြိမ်၌(သန္နိပါတကြီး)ကို အံ့ဘွယ်ရှစ်ဖြာ သာသနာအလိုက် ကိုက်အောင် (သာမဂ္ဂီ) ထိပ်ဆောင်းထားပြီး ဆန္ဒဝီရိယခန္တီ မေတ္တာစသည်အပြား အတွင်း အင်အား၊ ထို့မှတပါး အပြင် ပိုင်းအင်အား အပေါင်းအစု အားဖြင့် တာဝန်ယူ ကျင်းပဆဲ၊ ဤသို့လျှင်(သာသနာ့သမိုင်းဝင်) မော်ကွန်းတင်(သန္နိပါတ ကြီး)များကို ကျင်းပနိုင်ခဲ့ကြပါသည်။

ဤဌာနန၌ ကျင်းပခဲ့ကြသော (သန္နိပါတကြီး)တို့သည် ရွှေကျင်ဂိုဏ်းလုံး ဆိုင်ရာ (သန္နိပါတကြီး)တို့သာ ဖြစ်ကြပေသည်။ ဘယ်ဌာန၌မဆို ကျင်းပ ပြီး ကျင်းပလတ္တံ့ အစည်းအဝေးကြီးများသည်လည်း ထို(စံနမူ) အတုပင် ဖြစ်ပြီး ဖြစ်ပေလိမ့်မည်။ သို့ပါ၍ (သန္နိပါတ) ဟူသမျှသည် ရွှေကျင်ဂိုဏ်း ကြီး၏ (ဂုဏောဒယ) ရွှေကျင်သံဃာ၏ (သာမဂ္ဂီဖလ) ကျင်းပရာဌာနတို့ ၏ (ကိတ္တိပါကဋ) ပစ္စယာနုဂ္ဂဟ ဒကာ ဒကာမတို့၏ ပုညသမ္ဘာရပစိတ စသော ပါရမီကြောင်း စီးပွားကောင်းတို့သာဖြစ်၍ စဉ်းစားတိုင် (နှလုံး သွင်းတိုင်း) အာစိဏ္ဏကံ အခြေခံသဖြင့် အားရရွှင်ပြုံး ဝမ်းသာ၍ မဆုံးနိုင် သော ဣဋ္ဌာရုံကြီးများသာ ဖြစ်ကြပါကြောင်း။

## သာမဂ္ဂီပဋိသံယုတ္တနှင့် မေတ္တာကံသုံးပါး

ရှင်တော်ဗုဒ္ဓသည် (ပါစိနဝံသ) တောအုပ်သို့ ကြွတော်မူ၍ အရှင် အနုရုဒ္ဓါစသော (၃)ပါးတို့နှင့် တွေ့သောအခါ (ကစ္စိ ခမနိယံ) စသည်ဖြင့် မေးမြန်းတော်မူပါသည်။ ထိုအခါ အရှင်အနုရုဒ္ဓါ လျှောက်ထားသည့်စကား တို့သည် လိုက်နာကျင့်သုံးထိုက်လှသော (သာရဏီယ)ကထာများဖြစ်ကြပါ သည်။ ထိုစကားတို့မှာ....

(က) ခီရောဒကီဘူတာ အညမညံ ပိယစက္ခုဟိ သမ္ပဿန္တာ ဝိဟရာမ။

(ခ) တဿ မယှံ ဘန္တေ ဣမေသု အာယသ္မန္တေသု မေတ္တံ ကာယကမ္မံ။ ပ။ မေတ္တံ ဝစီကမ္မံ။ ပ။ မေတ္တံ မနောကမ္မံ။ ပ။ မေတ္တံ မနောကမ္မံ ပစ္စုပဋ္ဌိတံ အာဝိ စေဝ ရဟော စ၊

(ဂ) သော ခေါ အဟံ ဘန္တေ သကံ စိတ္တံ နိက္ခိပိတွာ ဣမေသံ ယေဝ အာယသ္မန္တာနံ စိတ္တဿ ဝသေန ဝတ္တာမိ၊

(ဃ) နာနာ ဟိ ခေါ နော ဘန္တေ ကာယာ၊ ဧကဉ္စ ပန မညေ စိတ္တန္တိ။ (ကောသမ္ဗကခန္ဓက။ ဥပရိပဏ္ဏာသ၊ ဥပက္ကိလေသသုတ်) စသည်များ ဖြစ်ကြပေသည်။

ယင်းကထာတို့၏ အနှစ်သာရသည်ကား (သာမဂ္ဂီ) ဂုဏ်များကို ရောင်ပြန်ဟပ်သော စကားတို့ဖြစ်၍ ထိုနည်းအတိုင်းသာ ဂိုဏ်းသားအချင်းချင်း အမြဲတစေ ကျင့်သုံးနေထိုင်ကြပါလျှင် ထက် + အောက်မှတ်ပိုင်း ဤရွှေကျင်ဂိုဏ်းကြီးသည် အဓွန့်ရှည်ကြာ တည်တံ့ တိုးတက်နေမည်သာဖြစ်ပါကြောင်း။

## ဥယျောဇနနှင့် နိဂမဆိုင်ရာ

ကြုံခဲဘိတောင်း ပြောရခဲဘိတောင်းဖြစ်သော်လဲ အကြောင်းအားလျော်စွာ အခွင့်ရလာသည့်အတိုင်း ကဏ္ဍ(၅)ခု ပိုင်းခြားကာ သာသနာရေးဆိုင်ရာတွက် (သာမဂ္ဂီဓမ္မ)နှင့် (မေတ္တာသုံးဖြာ) ဒေသနာတို့ကို အခြေခံဦးတည်ချက်ဖြင့် တင်ပြလျှောက်ထားခဲ့ပါပြီ၊ ယင်းတရားများနှင့်အညီ အပေါင်းသံဃာသည် စွဲမြဲစွာ လိုက်နာကျင့်သုံးတော်မူကြပါဟု တိုက်တွန်းအပ်ပါသည်။ ထိုသို့ လိုက်နာကျင့်သုံးကြသောကြောင့် ရွှေကျင်ဂိုဏ်းသာသနာသည် တနေ့တခြား တိုးတက်ကြည်လင်ပြီး စည်ပင်ထွန်းပြောင် ပါစေကြောင်းကိုလည်း (မေတ္တာဘိသေက) ရေစင်လောင်းသည့် ထပ်ဆင့်ဥယျောဇနစကားရပ်ဖြင့် နိဂုံးသတ်လိုက်ပါကြောင်း။

ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ( ပဓာန ) နာယက ဆရာတော် ဦးပညာဇောတ ဖတ်ကြား လျှောက်ထားသည်။

## သိက္ခာတော် (၅၀) ဝါ ရှိ
## သာယာဝတီခရိုင်၊ သုံးဆယ်မြို့။
## မောင်းထောင်ကျောင်းတိုက်၊ ဆရာတော်
## ဦးစန္ဒိမာ၏ ဩဝါဒတော်။

ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။

သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။

ဟူသည်နှင့်အညီ မိမိတို့ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များ အချင်းချင်း ငြင်းခုန်ရန်ပွား အချင်းများမည့် ဆန့်ကျင်သော စကားကို မပြောမဆို မိကြစေဘဲ ကာယသာမဂ္ဂီ စိတ္တသာမဂ္ဂီ ဤနှစ်လီနှင့် စုံညီမြဲ့ဝ ညီညွတ်စွာ နေထိုင်ကြပြီးလျှင် ချိုသာပြေပြစ် ကျစ်လစ်သိမ်မွေ့သော စကားတို့ဖြင့်သာ သာယာချေငံ ဆက်ဆံပြောဆိုကြလျက် ဘုရားရှင်သာသနာတော်မြတ်ကြီး၏ ကြီးပွားရာ ကြီးပွားကြောင်း တိုးတက်ရာ တိုးတက်ကြောင်းဖြစ်သည့် ဂန္ထဓုရ ဝိပဿနာဓုရ ဟူသော နှစ်ဝသောဓုရတို့ကို နေ့ညမဟူ လုံ့လကြိုးကုတ် အားထုတ်၍ ထမ်းဆောင်တော်မူနိုင်ကြပါစေ ကုန်သတည်း။

ဤ သုံးဆယ်မြို့ မောင်းထောင်တိုက်၏ ဩဝါဒစာလွှာကို ဦးနာဂဝံသ မောင်းထောင် တိုက် အုပ် ဆရာတော်ဖတ်ကြားသည်။

သက္ကရာဇ်–၁၃၃၇–ခုနှစ်၊တန်ဆောင်မုန်းလပြည့်ကျော်(၅–၆·၇)ရက်၊
၃–ရက်တိုင်တိုင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ စည်းဝေးသော

# သာသနာတော်လုံးဆိုင်ရာ
# ရွှေကျင်ဂိုဏ်းအစည်းအဝေးကြီး၌ စစ်ကိုင်းတောင်ရိုး
# ရွှေဟင်္သာတိုက်သစ်
# ရွှေဟင်္သာဆရာတော်အရှင်ပဏ္ဍိတထေရ်
# ပြောကြားအပ်သော သြဝါဒကထာ။

၁။ မြတ်စွာဘုရား၏ သာသနာတော်သည် တစတစဖြင့် အားနည်းလာသော လက္ခဏာရှိလာသည်ဖြစ်၍ တပည့်တော်များ ရွှေကျင်ဂိုဏ်း သံဃာတော်တို့သည် ရွှေကျင်ဆရာတော်ဘုရားကြီး, မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး, ဦးသီလ ဆရာတော်ဘုရားကြီး အစရှိသော ရှေးရှေးဆရာတော်သခင် အရှင်မထေရ်မြတ်ကြီးတို့၏ ဆုံးမသြဝါဒတို့ကို လေးစားရိုသေစွာ သတိပြု၍ လိုက်နာတော်မူကြရန်။

၂။ ဆရာသမား အစဉ်အဆက် ဆောင်ရွက်တော် မူခဲ့ကြသော မြတ်စွာဘုရား၏ သာသနာတော်ကို နောက်အနာဂတ် ကာလအဘို့၌လည်း အဓွန့်ရှည်စွာ ဆက်လက် ဆောင်ရွက်နိုင်ကြစေရန် မိမိတို့၏ တပည့်များကိုလည်း ဓူရနှစ်ပါးနှင့် ပြည့်စုံစေ၍ ယဉ်ကျေး လိမ္မာသော တပည့်များဖြစ်အောင် သွန်သင်ဆုံးမ သြဝါဒ ပေးတော်မူကြရန်။

၃။ မြန်မာနိုင်ငံတော်အတွင်း၌ ရဟန်းသံဃာတော်များ အတော်လေး လျော့ပါး လာသည်ဖြစ်၍ ဆရာတော် သံဃာတော်များသည် ကျောင်းသားနှင့် သာမဏေများကို သည်းခံမွေးမြူကြကာ သာသန ဝန်ထမ်း ရဟန်းအဖြစ်သို့ရောက်အောင် အရှင်မောဂ္ဂလိပုတ္တတိဿ၏ ဆရာတော်ဖြစ်တော်မူကြသော အရှင်သိဂ္ဂဝ, အရှင် စန္ဒဝဇ္ဇီတို့၏ ထုံးကို နှလုံးသွင်း၍ သာသနာပြုတော်မူကြရန်။

၄။ သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ အစည်းအဝေးကြီး ကိုလည်း အကြောင်းထူး မရှိစေကာမူ သံဃာသာမဂ္ဂီအဖြစ် စည်းလုံး ညီညွတ်မှုကို ပဓာနပြု၍ ရှေးဆရာသခင် အရှင်မထေရ် မြတ်ကြီး များသည် အမြော်အမြင်ကြီးစွာဖြင့် ဥပဒေသ ပြုတော်မူထားခဲ့ကြ သည့်အလျောက် စည်းဝေးသင့်သော အချိန်ကာလ၌ မပျက်မကွက် စည်းဝေးတော်မူကြရန်။

၅။ ဘိုးဘွား မိဘတို့ကဆင်းသက်၍ ဗုဒ္ဓဘာသာပင် ဖြစ်ကြကုန်သော် လည်း ဘာသာရေး၌ အကြားအမြင် ဗဟုသုတ နည်းပါးသည့်ပြင် ဆရာကောင်းများ၏ အဆုံးအမကို မရကြကုန်သော ဗုဒ္ဓဘာသာဝင် အချို့ ဒကာဒကာမတို့ကို ဘာသာခြားတရားဟောဆရာများသည် လောကနည်းပရိယာယ်တို့ဖြင့်ဆွဲဆောင်လျက်ရှိသည်တို့ကို လျစ်လျူ ရှုကာ နေတော်မမူကြဘဲ ဂရုပြုတော်မူကြ၍ သက်ဆိုင်ရာ နီးစပ်ရာ ဒကာဒကာမတို့ကို စောင့်ရှောက်ထိန်းသိမ်းတော် မူကြရန်။

အထက်၌ပြဆိုအပ်ပြီးသော အချက်(၅)ချက်တို့ကို သတိပြုတော်မူကြ၍ စွမ်းဆောင်နိုင်သမျှ အားထုတ်တော်မူကြရန် မေတ္တာရှေ့ထားကာ သာသနာ တော်၏ အကျိုးကို မြော်ကိုးလျက် ပြောကြားအပ်ပါသည်။

ရွှေဟင်္သာ ဆရာတော်
စစ် ကိုင်း တောင် ရိုး

စစ်ကိုင်းတောင် ပင်္ဂလာသိရိမ်ဆရာတော်ကလေး ဦးစန္ဒိမာဝံသ (ဓမ္မကထိက)လျှောက်ထား ဖတ်ကြားသည်။

## ကောဒသမ ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေး၌ မန္တလေးမြို့၊ ပတ္တမြားတိုက်နာယက ပတ္တမြား ဝေပုလ္လ (သိက္ခာ-၄၃) လျှောက်ထားအပ်သော သံဝေဂဖြစ်ကာ လိုက်နာဘွယ် သာရဏီယ ဓမ္မကထာပါ ဗရား။

ကေစ္စော ဂိဟိဗန္ဓနံ ပဟာယ ပဗ္ဗဇန္တောပိ သာရုပ္ပဋ္ဌာနေ ပဗ္ဗဇ္ဇံ နလဘတိ၊ ပဗ္ဗဇ္ဇာဟိနာမေသာ ပဋိသန္ဓိဂ္ဂဟဏ-သဒိသာ၊ ယထာ မနုဿာယတ္တာပဋိသန္ဓိ ဂဏှန္တိ၊ တေသံ ယေဝ ကုလာနံ အာစာရံ သိက္ခန္တိ၊ ဧဝံ ဘိက္ခူပိ ယေသံ သန္တိကေ ပဗ္ဗဇန္တိ၊ တေသံ ယေဝ အာစာရံ ဂဏှန္တိ။ (သံ-ဋ္ဌ- ၃-၇၇)

ဤသာသနာ၌ အချို့ ရဟန်းသည် လူ့အနှောင်အဖွဲ့ (လူမှုကိစ္စ)ကို စွန့်ပယ်၍ ရဟန်းပြုလာသော်လည်း လမ်းမှန် ပေါ်ပြု သာရုပ္ပဖြစ်သော ဆရာရဟန်းထံ၌ ရဟန်းအဖြစ်ကို မရရှာလေ၊ မှန်၏-ရဟန်းအဖြစ်မည်သည်မှာ ပဋိသန္ဓေနေသည်နှင့် တူလှ၏။ တူပုံမှာ-မိကောင်း-ဖကောင်းသားသမီးဖြစ်မှု မိကောင်းဖကောင်းတို့၏ အလေ့အကျင့်ကောင်း အဆုံးအမကိုရ၍ သားသမီး ကောင်း ဖြစ်နိုင်၏၊ မိဆိုးဖဆိုး သားသမီးတို့၏ အကျင့်ဆိုးကိုရ၍ သားသမီး ဆိုးဖြစ်ရသကဲ့သို့ ဆရာကောင်းတို့၏ တပည့်ရဟန်းဖြစ်မှ ဆရာကောင်း တို့၏ အကျင့်ကောင်း အဆုံးအမကိုရ၍ ရဟန်းကောင်း ဖြစ်၏၊ ဆရာဆိုး ဆရာညံ့တို့၏ တပည့်ရဟန်းဖြစ်ခဲ့မူ ထိုဆရာဆိုး ဆရာညံ့တို့၏ အကျင့်ဆိုးကို ရ၍ တပည့်ရဟန်းဆိုး ရဟန်းညံ့ ဖြစ်ရလေ၏။

ထိုအကြောင်းကို အနည်းငယ်ခွဲ၍ လျှောက်ထားပါရစေဗရား၊ ပထမ ဂဏာသမုဋ္ဌာပက ဆရာတော်သည်ပင် ငယ်စဉ် သာမဏေဘဝ၌ သာရုပ္ပဋ္ဌာန ကို မရခဲ့၍ ဆေးလိပ်သောက်ခဲ့သေးသတဲ့၊ ရဟန်းခံ သိမ်ဝင်သောအခါမှ ကိုယ့်စိတ်ကိုနိုင်နင်းအောင် ဆုံးမပြီး ဆေးလိပ်သောက်ခြင်းကို ဖြတ်တောက်

ခဲ့၏၊ ဆေးဝါးခြင်း ကျန်နေသေးရာ မန္တလေးမြို့တွင် ကျောင်းတိုက် တည်ထောင်စ အခါ ဝိနည်းသိက္ခာကို လွန်စွာ လေးစားတော် မူသော သပြေတန်းဆရာတော်ကြီးက ကျောင်းတိုက်မှ တရားနာလာသော ဦးပဉ္စင်းများကို "ဦးပဉ္စင်းတို့ ဆရာတော် ဆေးအစ်ကလေးကို မချသေးဘူးလား" ဟု မေးသောအခါမှ ထိုဆရာတော်ကြီးကို ပင့်၍ မိမိစိတ်ကို နိုင်နင်းစွာ ဆုံးမပြီးလျှင် ဆေးဝါးခြင်းအမှုကို လျှော့၍ ဖြတ်တောက်လိုက်လေ၏။

ပထမ ဂဏာသမုဋ္ဌာပက် ဆရာတော်က တခုသောဥပုသ်နေ့တွင် ကျေးဇူးရှင် ပတ္တမြားဆရာတော်အလောင်း ဦးတိလောက အပါအဝင် တပည့်သံဃာများ ဆုံးမရာအခါ၌ "တပည့်တို့ ဆရာသည် စိတ်ကို နိုင်နင်းအောင် ဆုံးမပြီး၊ ဆေးသောက် ဆေးဝါးဖြတ်လို့ ရနိုင်ခဲ့ဘူး၏၊ တပည့်တို့လည်း ဆရာနည်းတူ ဆေးသောက်ဆေးဝါးမှုစ၍ အာပတ်သင့်သော အမှုများကို မပြုမိအောင် စိတ်ကိုနိုင်နင်းစွာ ဆုံးမကြပါ" ဟု သြဝါဒ ပေးတော်မူပါသတဲ့။ (ထိုအကြောင်းကို ပထမ ပတ္တမြားတိုက်ကို တည်ထောင်တော်မူသောကျေးဇူးရှင် ပတ္တမြားဆရာတော်ကြီးမှ ကြားသိရရှိပါ၏။)

ယခုလည်း ရွှေကျင်ဂိုဏ်းတည်းဟူသော သာရုပ္ပဒါနကို ရလာကြသော ရွှေကျင်ဂိုဏ်းဝင် အရှင်မြတ် အကြီးအငယ်ဟူသမျှတို့သည် မိမိစိတ်ကိုနိုင်နင်းအောင် ဆုံးမကြကုန်ပြီးလျှင် နေ့စဉ် နေလွဲ ဆေးဝါး ကွမ်းစားခြင်း၊ နေ့စဉ်အချိန်မရွေး ဆေးသောက်ခြင်းအမှုမှ ရှောင်ကြဉ်ခြင်းစသော ရွှေကျင်ဂိုဏ်း စည်းမျဉ်းဥပဒေများကို လေးလေးစားစား လိုက်နာကျင့်သုံးတော်မူကြရန် အကြောင်း ရှေး-ရွှေကျင်ဆရာတော်များနှင့် ရှေး-ရွှေကျင်တပည့်များလို အသွင်အပြင်များကို မြင်ချင်လိုသော စိတ်ထားဖြင့် လေးစားရိုသေစွာ လျှောက်ထားရပါကြောင်းဗရား။

## ရွှေကျင်ဂိုဏ်းဥပဒေများကို တာသဝေမတိမ်း လိုက်နာတော်မူကြရန် တိုက်တွန်းချက်ဂါထာပါဠိ အနက်ပါဌ်ရား

ထေရေနော ဝါဒ သေကေန၊
ရွှေကျင် နာမေန သာသိတံ။
အတ္တာစိတ္တံ ဒမိတွာန၊
စရန္တု သာဓု နိယိတာ။

ဩဝါဒသေကေန၊ ဗရားဟောထ၊ မြတ်ဓမ္မဖြင့် ကျွန်မယွင်း၊ ဆုံးမခြင်း၌၊ ဖက်ကင်းမပြု၊ ကျွမ်းကျင်တော်မူပေသော။ ဝါ-ကြားနာသူမျာ၊ နားဝင်သွားအောင်၊ တရားဓမ္မ၊ ဟောဒဖော်ပြပြီး ဆုံးမတော်မူသဖြင့်၊ ပြိုင်သူကင်းပ၊ အဆုံးအမ ကောင်းတော်မူပေသော။ ရွှေကျင် နာမေန ထေရေန၊ မင်းတုန်းဗရင်၊ အမြတ်တင်၍၊ အစဉ်ပူဇော်၊ ရွှေကျင်ဆရာတော်ဟု၊ ထင်ပေါ်ကျော်ကြား၊ ဆရာတော်ဗရားသည်။ သာသိတံ၊ မန်းတောင်မြောက်တွင် အစတွင်သည့်၊ ရွှေကျင်ငါးတိုက်၊ သိုက်မြိုက်ဝေဆာ၊ တပည့်သံဃာတို့အား ကရုဏာရှေးရှု၊ ဆုံးမတော်မူအပ်သော အရပ်ရပ်သော ရွှေကျင်ဂိုဏ်းဥပဒေကို။ သာဓု-နိယိတာ၊ ဂိုဏ်းကိုတည်ထွင်၊ ထေရ်အရှင်ကို၊ သက်ဝင်ကြည်ညို၊ မှီခိုအားထား၊ ရွှေကျင်ဂိုဏ်းသားဖြစ်ကြသည့်၊ အရှင်ကောင်းအရှင်မြတ်၊ အကြီးအငယ်ဟူသမျှတို့သည်။ အတ္တာစိတ္တံ၊ အကျိုးအကြောင်း ဆိုးအကောင်းကို၊ လမ်းကြောင်းမမြင်၊ သံသရာတခွင်က၊ အစဉ်မိုက်လာသည့်၊ မိမိတို့စိတ် မိုက်စိတ်ဆိုး၊ စိတ်ယုတ်မျိုးကို။ ဒမိတွာန၊ ဗရားပွင့်ရာ၊ သာသနာ၌၊ ပဗ္ဗဇ္ဇာ ဒုလ္လဘာ၊ တွေ့ကြုံရ၍၊ မမ္မသက်ဝင်၊ စိတ်ကြည်လင်အောင်၊ အစဉ်ထာဝရ၊ ခဏခဏဆုံးမကြပြီးလျှင်။ စရန္တု၊ ဗိုင်းကောင်းကျောက်ဖိ၊ ပျော့ကာအိသို့၊ ပိရိသေကျေ၊ လွန်ရိုသေလျက်၊ မသေ့မလှုန့်၊ မဖ ိဆန်ပဲ၊ နာခံလိုက်နာ၊ ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

**ပတ္တမြားတိုက် ဒီဃနိကာယဝိသိဋ္ဌ ကောဝိဒ တိပိဋကဓရ ဆရာတော် ဦးဝိမလ ဖတ်ကြားလျှောက်ထားသည်။**

## ဆရာတော် ဦးသုစိန္တ
## သဒ္ဓမ္မပဇ္ဇောတတာရုံ ကျိုက္ကစံ ရွှေကျင့်တိုက်သစ်
## သက်နုံးကျွန်းစာတိုက်၊ ရန်ကုန်မြို့
## ဗရားတပည့်တော်ဩဝါဒတင်သွင်းပါသည်ဗရား။

နေ့စွဲ၊ ၁၃၃၇-ခု၊ တော်သလင်းလဆန်း ၁၃-ရက်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ယာဝကီဝဉ္စဘိက္ခဝေ ဘိက္ခူအဘိဏှံ သန္နိပါတာ ဘဝိဿန္တိ သန္နိပါတဗဟုလာ၊

ဝုဍ္ဎိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ နော ပရိဟာနိ။

အထက်ပါ ပါဠိတော်ခေါင်းစီးပါရှိသော "ရွှေကျင်နိကာယ မဟာသန္နိပါတ" အစည်းအဝေးကြီးပင့်စာသည်၊ စာတိုက်မှ ရောက်ရှိလာရာ များစွာနှစ်သက်အားတက်မိပါကြောင်း၊ ဗရားတပည့်တော် အစည်းအဝေးကြီးနှင့် သက်ဆိုင်ရာ ရန်ကုန်မြို့စာပြန်သုံးဌာန အစည်းအဝေးသို့တက်ရောက်ကာ၊ မထေရ်ကြီး၏နေရာ ယူပြီးလျှင် အစည်းအဝေးဝင်သံဃာတော် အရှင်များ၏ အလိုဆန္ဒအရ တင်သွင်းရန်အချက်ရှိသမျှကို စီစဉ်ထားခဲ့၍၊ ယခုအခါ ထိုအဆို အချက်များကို သက်ဆိုင်ရာသို့ ဆက်ပို့ပြီး ဖြစ်ပါသည်၊ ထို့နောက် ဗရားတပည့်တော်သည် ကျောက်တန်း မဟာဗောဓိ ရွှေကျင်နိကာယအတွက် "ဥက္ကဋ္ဌမဟာနာယက ဂိုဏ်းချုပ်"နှင့် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာအတွက်မှာလည်း "ရတ္တညူမဟတ္တမဟာနာယက"အဖြစ်ဖြင့် (ဒဿမ) ရွှေကျင်နိကာယ အစည်းအဝေးကြီးမှ သက်တော်ရှည် သာသနာပိုင်ဆရာတော်ဗရားကြီးကိုယ်တိုင် ခန့်ထားခဲ့ပါသဖြင့် မိမိအပေါ်၌ ကျရောက်နေသော ဝင်းတာဝန်နှစ်ရပ်အတွက် အမြွက်ဖေါ်ပြဩဝါဒ ပြုပါမည်ဗရား။

ဗရားတပည့်တော်တို့၏ မြန်မာသွား၊ ပါဠိသွား၊ မြန်မာပါဠိသွားစသော သာသနာဝင်ကျမ်းစာများတွင် ရှေးဦးစွာ "နမောတဿ"ကို ကျမ်းဦးအစ ပဏာမ ခေါင်းစီးပြု၍ ပုံနှိပ် ထုတ်ဝေကြပါသည်၊ သမန္တပါသာဒိက- ဝိနယအဋ္ဌကထာ မှာဆိုလျှင် ကျမ်းပြုမထေရ်ကျော် ရှင်မဟာဗုဒ္ဓဃောသ ကိုယ်တော်တိုင် "ယောကပ္ပကောဋီဟိအပ္ပမေယျံ -ပ- နမောမဟာကာရုဏိကဿတဿ" ဟူ၍ အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက် စေခြင်းငှါ၊ ကိုယ်တော်တိုင် "နမော" ပြီးပါလျက်၊ အထက်နားက "နမောတဿ" ပါ နေရပြန်ပါသည်။ ၎င်း "နမောတဿ" သည် ကျမ်းပြု မထေရ်ကြီးများ၏ နမော ဖြစ်စေ....ပါဠိဆရာ၊ ပုံနှိပ်ဆရာတို့၏ နမောပင်ဖြစ်စေ.... ဗုဒ္ဓဂုဏ်တော်မြတ်ကို အထပ်ထပ်မြတ်နိုး၊ ရှိခိုးခြင်း "နမောတဿ"ပင် ဖြစ်ပါသောကြောင့် အလွန် ထူးမြတ်သော ခေါင်းစီး ကျမ်းစ ဖြစ်နေရသလို.... သာသနာတော်နှင့် ပတ်သက်သော အစည်းအဝေးမှန်သမျှတို့မှာလည်း အထက်ပါ ပါဠိကိုပင် အများအားဖြင့် ခေါင်းစီးပြု၍ ရေးသားကြ၊ မြွက်ကြားကြခြင်းဖြစ်ပါသည်၊ အထူးအားဖြင့် ယခု (ကောဒသမ) အစည်းအဝေးကြီး အတွက်ပင့်စာမှာ မန္တလေးမြို့-ဝန်ဆောင် ဆရာတော်များက ခေါင်းစည်း ပြုထားသည်ကို တွေ့ရပါသည်၊ အထက်ပါ ပါဠိခေါင်းစီးကို တပည့်တော်များ ဖူးမြင် ဖတ်ရှုလိုက်ရသဖြင့် အစည်း အ ဝေး ကြီး စည်းဝေးဘို့ အခြင်းအရာ၊ စည်းဝေးသောအခါ နှလုံးသွင်းကြဘို့ ဝတ္တု၊ အကြောင်းအရာနှစ်ခုကို သိရှိနားလည် လိုက်ကြရပါသည်၊ အစည်းအဝေး ကြွလာ သံဃာတော်အရှင်မြတ်များမှာလည်း နားလည်ပြီး ဖြစ်ကြပါလိမ့်မည်ဘုရား၊ တိုတိုလျှောက်ထားရန်မှာ (ဘိက္ခဝေ- ရဟန်းတို့၊ ယာဝကီဝဥ္စ- အကြင်မျှလောက်သော ကာလပတ်လုံး၊ ဘိက္ခူ- ငါ၏ချစ်သားရဟန်းများတို့သည် အဘိဏှံ- အမြဲမပြတ်၊ ဝါ-မကြာခဏ၊ သန္နိပါတာ- တိုင်ပင်စည်းဝေး ဆွေးနွေးကြကုန်သည်၊ ဘဝိဿန္တိ- ဖြစ်ကုန်လတ္တံ့။ သန္နိပါတဗဟုလာ၊ တိုင်ပင်ဆွေးနွေး အစည်းအဝေး များကြကုန်သည်၊ ဘဝိဿန္တိ- ဖြစ်ကုန်လတ္တံ့။ ဘိက္ခဝေ- ရဟန်းတို့၊ ယာဝကီဝဥ္စ- ထိုမျှလောက် မပြတ်ဆွေးနွေး အစည်းအဝေးများသမျှ ကာလပတ်လုံး၊ ဘိက္ခူနံ- ငါ၏ချစ်သား ရဟန်းများတို့အား၊ ဝါ- ရဟန်းများတို့၏၊ ဝုဍ္ဎိယေဝ၊ ကြီးပွား တိုးတက်မှုကို သာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏၊ ပရိဟာနိ၊ ဆုတ်ယုတ် ပျက်ပြား နောက်ပိုင်း၌ အားသေးသွားမှုကို၊ နော ပါဋိကင်္ခါ- အလိုမရှိအပ်)။

ဤပါဠိတော်ခေါင်းစီး၌ ဝုဍ္ဍိနှင့် နောပရိဟာနိ နှစ်ပုဒ်သည်၊ ဆိုလိုရင်း ဝတ္ထုအကြောင်းနှစ်ခု ဖြစ်ပါသည်၊ "ချစ်သားတို့ မပြတ်မလပ် တိုင်ပင်စည်းဝေး ဆွေးနွေးကြ တိုင်ပင်စည်းဝေး ဆွေးနွေးမှုများကြ၊ ဤသို့လျှင် အပရိဟာနိယတရားဖြစ်၍ သင်ချစ်သားတို့သန္တာန်မှာ (၁)ငါ့ဗုဒ္ဓရား၏အဆုံးမ သာသနာတော်ကြီးသည် ကြီးပွားတိုးတက် လာမည့်အပြင် (၂)သာသနာတော် ဆုတ်ယုတ်ပျက်ပြား နောက်ပိုင်း၌ အားသေးသွားမှုမဖြစ်နိုင်"ဟု ဆိုအပ်သော ဆိုလိုရင်းဝတ္ထုအကြောင်းနှစ်ခုသည် ဤခေါင်းစီး ပါဠိတော်၌ ထင်ရှားလှပါသည်၊ ဆိုလိုရင်းဝတ္ထု- အကြောင်းနှစ်ခုပါသော ရင်းပင့်စာကို ကြည့်ရှုကြရခြင်းဖြင့် ဤပင့်စာ ဖတ်စဉ်ကပင် "အော်- ငါတို့သည် ဗုဒ္ဓသာသနာတော် ကြီးပွားတိုးတက်ကြောင်း ဆုတ်ယုတ်ပျက်ပြားမှု ကင်းဝေးကြောင်းဖြစ်သော ပဲခူးမြို့ ကြခတ်ဝိုင်း၊ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ မဟာသန္နိပါတ-အစည်းအဝေးကြီးသို့ ဘယ်နေ့ဘယ်ရက် တက်ကြရလိမ့်မည်သွားကြရလိမ့်မည်။ ထိုအစည်းအဝေးကြီး၌ သံဃာ့ဦးစီး ဆရာတော်ကြီးများကလည်း သာသနာတော်ကြီးပွားကြောင်း ဆုတ်ယုတ်ပျက်ပြားမှု ကင်းဝေးကြောင်း ဩဝါဒ ကောင်းများကို ပေးတော်မူကြ ပေလိမ့်မည်၊ သာသနာတော်, ကြီးပွားတိုးတက်၊ မပျက် မပြားကြောင်း အဆိုကောင်း များကိုလည်း အဆိုသွင်းကာ ဆုံးဖြတ်တော်မူကြပေလိမ့်မည်၊ ထိုရည်ရွယ်ချက်ဖြင့် ဆုံးဖြတ်သမျှ ဆုံးဖြတ်ချက်အဝဝကို ကျနသေချာ လေးစားစွာ လိုက်နာကျင့်ကြံခြင်းဖြင့် ငါတို့သာသနာတော်ကြီး တိုးတက်ကြီးပွားပေလိမ့်မည်၊ ဆုတ်ယုတ်ပျက်ပြားခြင်း မဖြစ်နိုင်တော့ပေ"ဟု နှလုံးပြုကာ ကျင့်ဆောင်ကြတော့မည်မှာ အမှန်ဖြစ်ပါသည်၊ အကြောင်းဝတ္ထု ဤနှစ်ခု၏ သတ္တုအရသာ အဆီစစ်၍ အနှစ်ကိုရှာပြန်သော်၊ သဂါရဝ- သက္ကစ္စတရားပင် ဖြစ်ပါသည်၊ ၎င်းတရားခိုင်မြဲမှ အသီးအသီး ကိုယ်စီ ကိုယ်င ရှိကြမှ၊ ဩဝါဒပေးသူ မထေရ်ကြီးများ၌၎င်း၊ အစည်းအဝေးဝင် အရှင်မြတ်များ၊ အချင်းချင်း၌၎င်း၊ ငယ်သူက ကြီးသူ-ကြီးသူက ငယ်သူ ကြီးသူအချင်းချင်း ငယ်သူအချင်းချင်း၊ ရိုင်းပင်း အားထား လေးစား ရှိသေမှုဖြင့် ဩဝါဒခံ ကျင့်ကြံဘွယ် အရပ်ရပ်၊ ရဟန်းတော် တို့၏ ဗြဟ္မစရိယ အကျင့် မြတ်ကို၊ မပြတ် မလပ်ကျင့်သုံးသွားနိုင်ပါလိမ့်မည်၊ သဂါရဝ, သက္ကစ္စတရားတော်သည် ဗုဒ္ဓသာသနာတော်မှာ အရေးပါအရာရောက်လှသဖြင့် သာသနာတော် တည်တံ့

ခြင်း၏အကြောင်း တရားရင်းဖြစ်ကြောင်းကို အင်္ဂုတ္တရပါဠိတော် စုက္ကနိပါတ်ပါဠိကို ရွတ်ဖတ်လွယ်ကူစေခြင်းငှါ ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရာမ ဒုတိယမြောက် ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး ရစနာပြု သွားသော ဂါထာတခုကို ဖော်ပြလိုပါသည်။

ဗုဒ္ဓေ ဓမ္မေစ သံဃေ စ၊ သိက္ခာယ အညမညတံ။

သဂါရဝါ ဝိဟာရေယံ၊ သဒ္ဓမ္မဋ္ဌိတိ ကာရဏံ။

ဗုဒ္ဓေစ၊ ဘုရားသခင်၌၎င်း။ ဓမ္မေစ၊ တရားတော်မြတ်၌၎င်း။ သံဃေစ၊ သံဃာတော်မြတ်၌၎င်း။ သိက္ခာယ၊ သီလ, သမာဓိ, ပညာ, သိက္ခာသုံးရပ်၊ အကျင့်မြတ်၌၎င်း။ အညမညတံ၊ အစည်းအဝေးကြီးသို့ ခိုမှီးကြွချီ တပါးသည်တပါး အား၎င်း။ သဂါရဝါ-သဂါရဝေန၊ ရိုသေလေးစား သဂါရဝ သက္ကစ္စထားခြင်းဖြင့်။ အယံဝိဟာရော၊ ဤကဲ့သို့ နေထိုင်ခြင်းမျိုးသည်။ အတ္ထိ၊ ရှိ၏။ တော်၊ ထိုကဲ့သို့ သဂါရဝ-သက္ကစ္စ၊ အပြည့်အဝထား၍၊ နေထိုင်မှု-ကျင့်သုံးမှုသည်။ သဒ္ဓမ္မဋ္ဌိတိကာရဏံ၊ မြတ်စွာဘုရား၏ သာသနာတော်မြတ်သည် မပြတ်မတောင်း နှစ်ပေါင်းငါးထောင်၊ ပြည့်အောင်ကြာမျှ၊ ကာလပတ်လုံး ကျင့်သုံးမြိုင်မြိုင်၊ ရာနှုန်းခိုင်၍၊ မယိုင်မလဲ၊ ကျောက်တိုင်စွဲသို့၊ ခိုင်မြဲတည်တံ့ ခြင်း၏ အကြောင်းပါပေတည်း။

အနက်ယောဇနာခြင်းဖြင့် သိသင့်သော အဓိပ္ပါယ်အချက်၊ သိကွက်ပေါ် ပြီလို့ ယူဆပါသည်။ အကြောင်းဝတ္ထုနှစ်ပါး ဂါရဝ-သက္ကစ္စတရားဖြင့် စကားရှည်သွားပါပြီ၊ ဤတွင် ဩဝါဒနိဂုံး၏အဆုံးသတ်ဖို့ ခွင့်ပြုတော်မူကြပါ ဘုရား။

ရန်ကုန် ကျိုက္ကစံ ရွှေကျင်တိုက်သစ် စာချ,ဓမ္မကထိက
ဦး‌ခေမိန္ဒ ဖတ်ကြားလျှောက်ထားသည်။

# သာသနာတော်လုံးဆိုင်ရာ ရွှေကျင်ဂိုဏ်း သံဃာ့အစည်းအဝေးကြီးသို့ ရွှေဘို ဝက်လက် ညောင်ပင်ကြီးတော ဌာနမှ ဂူတိုက်ဆရာတော်ဘုရားကြီး မိန့်ခွန်းတော်

ရဟန်းကိစ္စ၊ နှစ်ဝရဥ်၊ လုံ့လအားသည်း၊ ဟိတ်ဟန်နည်း၍၊ ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း....

ဤသို့အစရှိသော ကျေးဇူးရှင်ဆရာတော်ဘုရားကြီး မိန့်ခွန်းတော်များ အတိုင်း ပုဂ္ဂိုလ်ကြီးပွားကြောင်း သာသနာတော်ကြီးပွားကြောင်းတို့ကိုသာ သာသနာတော်လုံးဆိုင်ရာ ရွှေကျင်ဂိုဏ်း သံဃာ့အစည်းအဝေးကြီးက ဆုံးမ ဩဝါဒ ပေးသနားတော်မူလိမ့်မည်ဟု ရှိသေလေးမြတ်စွာ ယုံကြည်ကြပါ သည်ဘုရား။

ရွှေကျင်ဂိုဏ်း ဥပဒေပုဒ်မနံပါတ်(၁၀)တွင် ..ဂုဏ်ညီလ စသောအကြောင်း မရှိဘဲလျက် လှည်းရထားစီးခြင်း၊ ထီးဆောင်း၊ မြို့တွင်းရွာတွင်း ဘိနပ်စီး ခြင်း၊ နေလွဲကွမ်းစား ဆေးဝါးသောက်ခြင်း၊ ရောက်တတ်ရာရာ၊ ပရိက္ခရာ ရောင်းချ၍၊ ရွှေငွေ အနာမာသ စုထားခြင်း၊ ကြေးမြီအတိုးအပွား ချေးငှါး ချခြင်း ဤသို့စသော အချက်တို့ကို အထူးသတိပြု၍ ဆုံးမဩဝါဒ ပေးသနား တော်မူကြပါကုန်ဘုရား။

အင်္ဂုတ္တိုရ်လာ၊ သာသနာကွယ်ကြောင်း၊ တရားပေါင်းကား၊ ရဟန်းများ တို့ တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မပြု၊ ဓမ္မာနုဓမ္မ၊ ပဋိပတ်ကွာ၊ ဤငါးဖြာတည်း။

ထဝါထို့ပြင်၊ စာသင်ပယ်လျှော၊ ကျယ်မဟောကြ၊ ကျက်မချနှင့်၊ ကျယ် စွာ့မအံ၊ မကြံမစည်၊ ဤငါးမည်တည်း။

ဝါတနည်းမှာ၊ အက္ခရာပုဒ်ပျက်၊ လေ့ကျက်သင်ကြား၊ ဒုဗ္ဗစမူ၊ စာချသူ ရှား၊ လာဘ်များအောင်ဖန်၊ ခိုက်ရန်ကွဲပြား၊ ဤငါးပါးသည်၊ ဗရား သာသနာကွယ်ကြောင်းတည်း။

ယေဘုယျသိမှတ်ရတာဖြင့်၊ ပိဋကတ်မသင်-ပဋိပတ်မယှဉ်သည်၊ မျက်မြင် ပင်ယခု၊ ရုံပွဲနှင့်ဆိုင်းဆော်၊ ကသိုဏ်းနော် သူတို့သာရှု၊ အဂ္ဂိရတ်ရွှေစစ်ကြံ သည်၊ ငွေဖြစ်ရန်တခု၊ ဘေသဇ္ဇ သူနာကုရယ်နှင့်၊ ယတြာပြုပေဒင်၊ ဓါတ်စာ ကိုတလီပေးတဲ့အပြင်၊ ထီကြေးကြောင့် ပြည်သေးနှင့်ဆွမ်းဆန်ကိုချင်၊ ပင့် ဘိတ်ဖို့ တဥာန်ဆင်သည်၊ ဒလံပင်ပေါင်းသင်းလို့၊ ကျောင်းတွင်းက ပြောင်းခင်းမြိုင်မြိုင်၊ နွားလှုဂုဏ်ပြိုင်၊ လှည်းသမားက ကျောင်းထိုင်တယ်- ကောင်းနိုင်ဘွယ်ရှိသေးရဲ့လား။

ဟူသောပုဂ္ဂိုလ်၊ ဂိုဏ်း၊ သာသနာတော် ဆုတ်ယုတ်ပျက်ပြားကြောင်းတို့ကို စောင့်ရှောက်တားမြစ် ပေးသနားတော်မူလိမ့်မည် ယုံကြည်ကြပါကြောင်း ဗရား။

ထိုမှတပါးလည်း ရွှေကျင်ဂိုဏ်းဥပဒေပုဒ်မ(၂၃)ကိုလည်း အထူးသတိပြု တော်မူကြပါရန် ရှိသေလေးမြတ်စွာ လျှောက်လှာတင်သွင်းပါသည်ဗရား။

(အမိန့်အရ) ဝရသာမိဘိဝံသ

ပရိယတ္တိသာသနဟိတဓမ္မာစရိယ

ရွှေဘိုဝက်လက်-ညောင်ပင်ကြီးတော ဌာန။

## ရွှေကျင်ဂိုဏ်း=ဥပဒေပုဒ်မ (၂၃)ဆိုသည်မှာ

'ဣတ္ထိမိသော ကုတောသိလံ၊ ဣတ္ထိမလံ ဗြဟ္မစရိယဿ' ဟူသည်နှင့်အညီ လူသူထွက်၍ သာသနာတော်မှ ပျက်စီးစုတေလွယ်ကြောင်း၊ လူပင်မထွက်သော်လည်း မကောင်းသတင်း ကျော်စောခြင်းပွက်၍၊ ဂိုဏ်းကျေးဇူး ပုပ်ပျက်ကြောင်းဖြစ်သော၊ မာတုဂါမ မယ်သီလတို့ကို ဆွမ်းချက် ဟင်းချက် ကပ္ပိယ ပြုလုပ် မွေးထားခြင်း စာပေကျမ်းဂန် ပို့ချသင်ကြားခြင်းများကို အလျဉ်းမပြု ဝေးဝေးကြီး ရှောင်ကြဉ်ရခြင်း-ဟူ၍ ဖြစ်ပါသည်ဘုရား။

ဤ ရွှေကျင်ဂိုဏ်း ဥပဒေပုဒ်မ (၂၃)နှင့် စပ်လျဉ်း၍၊ ရွှေကျင်နိကာယ မဟာနာယက ရွှေဘို့အင်းဘဲ့ရေလည်ဆရာတော်ဘုရားကြီးမိန့်တော်မူခဲ့သော အဆိုမှာ....

ဣတ္ထိမိသော ကုတောသိလံ၊ ကျမ်းဂန်နိတို့ လာရှိသည်နှင့် လျော်ညီစွာ ဝိဟာရဩောင်းရဟန်းတို့ကျောင်း၌၊မိန်းမမနေကောင်းဘူး....အဘယ့်ကြောင့်နည်းဟူမူကား၊ ရူပတဏှာ၊ ဖေါဋ္ဌဗ္ဗာနှင့်၊ ဂန္ဓာရုံများ ထိတွေ့ပြားမူ၊ ဆား

နှင့် ချဉ်သီးကဲ့သို့၊ အမှုန်းစပ်တတ်သည်လည်း တကြောင်း။ ကျောင်းသား တဝေး မိန်းကလေးတွေနှင့် ရောထွေးသမံ၊ စာအံစာကျက်မှုစ၍၊ အတူတကွ အနေကြာကြာလျှင်၊ တားမရဆီးမနိုင်၊ အလှူပြိုင် အတတ်ပြိုင်၊ ရေထဲလှေပွဲကြီး ဆိုင်သကဲ့သို့၊ ကိုင်မိ ဆွဲမိ တက်ချင်းငြိသို့၊ ကိုယ်ထိလက်ရောက် မှုပေါက် စကား, များမည်တသွယ်။ သည့်နှယ်တရေး မကသေးဘူး၊ လေးလုံမယ်နှင့် ဘယ်တော့မောင်ကြီး နီးကြမတုန်း, ပြီးကြစို့ဘုန်း၊ နှလုံးစိုစို၊ ပြုံးချိုချိုနှင့်၊ ဟိုကိုမြှ, သည်ကိုလှောင်၊ ပြောင်တောင်တောင်နှင့် တစောင်က ဆားတင်, ချဉ်သီးကိုမြင်သည့်နှယ်၊ ပြယ်ချင်တတ် ဆော့ချင်တတ် ညစ်ပတ်ပုံအလီလီ၊ ဤသို့အပြစ် ဒေါသအဆစ်ဆစ်များလှ၍၊ မိန်းမနှင့် ကျောင်းကန် ရန်ဘက် ညောင့်ဆူး မသင့်ဘူးဟု အထူးဉာဏ်အား ထင်ပေသည်။ ရာဇသနင်း ပညာ အုပ်မင်း....ဟု ဖြစ်ပါသည်ဘုရား။

ရွှေဘို ညောင်ပင်ကြီးတောဌာန
ဂူတိုက်ဆရာတော်ဘုရားကြီး

သတ္တမအကြိမ်၊ အစည်းအဝေးကြီးစာအုပ်
နံပါတ် (၅၇)မှ ကူးယူဖော်ပြပါသည်။

သောဘိတ ညောင်ပင်ကြီးတော ရက္ခန်းတော်
ရွှေကျင်ဂိုဏ်း ဝိနည်းပြန်ဌာန။

## ညောင်ပင်ကြီးတော ရက္ခန်းတော်ဌာနမှ စခန်းသာဝိမလ ရှိသေစွာလျှောက်ထားပါသည် ဆရာတော်၊ သံဃာတော် အရှင်မြတ်တို့ဗျား။

ဒကာမ ဒကာ စုံရုံးသမျှ
ရှုလုံးမလှ မြင်ဆိုးရှာ၊
ခုဘုန်း သမဏ ဝင်တိုးရှာသည်
သွင်ညှိုး သာသနာ မှေးမှိန်ပါတကား၊
သဘောဆိပ်ကမ်း ဈေးဆိုင်ကနားမှာ
ကြေးငွေကိုင်ကာ ထင်တိုင်း ဝယ်ယူစား၊
ဘောလုံး ဓာတ်ရှင် နတ်ပွဲတကာ
ဂတ်တဲ ဘူတာ ရုံးပြင်ကနား၊
ဇာတ်ပွဲ ဆူညာ ပြောင်ထိုင်ဟားလျက်
အပေါင်ဆိုင်များ ကြွသွားဟန်၊
ညဥ့်နက်သန်းခေါင် မြို့ရွာထဲ
တို့ လာမစဲ ဝင်ထွက် လမ်းရှောက်ပြန်၊
ငါတို့ဘာလဲ စွမ်းသလောက်ကြံမည်
ဂျမ်းစောက်မှောက်လှန် ဂွရမ်းကားလျက်၊
ညဆွမ်းစား၍ အပုံး မြာအိမ်စံ
ကတုံး ငါလိမ်ဥာဏ်၊

ချွေးတစီးစီး ငွေ့ပေါက်ကြုံသည်
သေသော်အောက်ဌာန် ဘုံရဲပျော်ဘို့လေး၊

ရှေးအရည်းကြီး ပြေပေါက်ကန့်လို
အခြေရောက်ရန် ကြုံဆဲမျှော် စို့လေး။....

မိမိတို့ သိဿာနုသိဿ အဆက်ဆက် ဤကဲ့သို့ မဖြစ်ပါရလေအောင် ဆုံးမ ဩဝါဒ ပေးသနားတော်မူကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည် ဘုရား။

အမိန့်အရ
**သောဘိတ**

ညောင်ပင်ကြီးတော ရက္ကန်းတော်ဝိနည်းပြန့်ဌာန
ဝက်လက်မြို့နယ် - စစ်ကိုင်းတိုင်း။

ဤ ရက္ကန်းတော် ဝိနည်းပြန့်ဌာနမှ စုဆောင်းပေးပို့သော ဩဝါဒ သတိထားဘွယ်အားလုံးကို -စစ်ကိုင်းတောင် မိုးညှင်းချောင် စာချ ဓမ္မကထိက ဆရာတော် ဦးမဏ္ဍလပဏ္ဍိတ လျှောက်ထားဖတ်ကြားသည်။

# ရခိုင်ပြည်နယ်
# မာန်အောင်ကျွန်း၊ ရွှေကျင်နိကာယဂိုဏ်းဝင်
# ကိုယ်စားလှယ် သံဃာတော်များ၏
# လျှောက်ထားချက်၊

သာသနာတော်လုံးဆိုင်ရာ ကောဒသမ (၁၁) ကြိမ်မြောက် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးသို့ ကြွရောက်တော်မူလာကြကုန်သော ရွှေကျင်နိကာယ သာသနမာမက ဂဏနာယက ဂဏပါကဋ္ဌ ဖြစ်တော်မူကြကုန်သော ဆရာတော်များနှင့်တကွ သံဃာတော်အရှင်မြတ်တို့ဘုရား....

အကြောင်းအရာ။ "ရခိုင်ပြည်၊ မာန်အောင်မြို့နယ် ရွှေကျင်သာသနာနှင့် ပတ်သက်၍ လျှောက်ထားချက်ပါဘုရား။

တပည့်တော်များ မာန်အောင်မြို့နယ်၊ ရခိုင်ပြည်မှ ရွှေကျင် နိကာယ ဂိုဏ်းဝင် သံဃာတော်များကိုယ်စား လျှောက်ထားအပ်ပါကြောင်းဘုရား။ ရွှေကျင်အစည်းအဝေးသည် ယခုကျင်းပလျက်ရှိသော အစည်းအဝေးကြီး အပါအဝင် (မှတ်တမ်း-အရ) ရွှေကျင်ဂဏ သမုဋ္ဌာပက ပထမ ရွှေကျင် ဆရာတော် ဘဝနတ်ထံပြန်လွန်တော်မူပြီးသည့်နောက်၊ ကောဒသမ (၁၁)ကြိမ်တိုင် ရှိခဲ့ပါပြီဘုရား၊ ထိုသို့ပင် ရှိခဲ့ငြားလည်း တပည့်တော်များ (ရခိုင်ပြည်-မာန်အောင်မြို့နယ်) ရွှေကျင် နိကာယအဖွဲ့ဝင်များ ယခင်အကြိမ်များက တက်ရောက်ခွင့် ကြားနာခွင့် ဆန္ဒပေးခွင့် မရရှိခဲ့ကြပါဘုရား။

ယခုအကြိမ်မှသာ တက်ရောက်ခွင့် ကြားနာခွင့် ဆန္ဒပေးခွင့်ရရှိကြသဖြင့် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိရပါကြောင်း ဘုရား၊ ယခုကဲ့သို့ ရှေး အစည်းအဝေးများသို့ မတက်ရောက်နိုင်ခဲ့ကြခြင်းမှာ (၁)အချက်-ရှေးတုန်းက ဗဟိုဌာနနှင့် ဆက်သွယ်မှုမရှိခဲ့ခြင်း (၂) အချက်-တပည့်တော်များ နေရာဒေသ၏ ခရီးလမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်း စသည်တို့ကြောင့် ဖြစ်ပါကြောင်း အရှင်ဘုရား။ ရှေးအခါက တပည့်တော်များ နေရာဒေသ၌

ရွှေကျင်ဂိုဏ်း နည်းထုံးကျင့်စဉ်များနှင့်အညီ ကျင့်ကြံနေထိုင် ခဲ့ကြသော ပုဂ္ဂိုလ်များ ရှိခဲ့ကြပါသည်၊ ၎င်းပုဂ္ဂိုလ်များမှာ ဟံသာဝတီခရိုင်၊ သပြေကန် မဟာဓမ္မိကာရာမကျောင်းတိုက်၊သပြေကန်သဒ္ဒါကြီးနိဿျကျမ်းပြု 'အဂ္ဂမဟာ ပဏ္ဍိတ'ဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိဟာရိက တပည့်များပင် ဖြစ်ပါသည်။

အထက်ပုဂ္ဂိုလ်များသည် "ဝိနည်းတော်ကိုလေးစား၊ ရွှေကျင်ဂိုဏ်းသား ရဟန်းကောင်းဖြစ်အောင် ကြိုးစား" ဟူသော ကျေးဇူးတော်ရှင် ပထမ သပြေကန်ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ဦးထိပ်ပန်ဆင်လျက် ရွှေကျင် ဂိုဏ်းဖြစ်မြောက်အောင် မိမိဒေသ၌ ကြိုးစားနေထိုင် ခဲ့ကြပါသည်၊ သို့ငြား လည်း ဗဟိုဌာနနှင့် တရားဝင်ဆက်သွယ်မှု (ဝါဆိုသံဃာစာရင်းပေးပို့ခြင်း) စသည်တို့ကို မပြုလုပ်နိုင်ခဲ့ကြပါ၊ ထိုသို့ အဆက်အသွယ် မရှိမှုစပ်ကြား၌ ဘုရားတပည့်တော်များ( ရခိုင်ပြည်-မာန်အောင်မြို့နယ် ရွှေကျင်ဂိုဏ်းဝင်များ) သည် ကျေးဇူးတော်ရှင် ပထမ ရွှေကျင် ဆရာတော်ဘုရားကြီး၏ (မင်းမကူ လျှင် နေပြည်တော်မှ ထွက်သွားရမည့်) အခြေအနေမျိုးကဲ့သို့ ဆိုင်ရာ တပည့်တကာများ အကူအညီမရလျှင် မိမိနေရာဒေသမှ ထွက်သွားရမည့် အခြေအနေမျိုးပင် ကြုံကြိုက်ခဲ့ရပါသည်ဘုရား။

၁၃၂၅-ခုနှောက်ပိုင်းမှသာ တပည့်တော်များ (ရခိုင်ပြည် မာန်အောင် မြို့နယ် ရွှေကျင်ဂိုဏ်းဝင်များ)သည် ဗဟိုဌာနနှင့် ဝါဆိုသံဃာစာရင်းပေး သွင်းခြင်း စသော တိုက်ရိုက်ဆက်သွယ်မှုကို ရရှိခဲ့ကြပါသည်။ ထိုသို့ ဆက် သွယ်မှုရရှိခဲ့ခြင်းမှာ သာသနာပိုင်ဖြစ်တော်မူသော မြောင်းမြမြို့၊ပဗ္ဗောတာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မြောင်းမြဆရာတော်ဘုရားကြီး၏ ဩဝါဒအမိန့် အတိုင်း မြောင်းမြဆရာတော်ဘုရားကြီး၏လက်ရုံးတပည့်တဆူဖြစ်တော်မူသော အလက်ာပန်းကုံး စသော ကျမ်းပြုဆရာတော် ဦးကုမာရ (ပါဠိတက္ကသိုလ် ကထိက)၏ အကူအညီဖြင့် ရရှိခဲ့ခြင်းဖြစ်ပါသည်။

ထိုသို့ရရှိပြီးနောက်တွင် ၁၃၂၆-ခုနှစ်၌ တပည့်တော်များသည် (ရခိုင် ပြည် မာန်အောင်မြို့နယ်ရှိ) ကျောင်းပေါင်း (၃၃)ကျောင်းမှ ဝါဆိုသံဃာ စာရင်းကို ပထမဆုံးအကြိမ်အဖြစ် ဗဟိုသို့ တင်ပို့ခွင့်ရခဲ့ကြပါသည်။ ဗဟိုသို့ ဝါဆိုသံဃာစာရင်း တင်ပို့ရသည်မှာ ယခုတိုင် (၁၁)ကြိမ်တိတိသာ ရှိပါ သေးသည် အရှင်ဘုရား။

တဖန် တပည့်တော်များ၏ ဒေသသည် အစွန်အဖျားကျသောဒေသဖြစ်သည့်အလျောက် အစစအရာရာ (လမ်းပန်းဆက်သွယ်မှုစသည်)တို့မှာ အဆွန်ခက်ခဲလှသဖြင့်လည်း ထိုကဲ့သို့ ဂိုဏ်းအရှင်း၊ ပုဂ္ဂိုလ်ရေးအရှင်း၊ အဆက်အသွယ်ပြတ်နေခြင်း ဖြစ်သည်ဟု တပည့်တော်များ ထင်မြင်ကြပါသည်အရှင်ဘုရား။ ဤသို့ လျှောက်ထားသည့် အချက်အလက်များအတိုင်း တပည့်တော်များ (ရခိုင်ပြည်၊ မာန်အောင်မြို့နယ်၊ ရွှေကျင်နိကာယအဖွဲ့ဝင်များ) တခဲတယဉ်း လာခဲ့ရပါသော်လည်း သာသနာတော်လုံးဆိုင်ရာ ပြည်လုံးကျွတ်ကောဒသမ (၁၁)ကြိမ်မြောက် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးသို့ ကြွရောက်တော်မူလာကြကုန်သော ရွှေကျင်နိကာယ သာသနာမာမက၊ ဂဏနာယက၊ ဂဏပါမောက္ခ ဖြစ်တော်မူကြကုန်သော ဆရာတော်များနှင့်တကွ အနယ်နယ်အရပ်ရပ်မှ သမဂ္ဂသံဃာတော်များကို ဖူးတွေ့ခွင့်ရသဖြင့် အထူးဝမ်းမြောက်မိပါကြောင်း လျှောက်ထားအပ်ပါသည်အရှင်ဘုရား။

တပည့်တော်များကလည်း ကြွရောက်လာကြသော သံဃာတော်များအနေဖြင့် တပည့်တော်များ၏ ဒေသအလျောက် ရွှေကျင်သာသနာ စည်ပင်တည်တံ့ရန်။

(၁) ဗဟိုအသိအမှတ်ပြုသော အဖွဲ့အစည်းများ ဖွဲ့စည်းခွင့် ပေး၍ အသိအမှတ်ပြုတော်မူကြရန်။

(၂) တပည့်တော်များ ဒေသ သာသနာပြုလုပ်ငန်း၌ တပည့်တော်များဒေသနှင့် လျော်ကန်သင့်မြတ်သော အကြံဉာဏ်ကောင်းများ ပေးသနားတော်မူကြရန် လျှောက်ထားပါသည် အရှင်မြတ်တို့ဘုရား....

ပဲဦးမြို့ ကြာတ်ဝိုင်း ဝပ္ပာစရိယ စာချ ဦးသုရက္ခိတ

လျှောက်ထား ဖတ်ကြားသည်။

ထထ—ထထ

# ပဲခူးမြို့ကျောင်းပသည့် ၁၃၃၇-ခုနှစ် ကောဒသမအကြိမ် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးသို့ သိက္ခာတော် ၅၆၊ သက်တော် ၇၅-နှစ်ရှိ ဂန့်ဂေါမြို့နယ် ရွှေကျင်နိကာယဂိုဏ်းချုပ် မြင်သားတောရ ဆရာတော်ဘုရား၏

## သန္ဒေသကထာ

သံဃဥက္ကဋ္ဌ သံဃသဘာပတိ ဆရာတော်နှင့်တကွ အနယ်နယ်အရပ်ရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်အရှင်သူမြတ်တို့ဘုရား၊ ပြည်လုံးကျွတ် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးဖြစ်မြောက်အောင် ဆောင်ရွက်ကြရသည်မှာ လွယ်ကူသော ကိစ္စမဟုတ်ပါ၊ ပသန္နသဒ္ဓါ အစလသဒ္ဓါများစွာကြွယ်ဝကြသော ပဲခူးမြို့နယ် အကြီးအကဲများ ဒကာဒကာမများနှင့် အမြို့မြို့အနယ်နယ်မှ ရွှေကျင်နိကာယ အစလပ္ပသန္န ဒကာဒကာမများ၏ ပစ္စယာနုဂ္ဂဟအကူအညီတို့ကို ရရှိသောကြောင့်သာ ဤကဲ့သို့ အစည်းအဝေးကြီး တခမ်းတနားဖြစ်ပေါ်လာရခြင်းဖြစ်၍ များစွာ ဝမ်းမြောက်မိပါကြောင်း။

ရှင်း ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးသည်-

ယာဝ ကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ သန္နိပါတာ သန္နိပါတဗဟုလာ ဘဝိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ နော ပရိဟာနိ၊ ယာဝ ကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ သမဂ္ဂါ သန္နိပတိဿန္တိ၊ သမဂ္ဂါ ဝုဋ္ဌဟိဿန္တိ၊ သမဂ္ဂါ သံဃကရဏီယာနိ ကရိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ-

## အစချီသည့်

ဖန်ဖန်စည်းဝေး

ညီရေးသုံးခု

ရွေးပြုဥပဒေ

ရှိသေဝါလိုက်

မလိုက်တဏှာ

တောလွှတ်စွာနှင့်

ပေသလာတွက်၊ သတိဖက်သည်

မိန့်မြွက်အပရိဟာနိတည်း-ဟူသော

မဟာဝဂ္ဂ မဟာပရိနိဗ္ဗာနသုတ်လာ ရဟန်းတော်များအတွက် သီးခြားဟောကြားတော်မူအပ်သော ဒေသနာတော်နှင့် အညီအညွတ်ဖြစ်ပေရကား အတိဒုလ္လဘ ဗုဒ္ဓမြတ်စွာ ဒေသနာတော်တရပ်လုံး၏ အရှည်ခိုင်ခန့် တည်တံ့ကြီးပွားရေး ဂဏာဓိပတိ အာဒိပုဂ္ဂလ ဥက္ကဋ္ဌဦးကိုင် ပထမရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးမှစ၍ သိဿာနုသိဿ ဝံသစဉ်ကြယ် အနွယ်မပျက် ဆက်လက်အုပ်ထိန်း သိမ်းရုံးစုစည်းလာခဲ့ကြသော သကနိကာယ ရွှေကျင်ဂိုဏ်းဂဏကြီး၏ ကြီးပွားတိုးတက်ရေး စည်ပင်ပြန့်ပွားရေးတို့ကို ရှေးရှုဦးတည်လျက် ညီညီညွတ်ညွတ် လိုအပ်သောအချက်တို့ကို အကွက်ကျကျ နှီးနှောတိုင်ပင် အကြံပေး ဆွေးနွေးကြလိမ့်မည်ဟု ယုံကြည်မြော်လင့်မိပါကြောင်းဘုရား။

ဂန့်ဂေါမြို့၊ ကန်တောရ ဦးတိက္ခာနန္ဒ
ဖတ်ကြား လျှောက်ထားသည်။

o ✤ o

# ရွှေကျင် နိကာယဂိုဏ်းဝင်
# ပုဂ္ဂိုလ်ကြီးငယ် အပေါင်းတို့အား ရှိသေစွာ
# တပည့်တော် လျှောက်ထားဝန့်ပါသည်
# အရှင်သူမြတ်တို့ဗရား၊

ဗရားပည့်တော်တို့ ဗရားရှင် သာသနာတော်မြတ်ကြီးသည် (၂၅၀၀) ကျော်၍(၁၉)နှစ်မျှစွန်းကာ လာခဲ့ပါပြီဗရား။ ထိုကဲ့သို့ စွန်းလာတဲ့ဗရားရှင် သာသနာတော်မြတ်ကြီးသည် တနေ့တခြား ပျက်ပြားစပြု၍ လာသည်မှာ ပရိယတ်၊ ပဋိပတ်၊ပဋိဝေဓ၊လိင်၊ ဓာတု–ဟူသော သာသနာကွယ်ကြောင်း (၅)ပါးရှိသည်တို့တွင် ပရိယတ်၊ ပဋိပတ် သာသနာကတော့ သင့်သလောက် အားထုတ်ကြပါသေးသည် အရှင်ဗရား။

သို့ရာတွင် ဝတ်ရုံ သုံးစွဲမှုနှင့်စပ်တဲ့ လိင်သာသနာမှာ သက်န်းနှင့်စပ်တဲ့ လိင် သာသနာ၊ ဘိနပ်နှင့်စပ်တဲ့ လိင် သာသနာ နှစ်မျိုးတို့တွင် သက်န်းနှင့် စပ်တဲ့ ဆိုးရေ အသွေးအရောင်များမှာ အောက်မဲညိုပွင့် အဆင်း၊ မဟာ လေ့ကားပန်း အဆင်း၊ ခေါင်ရမ်းပန်း အဆင်း၊ အဖြူ အနီ ရောသော အဆင်း၊ ကင်းခြေများ၊ ကျောက်ကုန်းအဆင်း ဤခြောက်မျိုးတို့ကို ဗရား ရှင် ပယ်မြစ်တော်မူခဲ့ပါသည်။

ယခုအခါမှာ နိုင်ငံခြားမှလာတဲ့ တက်ထရွန်၊ ဖေါ့ကရစ် စသောအထည် များကို သက်န်းချုပ်၍ ဝတ်ရုံကြသော အသွေးအရောင်များမှာ အချို့က ရှန်နီရောင်၊ အချို့က ချော့ကလက်ရောင် စသော ဆိုးရေအဆင်း အရောင် များမှာ မာတုဂါမများ၏ ထမီ အင်္ကျီအဆင်းအရောင်များနှင့်မခြား, တစား တည်းဖြစ်၍ နေခြင်းကြောင့် ဗရားရှင်ပယ်မြစ်သော ဆိုးရေများဖြစ်၍ ၎င်းဆိုးရေဖြင့် ဆိုးသောသက်န်းတို့ကို ရှေးကထက်ပို၍ ရွှေကျင်ဂိုဏ်းသား တပည့်ကြီးငယ်များကို အထူးသဖြင့် ဝတ်ရုံသုံးစွဲမှု တားမြစ်တော် မူကြ ပါရန် လျှောက်ထားပါသည် အရှင်မြတ်တို့ဗရား။

ငှင်းပြင် ဘိနပ်နှင့်စပ်သော လိင်္ဂသာသနာမှာ ယခုအခါ မန္တလေး၊ မြင်းခြံ စသောမြို့ကြီးများမှ ရောင်းရပြီးရောဆိုးပြီး အသစ်အဆန်း ထွင်၍ ကတ္တီပါသဲကြိုးများ အမျိုးမျိုးတပ်ပြီး ရောင်းလျက်ရှိရာ ကတီပါအဝတ်ဖြင့် ပြုလုပ်သည်ကို မဆိုထားဘိ၊ သားရေဘိနပ် ကိုသော်မှ ( သဗ္ဗနီလက ) စသော ဆိုးရည်ခြောက်မျိုးတို့ဖြင့် ဆိုးသောဘိနပ်ကိုပင် မဟာဝါပါဠိတော်၌ ဗုဒ္ဓရှင်တားမြစ်သောကြောင့် ကတ္တီပါကြိုးတပ်သောဘိနပ်များကို အသုံးပြုခြင်းမှ ရှောင်ကြဉ်ကြပါရန် အထူးသဖြင့် အလေးပြုကာ လျှောက်ထားပါသည် ရွှေကျင်ဂိုဏ်းဝင် ဆရာတော်သခင် အရှင်အပေါင်းတို့ဗုဒ္ဓ။

ရွှေကျင်နိကာယ ဝန်ဆောင်နာယက
ရေစကြိုမြို့နယ်-မကွေးတိုင်း။

မန္တလေး ဝိဇိတာရုံကျောင်းတိုက်
တိုက်အုပ်ဘုန်းကြီး ဦးဝိစာရိန္ဒ ဖတ်ကြားသည်။

## လျှောက်ထားချက်

### မြင်းခြံမြို့နယ် ရွှေကျောင်းနိကာယ လေးတန်း ဝိနည်းပြန်ဌာန၊ ရသာရွာ သက်တော်(၈၂)သိက္ခာတော်(၆၃)ဝါရ မဏိကာရုံဆရာတော် ဘဒ္ဒန္တတေဇဝန္တ၏ ရှေးဆရာတော်ကြီးများ၏ ဩဝါဒမိန့်ခွန်းကို ဖေါ်ပြလျှောက်ထားချက်။

ရိုသေစွာ လျှောက်ထားဝံ့ပါသည်။ ရွှေကျောင်းဂိုဏ်းဝင် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား။

တပည့်တော်တို့၏ ဂဏသမုဋ္ဌာပက ပထမ ရွှေကျောင်းဆရာတော်ဘုရားကြီး၏ ဩဝါဒ စကားပုံကျမ်းလာ ပထမောဝါဒကထာ၌ ကဇွန်းရွက်နှင့် မှိုနတို့ကို ပမာထား၍ ဂိုဏ်းဝင် တပည့်သံဃာ ရှင်လူများစွာတို့ကို ပမည်းအဖြစ် စပ်ဟပ်လျက် သတိထားစရာ ဩဝါဒတရားများကို ဟောကြားဆုံးမခဲ့ပါသည်ဘုရား။

– – ပုန်းရည်ချဉ်လို့ သူချဉ်ရ ကဇွန်းရွက်က မယောင်နှင့်၊
– – ဆရာသခင် ကျေးဇူးရှင်ကြောင့် အူမ့တောင့် တပည့်ရှင်တို့ မထောင်နှင့်။

ဒါက- တပုဒ်ပါဘုရား၊ နောက်တပုဒ်ကိုလည်း၊ ဆက်လက်လျှောက်ထားပါဦးမည် ဘုရား။

– – ငါးသိုင်းချိုလို့ ဟင်းချိုရ မှိုနတိုက မယောင်နှင့်၊
– – ဘုရားဂုဏ်တော် ကျေးဇူးပေါ် ကိုယ့်ဂုဏ်ကျော်သည် ဟု မထောင်နှင့်။

ယနေ့ရှိ ရွှေကျင်ဂိုဏ်းဝင် အရှင်ကောင်း အရှင်မြတ်တို့ ဂုဏ်တက်နေရသည်မှာ.... ဗုဒ္ဓမြတ်စွာဘုရားနှင့် ဆရာသမားများ၏ အရိပ်အာဝါသ အရှိန် အဝါကြောင့် အစဉ်အဆက် တိုးတက်ကြီးပွား နေကြသည်ကို သတိပြု ဆင်ခြင်မိကြပြီး ဖြစ်ပါလိမ့်မည်ဘုရား။

ပမာ-ပမည်းစပ်ဟပ်၍ သတိချပ်စရာ ပေးသနားခဲ့သော ပထမ ရွှေကျင် ဆရာတော် ဘုရားကြီး၏ ဩဝါဒကို ပမာဒ ပြု – ဂရုမည်, – မပြုကြဘဲ သတိပြုဆင်ခြင်ကာ ကလျာဏဘက်ကျ ပြုပြင်ပြီး သာသနာ ပြုတော်မူနိုင်ကြ ပါစေဘုရား။

မိမိတို့၏ ရွှေကျင်ဂိုဏ်းကြီးနှင့် ရှေးရှေး ရွှေကျင်ဆရာတော်များကို မလေး မစား ဗုဒ္ဓမြတ်စွာ၏ မျက်နှာတော်ကို မထောက်မထား မဖြစ်ပျက်စေဘဲ လဇ္ဇီ သီလဝန္တ အဖြစ်ဖြင့် ဗုဒ္ဓမြတ်စွာဘုရားနှင့် ဆရာသမားများကို ပူဇော် ကြရ၊ အပြန်အလှန် သတိပေးလျက် ပြုလုပ်ဆောင်ရွက်ကြရမည့် အချိန် အခါသည် ယခုအခါ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ရှိနေပါပြီဘုရား။ ကြီးကုန် ကြီးကုန်သော ပုဂ္ဂိုလ်တို့က ငယ်ကုန် ငယ်ကုန်သော ပုဂ္ဂိုလ်တို့ကို ကွပ်ကဲ၍.... ငယ်ကုန် ငယ်ကုန်သော ပုဂ္ဂိုလ်တို့က ကြီးကုန် ကြီးကုန်သော ပုဂ္ဂိုလ်တို့၏ ချွတ်ယွင်းချက်များကို ထင်ပြ လျှောက်ထားပြီး ညီညွတ်စွာ ဆောင်ရွက် ဝန်ထမ်းကြရမည့် အချိန်အခါသည်လည်း သည်အချိန်ပင် ဖြစ်ပါသည်ဘုရား။

ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒ

စကားပုံကို ထပ်မံ လျှောက်ထားပါဦးမည် ဘုရား။

က { ပုန်းရည်ချဉ်လို့ သူချဉ်ရ ကဇွန်းရှက်က မယောင်နှင့်၊
ဆရာသခင်ကျေးဇူးရှင်ကြောင့် အူမတောင် တပည့်ရှင်တို့မထောင်နှင့်

ခ { ငါးသိုင်းချိုလို့ ဟင်းချိုရ မှိုနတိုက မယောင်နှင့်၊
ဘုရားဂုဏ်တော်ကျေးဇူးပေါ် ကိုယ့်ဂုဏ်ကျော်သည်ဟုမထောင်နှင့်၊

ပထမ ရွှေကျင်ဆရာတော်ကြီးကြောင့် ရွှေကျင်ဂိုဏ်းကြီး ယခုထက်တိုင် ကြီးခိုင်မြဲမြင့်မား နေရပါသည် ဟု လျှောက်ထားခြင်းဖြင့် အရညဝါသီ တောရကျောင်းပျော် ဦးသီလ ဆရာတော်ကြီးနှင့် ပဏာမ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး ကျိုက္ကစံ ဆရာတော်ကြီး ဒီပဲရင်း ဆရာတော်ကြီးစသော ဆရာတော်ကြီးတို့သည်လည်း အားလုံး ဆရာသမားများ ဖြစ်ကြပါသည်ဟု မှတ်ယူပြီး ဖြစ်ပါကြောင်း နှလုံးသွင်းတော်မူကြပါ ဘုရား။

ထိုထိုသို့သော ရှေးရှေး ဆရာတော်များ၏ ဂုဏ်တော် ကျေးဇူး တော်ကို အထူးဆင်ခြင် အောက်မေ့ အမှတ်ရလျက် လူ့ဘဝတသက်တာ ခဏတာကလေး နေရသရွေ့မှာ ကလျာဏဘိက္ခု အဖြစ်ဖြင့်သာ ကိုယ့် ကျောင်း၊ ကိုယ့်တိုက်၊ ကိုယ့်တာ၊ ကိုယ့်ဌာန၊ ကိုယ့်ဂိုဏ်း၊ ကိုယ့်သာသနာ အတွက် လစ်ဟင်းချက် မှားယွင်းချက် မထွက်မပေါ်စေရန် အချင်းချင်း မေတ္တာစေတနာထားလျက် ကိုယ့်တာဝန်အရ ကိုယ်ကိုယ်တိုင်အသိတရားထား ရှိကြရမည် ဖြစ်ပါသည်ဘုရား။

မိမိက လဇ္ဇီ ကလျာဏဘိက္ခုအဖြစ်မှ လျှောကျ၍ အလဇ္ဇီ ပါပဘိက္ခု အဖြစ် နေမှားမိပါက မိမိကို ကိုးကွယ်ဆည်းကပ်သော လူ, ရှင်, ရဟန်း တပည့် ပရိသတ်များစွာ ငရဲပြည်တွင်ဘုံသို့ ရောက်ရမည်မှာ အရေးအကြီး ဆုံးသော သတိထားစရာကြီးတခု ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီး စာမျက်နှာ(၆၀)ဓမ္မာသဓဒီပနီ စာတမ်း၌ အောက်ပါအတိုင်း ဖော်ပြရေးသား ဆုံးမထားပါကြောင်းကို ရိုသေစွာလျှောက်ထားပါသည်ဘုရား။

"ထိုအလဇ္ဇီ ပါပပုဂ္ဂလတို့အား ဆည်းကပ်မှီဝဲ ကိုးကွယ်မိသော လူ - ရှင်ရဟန်းတို့ကိုလည်း ကောင်းမှုချ သဂ္ဂ - မောက္ခနိဗ္ဗာန်လမ်းဝ ပြောင့်မတ်လှပြီ - ဟူ၍လည်း မမှတ်အပ်ကုန်၊ အဘယ့်ကြောင့်နည်း ဟူမူကား - ငါတို့ ဗုဒ္ဓလက်ထက်တော်အခါ ရှင်ဒေဝဒတ်ကို ကိုးကွယ်ဆည်းကပ် အတုလိုက်၍ ကျင့်မိတတ်ကြကုန်သော လူ-ရှင်

ရဟန်းတို့ကဲ့သို့ရင်း၊ ကဿပဗုဒ္ဓရှင် လက်ထက်တော်၌ သူတော်ကောင်းတို့၏ ဂုဏ်ကျေးဇူးတို့ကို ချေဖျက်ပြောဆို ထိုထိုအလဇ္ဇီအမှုကို ပြုကျင့်တတ်သော ကပိလမည်သော ရဟန်းကို ကိုးကွယ်ဆည်းကပ် အတုလိုက်၍ ပြုကျင့်တတ်ကုန်သော ရှင်-လူ- ရဟန်းတို့ကဲ့သို့ရင်း၊ ထိုအလဇ္ဇီပါပ ပုဂ္ဂလတို့ထံ အဓမ္မဝါဒ အသဒ္ဓမ္မသာဝဏာကို ကြားနာရဘန်များသဖြင့် မသူတော် စိတ်ဝင်စား၍ ဒိဋ္ဌာနုဂတိအတိုင်း ကျင့်မိလိုက်မိ မှားမိသည် ဖြစ်၍ မသူတော်တို့ကို မြှောက်စား သူတော်စင် ရဟန်းရှင် -လူများကို ပြစ်မှားခြင်း စသောမကောင်းမှုအကုသိုလ်တရား တိုးပွား၍ အပါယ်လားခြင်းအကြောင်းဖြစ်သောကြောင့်တည်း။ ထို့ကြောင့် အဋ္ဌကထာ၌ "ယေခေါပနသာဒိဋ္ဌာနုဂတိံ အာပဇ္ဇန္တိ၊ တေသံ ဒီဃရတ္တံ အပါယဒုက္ခာဝဟနတော ဒုက္ခသမ္ဘဝော"ဟူ၍ အဋ္ဌကထာဆရာ မိန့်ဆပ်သတည်း"။

"ဤသို့သော ရှေးရှေး ဆရာတော်ဗုဒ္ဓရားကြီးများ၏ ဆုံးမသြဝါဒများကို ကျင့်သုံးလိုက်နာ၍ တပည့်တော်တို့အားလုံး အပြန်အလှန် သတိပေးကာ ညီညွတ်စွာ ရှိကြဘို့အရေး လျှောက်ထား ဆွေးနွေးတော်မူနိုင်ကြပါစေ"ဟု ဆုတောင်းပတ္ထနာပြုရပါသည်ဘုရား။

အရှင်တေဇဝန္တ (ဝိနည်းပြန်ဌာနဥက္ကဋ္ဌ)
ရသာရွာ၊ မဏိကာရုံကျောင်း
လေးတန်းဌာန- မြင်းခြံမြို့နယ်၊
၁၃၃၇-ခု၊ သီတင်းကျွတ်လဆန်း ၁၀-ရက်။

စဉ့်ကိုင်မြို့ ဆည်ရွာ ရွှေဆည်တိုက်သစ် ဆရာတော် ဓမ္မကထိက ဥူးကေလာဝံသလျှောက်ထားပတ်ကြားသည်။

# မုံရွာမြို့၊ ရွှေကျင်ဓမ္မာရုံတိုက် သက်တော် (၇၄)နှစ်၊ သိက္ခာတော် (၆၄)ဝါရှိ ပဓာန နာယက သရာတော်ဗရားကြီး၏ သြဝါဒကထာ

ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ ကျင်းပပြုလုပ်သော ဤရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးသည်ကား နိုင်ငံရေးမစွက်ဖက် သာသနာတော်ရေးအတွက် ကျင်းပပြုလုပ်သော အစည်းအဝေးကြီး ဖြစ်ပါသည်။

ဤအစည်းအဝေးကြီးကို ယခုနှစ်မှသာလျှင် စတင်ကျင်းပ ပြုလုပ်သည် မဟုတ်ပေ။ ၁၂၇၂-ခုနှစ် ပထမဝါဆိုလတွင် မန္တလေးမြို့ မဟာဝိဘာဒ္ဒါရုံတိုက်သစ်၌ ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေးပွဲကြီးကို ပထမအကြိမ်ကျင်းပ ပြုလုပ်ခဲ့ရာ ထိုအစည်းအဝေးကြီးမှ ပြဋ္ဌာန်းဆုံးဖြတ်ချက် အပိုဒ် (၇)အရ မန္တလေး၊ မော်လမြိုင်၊ ရန်ကုန်၊ တောင်ကြီး၊ စစ်ကိုင်း စသောမြို့ကြီးများ၌ (၁၀) ကြိမ်တိုင်တိုင်ကျင်းပပြုလုပ်ခဲ့ပါသည်။ယခုကျင်းပသော အကြိမ်သည်ကား (၁၁) ကြိမ်မြောက်ဖြစ်ပါသည်။

ယခုအစည်းအဝေးကြီး ကျင်းပဖြစ်မြောက်ရန် ထက်သန်သောစေတနာ၊ ညီညာတက်ကြွသော သမ္မာဆန္ဒဖြင့် ကြိုးပမ်းအားထုတ်ကြသော ကြခတ်ဝိုင်းဆရာတော်မှစ၍ ဝန်ဆောင်ပုဂ္ဂိုလ်များ၊ ရဟန်းရှင်လူများအား (သာသနဓရ သာသနမာမက ဂဏပါလက ဝံသဓရ) ပုဂ္ဂိုလ်များဟု ချီးကျူးအံ့သြမိပေသည်။ အစည်းအဝေးကြီး ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ကြသည့်အတွက်လည်း နှစ်သက်ဝမ်းသာ သာဓုခေါ်ရပေသည်။

ဤအစည်းအဝေးကြီးသို့ ကိုယ်စိတ်၏ပင်ပန်းဆင်းရဲမှုကို ပဓာနမထားဘဲ သာသနာတော်ရေးအတွက် ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေး၍ စည်းဝေးညီညာကြွရောက်တော်မူကြသော ထေရာနုထေရ ရွှေကျင်နိကာယဂိုဏ်းဝင်ဆရာတော် အရှင်မြတ်များအားလည်း အထူးပင်ကျေးဇူးတင်မိပေသည်။

"ရွှေကျင်ဂိုဏ်း ရွှေကျင်နိကာယ"ဟူသော အမည်သည် သာမညအမည် မဟုတ်ပေ။ မန္တလေးမြို့တည် နန်းတည် ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်း တရားကြီး၏ အားထားကြည်ညို ကိုးကွယ်ဆည်းကပ်အပ်သော ရွှေဘိုမြို့နယ် ရွှေကျင်ရွာဇာတိ၊ ရွှေကျင်ဆရာတော်ကိုအစွဲပြု၍ ဖြစ်ပေါ်လာသောအမည် ဖြစ်သည်။ မင်းတုန်းမင်းတရားကြီး၏ ရွှေကျင်ဆရာတော်ကို ကြည်ညိုမှုသည် "ပုဂ္ဂိုလ်ခင်၍ တရားမင်ခြင်း" မျိုး မဟုတ်ပေ။ ရွှေကျင်ဆရာတော်ဘုရားကြီး ၏ ဝိနယဂရုက လဇ္ဇီပေသလ၊ သီလ၊ သမာဓိ၊ ပညာတော်ဂုဏ်တို့နှင့် ပြည့်စုံ ခြင်း၊ တပည့်များအား အုပ်ချုပ်ဆုံးမဩဝါဒပေးရာ၌ နူးညံ့သိမ်မွေ့ခြင်း၊ ဟောပြောရာ၌ အားရကျေနပ်ဘွယ်ကောင်းခြင်း စသောဂုဏ်တို့နှင့် ပြည့်စုံ သောကြောင့်သာ အားထားကိုးကွယ်ခြင်းဖြစ်သည်။ ရွှေကျင်ဆရာတော်၏ အဆုံးအမဩဝါဒအတိုင်း ကျင့်သုံးနေထိုင်သော တပည့်အဆက်အနွယ်များ ကို ရွှေကျင်ဂိုဏ်း၊ ရွှေကျင်နိကာယ-ဟု ခေါ်ဝေါ်သတ်မှတ် ပညတ်အပ်ပေ သည်။

ဂဏာသမ္မုတပက ဂဏာဓိပတိ ဂဏအာဒိကမ္မိက ရွှေကျင်ဆရာတော် ဘုရားကြီး လွန်တော်မူသည့်နောက်၊ပြည်တန်သောနန်းစဉ်ပတ္တမြားရတနာကို မင်းအဆက်အဆက်တို့ ဆက်လက်စောင့်ရှောက်ကြသကဲ့သို့ ဝိသုဒ္ဓါရုံဆရာ တော်၊ ဒီပဲယင်းဆရာတော် စသော ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရား ကြီးများသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဆုံးအမဩဝါဒ၊ ရွှေကျင် သာသနာကို တည်တံ့ခိုင်မြဲအောင် ဂိုဏ်းစည်းမျဉ်း ဆုံးမဩဝါဒများ ပေးကာ၊ စောင့်ရှောက်တော်မူခဲ့ကြပါသည်။

မိဘ၏ မျိုးနွယ်အမွေအနှစ်ကို သားသမီးများက မပျောက်ပျက်ရအောင် အစဉ်အဆက် စောင့်ရှောက်ထိန်းသိမ်းကြသကဲ့သို့၊ ရွှေကျင်နိကာယ ဂိုဏ်းဝင် ထေရ်အရှင်တို့သည်လည်း၊ ရွှေကျင်ဆရာတော်ဘုရားကြီး၏ နိဿယဩဝါဒ၊ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားတို့၏ ညွှန်ကြားဆုံးမဩဝါဒကို ခံယူ ကာ လိုက်နာကျင့်သုံး နေထိုင်ကြသဖြင့် နှစ်ပေါင်းတရာ ကျော်လွန်သည့် တိုင် ရွှေကျင်ဂိုဏ်းကြီးသည် ယိုးဒယား၊ သီဟိုဠ်၊ ထိုထိုတိုင်းနိုင်ငံအနှံ့ အပြား နေ-လပမာ လွှန်စွာထင်ရှား၍ တိုးတက်စည်ကား ကြီးပွားတည်တံ့လျက် ရှိပေသည်။

ယင်းသို့ရာစုနှစ်တခု ကျော်လွန်အောင် တည်တံ့ကြီးပွားခြင်းမှာ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဆုံးအမဩဝါဒ ဂိုဏ်းထိပ်ခေါင်တင် ရွှေကျင်သာသနာပိုင် ဆရာတော်အဆက်ဆက်တို့၏ ချမှတ်အပ်သောဩဝါဒ ဂိုဏ်း, စည်းမျဉ်း, ကောင်းမွန်မှန်ကန်မှုကြောင့်ပင် ဖြစ်ပေသည်။

ရွှေကျင်ဆရာတော်နှင့် ရွှေကျင်ဂိုဏ်းကြီး ကြီးပွားတည်တံ့အောင် ရွက်ဆောင်တော်မူခဲ့ကြသော သာသနာပိုင် ဆရာတော်ဘုရားကြီးများ၏ ကျေးဇူးတော်ဂုဏ်တော်တို့ကား ကောင်းကင်လှည့်ပတ်၊ နက္ခတ်တာရာ၊ ကြယ်တကာတို့ကို ရေတွက်၍ မဆုံးနိုင်သကဲ့သို့၎င်း၊ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာမှ စီးဝင်လာသော မဟာသမုဒ္ဒရာရေကို ချင့်တွက်၍ မကုန်ခမ်းနိုင်သကဲ့သို့၎င်း၊ ချီးမွမ်း၍ မကုန်နိုင်အောင်၊ များမြောင်မြင့်မား၊ ထင်ရှားစွာတည်ရှိနေပါသည်။

ထိုဂိုဏ်း၏ ထိပ်ခေါင်တင် ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးတို့၏ ဂုဏ်ကျေးဇူးတော်ရိပ်ကို ခိုလှုံရသော ရွှေကျင်သာသနာဂိုဏ်းဝင် ထေရ်အရှင်တို့သည် ချမ်းသာစွာဖြင့် ဗုဒ္ဓရှင်တော်မြတ်၏ ပရိယတ် ပဋိပတ် နှစ်ရပ်သော သာသနာ့တာဝန်များကို ကြိုးစားအားထုတ်နိုင်ကြပေသည်။ ယင်းသို့ဖြစ်ရာ ထိုထိုဆရာတော်ဘုရားကြီးများ၏ ကျေးဇူးတော်များကား တပည့်တော်နှင့်တကွ ရွှေကျင်ဂိုဏ်းဝင် သံဃာတော်တို့အပေါ်၌ တင်ရှိနေပေသည်။

ထိုကျေးဇူးတော်တို့ကို တုန့်ပြန်ပူဇော်ရန်မှာ ရွှေကျင်ဂိုဏ်းဝင် အရှင်မြတ်တို့၏ တာဝန်တရပ်ဖြစ်ပေသည်။ ယင်းသို့ မိမိတာဝန်ကို ကျေပြွန်နိုင်ရန် တုန့်ပြန်ပူဇော်ရာ၌ အာမိသပူဇာ ဓမ္မပူဇာ နှစ်မျိုးတို့တွင်=

"ယော ခေါ အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဓမ္မာနုဓမ္မပ္ပဋိပန္နော ဝိဟရတိ သာမီစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ သော တထာဂတံ သက္ကရောတိ ဂရုံကရောတိ မာနေတိ ပူဇေတိ အပစယတိ ပရမာယ ပူဇာယ၊ တသ္မာ တိဟာနန္ဒ ဓမ္မာနုဓမ္မပ္ပဋိပန္နာ ဝိဟရိဿာမ သာမီစိပ္ပဋိပန္နာ အနုဓမ္မစာရိနောတိ....

ဟူသော ဗုဒ္ဓရှင်တော်မြတ်၏ မိန့်ခွန်းတော်—

"ပရမာယ ပူဇာယာတိ ဥတ္တမာယပူဇာယ၊ အယဉှိနိရာမိသ ပူဇာနာမ သင်္ကောတိ မမသာသနံ သန္ဓာရေတုံ၊ ယာဝဉ္စ ဣမာ စတဿော ပရိသာ မံ ဣမာယ ပူဇာယဿန္တိ၊ တာဝ မမသာသနံ မဇ္ဈေ နဘာသ ပုဏ္ဏစန္ဒောဝိယ ဝိရောစိဿတိ" ဟု အဋ္ဌကထာ အရှင်မြတ်မိန့်မှာအပ်သည်နှင့်အညီ "ကျင့်ဝတ်ပဋိပတ်ဖြင့် ပူဇော်ခြင်းသည် အမြတ်ဆုံး ပူဇော်ခြင်း" ဖြစ်ရကား ရှင်တော် ဗုဒ္ဓ၏ အဆုံးအမနည်း ဒေသနာတော်၊ ရွှေကျင် ဆရာတော်ဘုရားကြီးများ ညွှန်ကြားသတ်မှတ်အပ် သောဩဝါဒ၊ ဥပဒေစည်းကမ်းတို့ကို တသွေမတိမ်းလိုက်နာကျင့်သုံးလျက်၊ အမြတ်ဆုံး ပူဇော်ခြင်းဖြင့် ပူဇော်တုန်ပြန်ကာ ရွှေကျင်ဂိုဏ်းကြီး တည်တံ့ စည်ကား ကြီးပွား တိုးတက်အောင်၊ ဆောင်ရွက်အားထုတ်နိုင်ကြပါစေ....ဟု တိုက်တွန်းပန်ကြား လျှောက်ထားသိစေအပ်ပါသည် ဘုရား။

မုံရွာမြို့ ကျောက်ကာဆရာတော်ကလေး မဓုရဝါစီ ဦးဇနိန္ဒ လျှောက်ထား ဖတ်ကြားသည်။

# ရွှေကျင်ဝံသာနုရက္ခကျမ်းလာ ထုတ်ပြန်ချက်များနှင့်အညီ ပေးအပ်သော

# စစ်ကိုင်းမြို့၊ မဟာစေတီလှ ဘုန်းတော်ကြီး၏ သြဝါဒကထာ

၁။ ရေစကြိုမြို့၊ ဂူဖြူတောရ ပုဝမ်းဆရာတော်ကြီးများကဲ့သို့ နယ်မှ သိက္ခာတော်မှစ၍ ဂုဏ်အင်္ဂါနှင့် ပြည့်စုံတော်မူကြသော ဆရာတော်ဗရားကြီးများကို ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးမဟာနာယက အဖြစ်ဖြင့် တင်မြှောက်ထားသင့်ကြပါသည်။

၂။ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးများကဲ့သို့ ဗဟိုဥဂဏပါလက ဂိုဏ်းစောင့်သာသနာပိုင် ပထမ–ဒုတိယ တင်မြှောက်ထားသင့်ကြပါသည်။

၃။ ရွှေကျင်ဂိုဏ်း ပြန့်နှံ့ရာ သီဟိုဠ်၊ ယိုးဒယား စသည်တို့သို့ တိုင်အောင် ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ ဝိနည်းဓိုရ် - စသည် ရွေးချယ်၍ တင်မြှောက်ထားသင့်ကြပါသည်။

၄။ ပရဝဇ္ဇာနုပဿိဿ၊ နိစ္စံ ဥဇ္ဈာန သညိနော။
အာသဝါတဿဝဍ္ဎန္တိ။ အာရာ သော အာဝသဝက္ခယာ။

ဟူသော ဒေသနာတော်ကို အမြဲမပြတ် ကြပ်ကြပ် နှလုံးသွင်း၍ လိုက်နာကျင့်ကြံကြပါမှ မိမိနှင့်တကွ သာသနာတော်ကြီးပါ ကြီးပွါးကြမည်ဖြစ်ကြောင်း ထပ်လောင်း၍ တိုက်တွန်းအပ်ပါသည်။

မဟာစေတီလှဘုန်းတော်ကြီး
ဦးကေသရိန္ဒ
မဟာစေတီလှ ကျောင်းတိုက်
စစ်ကိုင်းမြို့
၁၃၃၇-ခုနှစ်၊ ဝါခေါင်လကွယ်နေ့။

# ပြည်မြို့ရွှေကျင်နိကာယသုံးခရိုင် ဝိနယစာပြန်ပွဲ ဥက္ကဋ္ဌ မင်းလှ၊ အိုးသည်ကုန်း၊စစ်ကွင်းသုံးမြို့နယ်ရှိ ဥပ ဥက္ကဋ္ဌ မင်းလှမြို့၊ဝေဠုဝန်စာသင်တိုက် မဟာနာယက ဖြစ်တော်မူသော သက်တော် (၇၄) သိက္ခာတော် (၆၄) ဝါရှိ ဆရာတော်ဗရားကြီး၏ ဩဝါဒကထာ

မိန့် ခွန်း လွှာ

သေယျထာပိဘိက္ခဝေ-မဟာသမုဒ္ဒေါ စသည်ဟောမြွက်ဓမ္မစက်နှင့်အညီ၊ မဟာသမုဒြာပမာတူမျှ အနုပုဗ္ဗသိက္ခတာအစလာသည့် ရှစ်ဖြာသောအံ့ဘွယ်၊ ကိုးသွယ်သောအင်္ဂါ၊သုံးဖြာသောပိဋကတ်၊ငါးရပ်သောနိကာယ်၊ရှစ်သောင်း လေးထောင်သော ဓမ္မက္ခန္ဓာ အပေါင်းတို့ဖြင့် ဟောကြားညွှန်ပြ ဆိုဆုံးမ တော်မူအပ်သော၊ သာသနာတော်မြတ်သည်ကား—

"သိက္ခတ္တယ သင်္ဂဟိတံ သာသနံ"-ဟူသော အဋ္ဌကထာဆရာမိန့်မှာတော် မူအပ်သည်နှင့်အညီ အဓိသီလ၊အဓိစိတ္တ၊အဓိပညာတည်းဟူသောသုံးရပ်သော သာသနာတော် မြတ်ကြီးကို စကြာဝတေးမင်း၏ ရင်နှစ်သီးချာ သားကြီး ရတနာသည်၊ စကြာဝတေးမင်း၏ ဥစ္စာရင်းစစ် အမွေအနှစ်ကို ယှင်းကွက် ဖောက်ပြားပြောက်ကြားမရှိ စောင့်ရှောက်ဘိသကဲ့သို့ ဓမ္မရာဇ်မှန်ကူ သယမ္ဘူ ထွဋ်ထား မြတ်စွာဘုရား၏ ဩရသစစ်၊ သားချစ်ရတနာ ဖြစ်တော်မူကြ ကုန်သော၊ ရွှေကျင်နိကာယ, သမဂ္ဂဂိုဏ်းဝင် သံဃာတော် အရှင်မြတ်တို့

သည်၊ ဘ- ဗရား၏ သုံးထွေသော သာသနာ့ဓမ္မအမွေတော် မြတ်ကြီးကို ဂဏပါလက- ဂဏဓုရ- မဟာနာယက မထေရ်ကြီးတို့က ခရုသင်းပွတ်သစ် ပုလဲနှစ်သွယ်မှာ ဖြူစင်သန့်ရှင်းစွာ မိမိတို့ ကိုယ်တော်တိုင် ကျင့်ကြံအားထုတ် ထိန်းသိမ်း စောင့်ရှောက်တော်မူကြပြီးလျှင် သဗြဟ္မစာရီ၊ သမဂ္ဂဂိုဏ်းဝင်, တပည့်သံဃာတော်တို့အားလည်း ကာယကံမေတ္တာ- ဝစီကံမေတ္တာ-မနောကံ မေတ္တာ- ရှေ့ထား၍၊ ထိန်းသိမ်း စောင့်ရှောက်တော် မူကြရန် တိုက်တွန်း နှိုးဆော် ဩဝါဒ ပေးတော်မူခြင်း၊ သမဂ္ဂဂိုဏ်းဝင် တပည့် သံဃာတော် အရှင်မြတ်တို့ကလည်း မာန- ကောဓ- မက္ခ- ပဠာသစသော မသူတော်တို့ တရားကို နှလုံးမထားမူ၍ ယောနိသော မနသိကာရဖြင့် တပည့်ကောင်းတို့ ရှေ့ရှုထားအပ်သော 'သောဝစဿတာ'-စသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံ ကြကာ ဆရာမြတ်တို့၏ အဆုံးအမ ဩဝါဒကို ကျောက်ထီးတန္တု အလေး ပြု၍၊ လိုက်နာကျင့်ကြံ အားထုတ်တော် မူကြပါလျှင် မိမိတို့၏ ပစ္စုပ္ပန် သံသရာနှစ်ဖြာသော အကျိုးများကိုရင်း၊ ရွှေကျင်ဂိုဏ်းကြီး၏ စည်ပင်ပြန့် ပွား အကျိုးများခြင်းငှာရင်း၊ ဗရားရှင်ကိုယ်တော်မြတ်ကြီး၏ သုံးရပ်သော သာသနာတော်မြတ်သည်လည်း အရှည်ခိုင်ခန့် တည်တန့်သော အကျိုးများ ကိုရင်း၊ ရရှိခံစားနိုင်ကြစေရန် ရည်သန်၍ စုစည်းညီညာ, သာထက်သာ အောင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

ပြည်မြို့ ဂန္ဓာမြိုင်ဆရာတော် ဦးဇနိယ

ဖတ်ကြား လျှောက်ထားသည်။

# မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံ တိုက်သစ် ဗဟိုဌာန သံဃာ့အမှုဆောင်အဖွဲ့ အထံသို့ ငါးကင်း ဝိနည်းပြန် ၅–၄ ၁ နှဆိုင်ရာ ကိုယ်စားလှယ် သံဃာတော်များ၏ လျှောက်ကြားလွှာ

အကြောင်းအရာ။ ။မြင်းမူမြို့နယ် ငါကင်း ပိတောက်ပင် ဆရာတော်ဘုရားကြီးအား ကောဒ ပဒ ကြိမ် ပဲခူးအစည်းအဝေးပွဲကြီး၌ ရတ္တညူ မဟာနာယက တင်မြှောက်ရန် လျှောက်ထားပါသည်ဘုရား....

## လက်ရှိငါးကင်းဌာန ဥက္ကဋ္ဌ

### ပိတောက်ပင်ဆရာတော်ဘုရားကြီး၏ အကျဉ်းချုပ် ဂုဏ်ပုဒ်

က။ ပိတောက်ပင် ဆရာတော်ဘုရားကြီးသည် သက်တော် ငယ်ရွယ်စဉ်ကပင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ အထံတော်၌ ဂုဏ်ရှင်ဆရာတော်ဘုရားကြီးများနှင့် အတူ ကြာမြင့်စွာနေထိုင်၍ ရွှေကျင်တိုက်ထွက်အစစ်ဖြစ်ခြင်း–

ခ။ ယခုသက်တော် ၉၁–နှစ်အရွယ်ထိ မဟာဝိသုဒ္ဓါရုံ ရွှေကျင်ဂိုဏ်းစည်းမျဉ်းအတိုင်း တသဝေမတိမ်း ကျင့်သုံးနေထိုင်တော်မူခြင်း–

ဂ။ အထူးအားဖြင့် အထက်ဆရာတော်ဘုရားကြီးများ၏ ဩဝါဒအရ ယနေ့အထိ သက်ရှိသတ္တဝါ ယှဉ်က,အပ်သော လှည်း၊ မြင်း မစီးဘူးခြင်း–

ဃ။ အပူအအေးမရွေး မည်သည့်အခါမျှ မြို့တွင်း, ရွာတွင်း ဘိနပ် မစီးဘူးခြင်း–

င॥ ဆေးသောက်, ဆေးဝါး ကွမ်းစားမှုတို့ကို မိမိလည်းမပြုလုပ် တပည့် ရဟန်းသာမဏေတို့ကိုလည်း ရှောင်ကြဉ်စေခြင်း-

စ॥ ရွှေ-ငွေ အနာမာသ အကပ္ပိယ-ဝတ္ထုပစ္စည်းတို့ကိုလည်း ဝိနည်းတော်နှင့် လျော်ညီအောင်ကိုယ်တိုင်ကျင့်ခြင်း ကျင့်စေခြင်း-

ဆ॥ ယနေ့သက်တော် ၉၁-နှစ်ရှိသော်လည်း သတိလစ်ပေါ့ မေ့လျော့မှုမရှိ သမာဓိ တည်ကြည်စွာ အသိဉာဏ်ထက်သန်တော်မူခြင်း နှင့်တကွ နေ့စဉ် ညနံနက်ဝတ်တက်မပျက်ခြင်း၊ ရေလှူ ပန်းကပ် ကိုယ်တော်တိုင် ပြုလုပ်ခြင်းတို့ဖြင့် ရှုရနှစ်ပါးပွားများ နေထိုင်တော်မူခြင်းတို့ကို သက်တော်ရှယ်တော်နှင့် ထောက်စာလျှင် အံ့ဩဘွယ်ရာ တွေ့မြင်ကြည်ညိုနေကြရပါသည်။

ဤဝိသေသဖေါ်ပြချက် အချို့တို့ကြောင့်ပင် မြင်းမူမြို့နယ် အရာတော်မြို့နှင့်တကွ စစ်ကိုင်း-မုံရွာ ခရိုင်မြို့နယ်အထိ ပိတောက်ပင်ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းသည် ပျံ့သင်းကျော်လွှား အတုယူဘွယ်များ များစွာရှိပါသည်၊ ထို့ကြောင့် ငါးကင်းဝိနည်းပြန်ဌာန အမှူးပြုသော ဆိုင်ရာနယ်သံဃာတော်အပေါင်းတို့က ပိတောက်ပင်ဆရာတော်ဘုရားကြီးအား ရတ္တညူမဟာနာယက ပုဂ္ဂိုလ်အဖြစ် တင်မြှောက်ပါရန် လျှောက်ထားပါသည်ဘုရား။

၁॥ ငါးကင်းဝိနည်းပြန်ဌာန၊

၂॥ ညောင်ပင်ကန်ဌာန၊

၃॥ စစ်စီဝိနည်းပြန်ဌာန၊

၄॥ သလဲပါ ဝိနည်းပြန်ဌာန၊

၅॥ မူး၊ မန္တလေးဌာန်၊

# မြင်းမူမြို့နယ် ငါးကင်းမင်းရွာ ပိတောက်ပင်တောရကျောင်း သက်တော် ၉၁–နှစ်ရှိ ပိတောက်ပင် ဆရာတော်ဗရားကြီး၏ ဩဝါဒ မိန့်ခွန်းတော်

ယောဂ္ဂမသ္မိံ ဓမ္မဝိနယေ
အပ္ပမတ္တော ဝိဟေဿတိ
ပဟာယ ဇာတိသံသာရံ
ဒုက္ခဿန္တံ ကရိဿတိ။

ယော- အကြင်ပုဂ္ဂိုလ်သည်၊ ဣမသ္မိံ ဓမ္မဝိနယေ- သုတ်,အဘိဓမ္မာ, ဝိနည်းဟူသော ဤသာသနာတော်၌၊ အပ္ပမတ္တော- မမေ့မလျော့ မပေါ့မဆ ကောင်းမြတ်သော သတိတရားရှိသည်ဖြစ်၍၊ ဝိဟေဿတိ၊ ကျင့်သုံးနေနိုင်အံ့။ သော- ထိုသုတ် အဘိဓမ္မာ ဝိနည်းဒေသနာတော် အတိုင်း ကျင့်သုံးနေနိုင်သော ပုဂ္ဂိုလ်သည်၊ ဇာတိသံသာရံ- ဘဝ များစွာ ပဋိသန္ဓေတည်နေခြင်းဟူသော သံသရာကို။ ပဟာယ- ပယ်စွန့်၍၊ ဒုက္ခဿန္တံ၊ ဝဋ်ဆင်းရဲ၏အဆုံးကို၊ ကရိဿတိ, ပြုလုပ်နိုင် လတံ့.

မဟာပရိနိဗ္ဗာနသုတ် ဗုဒ္ဓရှင်တော်မြတ်ကြီး၏ မုခပါဌ် မိန့်တော်ချက်ကို ဦးထိပ်၌ သံမှိုနှက်သလို ဦးထိပ်ရွက်လေးစားလျက်၊ ရှေးရှေးဆရာတော် များ ထေရ, နဝ, မဇ္ဈိမ အဆက်ဆက်၊ ပဝေဏီ ဆောင်ရွက်ကြသကဲ့သို့ ဗရားတပည့်တော်တို့ လက်ထက်၌လည်း ရှေးမူ မပျက်ရအောင် ရွှေကိုင် ငွေကိုင် လှည်းစီး, နေလှဲ့ကွမ်းစား, ဆေးသောက်,ဆေးဝါးစသော ဝိနည်း ဒေသနာတော်နှင့်မညီသော အလဇ္ဇီပါပအမှုတို့ကိုရှောင်ကြဉ်တော်မူကြလျက် ရှောင်ကြဉ်အောင်လည်း ဆုံးမတော်မူကြလျက်....

ဗုဒ္ဓရှင်တော်ဘုရား၏ ဂုဏ်တော်ကျေးဇူးတော်ကို အောက်မေ့ပွားများပြီး ရေလှူပန်းကပ် ညဥ့်နံနက် ဘုရားဝတ်တက် မပျက်ကြစေဘဲ သာသနာ့အလုပ် အားထုတ် ဖြည့်ကျင့်တော်မူကြရန် သြဝါဒအနေဖြင့် သတိပေးအပ်ပါသည် အရှင်မြတ်တို့ဘုရား။

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်
ငါးကင်း ပိတောက်ပင်တောရ

ဦးပဏ္ဍာဝံသ
သက်တော် ၈၁-နှစ်၊ ဝါတော် ၇၂-ဝါ

'အမိန့်အရ' စာပေးပို့သူ-ဦးစန္ဒိမာ (အကျိုးဆောင်)
ငါးကင်းတောရကျောင်းဆရာတော်။

ဤသြဝါဒကို စစ်ကိုင်းတောင် ပထမ မစိုးရိမ်ချောင်
ဆရာတော် ဦးသုမင်္ဂလ လျှောက်ထား ဖတ်ကြားသည်။

## သိမ်ဘိသိက်ဂုဏ်ထူးဆောင် သာသနာတော်လုံးဆိုင်ရာ ကောဒသမ ရွှေကျင်ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီးသို့ ဆန္ဒပေးလျှောက်လွှာ

ပဲခူးမြို့ကြခတ်ဝိုင်းကျောင်းတိုက်အတွင်း ကောဒသမအကြိမ်ရွှေကျင်ဂိုဏ်း သံဃာ့အစည်းဝေးသို့ ရောက်ရှိတော်မူကြသည့် မဟာထေရ်ကြီးများ အမှူးရှိသော သံဃာတော်အရှင်မြတ်တို့ဘုရား။

ရွှေကျင် ဂိုဏ်း လုံး ကျွတ် အစည်းအဝေးသို့ ကိုယ်တိုင်ကြွရောက်၍ ဘုရားတပည့်တော်အား ပင့်လျှောက်လွှာ ပေးပို့သည်ကို အလွန်တရာမှ ဝမ်းမြောက်လှပါသည်။ သို့ရာတွင် တပည့်တော်မှာ အသက်အရွယ်ကြီးရင့် ဇရာဒုဗ္ဗလ ဖြစ်နေပါသောကြောင့် အယုတ်ဆုံးဂိုဏ်းကိစ္စအတွက် ဇာသပြင်နှင့် နီးကပ်သော မော်လမြိုင်မြို့သို့ သဘောစီးပြီးသွားရန်ပင် ခဲယဉ်းနေပါသည်၊ ပဲခူးသို့ ကြွရောက်ရန် မဖြစ်နိုင်တော့သဖြင့် အစည်းအဝေးသို့ မကြွလာသည် ကို ခွင့်ပြုတော်မူကြပါဘုရား။

သံဃာ့အစည်းအဝေးကြီးက သဘောတူ ဆုံးဖြတ်သော ပြဋ္ဌာန်းသမျှကို တပည့်တော် သဘောတူပြီး ဖြစ်ကြောင်း ဆန္ဒပေးပါသည်ဘုရား။

အထူးလျှောက်ထားလိုသည်မှာ— ရွှေကျင်ဆရာတော်၊ တောရဆရာတော်၊ ဝိသုဒ္ဓါရုံဆရာတော်အစရှိသော ဆရာတော်အဆက်ဆက်တို့သည် ရွှေကျင်ဂိုဏ်းလုံးကျွတ် အစည်းအဝေးကို ၃-နှစ်တကြိမ်ကျ စည်းဝေးကြရန် သတ်မှတ်ချက်များရှိသည်ကို တပည့်တော်များ မှတ်မိသကဲ့သို့ အများသံဃာလဲ မှတ်မိတော်မူကြပါလိမ့်မည်။

ယခုအခါ ဒသမအစည်းအဝေးနှင့် ကောဒသမ အစည်းအဝေးသည် (၁၀) နှစ် ကျော်ကြာခဲ့ပါ၍ စည်းဝေးရမည့်အကြိမ် (၃ ကြိမ်ပျက်ကွက်ခဲ့ပါသည်၊ ယင်းပျက်ကွက်မှုကြောင့် ဂိုဏ်းကြီးပွား တိုးတက်မှုသည်လည်း ယုတ်လျော့လာသည်ဟု တပည့်တော်များ ထင်မြင်မိပါသည်။

ရှေးရှေးဆရာတော်များ ချမှတ်ထားသည့် မူအတိုင်း အခြေအနေကြည့်ပြီး ကိုယ်စားလှယ်မများစေဘဲ စာပြန်ဌာန တဌာနလျှင် အနည်းဆုံး ၂-ပါး၊ အများဆုံး ၅-ပါး ကျစီ, ပင့်၍ သုံးနှစ်တကြိမ် ဂိုဏ်းလုံးကျွတ် စည်းဝေးကြရန် နယ်အသီးသီးရှိ ဝိနည်းပြန်ပွဲများရက်နှင့်လည်း တိုက်ဆိုင်ခြင်းမှ နေ့ရက်ရှောင်လွှဲပြီး စည်းဝေးပွဲလုပ်ကြရန် ကမ္မကာရကအဖွဲ့ ဆရာတော်များက စီစဉ်ဆောင်ရွက် ပေးသင့်ပါသည်၊ ဆောင်ရွက်ရန်လည်း တပည့်တော်က တိုက်တွန်းလိုပါသည်ဘုရား။

**ဘဒ္ဒန္တ ဗုဒ္ဓရက္ခိတ**
မော်လမြိုင်ဝိနည်းပြန်ဌာန ဉက္ကဌ
ကွင်းကျောင်း ဇာသပြင်ရွာ၊
ဘားအံမြို့။

မော်လမြိုင်ဌာန၏ အလိုဆန္ဒကို လွန်တော်မမူမီ ပေးတော်မူခဲ့သော မော်လမြိုင် ဉက္ကဌ ဆရာတော်ကြီး၏ ဆန္ဒပြုစာလွှာ ဖြစ်ပါသည်။

## ၁၃၃၇–ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၇) ရက် ပြည်ထောင်စု မြန်မာနိုင်ငံ အရည်ဝါသီ ရွှေကျင် ဂိုဏ်းလုံးဆိုင်ရာ (ကောဒသမ) မဟာသန္ဒိပါတွင် ဌာနတာဝန်ခံ အထူးအမှုဆောင်တို့၏ ခွင့်ပန်လျှောက်ထား ပန်ကြားလွှာပါဗရား*

စိရံတိဋ္ဌတု သာသနံ။ ။သာသနံ၊အစ္ဆရိယ အဗ္ဘုတကြောင့် ရှစ်ဝထင်ပေါ် ဗရားမြတ်၏ အဆုံးအမခေါ် သာသနာတော်သည်၊ စိရံ-စိရံဝ၊ ရှေးရှေ သာသနာဝင် ဆရာဒါယကာ အဆက်ဆက်တို့ကဲ့သို့ ယခုဆက်လာ ဆရာဒါယကာ အဆက်ဆက်ဖြ လည်း ထွန်းတက်ရှိန်ဝါ ကြာမြင့် သော ကာလတိုင်အောင်သာလျှင်၊ တိဋ္ဌတု-လမင်း တရတည့်,ပုံကိုမှီ၍ ကမ္ဘာဆုံးသက် ထုံးမပျက်အောင် ဝင်းလက်လင်းပြာ တောက်ပြောင် တည်တန့်ပါစေ သတည်း။

### (၁) ဌာနတာဝန်ခံတို့၏ လျှောက်ထားချက် ခွန်းဆက်။

၁၃၃၇-ခု၊ ရတုသရဒ တန်ဆောင်မုန်းလပြည့်ကျော် (၂) ရက်မှ (၈) ရက်ထိ (၁၀၅)ကြိမ်မြောက် အရည်ဝါသီတောရ ဝိနယာစာတော်ပြန်ပွဲနှင့် တွဲဘက်ကျင်းပအပ်သော ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ (ကောဒသမ) မဟာ သန္ဒိပါတကြီးသို့ နေဝေး+နေနီး အသီးသီးမှ သာသနာတော်ရေး ဂိုဏ်း အရေး၌ ကိုယ်စိတ်နှမ်းနယ် ပင်ပန်းဘွယ်ကို စိတ်ဝယ်မစဉ်းစား (သာမဂ္ဂီ) ရေးကိုသာ လွန်လေးစားပြီး ကိုယ်တော်တိုင် ကြွရောက် ချီးမြှောက်တော် မူကုန်သော ထိရဂုဏ်အင် စုံအလင်နှင့် ထို့ပြင်ထူးခြား ဂိုဏ်းတာဝန်ခံ ရှေ့ဆောင်ရှေ့သွား ဆရာတော် သံဃာတော်အရှင်မြတ်အပေါင်းတို့ ဗရား။

## (၂) ကမ္မဝါစာက ဖွဲ့စည်းထားပြီး အသိပေးဆိုင်ရာ

ဤ (ကောဒသမ) သန္နိပါတ်ကြီး တာဝန်ယူ ကျင်းပပေးနိုင်ရေးအတွက် ယင်းနှင့်စပ်သမျှ ကိစ္စရပ်များကို တာဝန်အားလျော်စွာ ပြုစုစောင့်ရှောက်နိုင်စေရန် (မဟာနာယက-ဥပမဟာနာယကအမျိုးပြုသော နာယကဆရာတော်များအဖွဲ့)နှင့် ပဲခူး စာပြန်ဌာန ကျောင်းပေါင်း (၁၃၇)ကျောင်းတို့မှ ကျောင်းထိုင် (ပဓာန)ပုဂ္ဂိုလ်အပေါင်းတို့က ကျောင်းဘုန်းတော်ကြီး (၁၅) ပါးကို အထူးအမှုဆောင်အဖွဲ့ဟု ရွေးကောက် တင်မြှောက်ခြင်း၊ ဒကာ ဒကာမပိုင်းဆိုင်ရာ တိုကိုလည်း အသီးအသီး ဖွဲ့စည်းခဲ့ခြင်း၊ ယင်းသို့ ထမ်းဆောင်ဘွယ် ကိစ္စရပ်များနှင့်စပ်၍ ဟာကွက်မရှိရလေအောင် တွဲဘက်ခန့်ထား ဖွဲ့စည်းထားခဲ့ကြပါသည်ဖရား။

## (၃) ချမှတ်ထားပြီး တာဝန်ပိုင်းနှင့် မိတ်ကြားပိုင်း

ယင်းသို့ သံဃာ့ အထူးအမှုဆောင်အဖွဲ့၊ ဒကာဒကာမ အဖွဲ့အစည်း အသီးသီးကို ဖွဲ့စည်းပေးပြီးနောက် ထိုအဖွဲ့အပြား အစားစားတို့ကိုလည်း ဤ (၁၁) ကြိမ်မြောက် မဟာသန္နိပါတ်ကြီးနှင့် ပတ်သက် သမျှသော ထမ်းဆောင်ဘွယ် လုပ်ငန်းရပ်များကို အောက်ပါအတိုင်း မူစည်းကမ်း(၅) ရပ်တို့ကို ချမှတ်ပေးထားကြပါသည်။

**ထိုမူစည်းကမ်းရပ်တို့မှာ....**

(၁) သာသနာ့ဂုဏ်၊ နိကာယကြီးရဲ့ဂုဏ်၊ တာဝန်ခံ ဌာနဂုဏ်များ အလိုက်နှင့် ထိုက်သင့်သည့် (သန္နိပါတ်ကြီး) ဖြစ်၍ လိုအပ်ဘွယ် မရှိရလေအောင် ညှိနှိုင်းတိုင်ပင်ကာ ပြုစုထမ်းဆောင် ကြရမည်။

(၂) ဌာနတာဝန်ခံများ ဖြစ်ကြသည့် အတိုင်း ခေတ်အားလျော်စွာ (သန္နိပါတ)သံဃာကို အကောင်းဆုံး ဖြစ်တတ်သရွေ့ စွမ်းနိုင်သမျှ ကိုယ်+စိတ်နှစ်ဖြာ ချမ်းသာမှုကို အာရုံပြုကာ (ခန္တီ+မေတ္တာ) တရားများကို လက်ကိုင်ထားပြီး မှုမှုရရ ပြုစုစောင့်ရှောက်ကြရမည်။ (စား-နေ-သွား-ကျန်းမာရေးစသည့် တာဝန်ပိုင်းဆိုင်ရာ)

(၃) မိမိတို့ တာဝန်ခံဌာန (နာယက) အဖွဲ့မှ ညွှန်ကြားချက် ရလျှင် ဤ (၁၁) ကြိမ်မြောက် သန္နိပါတကြီးနှင့် သက်ဆိုင်သော (အန္တရသန္နိပါတ) စသည့်ဆိုင်ရာ ပွဲစုတို့တွင် အရာအားလျော်စွာ ထမ်းဆောင်နိုင်ရမည်။ (မလိုအပ်က ထမ်းဆောင်ဘွယ်မရှိ)

(၄) အထူးအမှုဆောင်များ (၁၅)ပါးတို့ဖြင့် လုပ်ငန်းကိစ္စမလုံလောက်ဘဲရှိနေလျှင် ကျောင်းထိုင် ဘုန်းတော်ကြီးများမှ သင့်တော်ရာကို ရွေးကောက် တင်မြှောက်၍ တွဲဖက်အထူး အမှုဆောင်ခန့်ကာ တာဝန်ပိုင်းဆိုင်ရာကို ထိုက်သင့်သလို ခွဲဝေလျက် အဆင်ပြေအောင် ထမ်းဆောင်ကြရမည်။

(၅) အမှုဆောင်များအဖွဲ့သို့ ရောက်လာသော တာဝန်ပိုင်း ဆိုင်ရာ၌ တာဝန်အားလျော်စွာ နိုင်လောက်သည့် တာဝန်ပိုင်းဆိုင်ရာမဟုတ် ခဲ့လျှင် (မဟာနာယက) ဆရာတော်ဘုရားကြီး အမှူးပြုသော (နာယက) ဆရာတော်များအဖွဲ့သို့ တင်ပြကာ အကူအညီတောင်း ယူပြီး ပြေလည်အောင် ထမ်းဆောင်ကြရမည်။

အထက်ပါ မူစည်းကမ်း (၅)ရပ်ကို ဂိုဏ်းဦးစီးအဖွဲ့မှ ချမှတ်၍ တာဝန် ပေးအပ်သည်ကို လိုက်နာကြည်ဖြူ ခံယူပြီးဖြစ်သည့်အတိုင်း သံဃာပိုင်း-လူပိုင်း အဖွဲ့အသီးသီးတို့သည် လုပ်ငန်းတိုင်း၌ ညှိနှိုင်းကာဖြင့် ဤ ပွဲသဘင်ကြီး၌ နွှဲဆင်တော်မူကြသော ထေရ်ကြီး ထေရ်ငယ် အသွယ်သွယ်သော ပါးရေ (၁၀၀၀)တထောင်ကျော် သံဃာ ကြည်သာရွှင်ပြုံး သီတင်းသုံး နေထိုင် တော်မူသမျှကာလပတ်လုံး နှလုံးဓာတ်မှာ ကြည်သာချမ်းမြ လိုအပ်ဘွယ် မရှိရလေအောင် တိတိပပ (မှုမှုရရ) ပြုစုစောင့်ရှောက်ခဲ့ကြပါသည်ဘုရား။

သို့ပါ၍ ကက်ပိုင်း - အောက်ပိုင်း ထိုထိုပြည်နယ် အသွယ်သွယ်မှ ဤ (သန္နိပါတ)သို့ ညီညာဖျဖျ ကြွရောက်တော်မူလာကြကုန်သော ဆရာတော်, သံဃာတော် အပေါင်းတို့သည် အခမ်းအနား စသည်ကိစ္စ ပတ်သက်သမျှသော တာဝန်ရပ်ကို သံဃာဖွဲ့, လူဖွဲ့ ဆိုင်ရာ အလိုက် ထိုက် သင့်သည့် အကူအညီကို သက်ဆိုင်စွမ်းနိုင်သည့် အားလျော်စွာ ထမ်းဆောင်

ရမှုသည် ဗုဒ္ဓသာသနာ တည်တံ့ တောက်ပြောင်ရေးတို့သာ ဖြစ်သည်ဟု နှလုံးပိုက်ထားပြီးဖြစ်ရှိငြင်း၊ တာဝန်ခံတို့၏ ကိုယ်ခန္ဓာကို ဤ (၁၁)ကြိမ် မြောက် သန္နိပါတကြီးအား အပ်နှင်းလျက် ဆောက်တည်ချက်ရှိထားပြီး ဖြစ်ရှိငြင်း၊ အားတုန့်အားနာရှိဘိုရာ မလိုအပ်ပါဗရား။

## (၄) ချီးယွင်းပျက်ကွက် တောင်းပန်ချက်။

ယင်းသို့ တာဝန်ပြိုပြို ဦးထိပ်ရွက်ပန်ဆင်ကာ ပြုစုစောင့်ရှောက်ကြသည် ဖြစ်သော်လည်း ဤမျှ များပြားသည့် သံဃာတွင် (၁) အချို့အချို့ သံဃာ၏ လိုအဆန္ဒကို အပြည့်အဝ ထမ်းဆောင်ခြင်းငှာ မစွမ်းနိုင်သောကြောင့်ငြင်း၊ (၂) ထမ်းဆောင်ဘိုရာ ထိုက်သင့်ပါလျက် တာဝန်ထွေပြား လစ်ဟင်းသည့် အနေအထား ဟာကွက်များမှာ ရှိတန်လဲ ရှိနိုင်သောကြောင့်ငြင်း၊ (၃) ဆက်ဆံရာ၌ ပြောမှားဆိုမှား စည်းကမ်းမှား ဝတ်ပိုင်းဆိုင်ရာ ချွတ်ချော်မှု- စသည်များလဲ ရှိနိုင်ကောင်း ရှိတတ်သောကြောင့်ငြင်း၊ ယင်းသုံးမျိုးသုံးစား မနှစ်မြို့စဘွယ် အပြစ်အသွယ်သွယ် အကယ်ရှိခဲ့ပါလျှင် အပေါင်းသံဃာသည် တာဝန်ခံတို့၏ ပုထုဇဉ်အငွေ့ အလေ့ဓမ္မတာဘဲဟု ကရုဏာရှေးရှု၍ ကျေနပ် ခွင့်ပြုတော်မူကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်ဗရား။

## (၅)ဥပကာရပြု၍ ဝမ်းမြောက်မှုဆိုင်ရာ

ဤ ပဲခူး စာတော်ပြန်ဌာန၌ (ကောဒသမ) သန္နိပါတကြီး ကျင်းပမှုကို ခွင့်ပြုတော်မူကုန်သော မန္တလေးမြို့ ဗဟိုဌာန ဥဿျောင်ကိုင် သံဃာတော် များအဖွဲ့အားငြင်း၊ ပင့်ဖိတ်သဖြင့် အနယ်နယ်အရပ်ရပ်မှ ချီးမြှောက်တော် မူလာကြကုန်သော ဂိုဏ်းလုံးဆိုင်ရာ ရတ္တညူ ဂုဏမဟတ္တ နိကာယပုဗ္ဗင်္ဂမ- စရှိများစွာ သန္နိပါတ သံဃာတော်အပေါင်းအားငြင်း၊ တပည့်တော်များ ပဲခူးစာပြန်ဌာန၏ ရတ္တညူ မဟာနာယက-ဥပ မဟာနာယက အမှူးပြုသည့် သံဃာပေါင်း "၁၄၀၀" တထောင့်လေးရာကျော်တို့နှင့်တကွ ပဲခူးမြို့ပေါ် ထို့ပြင် နယ်လုံးဆိုင်ရာ ထိုထိုဌာန သက်ဆိုင်ရာ ဒကာ ဒကာမအပေါင်းများ စွာက အစည်းအဝေး သံဃာပေါင်းစုံအားဂုဏ်ကိုမြတ်နိုးလျက်ပြုစုလုပ်ကျွေး ရခြင်းစသည့် တန်ဖိုး အနဂ္ဃ မှန်မြန်လှသော ပါရမီ ကုသိုလ် မင်္ဂလာ အစားစားကို ဘာဝတဇာတ်အတွက် အမြတ်ထွက်အောင်ပွားများ ကြိုးကုတ် အားထုတ်ကြရသည်ဟု အနှိုင်းမရှိသည့် (ဥပကာရကြီး) အနေဖြင့် လွန်စွာ ရွှင်မြူးအားရ ဝမ်းမြောက်ကြပါသည်ဗရား။

ထိုမှ တဖြာဆက်၍ လျှောက်ထားပါဦးမည် ဗုရား၊ ဤပဲခူးစာတော်ပြန် ဌာနသို့ ဂိုဏ်းလုံးဆိုင်ရာ ထိပ်ထိပ်ကြဲ ဆရာတော်ကြီးများ ဦးဆောင်သည့် သံဃာသည် (၄) ရက်တိုင် သာသနာရေး၊ ဂိုဏ်းအရေးတွက် စည်းဝေး-တိုင်ပင်တော် မူကြခြင်းသည် ပဲခူးစာတော်ပြန် ဌာနလုံးဆိုင်ရာ သာသနာတော်ကို အားသစ်ဖုံ့ လောင်းလာကုန်သကဲ့သို့ ဖြစ်သောကြောင့်လည်း သက်ဆုံးတိုင် မမေ့အပ်သည့် (ဘဝမှတ်တိုင်) တရပ်ကို စိုက်ထူအပ်သည်ဟု နှစ်ဆင့်မြောက် (ဥပကာရကြီး) အနေ ရှင်ပျကြည်လင် မှတ်တမ်းတင်အပ်ပါသည်ဗုရား။

## (၆) နိဂုမ်းပိုင်းဆိုင်ရာ

အထက်ပါမာတိကာ (၅)ခု အခြေပြုလျက် တင်ပြအပ်သော ခွင့်ပန်လျှောက်ထား ပန်ကြားလွှာသည် ဌာနဆိုင်ရာတို့၏ တာဝန်အားလျော်စွာ တင်ပြရခြင်းဖြစ်၍ ယင်းတင်ပြချက်သည် အထိုက်အလျောက် ပြည့်စုံလောက်ပါပြီ၊ သို့ပါ၍ ပတ္ထနာတရပ်ဖြင့် အဆုံးသတ်ပါမည်ဗုရား။

ပတ္ထနာ—

၁။ ဤပြည်ထောင်စုမြန်မာနိုင်ငံ အရှည်ဝါသီ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ၌ ဂိုဏ်းကြီး၏ ရွှေဆောင်, ရွှေသွား ရတ္တညူ မဟာ နာယက ဖြစ်တော်မူကြသည့် ကျေးဇူးရှင် ဆရာတော် ဗုရားကြီးတို့သည် ကျန်းမာစွာ သက်တန်းရာကျော် ရှည်တော်မူကြ၍ ဗုဒ္ဓသာသနာ၊ ဂိုဏ်းသာသနာကို နေ+လ အသွင် ကြင်လင်ပြီး တည်တန့်စည်ပင်အောင် မတ်မတ်မားမား ရွှေဆောင်လမ်းပြ အား ထုတ် စောင့်ရှောက်တော်မူနိုင်ကြပါစေဗုရား။

၂။ ဂိုဏ်းဝင်များစွာ အပေါင်းသံဃာသည်လည်း ဂိုဏ်း၏ ရွှေသွား ဆရာတော်ဗုရားကြီးများ၏ လမ်းစဉ်ကိုပြ သြဝါဒမသွေ လိုက်နာနိုင်ကြပြီး–သံဃာအချင်းချင်းလည်း(သာမဂ္ဂီ)တရား ထွန်းကားသည်ထက် ထွန်းကားအောင် ကောင်းစွာမသွေ ကြိုးစားနိုင်ကြပါစေဗုရား။

၃။ အပေါင်းသံဃာသည် အထက်နှင့် အောက် အနေပြားသော်လည်း စိတ်ထားတူမျှ(ကေဘာ၁၀)ဖြစ်၍ တပါးသည် တပါး၏ အကျိုးကို အစဉ်တစိုက် လက်ခံသိမ်းပိုက် လိုလားနှစ်ခြိုက်ခြင်းဖြင့် မေတ္တာဓာတ် ထူး ပေါင်းကူးပြန့်လှန် ဆက်ဆံလျက် အပေါင်းညီညာ ဗုဒ္ဓသာသနာ, ဂိုဏ်းသာသနာ နှစ်ပါးထောင် ရောက်အောင် စောင့်ရှောက်နိုင်ကြပါစေဗျား။

၄။ ကြီး+လတ်+ငယ်ပြား အရှင်မြတ်များတို့သည် ဂိုဏ်းစိတ်,ဂိုဏ်းသွေး အပြည့်အဝ မွေးကြလျက် ရွှေကျင်သွေး, ရွှေကျင်ရောင် အမှောင် မနွမ်းအောင် ဆောင်စွမ်းတော်မူနိုင်ကြပါစေဗျား။

ပဲခူး ဝေါမြို့ သုဝိတာရုံ ဦး:ဂမ္ဘီရဗုဒ္ဓိ (နာယက ဓမ္မကထိက) လျှောက်ထားဖတ်ကြားသည်။

ထထထ ○ ထထထ

# သက်တော်ရှည် နယ်လှည့်သာ ဟနာပြ ဆရာတော်ကြီးများ

| | | | |
|---|---|---|---|
| ၁။ | ဆရာတော်ဦးဇောတယာဘိဝံသ | ၇၁-ဝါ | အရွှေဝိသုဒ္ဓါရုံ - မန္တလေး |
| ၂။ | ဆရာတော်ဦးပဏ္ဍိတ | ၆၄-ဝါ | ဝေဠုဝန်ကျောင်း၊မင်းလှမြို့။ |
| ၃။ | ဆရာတော်ဦးပဏ္ဍိတ | ၆၄-ဝါ | ရွှေဟင်္သာတိုက်သစ်၊စစ်ကိုင်းမြို့ |
| ၄။ | ဆရာတော်ဦးသူရိယ | ၆၄-ဝါ | သက္ကယ်တောင်ကျောင်း၊ ဘီလူးကျွန်းမြို့။ |
| ၅။ | ဆရာတော်ဦးသီလာစာရ | ၆၃-ဝါ | ဥက္ကံကျောင်း၊ဘုရားကလေး-ပဲခူးမြို့နယ်။ |
| ၆။ | ဆရာတော်ဦးဝိမလ | ၆၃-ဝါ | ရွှေကျင်ဓမ္မရိပ်သာကျောင်း၊ ပဲခူးမြို့။ |
| ၇။ | ဆရာတော်ဦးသုစိန္တ | ၆၂-ဝါ | ရွှေကျင်တိုက်သစ်- ကျိုက္ကစံ၊ ရန်ကုန်။ |
| ၈။ | ဆရာတော်ဦးပညာသာမိ | ၆၂-ဝါ | ရွှေတောင်တောရ- မှော်တော-အရာတော်။ |
| ၉။ | ဆရာတော်ဦးနန္ဒိယ | ၆၂-ဝါ | အောင်မြေသာစည်၊ တောင်ကြီးမြို့။ |
| ၁၀။ | ဆရာတော်ဦးနာဂိန္ဒ | ၆၂-ဝါ | ဂန္ဓာရုံကျောင်း၊ ကျိုက်ဝိုင်း၊ရန်ကုန်။ |
| ၁၁။ | ဆရာတော် ဦးတေဇဝန္တ | ၆၂-ဝါ | မဏိကာရုံကျောင်း၊ ရသာရွှာ၊ မြင်းခြံ။ |
| ၁၂။ | ဆရာတော် ဦးဥက္ကံဝံသ | ၆၂-ဝါ | ဂန္ဓာရုံကျောင်း၊ တောင်ဝိုင်းကလေး၊ မော်လမြိုင်။ |

| | | | |
|---|---|---|---|
| ၁၃။ | ဆရာတော် ဦးပညာဇောတ | ၆၁-၀၇ | မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင် မန္တလေး။ |
| ၁၄။ | ဆရာတော် ဦးသောဘဏ | ၆၁-၀၇ | မငေးကြီး နန္ဒာရုံ ကျောင်း၊ ဖျာပုံ။ |
| ၁၅။ | ဆရာတော် ဦးနန္ဒဝံသ | ၆၁-၀၇ | ဇေတဝန်ကျောင်း မုပ္ပလင်မြို့။ |
| ၁၆။ | ဆရာတော် ဦးဣန္ဒာသနိ | ၆၀-၀၇ | ရတနာဂူချောင်၊ မင်းကွန်းတောင်ရိုး။ |
| ၁၇။ | ဆရာတော် ဦးကေသရိန္ဒ | ၆၀-၀၇ | မဟာစေတီလှကျောင်း တိုက်၊ စစ်ကိုင်း။ |
| ၁၈။ | ဆရာတော် ဦးတေဇဝန္တ | ၆၀-၀၇ | ရွှေကျင်ကျောင်း ရေလဲကလေးရွာ မအူပင်။ |

၁။ ဤ အစည်းအဝေးကြီးသို့ ပင်ပန်းခံကြွရောက်တော်မူသည့်ပြင် ဂုဏ်သိက္ခာ ကြီးမြင့်တော်မူကြသော ဖော်ပြအပ်ပြီး ဆရာတော်ကြီးများအား "**အရညဝါသီ ရွှေကျင်နိကာယ သက်တော်ရှည် နယ်လှည့် သာသနာပြု မဟာဓမ္မကထိက**" ဘွဲ့တော်ကို ဤအစည်းအဝေးကြီးက အပ်နှင်းပူဇော်ကြပါသည်။

၂။ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာန နာယက ဂိုဏ်းဝန်ဆောင် ဆရာတော် ဦးဇောတိပါလအား "**သံဃာဘာရနိတ္ထာရက သာသနာပြု ဆရာတော်**" ဘွဲ့တော်ကို ပေးအပ်ချီးမြှောက်တော် မူကြသည်။

# ဇေကြာဒသမ အကြိမ်
# သာသနာတော်လုံးဆိုင်ရာ
# ရွှေကျင်နိကာယ သံဃာ့ အစည်းအဝေးကြီးသို့
# တင်သွင်းသည့် မေးခွန်းလွှာများ

မေးလျှောက်ပါသည်ဘုရား

၁။ (က) ဆဋ္ဌမအကြိမ် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီး ပြဋ္ဌာန်းချက်အပိုဒ် ၃-၁ အရ ဇင်းတိုက်များ၌ လက်ရှိစောင့်ရှောက် နေထိုင်ကြသော ပုဂ္ဂိုလ်များသည် ဂိုဏ်းလုံးဆိုင်ရာ နာယက ထေရ်ကြီးများထံ အမိန့်ခံ၍ နေကြသူများ ဟုတ်ပါသလား။

(ခ) မဟုတ်လျှင် မည်သို့ဆောင်ရွက် အရေးယူပါမည်နည်း။

၂။ (က) အဋ္ဌမအကြိမ် ရွှေကျင်နိကာယ သံဃာ့ အစည်းအဝေးကြီး ပြဋ္ဌာန်းချက်အပိုဒ် ၃-အရ ဗဟိုဌာန၌ ဆောင်ရွက်ပြီးပါပြီလား။

(ခ) မဆောင်ရွက်သေးလျှင် မည်သည့်အခါ ဆောင်ရွက် ပါမည်နည်း။

၁၃၃၇-ခု
တန်ဆောင်မုန်းလ

ရွှေကျင်နိကာယ ဝိနည်းပြန်ဌာန
မဟာဂန္ဓာရုံ
ဝိပဿနာကမ္မဋ္ဌာန်းတိုက်
စစ်ကိုင်းတောင်ရိုး

## မေးခွန်းများ

ဖော်ပြပါမေးခွန်းများကို ကောဒသမ အကြိမ် အစည်းအဝေးကြီးက ရှင်းလင်းဖြေကြား ပေးတော်မူပါရန်။

(က) မြန်မာတပြည်လုံးတွင် ရွှေကျင်ဂိုဏ်းဆိုင်ရာ ဝိနည်းပြန်ဌာနပေါင်း မည်မျှရှိပါသနည်း။

(ခ) ရွှေကျင်ဗဟိုဌာနနှင့် ဝိနည်းပြန် ဌာနများ မည်သို့မည်ပုံ အဆက် အသွယ်ရှိပါသနည်း။

(ဂ) ၁။ရွှေကျင်ဗဟိုဌာနနှင့် ဝိနည်းပြန်ဌာနများ၊ ၂။ဝိနည်းပြန်ဌာနများ အချင်းချင်း အဆက်အသွယ်ရ၍ သိရှိဝမ်းမြောက်နိုင်ရန်၊ တဌာနနှင့် တဌာန ကူညီယိုင်းပင်းနိုင်ရန် အခွင့်ရအောင် အစည်းအဝေးကြီးက ဆောင်ရွက်ပေးနိုင်ပါမည်လား။

(ဃ) ဆောင်ရွက်ပေးနိုင်မည်ဆိုပါက မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်ပေး ပါမည်နည်း။

(င) မဆောင်ရွက်ပေးနိုင်ဆိုက အဘယ့်ကြောင့်ပါနည်း။

ဂန္ဓဝါကန်တောရ
ဝိနည်းပြန်ဌာန

မှတ်ချက်။ ။မေးခွန်းများကို သံဃာ့ကိုယ်စားလှယ်တို့၏ ပါဒက သရိရ စည်းဝေးပွဲများ၌ မေးချိန်-ဖြေချိန်မရတော့သဖြင့် ဗဟိုဌာန ဝန်ဆောင် ဆရာတော်များသို့ တိုက်ရိုက်မေးမြန်းရန်၊ အမှုဆောင်အဖွဲ့ အလိုအားဖြင့် လွှဲပြောင်း လိုက်ရပါသည်။ ဗဟိုဌာနသို့ အချိန်မရွေး မေးမြန်းနိုင်ပါသည်။

အကျိုးဆောင်များ
(၃၇၊၉၊၁-ဆန်း) ဗဟိုဌာန (မန်း)

♣ဝ⁘ပ♣

# ဩဝါဒ ဆရာတော်ကြီးများ

(၁) သဘာပတိမိန့်ခွန်း ဩဝါဒတော်များကို နေ့လည် အခမ်းအနား ကြီး၌ သဘာပတိ ဆရာတော်ကြီးအဖြစ် ဆောင်ရွက်တော်မူသော အရှေ့ဝိသုဒ္ဓါရုံဆရာတော်ကြီးနှင့် ဇေကိုင်းရွှေဟင်္သာ ဆရာတော်ကြီး တို့က ကြည်ညိုဝမ်းမြောက်ဘွယ် မြွက်ကြားတော်မူကြပါသည်။

(၂) ကိုယ်စားလှယ်စည်းဝေးခန်းမကြီးအဖြစ် ပွင့်လှစ်ထားသော ဗရား ရှိုးကျောင်းကြီးပေါ် (နံနက် ဂ- နာရီ) ဩဝါဒ ခံယူပွဲကြီးများ၌

(က) စစ်ကိုင်း ရွှေဟင်္သာဆရာတော်

(ခ) တောင်ကြီး အောင်မြေသာစည်ဆရာတော်

(ဂ) ဝိသုဒ္ဓါရုံ ပိုက်ကျုံးဆရာတော်

(ဃ) ညောင်တုန်း ရွှေဟင်္သာဆရာတော်

(င) ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီဆရာတော်

စသော မဟာထေရ်ဆရာတော်ကြီးများသည်လည်း အလစ်မပေး ဩဝါဒ တရားဆေးတို့ကို တိုက်ကျွေးတော်မူခဲ့ပါသည်။

*** ယင်းသက်ရှယ်ထင်ရှား သက်တော်ရှည်ဆရာတော်များ၏ ဓမ္မာနု ဓမ္မဩဝါဒတရားများကို ဤစာစောင်တွင် ယခုအကြိမ်မထည့်သွင်း နိုင်ခြင်းမှာ ရေးမှတ်သူတို့၏ ရေးသားချက် မပြည့်စုံခြင်းကြောင့် ပင်ဖြစ်ကြောင်း ရိုးသားစွာ ဝန်ခံလိုက်ရပါကြောင်း။

"စာတည်း"

—ထထ—ထထ—

# ကောဒသမ ရွှေကျင်နိကာယ
# သံဃာ့အစည်းအဝေးပွဲ-အခမ်းအနားသိမ်း
# ထုတိဝေဒလ္လ အာသီသရွှေပြေး၊
# စိတ်ဓာတ်စစ်ဆင်ရေး

## ( ၂ - ဂါထာ )

၁။ သစေ ပဏ္ဏော တိဋ္ဌန္တိ၊ ပဏ္ဏာရဋ္ဌာ ဟိ နိစ္ဆယာ၊
ကထံ ဝါယမ္ပိ သိင္ဃေယျ၊ တိဋ္ဌန္တု တေ သကော သကော။

၁။ ဟိ-လိုရင်းဖေါ်ထုတ်၊ နိဂုမ်းချုပ် အာသီသ မြွက်ဟလှစ်ဖွေ လျှောက်ထားပါရစေဗျား —ပဏ္ဏာရဋ္ဌာ- အစည်းအဝေးမှတ်တမ်း မူကြမ်း သီတွဲ စာရွက်ထဲ၌ ရေးဆွဲပြောမှတ် အချောသတ်၍ ရောစပ်စုပြုံ တင်ထား အပ်ကုန်သော။ နိစ္ဆယာ-အစည်းအဝေးပွဲ လိုရင်းဟူ၊ အဆိုသွင်း ထောက်ခံ ကိုယ်ပိုင်ဉာဏ်သုံးသပ်သည့် ဆုံးဖြတ်ချက်ချသမျှ အဝဝတို့သည်။ ပဏ္ဏော- အစည်းအဝေးမှတ်တမ်း မူကြမ်းအချောကိုင် နောက်ဆုံးတိုင် ရေးဆွဲ စာရွက် တဲ၌သာလျှင်။ သစေတိဋ္ဌန္တိ-မည်သူမျှ မထုတ်ဖေါ်သဖြင့် သရုပ်မပေါ် အကောင်မထင် ဟိုနေရာတွင် ကွယ်မြဲလျက် အကယ်၍ စုပြုံ တည်နေကုန် ငြားအံ့။ ( ဝေံသတိ ) ဆုံးဖြတ်ချက်တွေ မြုပ်ဆုံးသဖြင့် ရုပ်လုံးမပေါ် ဤကဲ့သို့ ဖြစ်ရသည်ရှိသော်။ အယံပိ- တဂိုဏ်းလုံး ကျက်သရေ အခြေအနေ ကဲထူးသည့် ပဲခူးမြို့ ကြာတိုင်း ဤ ရွှေကျင်ဂိုဏ်း အစည်း အဝေးကြီး သည်လည်း။ ကထံ ဝ သိင္ဃေယျ-ငွေကုန်ကျိုးမနပ်လှ အလဟဿ အချည်းနှီး အဘယ်မှာလျှင် အကျိုးပြီးစီးနိုင်ရာ ပါအံ့နည်းဗျား။

တသ္မာ=ထိုသို့အကျိုးမပြီး အချည်းနှီး အလဟဿ အဆန်ကမပါ့ဟန်ပြ သာသာ အစည်းဝေးကြီးပင် ဖြစ်နိုင်ပါသောကြောင့်။ တေ-နေရာင်အစဉ် မပြတ်မှုန်းဘို့ မှတ်တမ်းဖေါ်ပြ ထိုအစည်းအဝေး ဆုံးဖြတ်ချက် ဟူသမျှတို့ သည်။ သကော သကော-စာရွက်ပေါ်သာ မဟုတ်ပါဘဲ၊ ဆိုင်ရာပုဂ္ဂိုလ် မိမိ

မိမိတို့ ကိုယ်၌လည်း။ တိဋ္ဌန္တု-လက်တွေ့သဘော ထုတ်ဖေါ်လျက် သရုပ်ပေါ် အကောင်ထင်အောင် နှောင်လျှင်ဖြန့်ဝေ တည်တံ့နိုင်ကြပါစေကုန်သတည်း။

၂။ ဂဏော နော စာသိ ယာဝဇ္ဇ၊ မ ဘေဇ္ဇ ပရိသော သဒါ။
ကာဟာမေ ကဍ္ဍ မာရက္ခ၊ မယ္ဃ နော ဘေဒုပဒ္ဒဝါ။

၂။ စ-ဆက်၍တဖန် လျှောက်ထားရန် ရှိပါသေးသည်ဘုရား နော-ယခုမျက်မှောက် ကြွရောက်လာကြွေး အများစုဝေါ် ဘုရားတပည့်တော်တို့၏။ ဂဏော-ဝိသုဒ္ဓါရုံ ချက်ကြေ မထေရ်ကျော်တော့ စည်းရုံးခဲ့သည့် သီးလုံး ရွှေကျင်အခြေထွင်ဖွဲ့စည်း ဤရွှေကျင်ဂိုဏ်းကြီးသည်ကား။ ယာဝဇ္ဇ-တသက်လုံးမေ့မဖြစ် ယနေ့ခေတ် ယခုအချိန်တိုင်အောင်။ အ ဘေဇ္ဇပရိသော၊ ဂိုဏ်းပရိသတ် ဂိုဏ်းစိတ်ဓာတ် အားနဲ့သည့် နွားကဲ့ကျားကိုက် ကိုန်းမဆိုက်ဖို့ ထိန်းပိုက်လို့မြဲ မပြိုကွဲသောပရိသတ် ရှိသည်ဖြစ်ပါ၍။ သဒါ- အစဉ်ထာဝရ ကာလမြင့်ကြာ အခါခပ်သိမ်းသာလျှင်။ အ ဘေဇ္ဇပရိသောအာသိ-ရွှေကျင်ဂိုဏ်းအစည်းမပြေ နို့နှင့်ရေ ရောနှောက်သကဲ့သို့ သဘောပေါက် ဉာဏ်ထင် မေတ္တာဝင်ကျင့်သုံး တပ္ပလုံးသွေးစည်းခဲ့ပါပြီဘုရား။

ဘောဒ္ဓော-ရွှေကျင်ဂိုဏ်း တောဂိုဏ်း သမိုင်းချင်းစပ် ဇာတ်မကွဲပြား ဂိုဏ်းသားပရိသတ် အိုအရှင်မြတ်တို့ဘုရား။ နော- ဇာဝမာန်သွေး နှောင်ရေးကိုမြှော် ဘုရားတပည့်တော်တို့သည်။ အဿ-တလုံးထဲ တစုထဲ ဉမကွဲသိုက်မပျက် အဆက်ဆက်သွေးစည်း ထိုရွှေကျင်ဂိုဏ်းကြီး၏။ ဘေဒုပဒ္ဒဝါ- ဂဏန္တရာယ် ရန်စွယ်သမသတ် ဥပဒ်ရောထွေး ပြိုကွဲပျက်စီးမည့် ဘေးမှု။ အာရက္ခံ-ပတ်လည်ရံဝိုင်း တံတိုင်းပမာ မနိုင်းသာသည့် ဆိုင်းကာပိတ်ဆီး ကာကွယ်စောင့်ရှောက်မှု ခံကပ်ကြီးကို။ ကောဍ္ဍ- ရွှေကျင်ဂိုဏ်း တောဂိုဏ်း နှစ်ပိုင်းစုစည်း တစုတည်း တပေါင်းတည်းသာလျှင်။ ကာဟာမ- ဘေးရန်တွေအကုန်အေး လုံခြုံရေးစိတ်ချ ကိုယ်ကိစ္စပြီးစီးဘို့ အသီးသီးဝိုင်းအုံ တကယ်တမ်းတည်ဆောက်ကြရပါကုန်တော့မည်ဘုရား။

ရေး—
ကာဗျဝိဒူ ဆရာတော်
သိရီသောမာရုံ (မလှိုင်)

ဖတ်—
ဦးဝေဒါနန္ဒ
ပဟာဝိသုဒ္ဓါရုံ (မန္တလေး)

# သာသနာတော်လုံးဆိုင်ရာ
# ကောဒသမ ရွှေကျင်နိကာယ သံဃာ့အစည်းဝေးပွဲ
# အခမ်းအနားသိမ်း ထုတ် ဝေဒလ္လ ဇေယျမင်္ဂလာ
# ဩဘာစာတမ်း

(သိဒ္ဓိ-ရတ္ထု)

ဂဏော နေသ ဓိမတံ ဗျတ္တိ-ဗလေနေသူပ ထမ္ဘိတော။
သမဂ္ဂေါသိ သမံ နေက-သမာဂမ မုဒါဟရံ။

နေသ-ယခုမျက်မှောက်၊ ကြွရောက်လာငြား၊ အများစုခေါ် ဗရားတပည့်တော်တို့၏၊ သေ (သော) ဂဏော-မြန်မာတိုင်းခွင်၊ သမိုင်းဝင်ဟု၊ ဂိုဏ်းတွင်စည်းတား၊ နောင်ကြီးပွားဘို့၊ သီးခြားဖွဲ့စည်း၊ ဤလက်ရွေးစင် ရွှေကျင်ဂိုဏ်းကြီးသည်၊ ဓိမတံ-မပြိုနိုင် မလဲနိုင်၊ မြဲခိုင်တိမတ်၊ အသိဓာတ်ဖြင့်၊ ပိဋကတ်ဂန္ထဝင်၊ စံမြင် အောင်၊ ဥာဉ်ယှဉ်နိုင်းထောက်၊ သမိုင်းမြောက်တော် မူကြပေကုန် သော၊ ဓိမတံ ဓိမန္တာနံ- ရွှေကျင်သာသနာဝင်၊ ကမ္ဘာတွင်အောင်၊ စာတင်နှိုင်းဆ၊သမိုင်းပြသည့်၊ ဂိုဏ်းဘ,ဥသျှောင်၊ ဂိုဏ်းထိပ်ခေါင်ဟု ဟိတ်ဆောင်ဖွဲ့ချီး၊ ရွှေကျင်ဂိုဏ်းစောင့် ဆရာတော် အသီးသီးတို့၏၊ ဝါ-ဘုန်းတော်ကြီးဥုးသီလ ဂိုဏ်း မိဘဘိုးဘေး၊တောရသွေးဓာတ်ခံ၊ ကျိုက္ကစံ အလုံ၊ ဝိသုဒ္ဓါရုံအဆက်ဆက်၊ ရှေးအထက် ဆရာတော် ဗရားကြီးတို့၏၊ ဗျတ္တိဗလေန- ဘုန်းစ,ကံစ၊ အနန္တမို့၊ စံပြထား လောက်၊ ဉာဏ်ကြွားမောက်သည့်၊ များမြောက်လှစွာ၊ ကမ္ဘာ ဘုန်းဂုဏ်၊ မရေမတွက်နိုင်သော အစွမ်းသတ္တိအဟုန်ဖြင့်၊ ဥပထမ္ဘိတော-အပြည်ပြည်နှံ့၊ အရှည်ခံ့ဘို့၊ တည်တံ့နိုင်ရေး၊ အထောက်

အကူပေးအပ်သည်ဖြစ်ပါ၍၊ သမံ–ဝိဝါဒဘေး၊ ငြိမ်းချမ်းရေးဟု၊ ဂုဏ်ပေးရလောက်၊ မေတ္တာရောက်ကြည်ဖြူ၊ ဒေါသ ပူရှပ်သိမ်းလျက်၊ ချုပ်ငြိမ်းအေးမြရာဖြစ်ပေသော၊ အနေကသမာဂမံ-ဂုဏ်ရည်တိုင်းဆနိုင်းမရသည့်၊ ဂိုဏ်းဂဏသံဃာထု၊ ပေါင်းစုဆွေးနွေး၊ အစည်းအဝေးလိုရင်းဟု၊ အဆိုသွင်းထောက်ခံ၊ သာဓုသံမစဲ၊ အကြိမ်ကြိမ်သော ဂိုဏ်းလုံးကျွတ် အစည်းအဝေးပွဲ ဟူသမျှကို၊ ဥဒါဟရုံ ဥဒါဟရန္တော–ရွှေကျင်နိကာယ၊ သံဃသာမဂ္ဂီ၊ ဂုဏ်ရည်ဝင်းထိန်၊ ရွှေရေစိမ်မဟုတ်, မှတ်ကျောက်ထုတ်အာ ရတင်သည့်၊ ရွှေစင်ဇမ္ဗူရာဇ်၊ ရွှေအစစ်ဟု အခြေအမြစ်ခိုင်လုံ၊ သက်သေပုံပမာ၊ ဥဒါဟရုဏ်ထုတ်ဆောင်လျက်သာလျှင်၊ သမဂ္ဂါအာသိ–ကိုယ်ရောစိတ်ရော၊ စည်းလုံးချောဖြောင့်မတ်၊ မေတ္တာခတ်အပြုံးဆေးဖြင့်၊ စည်းရုံးရေးတိုးချဲ့အောင်–သွေးစည်းညီညွတ်ခဲ့ပါပြီဗရား။

ရာဇာဓိရာဇာ မဟာဂဏိဿရ သုံးလောက ထိပ်ခေါင်တင် ချစ်ရှင်ဓမ္မရာဇ် ဂိုဏ်းမျိုးကြီးအဖြစ် အောင်လံထူသည့် သယမ္ဘူမျက်ရှု သဗ္ဗညုမြတ်ဗရားသည် ရှည်လျားလှစွာ ကမ္ဘာလွန်လေ အသင်္ချေလေးရပ် တသိန်းကပ်အချိန်ယူလျက် ဟိန္ဒဂူမျှားစွာ ဝေနေယျာတို့၏အကျိုး သည်ပိုးရှာဖွေပါရမီတော်တွေဆည်းပူး အထူးကျင့်သုံးမည်ဟု အပြုံးမပျက် အသက်စည်းစိမ်တို့ကို (ဝ)ကွက်၍ ဘဝအဆက်ဆက် အရင်းပြုလျက် စွန့်စားမှုအနေအန္တရာယ်တွေကိုတွေ့မြင် မည်မျှပင်ကြီးကျယ်လှသော်လည်း အနည်းငယ်မျှမဖြုန်း သံမဏိပုံ မာကျော ခိုင်မြဲသောနှလုံးသားကို ပြောင်းသွားခြင်းမရှိစေပဲ ဒေဝဂဏ မနုဿဂဏတို့၏ ဒုက္ခကင်းဝေး ကယ်တင်ရေးသုတေသန ကိုယ့်ကိစ္စပြီးစီးအောင် အနည်းနည်းရှာကြံ အတန်တန်ဆည်းပူးမှ အထူးသိမြင်ကိုယ်တော်တွင်ရအပ်သည့် ဓမ္မလဒ်အမြုတေ အိုနာသေလွတ် ဆင်းရဲဝဋ်ချုပ်ငြိမ်းကြောင်းဖြစ်သော မဇ္ဈိမပဋိပဒါ လေးသစ္စာတရားအစစ်ဖြင့် ဗရားအဖြစ်သို့ ရောက်တော်မူပြီးနောက် မလွတ်မြောက်သော ဝေနေယျာတို့ကို ပြည်ခေမာပို့ဆောင် လွတ်မြောက်အောင် ပြုပြင်မည်ဟု ပုထုဇဉ်အဖြစ်မှ စည်းတားလျက် ဂိုဏ်းသီးခြားသမုတ်ရသည့် ဂဏုတ္တမ ဂဏာဝိသိဋ္ဌ—

ဂိုဏ်းဂဏ်ဟိတ် ဘဝင်ပံ့သည့် မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ကျော်နောက်ထောက် ကိုယ်တော်မြတ် အားကိုးလောက်သော ပရမတ္ထသံဃာ အရိယာဂိုဏ်းကြီး ကိုလည်း ဂိုဏ်းစီးဥက္ကဋ္ဌ ဗုဒ္ဓမြတ်ကိုယ်တော်တိုင် ထုတ်ဖော်တော်မူခဲ့သည် ဖြစ်ပါကြောင်း။

ဤသို့ဖော်ပြ မြတ်ဗုဒ္ဓရှင်နှစ် သံဃာစစ်၊ သံဃာမှန် ဂိုဏ်းကိုးတန် ပေါင်း ရုံးလျက် အကောင်းဆုံးသတ်မှတ်ရသည့် ပရမတ္ထသံဃာ ထိုအရိယာဂိုဏ်း ကြီးကိုပင် ဂိုဏ်းစီးဥက္ကဋ္ဌ ဗုဒ္ဓမြတ် ကိုယ်တော်တိုင် အာဏာပိုင်အနေ ညွှဝါဒမိန့်ခွန်းတော် ချွေပြီးလျှင် အခြေအနေထောက်ရှုလျက် သာသနာပြု ရဲဘက်တော်ကြီးတို့ပမာ အရာရာကိုထား လက်ရုံးကောင်း အဖြစ်ထား၍ တရားဒေသနာက္ကမ ကေဝလ၊ ပရိပုဏ္ဏ ထက်ဝန်းကျင် ပြည့်စုံသော သုံးပုံ ပိဋကတ် ငါးရပ်နိကာယ် မဟာဗုဒ္ဓ အကျယ်ရှစ်သောင်းကျော်တို့ကိုလည်း ခေတ်ဟောင်းပေါ်အောင် ဖော်ထားသည့်အလား အများသတ္တဝါဝေနေယျာ ကောင်းစားရေး ငြိမ်းချမ်းမှုပေးနိုင်သော သာသနာတော်ကြီး အဖြစ်ဖြင့် အမွေအနှစ်ပမာ ကျယ်ပြန့်စွာ ဖြန့်ချိတော်မူခဲ့ပြန်ပါကြောင်း။

သုံးလောကထွတ်ဖူး ဂိုဏ်းမှူးသံဃရာဇ် ရှင်ချစ်ထွဋ်ထား မြတ်ဗုဒ္ဓ သည် လက်ရုံးအား သတ်မှတ်ရသည့် ပရမတ္ထသံဃာ ထိုအရိယာဂိုဏ်းကြီး ကိုပင် တလှေထဲစီး တခရီးထဲသွား အမာခံအဖြစ်ထားပြီးလျှင် တရားအဆုံး အမ အနှစ်သာရကိုဖော်ထုတ်သည့် ရွှေနှုတ်တော်ထွက် မမှုစက်အသီးသီး သာသနာတော်ကြီးကို ဦးစီးရှုဆောင် ကိုယ်တော်မြတ် တည်ထောင်တော် မူခဲ့လေရာ ဘယ်သာသနာနှင့်မှမတူ တမူထူးကဲ ဝဋ်ဆင်းရဲ ကုန်ခမ်းရေး ငြိမ်းချမ်းမှုပေးနိုင်သည့် အခွင့်အရေးပိုင် သာသနာတော် မြတ်ကြီးပါ တကား–ဟု လူတန်းစားတိုင်း လက်ခံလျက် ဂရုသံ ကြွေးကြော်ကြသည့် အရေးပေါ်သတင်းဂုဏ်တို့ကြောင့် မင်း၊ ပုဏ္ဏားသူဌေး လူတန်းစားမရွေး စုပြုံ အိမ်အာရုံ သမုဒယ လူ့လောကမှ ခွာရှောင်လျက် သာသနာဘောင်သို့ ဝင်ရောက်လာကြသဖြင့် သာဝကလက်ရွေးစင်ဟု ရွေးယခင်က သတ်မှတ် ကြသည့် ပရမတ္ထသံဃာ အရိယာဂိုဏ်းကြီးမှတပါး တခြားထို့ပြင် ပုထုဇဉ် အဖြစ်မှာ တည်ရှိသည့် သမ္မုတိသံဃာ အနရိယာဂိုဏ်း တမျိုးသည်လည်း သမိုင်းထိုး မှော်ကွန်းတင် သာသနာတော်တွင် တည်ရှိခဲ့ရပြန်ပါကြောင်း။

ဤသို့ပေါ်ညွှန်း မော်ကွန်းလှစ်ဖွေ ကျမ်းဂန်အနေ သတ်မှတ်ရသည့် ပရမတ္ထသံဃာ အရိယာဂိုဏ်း၊ သမ္မုတိသံဃာ အနုရိယာဂိုဏ်း ဟု နှစ်ပိုင်း နှစ်ကဏ္ဍ သဘာဝခွဲဝေ အခြေအနေကို ထောက်ရှုလျက် ခြားနားမှုရှိသော်လည်း မိမိတို့ဆိုင်ရာ ဝတ်တာညီနိုင်း လုပ်ငန်းပိုင်း အနေအားဖြင့်မူကား ရွှေနှစ်ပြား ဂဟေစပ်သကဲ့သို့ အခြေအနေနှစ်ရပ် ကွဲပြားခြင်းမရှိကြသဖြင့် အနုရိယဂိုဏ်းဝင် ပုထုဇဉ်ရဟန်းတော်ပင် ဖြစ်ကြကုန်လင့်ကစား မြင့်မားသော အဓိဋ္ဌာန်ဖြင့် စိတ်အကြံဘော် မတုန့်ဆုတ်ဘဲ သုတ်အဘိဓမ္မာ နှုတ်မှာ သရဇ္ဈာယ် အဓိပ္ပာယ်ပါမကျန် ရအောင် ကြံဆလေ့လာကိုယ်ပေါ်မှာကျင့်သုံးလျက် အမြင့်ဆုံး အရဟတ္တဖိုလ် ပိုက်သိုသိမ်းဆည်း ရပ်နားကိစ္စပြီးစီးဘို့ အသီးသီးအားသွန် ကိုယ့်တာဝန် မပျက် ရွှေလက်ထက် သာသနာရေး လုပ်အားပေး တည်ဆောက်တော်မူကြသဖြင့် မူလဘူတဖြစ်သော ထိုသာသနာတော်ကား ဆိုစရာမပေါ်ပေါက် မှဲ့တပေါက်မစွန်း 'တိမ်မလွှမ်းသော ရွှေလမင်း' ကဲ့သို့ ဝင်းဝင်းစက်စက် တလက်လက် တောက်ထွန်းတော်မူခဲ့သည် ဖြစ်ပါကြောင်း။

ဤသို့ပြဖော် လက်ထက်တော်သာသနာ ခေတ်ဦးပိုင်းမှာ အနေမပျက် သော်လည်း ရွှေလက်ထက်အလယ် သက်တော်အရွယ် နောက်ပိုင်းတွင်ကား အဘိုင်းအတာ ဂုဏ်သိက္ခာမပြည့်ဝသည့် အနုရိယဂိုဏ်းဝင် ပုထုဇဉ်ရဟန်း အပေါင်းတို့ လမ်းကောင်းကွေ့ကွင်း အရည်အချင်းမှ အရေအတွက်သို့ ရောက်၍ အုတ်ကျောက်အရောရော စဉ်းလုံးချောမဟုတ် ကိုယ်နှုတ်မယဉ် ကျေး အရည်အသွေးအဖတ်မတင် အရေအတွက်တွင် မျောပါး၍ အပေါ စားဖြစ်လာရသဖြင့် အနှစ်သာရလျော့ပါး သဘ်တရားကင်းလွတ်၍ ယွင်း ချွတ်သည့်အနေ ကျင့်ဝတ်တွေတိမ်းယိမ်းသော်လည်း မထိန်းသိမ်း မပြုပြင် ထိုပုထုဇဉ်ရဟန်းအချို့တို့၏ မနှစ်မျို့စရာ အနာစာရ ကျူးလွန်ကြသည့် အမှုအခင်းတို့ကြောင့် လူမင်းတို့၏ဆရာ မဟာဗြဟ္မာတို့၏ ဥက္ကဋ္ဌ နတ်ထက် နတ်သယမ္ဘူသည် ဒုမ္မင်္ကူနိဂ္ဂဟ အခြေအနေအရသုံးသပ်၊ အပ်,မအပ် ရှုစား ပြီးလျှင် အမှုသွားအလျောက် ဒဏ်ခတ်လျက် မမှသတ်အနေ ဥပဒေ ဖော် ထုတ်၍ ဝိနည်းသိက္ခာပုဒ်တို့ကို ပညတ်တော် မူခဲ့လေရာ ယထာပရာမ အာဏာပြ ဟန့်တားရေးဖြစ်သော ယင်းသိက္ခာပုဒ်တို့သည်ကား အကျဉ်း ချုပ် ၂၂၇–သွယ် အကျယ်ထုတ်ဖေါ် ကုဋေ ကိုးထောင်ကျော် အထိ များပြားခဲ့ပါကြောင်း။

ဤသို့ ဖော်ပြယင်း အထက်က စကားရပ်နှင့် ညီစွာ ယထာပရာဓ အာဏာပြဟန့်တားရေး အံထွေးဖေါ်ထုတ် ယင်းဝိနည်း သိက္ခာပုဒ်တို့ကို ဂဏကွက်၌ သုံးလောကထွဋ်ထား မြတ်ဗုဒ္ဓရှိတော်မူစဉ် သာသနာဝင်သမိုင်း အရ ဘယ်ဂိုဏ်းကမှ စောဒကမတက် အချက်အချာ သာသနာ၏ အသက်ပါ တကား....ဟု အားပါးတရ လက်ခံ ငြင်းခုံရန် အင်အားမစု သံဃာထုအားလုံး တညီတညွတ်တည်း ကျင့်သုံးကြငြားသော်လည်း မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် (၁)ရာစုနှစ်,(၂)ရာစုနှစ် အရောက်တွင်ကား ခေတ် အလျောက်မှတ်သားရလျှင် မြတ်ဗုဒ္ဓဖေါ်ထုတ် ယင်းသိက္ခာပုဒ်ဝိနည်းတို့ကို ရှိပြီးအတိုင်း လက်မခံ ထပ်မံပယ်နှုတ် အခြေအနေအရ ပြုပြင်ရေးလုပ်ရမည် ဟူသောအယူအဆနှင့် ရှေးမူလဝိနည်းကိုပင် ရှိပြီးအတိုင်း လက်ခံပြုပြင်ရန် မလိုဟူသော အယူအဆတို့ သူကတမျိုး ကိုယ်ကတဖုံ ညင်းခုန်မစဲ ဝါဒစွဲ အလိုယ် ထိပ်တိုက်ရင်ဆိုင် အယူအဆနှစ်မျိုး၊ အားပြိုင်ကြသည့် အရေး အခင်းဝယ် ရှေးရှိရင်းဝိနည်းကို အမြီးကနှုတ် ခေါင်းကနှုတ် ပြုပြင်ရေး လုပ်ကြသည့် အဓမ္မရှုတ်ထွေး သွေဖီရေး ဂိုဏ်းသားတို့ဘက်မှ အဆက်ဆက် ပြောင်းလွဲလျက် အဟောင်းလဲပြုပြင် နောက်ဆုံးတွင် ထိန်းမရသဖြင့် မိန်းမ လိုက်စား သားမယားကိုပင် ယူနိုင်သည်ဟု မူပိုင်ဓမ္မသတ် ခေတ်နှင့်ဟပ် ဖွင့်ဆို ဝိနည်းကိုကျောခိုင်းကြသည့် မြောက်ပိုင်းသာသနာ မဟာယာနဂိုဏ်း သားတွေ ဖြစ်သွားကြကုန်ပြီးလျှင် ဝိနည်းကိုလေးစားသဖြင့် တရွေးသား အလျော့မခံ ရှိပြီးတိုင်း ကျင့်ကြံလိုက်နာကြသည့် ဓမ္မဝါဒီ ဂိုဏ်းသားတို့ ဘက်မှာမူကား အဆက်ဆက် ပြောင်းလဲခြင်းမရှိသော ဉပါလိ-ဒါသက ဂိုဏ်းဂဏအနွယ်အဆက် ဝိနည်းဓမ္မစက်ကိုအရေးထားကြသည့် ရှေးဖျားပင်မ ထေရဝါဒ ဂိုဏ်းသားတွေဟု သမိုင်းထား မော်ကွန်းတင် သာသနာဝင် အဆက်ဆက် ယခုထက်တိုင်အောင် ထင်ရှားလျက်ရှိပြန်ပါကြောင်း။

ဤသို့ဖေါ်ပြ တေဒင်ရဂုဏ်ထူးရှိသည့် အရှင်ဉပါလိ အရိပ်အရာ ဝိနည်း သာသနာကို အရေးပေးကြသည့် ဘိုးဘေးဘီဘင် သာသာဝင်စံပြထေရဝါဒ အနွယ်အဆက်သည်ကားမကွယ်မပျက် ပြန့်ပွားဘို့ အခန့်စားဖြစ်လာ ခေတ် ခါအလိုက် မဇ္ဈိမတိုက်ဒေသ၌ ပထမစည်ပင် သီဟိုဠ်တွင်ဒုတိယ,တတိယသထုံ ထိုမှခုန်ဆက်လက်၍ အထက်သို့ဆန်လေသော် ပုဂံမြင်းစိုင်း စစ်ကိုင်းအင်းဝ အမရဋ္ဌာနီ နေပြည်တော်အသစ် မန္တလေးခေတ်သို့ ရောက်သည်တိုင်အောင်

မောင်ချိတခါ သာချိတလည်း မီးစင်ကြည့်ရှ စခန်းသွားရခြင်းဖြင့် သာလျှင် ရာဇဝင်အလိုက် ရုပ်လုံးပေါ်ကာ အတိုးအဆုတ်မှာလည်း အမှန်မရှိဖြစ်ခဲ့ ရပါကြောင်း။

ဤနည်းနှင်နှင် သာသနာဝင်အတက်အကျ ခေတ်ကာလအလိုက်ဖြစ်ပွါး လျက် ခေတ်အားဖြင့် အလွန်ကြာညောင်းသော်လည်း ရှေးဟောင်းဂဏာ ဓိပတိ ဥပါလိ ဒါသက ထေရဝါဒအနွယ်အဆက်ဘာညကား ကွယ်ပျက်တိမ် ကောခြင်းမရှိပဲ ပကတိတည်မြဲမြဲ အရှိန်မပျက် ဆင်းသက်လာခဲ့ပြီးရာ မြန်မာ ရာဇဝင်ကုန်းဘောင်ဆက် မင်းတုန်းမင်းလက်ထက် သာသနာဝင် ၌ ကား ရွှေကျင်ဆရာတော် တည်းဟူသော ပကတုပနိဿယ လုပ်ငန်းပြုရင်းနှီး မင်းတရားကြီး အချီးအမြှောက် နှစ်မျိုးလုံး လုံလောက်သဖြင့် ဂုဏ်မြှောက် လှစွာ ရွှေကျင်သာသနာ,ရွှေကျင်ဂိုဏ်းဟု နက်ရှိုင်းပြန့်ကျယ် ခေါ်ဝေါ် လှယ်စကားလုံး နိုင်ငံသုံးဝေါဟာရ ပေါ်ခဲ့ပြီးနောက် မင်းချီးမြှောက် ပူဇော် သာသနာတော်ကို စည်းတားလျက် ဂိုဏ်းသီးခြား ပြုလုပ်တော်မူခဲ့ သော ဂိုဏ်းဥက္ကဋ္ဌဦးကိုင် သာသနာပိုင် ရွှေကျင်ဆရာတော် ဗုရားကြီးသည် လည်း ဝိနည်းလမ်းညီစွာ မှန်ကန်ရာကို လက်ခံ၊ ဓမ္မဓိဋ္ဌာန်ကျကျ ပြုသမျှ အလုပ်သတော နက်ရှိုင်းသော အတွေးအခေါ်တို့ဖြင့် နောင်ရေးမြော် ဓိစစ် ကဏ္ဍသစ်တခန်းဖွင့်ပြီးလျှင် ဗုရားရှင်ဓမ္မစကြာ ဆန့်ကျင်ဘက် ရန်စွယ် အန္တရာယ် ခလုပ်,ကန့်သင်းတို့ကို"သိကြားမင်း ၏ ~ ။ဟာကြောင်း အသူရာ တပ်လန့်"သကဲ့သို့ ရုပ်တန့်တည်နေခြင်းငှာ မစုမ်းနိုင်လောက်အောင် များ မြောင်ထူးမြတ် မေတ္တာခေတ်ပြုံးကြည် သာယုံ နှလုံးရည် လက်နက်တို့ဖြင့် မပျက်ပျက်အောင် ချေမှုန်းတော်မူခဲ့ပါသည်ဖြစ်ပါကြောင်း။

ထိုသို့ ပေါ်ပြု လုပ်ငန်းအရစိစစ် ကဏ္ဍသစ်တခန်း ဖွင့်လျက် ဆန်းတင့် ထိန်ဝါ သာသနာတိုးတက်မှု အကျိုးပြုဖြစ်ထွန်းစေနိုင်သော ဤရွှေကျင် ဂိုဏ်းကြီးသည် တသီးပုဂ္ဂလ တဝါဒပင်ဖြစ်သော်လည်း သဘာဝနှင့်ဆန့်ကျင် ခြင်း မရှိဟု ဥာဏ်မျက်စိ ကျယ်တော်မူကြသည်အားလျော်စွာ ဂဏာဓိပတိ သုစိသုစိပရိဝါရ ဂိုဏ်းဥက္ကဋ္ဌ ဦးကိုင် သာသနာပိုင် ဖြစ်တော်မူကြသော ဂဏဂုရု ပ-ဒ-တ-စ ပဋ္ဌမတိုင်ထောက် ဆင့်မြောက်ဝိသုဒ္ဓါရုံ ရန်ကုန် ကျိုက္ကစံ ဘုန်းကံထင်ပေါ် ဥက္ကဋ္ဌမဟာနာယက ဆရာတော် အသီးသီးတို့က

ဂိုဏ်းဂဏကြီး မတိမ်းမယိမ်းအောင် စီမံကိန်း အကောင်အထည် ဖေါ်လျက် နောင်အရှည် မြော်ကာ အားပေးချီးမြှောက်တော်မူကြသည့်အပြင် သာသနာ ဝင်စုံပြ အကျင့်သိလအရာတွင် အမြဲထူးပေသော ပဲခူးတောရ အရှည်ဝါသီ မဟာထေရ်ဂိုဏ်းသားတို့ကလည်း တရားပြည့်ဝ ဓမ္မဂရု ကျင့်သုံးမှုလုံလောက် တော်မူကြသည့်အတွက် ရှေးအထက်ဟိုတခါက ဆိုစရာ မ ပေါ် ပေါက် မှုတပေါက်စွန်းငြိခြင်း မရှိခဲ့စေကာမူ ပွက်ပွက်ဆူပျက်ပြုန်း တကမ္ဘာလုံး အနယ်မထိုင် 'လက်နက်ကိုင်ဗိုလ်လု ဤယခု ခေတ်ပြောင်းရာ၌မူကား ရှေးနှစ် ပေါင်းများစွာက အသားပါအောင်စိစစ် ကဏ္ဍသစ်တခန်းဖွင့်ခဲ့သော ဤရွှေ ကျင်ဂိုဏ်းကြီးသည်လည်း ပျက်စီးမှုပတ်ဝန်းကျင် ရာဇဝင်အဖျားဖြတ်ခံရ သည့်အတွက် နောင်အဆက်ဆက် မပျက်ပြားဘို့ရန် လက်ဖဝါးအပ် ထောက် ရဲရဲတောက်သဏ္ဍာပြ သူရဲကောင်းရွေးချယ်ရမည့် အခါသို့ပင်ဆိုက် ရောက်ခဲ့ပါကြောင်း။

ဤကဲ့သို့ ဖေါ်ပြခဲ့သည့်အတိုင်း ရွှေကျင်ဂိုဏ်းသာသနာ နောင်အစဉ် အလာ မပျက်ပြားဘို့ရန် လက်ဖဝါးအပ်ထောက် ရဲရဲတောက်သတ္တိခဲ သူရဲ ကောင်းကျက်သရေဆောင် လက်ညှိုးထောင်ဖေါ်ထုတ်ရမည့် အလုပ်သဘော လမ်းစဉ်ကို မြော်မြင်သိရှိတော်မူကြသော ဂိုဏ်းမိဘ ထိပ်ခေါင်တင် ရွှေကျင် သံဃာ့ဥက္ကဋ္ဌ ရှေးရှေးက လွန်တော်မူကြသော ဒီပဲရင်း, ကျီကန့်စံ, အလုံ, ပိသုဒ္ဓါရုံအဆက်ဆက် အ ထက် အ ထက် မှ ဆရာတော်ဗရားကြီးတို့နှင့်တကွ ပစ္စက္ခမျက်မှောက် ဂိုဏ်းအကွက်အထိပ်သို့ ရောက်တော်မူကြသော ရှေးရှေး ဆရာတော် ယနေ့ သဘာပတိဆရာတော် ထေရ်ကျော်မဟာနာယက ဤသို့ စသည် ဌာနစီးအုပ် တပ်ချုပ်ဗိုလ်ပုံ နယ်ပေါင်းစုံ မဟာထေရ်တို့က အခါမှီ ပိုင်းဖြတ်ကြပြီးလျှင် ဂိုဏ်းမြတ်ရွှေကျင် သာသနာဝင် တက်ချိန်ရောက်ပြီဟု ဆယ့်တကြိမ်မြောက်စီစဉ် ဂိုဏ်းအင်မချို ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် သိုက်မြိုက်စွာလှ အတုလဘွဲ့ချီး ဤရာပြည့် **မဟာဓမ္မဗိမာန်ကြီး** ၌ ဝေးနီး ပေါင်းရုံး တဂိုဏ်းလုံးကျင်းပအပ်သောနိကာယအုပ်စု ဤပြည်ထောင်စုမြန်မာ နိုင်ငံအပါအဝင် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်သာသနာ မြင့်တင် ထိန်းသိမ်းရေး ဤဂိုဏ်းလုံးကျွတ် အစည်းအဝေးပွဲကြီးသည်ကား....

ခေါ်မြဲဝေါဟာ ဂေါဇာသက္ကရာဇ် ၁၃၃၇-ခုနှစ်၊ ရတုဟေမန္တ ဝင်စဟုခေါ် တန်ဆောင်မုန်းလပြည့်ကျော် (၅) ရက်စွဲ ယနေ့ (၇) ရက်၊ နေ့ သက် ဃဍီ(၃)နာရီ(၅၀)မိနစ်အချိန်၌ မနီ၊ ဥာဏ်ချွေစိတ်စော၊ မြင့်မြတ်သော အဓိဋ္ဌာန်ဖြင့် စိတ်သန်လေးနက် လောကုတ္တရာဘက်အမြင် လုပ်ငန်းစဉ်ကဲထူး ကြသည့် ပဲခူးတောရ အရညဝါသီ ရွှေကျင်ဂိုဏ်းဆိုင်ရာ **မဟာနာယက ဥက္ကံဇရားကလေး ဆရာတော်** အမှူးပြုသော အထူးသံဃာ့အမှုဆောင်အဖွဲ့နှင့်တကွ မြို့မိဘမျက်နှာဖုံး တမြို့လုံးကျက်သရေဆောင် ဂုဏ်ရောင်ကွန့်မြူး သဒ္ဓါနူးဝင့်ကြွား **နိုင်ငံတော်ကောင်စီဝင် ဆရာကြီးဦးသာဒင်** အမှူးထားသော အများ ဒကာဒကာမတို့က "သာသနာ့အရေး ငါ့အရေး" ဟု လိုလေသေးမရှိ စေရ ဒါနပရိကမ် စိမ်ဖန်ငင်း ကိစ္စပြီး (တာဝန်ခံကြသဖြင့်) အောင်သံကြွေး ကြော် အောင်ဘို့ရန်အချိန်တော်ပြီဟု ဝတိန်ပျော် မြတ်သိကြားပင် မနေ သာ၊ ဆင်းလာကူမ ကိစ္စပြီးမြောက် အောင်မြင်ဘို့ရန်အချိန်သို့ ဆိုက်ရောက် ခဲ့ရသည်ဖြစ်ပါကြောင်း။

ဤသို့ဖော်ပြ ပဲခူးမြို့ဌာနတွင် သာသနာ့ကျက်သရေဆောင် ဂုဏ်ရောင် တင့်လှိုင်း ရွှေကျင်ဂိုဏ်းအစည်းအဝေးပွဲကြီး နွဲ့ချီးအောင်မြင် မော်ကွန်းတင် ပြီးမြောက်ခဲ့ပြီဖြစ်ပါသောကြောင့် အနှစ်တရာမှ တကြိမ်ပွင့်ရသည့် ဝတိန် မြင့်အဇ္ဈာဆီမှ အာသာဝတီနတ်ပန်းကဲ့သို့ မြော်မှန်းတိုင်းမကြုံရ အလွန့် အလွန်ကြုံခဲလှသော အခွင့်အရေးကြီးပါတကား ဟုစိတ်အားတက်ကြွ အဖက် ဖက်မှ အရေးပြီးဘို့ရန် သွေးစည်းကာ **အတူနေ့ာ**မည်ဟု လူရောသံဃာ ပူးတွဲကာ အင်အားပြပြီးလျှင် ထင်ရှားအောင် အတည်ပြုကြသည့် ဤ ယခု ရွှေကျင်ဂိုဏ်း သံဃာ့ အစည်းအဝေးကြီးကပင် ဝေးနီးဆိုင်ရာ ရွှေကျင်သာသနာ မရပ်ဆိုင်းရအောင် '**ကြခတ်ဝိုင်းလျှင် ပဓာန၊ ပဲခူးကဒိကရိ**' တိုင်ထိပ်ဆီရောက်ခမန်း တကယ် တန်းအရေး ပြမည်ဟု ရှေးရှေးက သာသနာဝင် ရွှေကျင်ဂိုဏ်းကိုပင် သရုပ်ဖော်သည့်အလား များပြားလှ စွာသော ဆရာတော်၊ သံဃာတော် အရှင်မြတ်တို့နှင့်တကွ သံဃာ့အစည်း အဝေး အားပေးချီးမြှောက် နိဗ္ဗာန်ပေါက်မျှော်တွေး ဘာသာသွေးကဲထူး ကြသည့် ပဲခူးမြို့ဆိုင်ရာ ရွှေကျင်ဂိုဏ်း ဒကာဒကာမတို့က သဒ္ဓါကြည်ညို ဤအစည်းအဝေးပွဲကြီးကို ဂုဏ်ပြုလျက် သာဓုခေါ်ဝံ့ချီး ဤမဟာပထဝီ မြေကြီးသည်လည်း တနည်းတဖုံ ဥဒါဟရဏ်တင်ပြ ဆယ်မိနစ်မကာ ငြိမ်ပ

စေ....ဟု ဣန္ဒြေမပျက် မလှုပ်မယှက်၊ အလေးပြု နေလေယောင်တကား....ဟု ယောင်မှားဖွားယင် လူနှင့်ရှင် ပရိသတ်တို့ ပဲ့တင်ထပ်ချည်း ဩဘာသံ အောင်နိမိတ်ဖြိုး အောင်ပိုသိက် သွားလောင်းကြွစေကာ့သော်.. ။

ပလ္လိုင်ပြို့ သိရိသောဘာရုံ ဆရာတော် ရေးသား တင်သွင်းသော ဩဘာစာတပ်ကို စစ်ကိုင်းတောင် မဟာသုဗောဓာရုံ ပဓာန နာယကဆရာတော် ဦးနာရဒ ဖတ်လျှောက်သည်။

# ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်
# သာသနာ့အမွန်းတင် (၁၃) ဌာနပူးတွဲ ပူဇော်ပွဲကြီး
# ဓမ္မသဘင် တရားပွဲကြီးများ

၁၃၃၇–ခု၊ တန်ဆောင်မုန်းလပြည့်ကျော်....

၂–ရက်ညဉ့် ဆရာတော် ဦးစာရိတ္တဗလ၊ သာသနာ့သောဘဏကာရုံ၊ ပြန့်တင်ဆာမြို့။

၃–ရက်ညဉ့် (က) ဆရာတော်ဦးသုမင်္ဂလ၊ ကျိုက္ကစံ ရွှေကျင်တိုက်သစ်၊ ရန်ကုန်မြို့။

(ခ) ဆရာတော် ဦးနာရဒ၊ မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့။

၄–ရက်ညဉ့် (က) ဆရာတော် ဦးဝိမလ၊ ရွှေဟင်္သာတောရကိုက်၊ ညောင်တုန်းမြို့။

(ခ) ဆရာတော် ဦးဝိမလာစာရ၊ ဝိပဿနာဂန္ဓာရုံ၊ စစ်ကိုင်းမြို့။

၅–ရက်ညဉ့် (က) ဆရာတော် ဦးပဏ္ဍိတ၊ ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းမြို့။

(ခ) ဆရာတော် ဦးဂန္ဓသာရ၊ ရွှေဟင်္သာ တိုက်၊ ဟင်္သာတမြို့။

၆–ရက်ညဉ့် (က) ဆရာတော် ဦးဇနကာဘိဝံသ၊ မဟာဂန္ဓာရုံတိုက်၊ အမရပူရမြို့။

(ခ) ဆရာတော် ဦးသုနန္ဒ၊ ဝိသုဒ္ဓါရုံ–သုဝဏ္ဏဝတီ၊ မန္တလေး။

၇–ရက်ညဉ့် (က) ဆရာတော် ဦးဇောတယာဘိဝံသ၊ အရှေ့ဝိသုဒ္ဓါရုံတိုက်၊ မန္တလေး။

(ခ) ဆရာတော် ဦးနန္ဒသိရီ၊ ဝိသုဒ္ဓါရုံ–နန္ဒာအေး၊ မန္တလေး။

ဂ- ရက်ညှိ (က) ဆရာတော် ဦးနိမ္မလ၊ တိမ္မုလာရုံတောရ၊ ကျိုက္ကမီမြို့။

(ခ) ဆရာတော် ဦးဆန္ဒာဓိက၊ ဓမ္မာရုံ (စံကင်း) ဓနုဖြူမြို့။

ညှိစဉ် သံဃာပရိသတ် တထောင်ကျော်၊ လူပရိသတ်လေး ငါးထောင် ၆-ထောင်ကျော်တို့ နာယူ ကြည်ညိုကြရသည် ဖြစ်ပါကြောင်း။

---

( အမှာ )

**စာစီတပည့်ကလေးများ၏ လျှောက်ထားချက်ပါဗျား—**

တပည့်များ ကျိုနိကာယ အစည်းအဝေးမှတ်တမ်းစာအုပ် အတွက် ဆရာတော်များက အမြန်ပြီးစေချင်၍တပည့်များက သံဃာ့ဂုဏ်ကိုပင် ပွါးများကာ ကြိုးစား သတိထား လုပ် ဆောင်ပါသော်လည်း- အမှားအယွင်း အနည်းငယ်ချွတ် ချော်ခဲ့ပါ၍ အောက်ပါအတိုင်း ပြင်ဆင် ဖတ်တော်မူပါရန် တောင်းပန် လျှောက်ထားပါသည် ဗျား-။

—စာမျက်နှာ ၅၂- ကြောင်းရေ ၁၉-၌ ၁၀။ ဒသမအကြိမ် ၁၃၂၅-ခု၊ ( ၁၉၆၃ ) ဟု ဂဏန်းပြင်၍

—စာမျက်နှာ ၅၁- ကြောင်းရေ ၁၀-၌ ပဲခူး ဝေါမြို့ သုခိတာရုံ ဦးဂမ္ဘီရဗုဒ္ဓိ ဟု စာလုံးပြင်၍

ဖတ်တော်မူပါရန်နှင့်– ကျန် မှားယွင်းချက်များကို တွေ့ရှိ ပါကလည်း သည်းခံ ဖတ်ရှုတော်မူကြရန်ပါဗျား....။

**စာစီတပည့်ကလေးများ။**

## ရွှေကျင်သာသနာပိုင် မန္တလေး အရှေ့ဝိသုဒ္ဓါရုံဆရာတော် တင်မြှောက်ကြသည်

( မန္တလေး ဒိဇင်ဘာ ၃–ရက် )

ကျင်းပမြဲဖြစ်သော ရွှေကျင်နိကာယ၏ ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီးကို ကောဒသမ ဆဲ့တစ်ကြိမ်မြောက်အဖြစ် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ ၁၃၃၇–ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၅-၆-၇) သုံးရက်ဆက်ကျင်းပ၍သာသနာရေးသက်သက်ဖြစ်သော အထွေထွေဆုံးဖြတ်ချက်များကို ဆွေးနွေးချမှတ်ကြသည်။

သက်တော် ၉၀-သိက္ခာတော်(၇၁)ရှိ မန္တလေး အရှေ့ဝိသုဒ္ဓါရုံ ဆရာတော်ကြီးကို နောက်ဆုံးစည်းဝေးရက် ၂၄-၁၁-၇၅-နေ့တွင် သမ္မုတိသံဃရာဇာ ရွှေကျင်သာသနာပိုင်အဖြစ် တညီတညွတ်တည်း တင်မြှောက်ကြသည်။

စစ်ကိုင်း ရွှေဟသာ ဆရာတော်၊ အမရပူရ မဟာဂန္ဓာရုံ ဆရာတော်၊ မန္တလေး အနောက်ဝိသုဒ္ဓါရုံ ပိုက်ကျိုးဆရာတော်၊ အသောကဆရာတော်တို့ကိုလည်း ဥပဥက္ကဋ္ဌ တွဲဘက်သာသနာပိုင်အဖြစ် ဝန်အပ် တင်မြှောက်ထားကြသည်။

တရားပွဲကြီး ၇–ညဥ့်တိုင်ကျင်းပ၍ အစည်းအဝေးသံဃာ ၁၀၂၇–ပါး နေ့စဉ် ဆွမ်း ၂-ထပ်၊ ယမကာအဖျော်စသည် ပြည့်ပြည့်စုံစုံ ဆက်ကပ်ကြသည်။ သာသနာပိုင်ဆရာတော်ကြီးသည် ကိုယ်တော်တိုင် အစည်းအဝေးတက်၍ သဘာပတိအဖြစ် ဆောင်ရွက်တော်မူကာ သဘာပတိ နှုတ်မြွက်မိန့်ခွန်းတော်များကိုလည်း ဟောကြားတော်မူသည်။

မန္တလေးမြို့သို့ ယခု ဒီဇင်ဘာ ဒုတိယပတ် နတ်တော်လဆန်းတရက်ရက်၌ ပြန်လည် ကြွရောက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဤသတင်းကို မန္တလေး ဟံသာဝတီသတင်းစာ၌
ဤသို့ ပါလာသည့်အတိုင်း ဖတ်ရှုရသည်။

—ထထ—ထထ—

## " ပဲခူး ခေါ် ကုသိုလ်မြို့တော်ကြီး "

**ပထမဆရာတော်ကြီး။** ။မနှစ်က ပဲခူးကို နိကာယအစည်းအဝေးကြီး သွားပြီး အပြန် ရန်ကုန်မှာ တပည့်တော်တို့ ၄-ပါးဆုံကြသေးတယ်၊ ရန်ကုန်မှာ ၃-၄ ရက်ဆိုလို့ ကိုယ့်ကိစ္စနဲ့ကိုယ် ဆိုပြီး လမ်းခွဲကြတာ၊ ကိုယ့်ကျောင်းကိုယ် ပြန်လာခဲ့ကြတာ၊ နောက် လူကြုံမေးမေးကြည့်တော့ ရောက်ကြပါပြီ၊ ရောက်နေကြပါပြီ နဲ့ ကြားရ သိရပါ၏၊ ဒီက မေးမေးနေတာပါ၊ အခုလဲ ရဟန်းခံကိစ္စပါတယ် ဆိုတော့ ဘုန်းကြီးတွေနဲ့လဲ တွေ့ရအောင် စဉ်းစားပြီ သတိရမိလို့ လိုက်လာခဲ့တာဘဲ။

**ဒုတိယဆရာတော်။** ။ရဟန်းခံကိစ္စဆိုတော့ ခုလို ချီးမြှောက်တာ သင့်မြတ်ပါတယ်၊ ပဲခူးကပြန်လာပြီးနောက် ဆရာတော်တို့နဲ့ မတွေ့ရ မဆုံရတာနဲ့ မပြောရတာ၊ တပည့်တော်ဖြင့် ဒီပဲခူးနိကာယ အစည်းအဝေးကြီးဟာ အခုဒီက တနှစ် ပြည့်လာသည်တိုင် "မမေ့နိုင်" ဆိုတာ ကျနေတာဘဲ ဗျား။

**တတိယဆရာတော်။** ။တပည့်တော်တို့ကမှ တမျိုး အမြတ်ထွက်တာဗျာ့၊ ကပ္ပိယကလဲ သွားချင်၊ ကိုယ်ကလဲ သွားနိုင်တုန်းဆိုပြီး ရန်ကုန်ကနေ ကျိုက်ထီးရိုးရောက်သွားကြသေးတယ်၊ အပြန် အလွန်းပြေ ကြခတ်ဝိုင်းကျောင်းမှာ ဝင်အိပ်ခဲ့တော့ ပဲခူးကို ၂-ခေါက်ရောက်ခဲ့တာဗျာ့။

**စတုတ္ထကျောင်းခံဆရာတော်။** ။နိုင်ငံနဲ့ချီပြောရယင် ဘာသာယဉ်ကျေးမှု သာသနာ ယဉ်ကျေးမှုဟာ ပဲခူးဟာ တိုင်းအနေနဲ့ကို ဒီ့ပြင် တိုင်းတွေထက် ပိုတယ်၊ သာတယ်လို့ ပြောနိုင်တယ် ထင်တာဘဲ၊ ဟောဒီစစ်ကိုင်းတိုင်း မန္တလေးတိုင်း ဆီမှာ ဆင်ယင်ကျင်းပကြတဲ့ ဘာသာ သာသနာနဲ့

စပ်တဲ့ ဗရားပွဲတွေ စသည် စသည်ပေါ့.... ကြည့်ရတာ
များသောအားဖြင့် ကုသိုလ်အရနဲတယ် ထင်တာဘဲ၊
ပဲခူးသာသနာပြုပွဲကြီးကနေ ပြန်လာမှ ပဲခူးက ဒကာ
ဒကာမတွေရဲ့ အားကျစရာ အတုယူစရာတွေကို ပြန်
ပြန်သတိရနေ ကိုယ့်ဆီက ဒကာဒကာမတွေ ပြလိုက်
ချင်တာ၊ "ကုသိုလ်အရ ယူတတ်တာရယ်-ကုသိုလ်ရကြ
တာတွေရယ်" ခေါ်ပြချင်လိုက်တာ ဗရား။

ဒုတိယဆရာတော်။ ။တပည့်တော် မမေ့နိုင်ဆိုတာက စကားစပ်မိတိုင်း
ပြောပြောနေရ၊ အလှူပွဲနဲ့ ကြုံတိုင်းကြုံတိုင်းလဲ ဒကာ
ဒကာမတွေ စိတ်လက်ပါပါ ကုသိုလ်ရပီး သေသေ
သပ်သပ်ရှိဘို့ဆိုပီး ပဲခူးဝေယျာဝစ္စ ဆောင်ရွက်ကြပုံ
တွေ ပြောပြောနေရလို့ပါဘဲ၊ ရက်ရှေကြီးကျင်းပတဲ့
အစည်းအဝေးပွဲကြီး တရားပွဲကြီးဟာ (၇) ရက်တိုင်
တိုင် နံနက်အာရုဏ်ဆွမ်းကပ်တော့လဲ ဟင်းမျိုးကိုက
၁၁-ခွက် ၁၂-ခွက်၊ အချိုပွဲ မုန့်ပွဲတွေကလဲစုံလို့၊ နေ့
ဆွမ်းကျတော့လဲ စာပွဲဝိုင်းကြီးပေါ် ပြည့်လျှံနေလို့
အောက်ချထားရတာ သစ်သီးတွေကလဲစုံ၊ခဲဘွယ်ဘော
ဇဉ်ဆိုတာ မပါတာ မရှိသလောက် များပြားတာတွေ
လှူကြတဲ့ အလှူရှင်တွေကိုလဲ အံ့ဩချီးမွမ်းမိပါတယ်၊
ဆောင်ရွက်ကြတဲ့ ဝေယျာဝစ္စ ဒကာအဖွဲ့၊ ဒကာမအဖွဲ့
တွေကိုလဲ သံဃာတထောင်ကျော် တပြိုင်ထဲဘုဉ်းပေး
နိုင်အောင် စေ့စေ့စပ်စပ် စီမံထားလိုက်ကြတာ အံ့ဩ
စရာပါဘဲ။

တတိယ။ ။ အံ့ဩမနေနဲ့ အများစုအနေနဲ့ကိုက "သဒ္ဓါတရား"
ခိုင်မာလို့ဆိုတာ နောက်ဆုံး ကောက်ချက်ချလို့ ရပါ
တယ်။

ဒုတိယ။ ။ အလှူရှင်တွေကတော့ ပဲခူးတင် မကဘူးတဲ့၊ အမြို့မြို့ အနယ်နယ် ဟိုနယ်စပ် မြဝတီဘက်ကတောင်ပါသတဲ့၊ နယ်အသီးသီး တိုင်းအသီးသီး အတော်စုံပုံ ရပါတယ်။

ပထမ။ ။ အဓိက အရင်းခံကတော့ ပဲခူးပါဘဲ။

စတုတ္ထ။ ။ မှန်ပါဗျား၊ ပဲခူးက သူတို့မှာရှိတဲ့ပင်ရင်းပင်မ စေတနာနဲ့ သဒ္ဓါကို ဝီရိယတရားနဲ့စိုက်ထုတ်ပြီး စည်းရုံးယူရတာ နဲ့တူပါတယ်၊ ဝီရိယတရားထူထောင်ဆင့်ပွားကာ "ကျွန်တော်တို့လို စေတနာသဒ္ဓါ ထားကြပါဗျို့" လို့ ဆော်ဩ-ရလိမ့်မယ်ထင်တယ်။

တတိယ။ ။ အင်း ဓမ္မာစရိယအောင်ပြီး စာရေးဆရာကြီး ဆိုတော့ ထာမောတွေ ဘာတွေ လုပ်လာဘီဟေ့....၊

ဒုတိယ။ ။ တပည့်တော်တော့ ထာမောတွေ ဘာတွေလဲ မပြောတတ်ပါဘူး၊ လှူကြတဲ့ အလှူရှင်တွေလဲ သောမနဿကုသိုလ်ဖြစ်ပြီး ပီတိတရားကနေ ဘာဝနာမယကုသိုလ် ရကြမှာပါဘဲ၊ သေသေချာချာ ဒိဋ္ဌ မြင်ခဲ့ရတာက-ဝေယျာဝစ္စကုသိုလ်ပြုကြတဲ့ ဒကာ,ကြီး-ငယ်၊ဒကာမ, ကြီး-ငယ်အားလုံးကို ကြည့်ရတာဖြင့် စာပွဲခင်းတွေ လက်သုတ်ပုဝါတွေ နေ့တိုင်း လျှော်ကြ ဖွပ်ကြတာဗျား၊ ခုံသိမ်း ရှင်းလင်း၊ ဆေးကြော, ပွတ်တိုက်၊ တံမြက်လှဲ ခင်းကျင်း ကြည့်ရင်း ကြည့်ရင်း သူတို့ရဲ့ ပီတိကုသိုလ်စိတ်တွေ လှိုင်းထ တက်ကြနေပုံ အဟုတ် မြင်ခဲ့ရတာတွေကို တပည့်တော် ပြောနေတာပါ၊

ဘယ်အဖွဲ့ဝင် မလာလို့ နောက်ကျနေလို့ အသံချဲ့စက်က လှမ်းခေါ်ရတာတို့ဘာတို့လဲ မရှိဘူး၊ အသံချဲ့စက်ကနေပြီ၊ "အဖွဲ့ချင်းချင်း ညှိယူရတာမျိုး သူတို့ဆီမှာ မရှိဘူး" ဝေယျာဝစ္စနဲ့စပ်လို့ကတော့ဒီကုသိုလ် ယူရမှာ ပဲခူးဟာ ပဲခူးပါဘဲ....

**စတုတ္ထ။** ။ ဟုတ်ပါတယ်၊ ကုသိုလ်ပွဲတခု အများနဲ့ လုပ်ရာမှာ ဝေယျာဝစ္စဟာ.... တော်တော် အရေးကြီးပါတယ်၊ "ဘုန်းကြီးတွေ ကြွလာပါဘီ၊ ဆွမ်းကပ်မယ့် အဖွဲ့ဝင်တွေ လာကြပါဗျို့" လို့ အသံချဲ့စက်ကနေပြီး အော်နေရတာ ဘယ်ကောင်းမလဲ....

**ပထမ။** ။ အင်း.... 'သဒ္ဓါ ပညာ မျှစေရာ' ဆိုတဲ့ အတိုင်း သဒ္ဓါလဲရှိ, ပညာလဲရှိတော့ စည်းကမ်းကောင်းဘခု ဖြစ်သွားတာပေါ့—

**ဒုတိယ။** ။ မှန်ပါ၊ သူတို့ အသံချဲ့စက်က နောက်ထပ် အသစ်လာလှူတဲ့ စာရင်းတွေ ဖတ်တာရယ်၊ သံဃာတော်တွေ လျှောက် ထား စရာ ရှိ တာ လျှောက်ထားတာရယ်၊ သုံးစွဲတာပါဘဲ၊ သီချင်းဖွင့်စရာ, တရားဖွင့်စရာကလဲ ဘာမျှ မလိုတော့ **ကဏ္ဍသုခ**လဲ ရပါတယ်—

**တတိယ။** ။ အဖွဲ့ဝင်ဂုဏ်ထိခိုက်အောင် မအော်ရ မခေါ်ရတာ ကောင်း တာ ပေါ့၊ နကိုယ်ကလဲ သေသေချာချာ တောင့်တင်း ကျစ်လစ်ဖွဲ့ထားကြတာကို ၊ ဖြစ်ကတတ်ဖွဲ့ထားတာမှ မဟုတ်ဘဲ၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်းလေးပါး စုံအောင် အပြုအစုတွေ ခံခဲ့ကြရတာဘဲလေ—

**စတုတ္ထ။** ။ ဆရာဝန်ဆေးကုဌာနကလဲ နေ့တိုင်းကုသပေးနေတယ်၊ တိုင်းရင်း ဆေးဆရာကြီးတွေကလဲ အချိန်ပြည့် ဆေးလှူနေတာတွေ၊ ဆေးခန်းမှာ သံဃာတွေ အမြဲ ပြည့်နေတာဘဲ....

**ဒုတိယ။** ။ တရားလဲ တော်တော်ကြိုက်တဲ့မြို့ပါ၊ နေ့လယ်လဲ လာကြသေး၊ ညကျတော့လဲ ပရိသတ် ရာပြည့်ဓမ္မာရုံကြီးပေါ် ၃–၄ ထောင်ရှိနေတဲ့အပြင် လေးဘက် လေးတန် မြေကြီးဘေးပတ်လယ်မှာ ပြည့်ပြည့်နေတာဘဲ–

**ပထမ။** ။ အမရပုရ မဟာဂန္ဓာရုံ ဆရာတော်ဟောတဲ့ ညလား ? ခြေချစရာ မြေလပ်ကလေးမျှ မရှိဘူးကွယ်၊ ဒီလောက်များတဲ့ တရားနာပရိသတ် ဒို့ဖြင့် မြင်ဘူးပေါင်ဗျာ၊

**စတုတ္ထ။** ။ မှန်ပါ၊ တခြားနေ့တွေလဲ စည်ကားပါတယ်၊အဲဒီနေ့ကတော့ ဘာသာဋီကာကျမ်းပြု ဆရာတော်ကြီးဆိုတော့ ပုဂ္ဂိုလ်အနေနဲ့ ငယ်ငယ်ကိုရင်ကလေးဘဝကစ နာမည်ကြီးလာတဲ့ ဆရာတော်မို့– တချို့က ဖူးမြင်ချင်တော့ အဲဒီနေ့ညက ပရိသတ် သောင်းချီသွားတာဘဲ ဗျား–

**ဒုတိယ။** ။ ရက်ဆက်, တောက်လျှောက်, ရက်ရှည်ပွဲကြီးမှာ မြို့သူမြို့သားတွေ ဘာအကုသိုလ် အာရုံငါးပါးမျှ မပါဘဲ ရက်ပေါင်းများစွာ ကုသိုလ်ရကြတာတွေ အဲဒါတခုနဲ့ဘဲ တွေ့ရမြင်ရ အစည်းအဝေး ကြီး လိုက် ရ ကျိုးနပ်လောက်ပါတယ်။

**ထိုမှနောက်** ....... သံဃာစုံလင်၍ သိမ်ဝင်ရန် အချိန်ကျသဖြင့် ဤနေရာမှ ခွါကာ သိမ်ကျောင်းသို့ ကြွကြသည်။

— ထိုဆရာတော် ၄–ပါး၏ "အာလာပသဘာ" နွတ်ထွက် ဝါစာတို့မှာ စစ်ကိုင်းတိုင်း တခုသော မြို့တမြို့၏ကျောင်းတိုက်တတိုက်တွင် ကထိန်ပွဲနှင့် ရဟန်းခံပွဲ ပူးတွဲကျင်းပသော ၁၃၃ဂ–ခု၊ တန်ဆောင်မုန်းလ၏ ပဲခူးသတင်းဆောင်းပါးဖြစ်ပါသည်။

အစည်းအဝေးနှင့် စပ်သွယ်သော "အနုမောဒနာကထာ" ဖြစ်၍ ရိုးရိုးသားသား ထွက်လာသော နှုတ်သံတော်များဖြင့် ပြောကြားခြင်းလည်း ဖြစ်ရကား.... အကျိုးဆောင်များထံပို့လိုက်ရပါသည်၊ မှတ်တမ်း စာစောင် ထုတ်ဝေသည့်အခါ (ကော်လံတော့အားနာပါသည်) ပြင်ဆင်လို့ဘဲ ဖြစ်ဖြစ် ထည့်ပေးပါ—ဟု ဆိုလာသော ကျေးလက်ကျောင်းထိုင် ဆရာတော်တပါး ကိုယ်တိုင် မန္တလေးသို့ ပေးပို့သွားပါသည်။

ပဲခူးမြို့ ဒကာ ဒကာမတွေကို ချီးကျူးဝမ်းမြောက်စကား ပြောကြားကြတာတွေ ရသမျှ စုရှိဖြစ်စေ— ဤလို ကျေးလက်ကာစ ဒေသတိုင်းက ပေးပို့၍ဖြစ်စေ.... စုပေါင်းရိုက်နှိပ်ထုတ်ဝေဖြန့်ချိမယ်ဆိုရင်–"နောက်ထပ် စာတအုပ်ထွက်ရပေလိမ့်မယ်"ဟု အောက်မေ့မိပါသည်။

အဘယ့်ကြောင့်နည်း။ ။? ပဲခူးမြို့ကြခတ်ဝိုင်း သာသနာပြု အသင်းဝင် အမျိုးသား, အမျိုးသမီးများ၊ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ် သံဃာ့ အစည်းအဝေးကြီး ဖြစ်မြောက်ရေးအဖွဲ့ဝင် "စွမ်းရည်ပြည့်" ဒကာကြီးများ—စသော ထိုထိုမြို့သူ,မြို့သားတို့၏ ညီညွတ်ခိုင်မာသော သဒ္ဓါ စေတနာ ဝီရိယ သတိ ပညာတို့ကြောင့်ပါတည်း။

ဝါ၊ ထို သဒ္ဓါ စေတနာ ဝီရိယ သတိ ပညာ ဓာတ်ခံ အကြောင်းတရား ပြည့်ဝသော ဒကာ ဒကာမ တို့၏ အံ့သြ ချီးကျူးဘွယ်တို့သည် မကုန်နိုင်သောကြောင့်သာတည်း။

'အမှတ်တရ သိမ်းဆည်းထားသူ'
ဝိသုဒ္ဓါရုံ- မန္တလေး။
၁၁-၁၂-၇၆။

မှတ်ချက်။ ။ထိုအစည်းအဝေးအတွင်း၏ မြင်ကွင်းကိုသာ ရည်ညွှန်း ရေးသားသော စာတန်းကို သိမ်းဆည်းထားသူလဲ ကျေနပ်၊ ဒကာဒကာမများလဲ ဝမ်းသာအောင် ထည့်လိုက်ရသည်။ ဘယ်မှာဖြစ်ဖြစ် ဘာသာရေးကိစ္စတွေ ခပ်ပေါ့ပေါ့ ဖြစ်သည်က များနေပါပြီ။ "စာတည်း"

# အစည်းအဝေးမှတ်တမ်း

## နေ့ခင်းဆက်တွဲ

### ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက
### ဂိုဏ်းအင်္ဂါ ၃–ပါး

၁။ သိက္ခာတော် ၄၀-ကျော်သော ရတ္တညူ မဟတ္တ ဂုဏ်၊

၂။ ရွှေကျင်ဂိုဏ်း စည်းမျဉ်း ဥပဒေသကို သက်ဦးဆံဖျား လေးစား ရှိသေ၍- ရွှေကျင်နိကာယ မာမက မဟုဿုက္က ဂုဏ်၊

၃။ သိက္ခာကာမ ဝိနယဂရုက လဇ္ဇီ ပေသလ ဂုဏ်၊

++ ရှေးရှေး ဂိုဏ်းစောင့် ဆရာတော်ကြီးများ သတ်မှတ်၍ထားခဲ့သော ရွှေကျင်နိကာယ ဖွဲ့စည်းပုံ စည်းမျဉ်းစာအုပ်နှင့် သတ္တမ အစည်း အဝေးကြီး၏ ဆုံးဖြတ်ချက် အမှတ်စဉ် (၁) ၌ ပါရှိသည့်အတိုင်း ဖော်ပြပါသည်။

### ကမ္မကာရက လုပ်ငန်းများ–

သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဝန်ဆောင် နာယက အဖွဲ့ကို ဥက္ကဋ္ဌသံဃရာဇာ၏ လက်အောက်ထံပါး၌ ဂိုဏ်းကိစ္စ အဝဝ ကို သိမ်းကျုံး ဆောင်ရွက်ရန်အတွက် သတ္တမ, အဋ္ဌမ-အစည်းအဝေး၌ မန္တလေးနှင့် လက်လှမ်းမီရာဒေသတို့မှ ခန့်အပ်ရန် မူချခဲ့သော်လည်း နဝမ, ဒသမ အစည်းအဝေးမှစ၍ နယ်ဌာန အသီးအသီးကပါ တဂိုဏ်းလုံး ပေါင်းချုပ် ဆောင်ရွက်နိုင်ရန် သမ္မုတိရ သာသ နာပိုင် ဥက္ကဋ္ဌ ဆရာတော်ကြီးများက ဌာနအသီးသီးမှ သတ်မှတ်ခန့် အပ်သော ဝန်ဆောင်ပုဂ္ဂိုလ်များအား 'ကမ္မကာရက' ဟု ခေါ်ဆို သံမုတ်ကြပါသည်။

## စုပေါင်းဆုံးဖြတ်ချက်—

ဤကောဒသမ ၁၁-ကြိမ်အထိ ဂိုဏ်းလုံးကျွတ် သံဃာတော်များ ဆုံးဖြတ်ပြခန်းသော အချက်အလက် အစုံအလင်ကို ၁၁-ကြိမ်လုံး ပါဝင်လျက် ရိုက်နှိပ်ဖြန့်ဝေသည့်အခါ ဂိုဏ်းဝင် ကျောင်းတိုင်းမှ မိမိတို့တာဝန်ဖြင့် လက်ဝယ်ယူဆောင်ထားကြရန်-- ဟူသော ဆုံးဖြတ်ချက်.... ဤစာအုပ်ပါ စာမျက်နှာ (၅) အမှတ် (၇) အရ အကောင်အထည် ဖော်ကြားရေးသားထုတ်ဝေတော်မူကြရန် စီစဉ်ချိန် ကျရောက်နေပါပြီဗျား။

အမှုဆောင်အလိုအရ
"စာတည်း"

# နိကာယ သောတုဇနမ်ားအတွက်
# နည်းကောင်း ပေးတော် မူကြခြင်း

(က) ခင်မွန်ဆရာတော် ပေးခဲ့သော စာသင်နည်း၊

တက်ကြွ သင်အံကြသော ကခ်ါ အဋ္ဌကထာစသော ကျမ်းဂန်များကို အဘန်ဘန် အထပ်ထပ် စေ့စေ့စပ်စပ် ကြံကြံ စည်စည် အနက်လှည့်ရမည်၊ မြန်မာလူမျိုးဖြစ်၍ ပါဠိဘာသာမှ မြန်မာဘာသာ များများကြီး ပြန်ဆိုနိုင်လျှင် များများကြီး စာတတ်၏၊ အလတ်စားပြန်ဆိုနိုင်လျှင် အလတ်စားတတ်၏၊ အနည်းငယ်ပြန်ဆိုနိုင်လျှင် အနည်းငယ်တတ်၏။

(ခ) မဟာဝိသုဒ္ဓါရာမ ဆရာတော် ပေးခဲ့သော စာတတ်နည်း၊

စာတတ်ကြောင်းကား တပါးသာတည်း၊ တ ပါး ဟူ သည် ရုပ်ပြီးခြင်းတည်း၊ ရုပ်များများ ပြီးလျှင် များများ စာတတ်၏၊ အလတ်စားပြီးလျှင် အလတ်စားတတ်၏၊ အနည်းငယ် ပြီးလျှင် အနည်းငယ်တတ်၏။

(ဂ) ကျိုက်လတ် ပစ္ဆိမာရုံဆရာတော် မှာကြားခဲ့သော မိန့်ခွန်းစကား၊

၁။ အလဇ္ဇီ စာမတတ်ထံမနေရ၊ အလဇ္ဇီလဲဖြစ် စာလဲမတတ်ဖြစ်တတ်၏၊

၂။ အလဇ္ဇီ စာတတ်ထံလဲ မနေရ၊ စာတတ်သော်လဲ အလဇ္ဇီဖြစ်ကတ်၏၊

၃။ လဇ္ဇီ စာမတတ်ထံလဲ မနေရ၊ လဇ္ဇီဖြစ်သော်လဲ စာမတတ်ဘဲဖြစ်တတ်၏၊

၄။ လဇ္ဇီစာတတ်ထံမှာ နေရ၏၊ လဇ္ဇီလဲဖြစ် စာတတ်ပုဂ္ဂိုလ်လဲဖြစ်၍ ကျက်သရေ ရှိလှပေ၏။

▲෴▲

## ပြည်ထောင်စု မြန်မာနိုင်ငံ
## ရွှေကျင်ဂိုဏ်း သံဃာစာရင်းချုပ်
## ၂၅၂၀—၁၃၃၈

| စဉ် | ပြည်နယ် / တိုင်း | မြို့ | တာဝန်ခံဆရာတော်နှင့် ကျောင်းတိုက် | ကျောင်းပေါင်း | သံဃာပေါင်း |
|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | မြစ်ကြီးနား | ဦးဣန္ဒာစာရ၊ ရန်ကြီးအောင်ရပ်၊ မြို့ဦးကျောင်း | ၂ | ၁၃ |
| ၂ | ကရင်-မွန် | မော်လမြိုင် | ဦးသြဘာသ၊ မောင်ငံရပ်၊ မဟာမြိုင်တိုက်'ဝိနည်းပြန်ဌာန' | ၁၃၄ | ၁၃၀၂ |
| ၃ | ရခိုင်ပြည်နယ် | မာန်အောင် | ဦးကဝိန္ဒ၊ ဆင်နားချောင်းရွာ၊ ဓမ္မာကာရုံရွှေကျင်တိုက် | ၃၃ | ၉၀ |
| ၄ | ။ | စစ်တွေမြို့ (မြို့ဟောင်း) | ဦးပညာသီဟ၊ ပညာသီဟာရာမတိုက် | ၄၁ | ၂၃၃ |
| ၅ | ရှမ်းပြည်နယ် | ကျောက်မဲမြို့ | ဦးမုနိန္ဒ၊ ရွှေကျင်ကျောင်း | ၉ | ၁၅၀ |
| ၆ | ။ | ညောင်ရွှေ | ဦးဝိမလာဘိဝံသ၊ ကန်ကြီးကျောင်းတိုက်၊ "စာပြန်ဌာန" | ၆ | ၂၉၂ |
| ၇ | ။ | တောင်ကြီး | ဆရာတော်၊ အောင်မြေသာစည်ကျောင်းတိုက် | ၆ | ၁၁၃ |
| ၈ | ။ | ကျိုင်းတုံ | ဦးအာဇေယျ၊ ဓမ္မောဒယစာသင်တိုက် | ၁ | ၁၁၆ |

| စဉ် | ပြည်နယ်/တိုင်း | မြို့ | တာဝန်ခံဆရာတော်နှင့် ကျောင်းတိုက် | ကျောင်းပေါင်း | သံဃာပေါင်း |
|---|---|---|---|---|---|
| ၉ | ။ | ပင်လုံ | ဦးဉာနသမ္ဘာရ၊ ပိဋကတ် ဘာသာပြန်ကျောင်း | ၂ | ၁၇၂ |
| ၁၀ | ။ | နန့်ခမ်း | ဦးသုဝဏ္ဏ မင်းပူးရွာ၊ မင်းပူးကျောင်း | ၄ | ၆၇ |
| ၁၁ | ။ | နောင်ချို | ဦးနန္ဒိယ ဘူတာရပ်၊ သာသနာ့ရောင်ခြည်ကျောင်း | ၁ | ၁၃ |
| ၁၂ | စစ်ကိုင်းတိုင်း | စစ်ကိုင်းမြို့ | ရွှေဟင်္သာဆရာတော် ရွှေဟင်္သာကျောင်းတိုက်၊ (မဟာဂန္ဓာရုံ) 'စာပြန်ပွဲဌာန' | ၇၃ | ၅၇၃ |
| ၁၃ | ။ | ။ | ဦးဝိမလာစာရ၊ ဝိပဿနာစာပြန်ဌာန 'စစ်ကိုင်းတောင်' | ၁၃ | ၉၉ |
| ၁၄ | ။ | ။ | ဆရာတော် ဦးဣန္ဒာသနိ၊ရတနာရွှေကူမင်းကွန်း'စာပြန်ဌာန' | ၅ | ၄၉ |
| ၁၅ | ။ | ဝက်လက် | ဦးသံဝရ သစ္စာအောင်မြေကျောင်း၊ မုဆိုးခြုံဘူတာ | ၂ | ၁၂ |
| ၁၆ | ။ | ။ | ဦးကောသလ ဝိဗောဓာရုံ ကျောင်းတိုက်၊ သရိုင်ရွာ | ၁၂ | ၅၆ |
| ၁၇ | ။ | ။ | ဦးတိဿ မစိုးရိမ်ကျောင်း | ၇ | ၅၅ |
| ၁၈ | ။ | ။ | ဦးကောဝိဒ ချမ်းသာကြီးကျောင်းတိုက်၊ ရှိမ္မကား | ၁၀ | ၅၃ |

| စဉ် | ပြည်နယ်/တိုင်း | မြို့ | တာဝန်ခံဆရာတော်နှင့် ကျောင်းတိုက် | ကျောင်းပေါင်း | သံဃာပေါင်း |
|---|---|---|---|---|---|
| ၁၉ | စစ်ကိုင်းတိုင်း | ဝက်လက်မြို့ | ဦးသောဘိတ ရွှေညောင်တော်ကျောင်း၊ အင်းဘဲကြီးရွာ | ၁၀ | ၅၄ |
| ၂၀ | ။ | ။ | ဦးထေရိန္ဒ ပေါက်ကန်းဘုတာ | ၉ | ၄၀ |
| ၂၁ | ။ | ။ | ဦးသုမန မင်းရွာကျောင်းကြီး | ၁၂ | ၅၄ |
| ၂၂ | ။ | အရာတော် | ဦးဂုဏဝံသ၊ အရွှေကျောင်း၊ ရွာသာ | ၂ | ၁၂ |
| ၂၃ | ။ | ဘုတလင်မြို့ | ဦးဣန္ဒက၊ မဒိုင်ကျင်းကျောင်း | ၁၅ | ၁၀၂ |
| ၂၄ | ။ | စစ်ကိုင်းမြို့ | ဦးနန္ဒသိရိ၊ ရွှေလင်းပင်ကျောင်း၊ ကုန်းသာကျောက်ဆည် | ၁ | ၆ |
| ၂၅ | ။ | ဝက်လက်မြို့ | ဆရာတော်၊ဒက္ခိဏာရုံ၊လှတောကြီး (စာပြန်ပွဲဌာန) | ၃၅ | ၁၅၀ |
| ၂၆ | ။ | ကနီမြို့နယ် | ဦးဣန္ဒောသဓ၊ အောင်မြေရတနာကျောင်း၊ဝင်မနား | ၂၂ | ၆၀ |
| ၂၇ | ။ | ရေဦးမြို့ | ဦးနေမိန္ဒ၊ တင်းတိမ်ရုံကျောင်း | ၇ | ၄၀ |
| ၂၈ | ။ | မုံရွာမြို့ | ဦးလက္ခဏ၊ရွှေသိမ်တော်ကြီးကျောင်း (စာပြန်ပွဲဌာန) | ၆၆ | ၅၃၀ |
| ၂၉ | ။ | ဝက်လက်မြို့ | ဦးသောဘိတ၊ ရက္ခန်းတော်ကျောင်း ညောင်ပင်ကြီးတော၊(စာပြန်ပွဲဌာန) | ၁၅ | ၁၃၆ |
| ၃၀ | ။ | ကလေးမြို့ | ဦးဥတ္တမ၊ကျော်ပျိရွာ၊ မြေဝ်ကျောင်း၊ | ၉၁ | ၄၃၉ |

| စဉ် | ပြည်နယ်/တိုင်း | မြို့ | တာဝန်ခံဆရာတော်နှင့် ကျောင်းတိုက် | ကျောင်းပေါင်း | သံဃာပေါင်း |
|---|---|---|---|---|---|
| ၃၁ | စစ်ကိုင်းတိုင်း | စစ်ကိုင်းမြို့ | ဦးပဏ္ဍိတ၊လင်းယဉ်ရွာ၊ မဟာဝိဟာရကျောင်း၊ | ၃ | ၄၆ |
| ၃၂ | ။ | ဝက်လက်မြို့ | ဆရာတော်ဦးဧက္ကိန္ဒာဝစရိယ၊ မဟာသုဒဿနာရုံကျောင်း၊ သမ္မာရိုး၊ | ၆ | ၅၀ |
| ၃၃ | ။ | အရာတော်မြို့ | ဦးသောမ၊ ထန်းကြီးရွာ၊ တောင်ကျောင်း၊ | ၁၅ | ၆၉ |
| ၃၄ | ။ | ။ | ဦးဉာဏိန္ဒ၊စစ္စမလဲသာရွာ မြင်သာ | ၆ | ၃၁ |
| ၃၅ | ။ | မြင်းမူမြို့ | ဦးဣန္ဒက၊ ညောင်ပင်ကန်ရွာ၊ တောရကြီးကျောင်း (ငံနည်းပြန်ဌာန) | ၂၃ | ၁၄၇ |
| ၃၆ | ။ | ရွှေဘိုမြို့ | ဦးကုဏ္ဍလ၊ကျောက္ကာကျောင်း၊ | ၄ | ၃၃ |
| ၃၇ | ။ | မြင်းမူမြို့ | ဦးပဏ္ဍဝံသ၊ ငါးကင်းရွာ၊ ပိတောက်ပင်တောရ (စာပြန်ဌာန) | ၂၄ | ၂၂၀ |
| ၃၈ | ။ | အရာတော်မြို့ | ဦးပညာသီဟ၊ စပါးတွင်းရွာ၊ သိမ်ကျောင်း၊ | ၉ | ၇၅ |
| ၃၉ | ။ | ဒိပဲယင်း | ဦးသုနိတ၊မင်းတဲကုန်းရွာ၊ မင်းတဲကုန်းကျောင်း၊ | ၁၁ | ၄၃ |

| စဉ် | ပြည်နယ်/တိုင်း | မြို့ | တာဝန်ခံဆရာတော်နှင့် ကျောင်းတိုက် | ကျောင်းပေါင်း | သံဃာပေါင်း |
|---|---|---|---|---|---|
| ၄၀ | တနင်္သာရီ တိုင်း | ရေးမြို့ | ဦးကေသရ၊ ဝိဇိတာရုံ ရွှေကျင်တိုက်၊ နှစ်ကရင်ရွာ၊ | ၄ | ၄၃ |
| ၄၁ | ပဲခူးတိုင်း | မင်းလှမြို့ | ဆရာတော်ဦးပဏ္ဍိတ၊ ဝေဠုဝန်ကျောင်း | ၁၂ | ၉၉ |
| ၄၂ | ။ | သုံးဆယ်မြို့ | ဦးစန္ဒိမာ၊ မောင်းထောင်တိုက် | ၁ | ၆၇ |
| ၄၃ | ။ | ပြည်မြို့ | ဦးအာနန္ဒပဏ္ဍိတ၊ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်၊နဝင်းရပ် | ၁ | ၀၁ |
| ၄၄ | ။ | ပဲခူးမြို့ | ဦးအာစိဏ္ဏ၊ကျောက်တန်း မဟာဗောဓိစာသင်တိုက် (စာပြန်ဌာန)၊ | ၂၅ | ၂၅၁ |
| ၄၅ | ။ | ညောင်လေးပင်မြို့ | ဦးဇာဂရ၊တောရကြီးကျောင်းတိုက် (စာပြန်ဌာန | ၂၅ | ၃၉၄ |
| ၄၆ | ။ | တောင်ငူမြို့ | ဦးဥတ္တမဝံသ၊ ဝိသုဒ္ဓါရုံ မြို့ထောင့်တိုက် (စာပြန်ပွဲဌာန) | ၃၄ | ၂၀၅ |
| ၄၇ | ။ | မဒေါက်မြို့ | ဦးဝါယာမ၊ သာသနဝံသကျောင်း လှဲဆိပ်ရပ် | ၁၅ | ၁၀၇ |
|  | ။ |  |  |  |  |
| ၄၈ | ။ | မင်းလှမြို့ | ဦးသုဝဏ္ဏ၊စံကျောင်းတိုက် | ၁၄ | ၆၅ |

| စဉ် | ပြည်နယ်/တိုင်း | မြို့ | တာဝန်ခံဆရာတော်နှင့် ကျောင်းတိုက် | ကျောင်းပေါင်း | သံဃာပေါင်း |
|---|---|---|---|---|---|
| ၄၉ | ပဲခူးတိုင်း | ပြည်မြို့ (၃-ခရိုင်) | ဗာရာဏသီဆရာတော်၊ ဝိသုဒ္ဓါ ... ဗာရာဏသီတိုက်(စာပြန်ဌာန) | ၉၀ | ၅၀၀ |
| ၅၀ | ။ | ရွှေကျင်မြို့ | ဦးကုန္ဒာစရိယ၊ ကျောင်းဝိုင်းကြီး (စာပြန်ဌာန) (ဆင်ရုံတောရ) | ၁၂ | |
| ၅၁ | ။ | ပဲခူးမြို့ | ဦးဇောတိပါလ၊ ကြခတ်ဝိုင်း ကျောင်းတိုက် (စာပြန်ဌာန) | ၁၃၇ | ၁၇၅၁ |
| ၅၂ | ။ | ဝေါမြို့ | ဦးဇာဂရ၊ ကျွန်းကြီးဗရားကျောင်း | ၂၂ | ၂၀၃ |
| ၅၃ | ။ | ရွှေကျင်မြို့ | ဦးသြဘာသ၊ တပ်ကုန်းရွှေကျင် တောရ | ၁ | ၅ |
| ၅၄ | ။ | အုတ်တွင်းမြို့ | ဦးဥာဏိက၊ ကန်ကလေးတောရ | ၁ | ၇၇ |
| ၅၅ | ။ | ပြွန်တန်ဆာမြို့ | ဦးဝိသုဒ္ဓ၊ သာသန သောဘဏီကာချုံ တိုက်(စာပြန်ပွဲဌာန) | ၁၅ | ၉၀ |
| ၅၆ | မကွေးတိုင်း | ရေစကြိုမြို့ | ဦးကုန္ဒာစာရ၊ ပတ္တပိုဏ်တိုက်၊ ဖုလုံရွာ၊ | ၁၀ | ၁၅၇ |
| ၅၇ | ။ | ပခုက္ကူမြို့ | ဦးတိက္ခာစာရ၊ ဘဲကြီးရွာ၊ ပတ္တမြားတိုက် | ၁ | ၁၂ |
| ၅၈ | ။ | ထီးလင်းမြို့ | ဦးတဂ္ဂ၊ ကင်းပုံရွာ မဟာဂန္ဓာရုံ ကျောင်းတိုက်၊ | ၁၀ | ၂၆ |

| စဉ် | မြည်နယ်/တိုင်း | မြို့ | တာဝန်ခံဆရာတော်နှင့် ကျောင်းတိုက် | ကျောင်းပေါင်း | သံဃာပေါင်း |
|---|---|---|---|---|---|
| ၅၉ | မန္တလေးတိုင်း | ဂန့်ဂေါမြို့ | ဦးကေလာသ၊ကံ့တောရကျောင်း ကန့်ရွာ | ၃၉ | ၂၀၀ |
| ၆၀ | ။ | ။ | ဆရာတော်၊မြင်သားတောရ၊ | ၃၇ | ၂၉၀ |
| ၆၁ | ။ | အမရပူရမြို့ | ဦးဇနကာဘိဝံသ၊ မဟာဂန္ဓာရုံ ကျောင်းတိုက် | ၁ | ၃၇၆ |
| ၆၂ | ။ | မြစ်ငယ်မြို့ | ဦးဇယသန၊ စာတိုးရွာ၊ အရှေ့ကျောင်း | ၁ | ၉ |
| ၆၃ | ။ | ကျောက်ဆည် | ဦးဝိဇယ၊ စိတ္တရရွာ၊ မဇ္ဈာရုံကျောင်း၊ | ၁ | ၃ |
| ၆၄ | ။ | ပလိပ်မြို့ | ဦးကောသလ္လ၊ စလေတိုက် | ၁ | ၁၀ |
| ၆၅ | ။ | အမရပူရ | ဦးဉာနရံသီ၊ရေဦးကျောင်း | ၁ | ၁၀ |
| ၆၆ | ။ | မေမြို့ | ဦးမဟာသပဏ္ဍိတ၊ ဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်း၊ | ၁ | ၁၀ |
| ၆၇ | ။ | မေမြို့ | ဦးဝါယမာဝုဓ၊ရွှေကျင်ကမ္ဘဋ္ဌာန်း ကျောင်း၊ | ၁ | ၁၃ |
| ၆၈ | ။ | မြင်းခြံမြို့ | ဦးနာယက၊အမှတ်(၁)ရပ်၊ ကိုးတောင်ပြည့်ကျောင်း၊ | ၃ | ၃၉ |

| စဉ် | ပြည်နယ်/တိုင်း | မြို့ | တာဝန်ခံဆရာတော်နှင့် ကျောင်းတိုက် | ကျောင်းပေါင်း | သံဃာပေါင်း |
|---|---|---|---|---|---|
| ၆၉ | မန္တလေးတိုင်း | မြစ်သားမြို့ | ဦးကေသရ၊တောင်ဘက်တပ်ရွာ၊ တည်းတော်ရာကျောင်း၊ | ၅ | ၄၃ |
| ၇၀ | ။ | မေမြို့ | ဦးဝါစက၊ နန်းမြိုင်ရပ်၊ ရွှေဟသ်ာကျောင်း၊ | ၁ | ၉ |
| ၇၁ | ။ | မြင်းခြံ | ဦးတေဇဝန္တ၊ရေသာရွာ၊ မဏိကာရုံကျောင်း (လေးတန်းစာပြန်ဌာန) | ၁၃ | ဂ၃ |
| ၇၂ | ။ | မိတ္ထီလာမြို့ | ဦးဉာဏိန္ဒ၊ မန်းကျည်းကုန်းရွာ၊ မန်းကျည်းကုန်းကျောင်း၊ | ၅ | ၇၂ |
| ၇၃ | ။ | ။ | ဦးကုဏ္ဍလ၊ ခံဘဲ့ရွာ၊မှန်ကျောင်း၊ | ၃ | ၄၃ |
| ၇၄ | ။ | ပုသိမ်ကြီးမြို့ | ဦးအရိယဝံသ၊ ဗဟိုမြို့မကျောင်း၊ | ၁ | ၅ |
| ၇၅ | ။ | စဉ့်ကိုင်မြို့ | ဦးကေလာဝံသ၊ဆည်ရွာ၊ ရွှေဆည်တိုက်သစ် (စာပြန်ဌာန) | ဂ | ၆၄ |
| ၇၆ | ။ | မြစ်သားမြို့ | ဦးဝေဠုရိယ၊ မင်းကျောင်း | ၁ | ၆၅ |
| ၇၇ | ။ | ကျောက်ဆည် | ဦးသုနန္ဒ၊ ရှားပင်ရွာ၊ အရှေ့ကျောင်း(ငယ်တိုးစာပြန်ဌာန) | ၂၃ | ၁ဂ၂ |
| ၇ဂ | ။ | မလှိုင်မြို့ | ဦးစန္ဒဇောတိ၊ ကံကြီး သိရိသောမာရုံကျောင်းတိုက်၊ | ၁၄ | ၁၀၄ |

| စဉ် | ပြည်နယ်/တိုင်း | မြို့ | တာဝန်ခံဆရာတော်နှင့် ကျောင်းတိုက် | ကျောင်းပေါင်း | သံဃာပေါင်း |
|---|---|---|---|---|---|
| ၇၉ | မန္တလေးတိုင်း | မတ္တရာမြို့ | ဦးဓမ္မာသဓ၊ ကျုံးရွာ၊ အုတ်ကျောင်း၊ | ၁ | ၄ |
| ၈၀ | ॥ | စဉ့်ကူးမြို့ | ဦးကေသဝ၊ မဇ္ဈိမာရုံကျောင်း၊ ညောင်ပင်ရွာ၊ | ၁ | ၆ |
| ၈၁ | ॥ | မတ္တရာမြို့ | ဦးဝိဇယ၊ ခြောက်ဆူကျောင်း၊ စကျင်ရွာ၊ | ၃ | ၃၇ |
| ၈၂ | ॥ | မန္တလေးမြို့ | ဦးဝေပုလ္လ၊ပတ္တမြားတိုက် | ၁ | ၄၉ |
| ၈၃ | ॥ | ॥ | ဦးနန္ဒိယ၊ ရွှေဘုန်းဝန်တိုက်၊ | ၁ | ၂၁ |
| ၈၄ | ॥ | ॥ | ဦးစန္ဒသိရီ၊ရွှေပြည်ရပ်၊ မဟာဝိဇယမင်္ဂလာရာမတိုက်၊ | ၁ | ၉ |
| ၈၅ | ॥ | ॥ | ဦးသုမန၊ပဏ္ဍိတာရုံကျောင်းတိုက်၊ | ၁ | ၆ |
| ၈၆ | ॥ | ॥ | ဦးသုမန၊ ရွှေကျင်တိုက်မကြီး၊ | ၁၁ | ၁၁၃ |
| ၈၇ | ॥ | ॥ | ဦးခေမာစာရ၊ဝိဇ္ဇာလင်္ကာရတိုက်၊ | ၁ | ၁၅ |
| ၈၈ | ॥ | ॥ | ဦးသုဝဏ္ဏ၊မဟာမြိုင်တိုက်၊ | ၁ | ၅၀ |
| ၈၉ | ॥ | ॥ | ဦးဗာကုလ၊ ရွှေဘုန်းဝန်တိုက်၊ | ၁ | ၁၀ |
| ၉၀ | ॥ | ॥ | တိုက်ကြပ်ဆရာတော်၊ မဟာဝိသုဒ္ဓါရာမတိုက်၊ | ၆ | ၆၂ |

| စဉ် | ပြည်နယ်/တိုင်း | မြို့ | တာဝန်ခံဆရာတော်နှင့် ကျောင်းတိုက် | ကျောင်းပေါင်း | သံဃာပေါင်း |
|---|---|---|---|---|---|
| ၉၁ | မန္တလေးတိုင်း | မန္တလေးမြို့ | တိုက်အုပ်နာယကဆရာတော်၊ အဘယာရာမတိုက်၊ | ၁ | ၆၁ |
| ၉၂ | ။ | ။ | ဦးသုဇာတသာရ၊ ဒဟတ္တောတိုက်၊ | ၁ | ၂၃ |
| ၉၃ | ။ | ။ | ပိုက်ကျုံးဆရာတော်၊မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ | ၁၂ | ၂၉၅ |
| ၉၄ | ရန်ကုန်တိုင်း | ကွမ်းခြံကုန်း မြို့ | ဦးသုမန၊မစိုးရိမ်တိုက်၊ | ၁၁ | ၉၃ |
| ၉၅ | ။ | ရန်ကုန်မြို့ | ဦးသုစိန္တ၊ ကျိုက္ကစံရွှေကျင်တိုက်၊ သက်န်းကျွန်း၊ | ၁ | ၄၆ |
| ၉၆ | ။ | သံလျင်မြို့ | ဦးမုနိန္ဒ၊ရိုးသပြေကန်ရွာ၊ မဟာခမ္မိကာရာမတိုက်၊ | ၁၆ | ၈၃ |
| ၉၇ | ။ | ဥက္ကံမြို့နယ် | ဦးတိက္ခာစာရ၊ရေငုတ်ဝဲရွာ၊ ရေငုတ်ဝဲကျောင်း၊ | ၂၀ | ၁၃၅ |
| | ။ | | | | |
| ၉၈ | ။ | ရန်ကုန်မြို့ | ဦးဓမ္မဝံသ၊ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ဗဟန်း (ဝိနည်းစာပြန်ဌာန) | ၁၃၂ | ၁၂၅၈ |
| ၉၉ | ။ | သုံးခွမြို့ | ဦးလက္ခဏ၊ ဥက္ကံရွာ၊ ဇရပ်ကြီးတိုက်၊ | ၁၃ | ၆၅ |
| ၁၀၀ | ဧရာဝတီတိုင်း | ပုသိမ်မြို့ | ဆရာတော်၊ပုဗ္ဗာရုံကျောင်း၊ နိဂြောဓာလမ်း၊ | ၃၃ | ၁၄၂ |

| စဉ် | ပြည်နယ် / တိုင်း | မြို့ | တာဝန်ခံဆရာတော်နှင့် ကျောင်းတိုက် | ကျောင်းပေါင်း | သံဃာပေါင်း |
|---|---|---|---|---|---|
| ၁၀၁ | ရောဝတီတိုင်း | ကျောင်းကုန်း | ဦးသုရပတိ၊ ဒက္ခိဏာရာမတိုက်၊ (စာပြန်ပွဲဌာန) | ၁၇ | ၅၈ |
| ၁၀၂ | ။ | မော်လမြိုင်ကျွန်း | ဦးရာဇိန္ဒ၊ ရွှေပြည်တန်ဆောင်တိုက်၊ | ၁ | ၂၀ |
| ၁၀၃ | ။ | အိမ်မဲမြို့ | ဦးတိက္ခာစာရ၊ ရိုးကြီးဝိသုဒ္ဓါရုံတိုက်၊ | ၂ | ၁၄ |
| ၁၀၄ | ။ | မြောင်းမြမြို့ | ဦး–န္ဒဝံသ၊ နေရှင်နယ်ပဋ္ဌာနတာရုံတိုက်သစ်၊ | ၁ | ၆၆ |
| ၁၀၅ | ။ | မြောင်းမြမြို့ | ဦးပဏ္ဍိတ၊ ဇေယျမေဒနီတိုက် (စာပြန်ဌာန) | ၃၆ | ၃၇၈ |
| ၁၀၆ | ။ | ကျိုက်လပ်မြို့ | ဦးအရိယဝံသ၊ ပစ္ဆိမာရုံတိုက် | ၁၄ | ၈၅ |
| ၁၀၇ | ။ | မော်လမြိုင်ကျွန်း | ဦးပညာသီဟ၊ ဝိသုဒ္ဓါရုံမိုးညိုတိုက်၊ | ၁ | ၃၁ |
| ၁၀၈ | | ညောင်တုန်းမြို့ | ဦးဝိမလ၊ ရွှေဟင်္သာတောရ (စာပြန်ပွဲဌာန) | ၆၆ | ၄၇၉ |
| ၁၀၉ | ။ | ဖျာပုံမြို့ | ဦးသုတာသ၊ စကြာရန်အောင်တိုက် | ၁၂ | ၉၈ |
| ၁၁၀ | ။ | ဒေးဒရဲမြို့ | ဦးဣန္ဒောဘာသ၊ ညောင်လန်းဝိဇိတာရုံ | ၉ | ၃၆ |

| စဉ် | ပြည်နယ်/တိုင်း | မြို့ | တာဝန်ခံဆရာတော်နှင့် ကျောင်းတိုက် | ကျောင်းပေါင်း | သံဃာပေါင်း |
|---|---|---|---|---|---|
| ၁၁၁ | ဧရာဝတီတိုင်း | လပွတ္တာမြို့ | ဦးကောသလ္လ၊ ကမ္မဋ္ဌာန်းကျောင်း၊ | ၄ | ၅ |
| ၁၁၂ | ။ | ။ | ဦးသိရိန္ဒရ၊ လေးထပ်စာသင်တိုက် | ၁၀ | ၀၂ |
| ၁၁၃ | ။ | မအူပင်မြို့ | ဦးပဏ္ဍိတ၊ ဓမ္မာရုံရှေ့ကျောင်း (စာပြန်ပွဲဌာန) | ၃၁ | ၁၄၁ |
| ၁၁၄ | ။ | မြန်အောင်-အင်္ဂပူ၊ | ဦးကဝိန္ဒ၊ ဂုံးကျောင်း၊ သပြေကုန်းရွာ | ၆ | ၁၆ |
| ၁၁၅ | ။ | မအူပင် | ဦးပညိန္ဒ၊ မဟာဇေယျာဘိကျောင်း (စာပြန်ပွဲဌာန) | ၁၅ | ၁၀၀ |
| ၁၁၆ | ။ | ဖျာပုံမြို့ | ဦးဥာဏိဿရ၊ ဇီဝကာရာမတိုက် | ၂ | ၇၆ |
| | | | ပြည်တွင်း.... | ၁၇၃၆ | ၁၅၄၃၀ပါး |

"ပြည်ပသံဃာစာရင်းချုပ်"

| | | | |
|---|---|---|---|
| ၁၁၇ | ယိုးဒယား-ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဦးဥာဏဝံသ၊ ဝပ်ဒွန်းမြန်မာကျောင်း ယာန်နဝါရပ်ကွက် | ၂ | ၂၉ |
| ၁၁၈ | သိရိလင်္ကာ(သီဟိုဠ်နိုင်ငံ) ကိုလမ္ဘိုမြို့၊ ဦးကလျာဏသိရီ၊ သိရိဝိနယာလင်္ကာရာမတိုက်၊ | ၃၁ | ၁၀၉ |
| | ပြည်ပ.... | ၃၃ — | ၁၃၈ပါး |
| | ပြည်တွင်း/ပြည်ပ—အားလုံးစုစုပေါင်း.... | ၁၇၆၉ — | ၁၅၅၇၆-ပါး |

**သုတေသီတို့အတွက်....**

ရွှေကျင်သံဃာစာရင်း အကညွှန်အကျ မှတ်သားနိုင်ဘို့ရာ ဝိရိယစိုက်ရပါသည်၊ အချို့ ကျောင်းတိုက်များမှ ဆိုင်ရာဝိနည်းပြု၊ ဌာနသို့လည်း စာရင်းသွင်း၍၊ ဗဟိုဌာနသို့လည်း သိသာရန် သီးခြားပေးပို့ပြန်ပါသည်။

ယင်းစာရင်းများကို အသေးစိပ် စစ်ဆေးပြီး အချို့ကို လှမ်းမေး၍....ထပ်, မထပ်နှင့် အဟောင်း,အသစ်တို့ကို အချိန်ကြာကြာ တွက်ချက်ပေါင်းယူပြီးမှ ထပ်နေသည်များကို နှုတ်ပယ်၍ ထားပါသည် (စာရင်းမပယ်, ဂဏန်းဖယ်ထားပါသည်)။

ဦးအဂ္ဂိယ 'နှင့်'
ဦး အရိယ ဉာဏ
ဝိသုဒ္ဓါရုံ ( ဗဟို )

# စည်းဝေးပွဲကြီး၏ အကျိုးအမြတ်များ

တဆယ့်တကြိမ်မြောက် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ် သံဃာအစည်းအဝေးပွဲကြီးကို ၁၃၃၇-ခု၊ တန်ဆောင်မုန်း လပြည့်ကျော် (၅-၆-၇) ရက်နေ့များ၌ ကျင်းပပြုလုပ်ခဲ့သည်။ စည်းဝေး ရာဌာနမှာ ပဲခူး ကြခတ်ဝိုင်းကျောင်းတိုက်ဖြစ်သည်၊ အစည်းအဝေးသို့ တက် ရောက်သည့်သံဃာပေါင်း ၁၀၂၇-ပါးမျှရှိလေသည်။

သက်တော် (၉၀)နှစ် သိက္ခာတော် (၇၁) ဝါရှိ မန္တလေးမြို့ အရှေ့ ဝိသုဒ္ဓါရုံ ဆရာတော်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်တော်မူသည်။ မန္တလေးမြို့ အနောက် ဝိသုဒ္ဓါရုံဦးအဂ္ဂိယ၊ ပဲခူးမြို့ကြခတ်ဝိုင်း ဦးဇောတိပါလ၊ မန္တလေးမြို့ အနောက် ဝိသုဒ္ဓါရုံ ဦးအရိယဉာဏတို့က အကျိုးဆောင်အဖြစ် ဆောင်ရွက်တော်မူကြသည်။

ပဲခူးမြို့နှင့်တကွ အမြို့မြို့အရွာရွာမှ အလှူရှင် ဒါယကာတို့၏ ထက်သန်လှသော စေတနာကို ငဲ့ညှာ၍ စည်းဝေးပွဲကြီး၌ ပင့်သံဃာအမြောက်အမြား အမြားပင့်ခဲ့သည်။ ဆရာတော် သံဃာတော်တို့ကလည်း အတတ်နိုင်ဆုံး ကြိုးစား ချီးမြှောက်တော် မူကြသဖြင့် အစည်းအဝေးပွဲကြီးမှာ စည်ကား သားနား၍ သိုက်မြိုက်လှသည်။ ညစဉ်တရားပွဲကြီးများကိုလည်း ခြိမ့်ခြိမ့်သဲ ကျင်းပနိုင်ခဲ့သည်။

စစ်ကိုင်းမြို့ ရွှေဟင်္သာဆရာတော်၊ မန္တလေးမြို့ အနောက် ဝိသုဒ္ဓါရုံ ပိုက်ကျုံးဆရာတော်၊ ညောင်ကန်းမြို့ ရွှေဟင်္သာတောရ ဆရာတော် ဘုရားကြီးများ၏ အလေးအနက် မိန့်မြွက်ညွှန်ကြားတော်မူကြသည့် ဩဝါဒတရားတော်များကိုလည်း အစည်းအဝေးသံဃာတို့ နာယူမှတ်သားခွင့်ရခဲ့ကြသည်။

ဤအစည်းအဝေးကြီးတွင် ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော် ဘုရားကြီး လွန်တော်မူသွားသဖြင့် ထိုနေရာအတွက် "သာသနာပိုင် တင်မြှောက်ပူဇော်ရန်ကိစ္စ" ပါဝင်နေရာ ဂိုဏ်းသံဃာအချို့နှင့် ပြည်သူပြည်သားတို့က အထူးပင် အာရုံစိုက် နားစွင့်နေကြသည်။ သို့သော် ဂိုဏ်းဝန်ဆောင် ဆရာတော်ကြီးများနှင့် အမြော်အမြင် ကြီးမားတော် မူကြသော ဆရာတော်တို့က "သာသနာပိုင် တင်မြှောက်ပူဇော်ရေး" သည် ပဓာန မဟုတ်၊ သာသနာတော်နှင့် ဂိုဏ်းကြီး၏ ကြီးပွါးရာ ကြီးပွားရေးအတွက် စီမံဆောင်ရွက်ဖွယ်တို့ကို ချမှတ် စီစဉ်ဆောင်ရွက်ရန်သာ ပဓာနဖြစ်သည်ဟု မြင်တော်မူကြသည်။

အကုန်အလာအရလည်း သာသနာပိုင် တင်မြှောက်ပူဇော်သည်မှာ အခက်အခဲပေ့ရိုးမဟုတ်ပေ။ ချစ်စရာကောင်းလှသည့် ဂိုဏ်းဝင်သံဃာတို့၏ ညီညွတ်မှု၊ နားလည်မှု စည်းကမ်းသေဝပ် ပိပြားမှုတို့ကြောင့် ရွှေကျင်ဂိုဏ်းလုံးဝန်ဆောင်နာယကများ (သို့မဟုတ်) သဘာပတိဆရာတော်ကြီးများက ကျေနပ်ရွေးချယ်၍ အစည်းအဝေးသို့ ကျေညာပေးလိုက်သည်နှင့် သဘောတူလက်ခံကြကာ မိမိတို့ရွှေကျင်ဂိုဏ်းကြီး၏ သာသနာပိုင် ဆရာတော်ကြီးတပါးအဖြစ် ချီးမြှောက်ပူဇော်ကြတော့သည်။ ကန့်ကွက်ခြင်း ရှုတ်ချခြင်းမျိုးဝေးစွ မကြိုက်မနှစ်သက်သည့် အမူအရာမျှပင် မပြသကြပေ။ (မော်လမြိုင်မြို့ စတုတ္ထအကြိမ် ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးတွင် ချမ်းသာကြီး ဆရာတော်ကို ရွှေကျင်နိကာယဥက္ကဋ္ဌ ပထမနာယက အဖြစ် တင်မြှောက်တော်မူကြပုံစသည်ကို သိမိသော အရှင်သူမြတ်တို့ထံ မေးမြန်းလျှောက်ထားကြည့်က သိရှိနိုင်သည်။)

ထို့ကြောင့် သာသနာပိုင် တင်မြှောက်ရာ၌ မည်သည့် ဂုဏ်အင်္ဂါတွေနှင့် ပြည့်စုံရမည်ဟု သတ်မှတ်ချက်မရှိဟု ထင်မှတ်စရာပင် ဖြစ်သည်။ သို့ရာတွင်မိမိတို့ဂိုဏ်းကြီး၌သီလ၊ သမာဓိ၊ ပညာ ဂုဏ်အင်္ဂါ၌ သာလွန်ကဲမောက်၍သာသနာပိုင်တင်မြှောက်ထိုက်သည့် အရည်အသွေးနှင့် ပြည့်ဝသောပုဂ္ဂိုလ်ကိုအစင်းသိ အရှင်းသိဖြစ်၍ အလွယ်တကူပင် တင်မြှောက်တော် မူသွားကြသည့် ရှေးရှေးဆရာတော်ကြီးများ၏ ထုံးသည်လည်း ကျေနပ်အားရဘွယ်ပင် ဖြစ်ပါသည်။ ဤနည်းသည် သာသနာပိုင်ဖြစ်ဘို့အရေး၌ နိုင်ငံရေးသမားများလို မဲဆွယ်ခြင်း စည်းရုံးခြင်းမျိုးမလုပ်ရပဲ အထိုက်တန်ဆုံးဖြစ်သည့် ပုဂ္ဂိုလ်ကို ဂိုဏ်းကြီးက သာသနာပိုင်အဖြစ် အပ်နှင်းသွားခြင်းသာဖြစ်သည်။

ဤတစ်ဆဲ့တကြိမ်မြောက် အစည်းအဝေးကြီးတွင်ကား ၁၅-ပါးပါဝင်သော (အောက်ပိုင်းမှ ၈ ပါး၊ အထက်ပိုင်းမှ ၇ ပါး) သာသနာပိုင် တင်မြှောက်ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်း၍ ရွေးချယ်သွားသည်ကို တွေ့ရသည်။ "မည်သည့်မူများဖြင့် သတ်မှတ်၍ သာသနာပိုင် ရွေးချယ်ပါသလဲ" ဟု ရဟန်းတော်တပါး၏မေးမြန်းလျှောက်ထားသံကို ကြားလိုက်ရသည်။ ထိုအခါ ၁၅-ပါးအဖွဲ့ဝင် ဆရာတော်တပါးက အောက်ပါမူများချမှတ်၍ ၎င်းမူအရ သာသနာပိုင်ဆရာတော်နှင့် ဥက္ကဋ္ဌ မဟာနာယက ဆရာတော်များ ရွေးချယ်ကြောင်း ပြန်လည်ဖြေကြား သွားသည်ကို ရေးမှတ်ခွင့် ရလိုက်ပါသည်။

(က) ဂိုဏ်းဥက္ကဋ္ဌဆရာတော်ဟု ပီပီသသ လက်အုပ်ချီပြသရာ၌ အားရကျေနပ်လောက်သောဆရာတော်။

(ခ) ဗုဒ္ဓသာသနာရဟန်းသံဃာချင်း နှိုင်းယှဉ်ကာဝယ် ပုထုဇဉ်သဘာဝ ကိုယ့်ဆရာကသာ တင့်တယ် သပ္ပါယ်ချင်သမျှ သပ္ပါယ်၍ သမ္မတ္တ ရှိသော ဆရာတော်။

(ဂ) ပရိယတ္တိအရာ ရဲရင့် ယှဉ်ပြိုင်နိုင်သော ဆရာတော်။

(ဃ) ပါသာဒိကဂုဏ်နှင့် ပြည့်စုံသော ဆရာတော်။

(င) ရွှေကျင်ကမွေး ရွှေကျင်သွေးရှိ၍ ရွှေကျင်လက္ခဏာ မညှိုးနွမ်းစေသော ဆရာတော်။

(စ) သီလ, သမာဓိ, ပညာဂုဏ်သိက္ခာအကဲခတ်နိုင်သောဆရာတော်။

(ဆ) နိကာယကြီးတခုလုံး၏ ဂုဏ်သိက္ခာကို မကျဆင်းအောင် ဆောင်ရွက်ထိန်းသိမ်းနိုင်သည့် သတ္တိထူးရှိသော ဆရာတော်။

ဤဖော်ပြပါမှုများ ချမှတ်၍ ဤမှုများနှင့် ကိုက်ညီသော ပုဂ္ဂိုလ်ကြီးများကို ရွေးချယ်တော်မူသွားကြသည့် ရွေးချယ်ရေး ဆရာတော်များ၏ လုပ်ထုံးလုပ်နည်းများလည်း စံထားထိုက်ပါပေသည်။ မှတ်တမ်းပြု ထားသင့်လှပေသည်။ ထို့ကြောင့် ရွှေကျင်သာသနာပိုင်တင်မြှောက်ရေး၌ မူမရှိ စည်းကမ်းမရှိဟု အရင်စလို ပြစ်တင်ဝေဘန် စကားတင်းဆိုရန် မရှိချေ။

ထို့ပြင် ဤအစည်းအဝေးကြီး၌ "ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့"ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့သည်။ ရွှေကျင်နိကာယ ဂဏသမုဒ္ဒါပက ပထမရွှေကျင်ဆရာတော် ဘုရားကြီး၏ ကျမ်းစာများမှာ ၇၀–ကျော်မျှပင်ရှိခဲ့ရာ ထိုကျမ်းစာများ ရှာဖွေထိန်းသိမ်းရေး ပုံနှိပ်ထုတ်ဝေရေးအတွက် ရည်ရွယ်၍ အဖွဲ့ဝင် ၂၉-ပါး ပါဝင်သော ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဤအဖွဲ့ကြီး၏ ကြိုးပမ်းဆောင်ရွက်မှုကို ဂိုဏ်းဝင်သံဃာတို့က အလေးထား အာရုံစိုက်လျက် ရှိနေကြပေသည်။

ပြဋ္ဌာန်းဆုံးဖြတ်ချက် ၃–အရ (က) ကုလဒူသန အနေသနမှုများနှင့်စပ်၍ အပ်-မအပ်၊ ပါဠိအဋ္ဌကထာပါရှိသမျှ မြန်မာပြန် အကျဉ်းချုံး၍ ရေးသားရန် မန္တလေးပတ္တမြား ကျောင်းတိုက်ကို တာဝန်ပေးအပ်ကြသည်။ (ခ) ရွှေငွေ စသော နိဿဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထုများနှင့်စပ်၍ အပ်-မအပ်၊ ပါဠိအဋ္ဌကထာပါရှိသမျှ မြန်မာပြန်အကျဉ်းချုံး၍ ရေးသားရန် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်ကို တာဝန်ပေးအပ်ကြသည်။ (ဂ) ပစ္စည်းလေးပါးနှင့်စပ်၍ အပ်-မအပ်၊ ပါဠိ အဋ္ဌကထာပါရှိသမျှ မြန်မာပြန် အကျဉ်းချုံး၍ ရေးသားရန် ပြည်မြို့ဝိသုဒ္ဓါရုံ ဗာရာဏသီ ကျောင်းတိုက်ကို တာဝန်ပေးအပ်ကြသည်။

ယခုအခါ တာဝန်အပ်နှင်းခြင်း ခံရသည့် ကျောင်းတိုက်ကြီးများသည် (ဂိုဏ်းကြီး၏ ပုံကြည်ကိုးစားမှုကို ခံယူသည်အားလျော်စွာ) ထိုတာဝန်များကို ဆောင်ရွက်နေကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ဤစာအုပ်များသာ ပြုစုပြီးစီးသွားခဲ့သော် သာသနာတော်အတွက် လွန်စွာတန်ဘိုးအနန္တ ထိုက်မည်မှာ မလွဲပေ။ ဘိုမျှမက 'စုပေါင်းလုပ်အားအကျိုးများ စုပေါင်းဆောင်ရွက်အကျိုးထွက်'ဟူသော အချက်တို့ကို လက်တွေ့ပြသနိုင်ကြမည်ဖြစ်ပါသည်။

ဤတဆယ့်တကြိမ်မြောက် အစည်းအဝေးကြီးသည် "အားလုံးပင် ပြေချောပါသည်၊ အားလုံး ပြေချောပါသည်"ဟု မဆိုလိုပါ၊ အဖြစ်မှန်အတိုင်း မှတ်တမ်းတင်ရလျှင် ခိုးလိုးခုလုဖြစ်ရသည့် အကွက်များရှိခဲ့ပါသည်။ သဘောချင်း မတိုက်ဆိုင်၍ အခြေအတင် ငြင်းခုံခဲ့မှုများ ဖြစ်ခဲ့သည်။ သဘောကွဲလွဲနေကြသည့်အချက်မှာ အချုပ်အားဖြင့် ဖေါ်ပြရလျှင် သာသနာပိုင် အရင်တင်မြှောက်ရေးနှင့် ရှေ့ကျင်နိကာယ ဖွဲ့စည်းပုံ အညွှန်းဇယားဆိုင်ရာ ပြဋ္ဌာန်းချက်မူကြမ်းကို အရင်အတည်ပြုပြီးမှ သာသနာပိုင်စသည် ရွေးချယ်၍ ဂိုဏ်းကြီး၏လုပ်ငန်းများ ချမှတ်ဆောင်ရွက်သွားရေးတို့ဖြစ်သည်။ သို့သော် ဤဖြစ်ရပ်များကြောင့်ကား ဤတဆယ့်တကြိမ်မြောက် အစည်းအဝေးကြီးသည် အကျည်းတန် အရုပ်ဆိုးမသွားပါ၊ စည်းဝေးပွဲနှင့်တူသည့် အစည်းအဝေးကြီးတခု ပီပီသသ ဖြစ်သွားကြောင်း မှတ်တမ်းရေးထိုးရန်သာ ရှိပါသည်။ မှန်ပါသည်– အခြေအတင် အငြင်းအခုံ မရှိသော စည်းဝေးပွဲမျိုးသည် "ပုတ်သင်ညိုစည်းဝေးပွဲ"သာ ဖြစ်ပေလိမ့်မည်။

မည်သို့ဆိုစေ၊ ဤအစည်းအဝေးကြီး၌ ရှေ့ကျင်နိကာယ စာပေထိန်းသိမ်းရေး အဖွဲ့ကြီးကို ဖေါ်ထုတ် ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ ဝိနည်းသာသနာအတွက် အရေးပါလှသည့် စာပေပြုစုရေးအဖွဲ့ကြီးများကို ဖေါ်ထုတ်နိုင်ခဲ့ခြင်းသည် ဤတစ်ဆယ့်တကြိမ်မြောက် အစည်းအဝေးကြီး၏ အကျိုးအမြတ်ပင်ဖြစ်ပါသတည်း။

ဘော်ပြအပ်ပြီးသော အကျိုးအပြစ် ဆောင်းပါးကို—

၉–၈–၇၆ နေ့ထုတ်သော—

( အတွဲ ၁၅၊ အမှတ် ၆ ) ဓမ္မဗျူဟာစာစောင်တွင် ဖတ်ရှုရ၍ ယင်းစာစောင်မှ မူရင်းအတိုင်း ကူးယူဖော်ပြ တင်ဆက်လိုက်ရသည်။

ဆောင်းပါးရှင်မှာ အစည်းအဝေး တက်ရောက်သော "**စစ်ကိုင်း ဝေဇယန္တာ အရှင်မဟာသမပဏ္ဍိတ**" ဟု ကြားသိရပါသည်။

"သင့်ဘဝ မဂ္ဂဇင်းမှာလဲ ဆောင်းပါးတွေပါသေးတယ်၊ အစည်း အဝေးနဲ့ စပ်တာတွေ တော်တော်ကောင်းတာပတယ်၊ ရှာကြံထဲ့ဖို့ကောင်း သေးတယ်" ဟူ၍ ၄၆–ဝါ ဆရာတော်တပါးက မိန့်ရှိပါသေးသည်။

စက္ကူအားနာရ၍– သင့်လောက်ပါပြီဗျား— ဟု ပြန် ကြား လျှောက်ထားခဲ့ရပါတော့သည်ဟူ၍................

"**စာတည်း**"

စာရှုသူများမှတ်ချက်ရေးရန်—

မူလဂဏာသမုဒ္ဒါပက

ကျေးဇူးရှင် ပထမ ရွှေကျင် ဆရာတော်ဘုရားကြီး

**အခဆုံး အခမ**

စာမတတ်မှု၊ အခေါက်တူ၊ လူထဲ ရှင်ထဲ အသုံးမကျ၊

စာတတ်ပြန်လျှင်၊ စိတ်ကြီးဝင်၊ လူမြင်တိုင်းက အော့ချင်ကြ၊

☆ စာတတ်အောင်သင်

☆ စိတ်ကြီး မဝင် နှင့်

---

ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်
အမှတ် ၅၂၊ ၂၅-လမ်း၊ စာဆိုတန်း၊ ရန်ကုန်မြို့။